www.burmeseclassic.com




www.burmeseclassic.com

www:burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၀၀၆၅၇၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၀၀၇၈၈၀၆၀၇
အဖုံးဒီဇိုင်း - Lလင်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းပလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ၊
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
မြပုလဲသွယ်
ချစ်မိပြီထင်တယ် / မြပုလဲသွယ် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၀၉
၂၈၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ချစ်မိပြီထင်တယ်

## အခန်း (၁)

"ဝုန်း...ဒုန်း"

"ခလွမ်း"

"အမလေး ကုန်ပါပြီ၊ ကုန်ပါပြီ၊ မိမိကြီးတို့ မိသက်ကို ဆုံးမတော့ဘူးလား"

အသံပေါင်းစုံသွားသည်။ ညှော်ခန်းရှိ ပြတင်းပေါက်မှန်လည်း အစိတ်စိတ်အမွှာမွှာ ကွဲသွားတာကို မြင်လိုက်ရကတည်းက ပြဿနာတော့စပြီဟု သိလိုက်သည်။ မျက်လုံးအဝိုင်းသားနှင့် ဘာဆက်လုပ်ရမှန်းမသိဘဲ ဖြစ်နေစဉ်မှာပင် အန်တီကြီး၏အသံက မင်္ဂလာရှိသော နံနက်ခင်းကို ထွင်းဖောက်၍ ဆူးစူးရှားရှား ထွက်လာသဖြင့် ကြောင်တောင်တောင်ရပ်နေမိရာမှ ပန်းချုံများကြားသို့ ချက်ခနဲထိုင်ချပြီး ကိုယ်လေးကို အစွမ်းကုန် သေးကျုံ့ထားလိုက်

www.burmeseclassic.com



သည်။ ခန္ဓာကိုယ်ကို နည်းနည်းလေးမှ မလှုပ်ရဲဘဲ အိမ်ထဲကို အသာချောင်းကြည့်လိုက်တော့ ရင်ဘတ်ကို လက်နှင့်ဖိလျက် အပြေးအလွှားထွက်လာသည့် မမေနှင့် ဖြတ်ငးပေါက်မှန်ကွဲသွား၍ ဆွေ့ဆွေ့ခုန်နေသည့် အန်တီကြီးကို တွေ့ရသည်။ သည်အချိန်မှာ သာ မိသက်ထွက်သွားလိုက်ပါက နေရာမှာတင် အသက်ထွက်သွားနိုင်သည့် အန်တီကြီး၏ဒေါသနှင့် ကြုံရမည်ဖြစ်သည်။ မလွယ် မလွယ်။ တကာယ်ကို မလွယ်သည့်ကိစ္စ။ အဖိုးကြီးဗီပီ ကပ်စေး နဲနဲနှင့် ပါးစပ်ကလည်း ပေါက်ပေါက်ဖောက်သလို တတွတ် တွတ်နှင့် တစ်နေကုန် ဆီမန်းသလို မပြီးစီးနိုင်အောင် ဆူပူမည့် ဒဏ်ကို သက်စ သေမတတ် ကြောက်ရွံ့လှသည်။

ထို့ကြောင့် အသာငြိမ်၍ ပုန်းနေခြင်းဖြစ်သည်။ အန်တီကြီးမျက်လုံးတွေက ငြိမ်ငြိမ်မနေ။ သက်စရှိနိုင်မည့်နေရာကို ရှာနေတာ သက်စသိသည်။ ဘယ်ရမလဲ သက်စပဲ ပြဿနာရှာပြီးရင် ထုံးစံအတိုင်း ပုန်းနေတာပေါ့။

"ကြည့်စမ်း မိမိ ကောင်းသလားဟင်၊ ကောင်းရဲ့လား ဟဲ့၊ မနက်ခင်း စောစောစီးစီး ညည်းသမီးပေါက်ကျော်မလက်ချက် လေ၊ ကွဲပြီအေ ကွဲပြီ"

"ဘာကွဲတာလဲ မမရဲ့"





"ဘာကွဲရမှာလဲ မှန် မှန်၊ ဟိုမှာ ပြတင်းပေါက်ကမှန်၊ တယ်လေ ငါမပြောလိုက်ချင်ဘူး"

မမေ့ကို မျက်စောင်းနာနာဖိထိုးနေသည့် အန်တီကြီးကို ကြည့်ပြီး သက်စ စိတ်မထိန်းနိုင်စွာ ခိခနဲ ရယ်လိုက်သည်။ မမေ ကလည်း ရုတ်တရက် အန်တီကြီးအသံကြောင့် အိမ်ရှေ့ခန်းသို့ အပြေးအလွှား လာခဲ့ရသော်လည်း အန်တီကြီးနှင့် မိသက်တို့ ဘာ ဖြစ်ကြမှန်းမသိ၍ သဘောရိုးနှင့် မေးလိုက်ခြင်းဖြစ်သော်လည်း အန်တီကြီး၏စကားကြောင့် မမေ့မျက်နှာ ပြုံးစေ့စေ့ဖြစ်သွားတာကို မြင်လိုက်ရသည်။ သို့သော် မမေ မရယ်ပါ။ အန်တီကြီး၏ဒေါသ ကို သိထားသောကြောင့်ဖြစ်သည်။

"ကွဲသွားတော့ အသစ်လဲရတာပေါ့ မမကြီးရယ် ကိုမောင် ရုံးသွားရင် မိမိ မှာလိုက်ပါ့မယ်"

မမေ့အသံက ချိုချိုအေးအေး တည်တည်ငြိမ်ငြိမ်ရယ်။

ကျုပ်က မိသက်ဆိုးလွန်းလို့ ဆုံးမနိုင်းပါတယ်၊ ဘာလဲ ညည်းကပါ ကျုပ်ကို ရွဲ့တာလားဟင်၊ ရွဲ့ပါ မိမိရဲ့၊ ရွဲ့ပါ၊ ညည်းတို့ က ကျုပ်ဆို အကောင်းမမြင်ဘူးဆိုတာ သိပြီးသား"

အစကတော့ ပုံမှန်သံ။ နောက်တော့ ဒေါသဖြင့် တိတ်ပေါက်ပေါက်နှင့် အန်တီကြီးက ကုန်းအော်သဖြင့် သက်စ



www.burmeseclassic.com

www.burmeseclassic.com



လန့်သွားသလို မေမေက မျက်လုံးအဝိုင်းသားနှင့် ကြောင်ကြည့်နေ၏။ ထိုစဉ် အိမ်ထဲမှ အပြေးအလွှားထွက်လာသည့် မေမေ့ကို မြင်လိုက်ရသည်။ ဟိုက် အန္တရာယ်ပဲ။ သက်စု မျက်လုံးပြူးသထက် ပိုပြူးသွားသည်။ ဒီပြဿနာထဲ မေမေ ပါလာလို့ကတော့ဖြင့် သက်စု သက်သာမည်မထင်။ နေရာမှ လစ်ပြေးရန်ကြံနေစဉ် မေမေ၏ အောင်မြင်ခန့်ညားသောအသံကို ကြားလိုက်ရသည်။

"ဘာဖြစ်တာလဲ မိမိ၊ ကိုမောင် ရှုံးသွားဖို့ပြင်နေတုန်း မမကြီးအသံ ကြားလိုက်သလားလို့"

"မေးမနေနဲ့ မောင်မောင်ရဲ့၊ မင်းသမီး မိသက်လုပ်လို့ ညည့်ခန်းက ပြတင်းပေါက်မှန်ကွဲသွားလို့ မိမိကိုတိုင်ပါတယ်၊ သူ့ဖွေး ကတော်က ကွဲသွားတော့ အသစ်လဲရတာပေါ့တဲ့၊ ရွှဲတာလေ သင်းကပါ ကျူပ်ကိုရွဲ့တာ၊ သမီးက စည်းကမ်းမရှိလို့ အမေကို တိုင်ပါတယ်၊ သူကပါ အလိုတူအလိုပါ"

မေမေက ဘာတစ်ခွန်းမှ မဖြေလိုက်ရပါ။ အန်တီကြီးထံမှ စကားသံများ စက်သေနတ်ပစ်သလို အစုလိုက်အပြုံလိုက် ထွက်လာသည်။ မေမေ၏ ဖြူသောမျက်နှာသည် အန်တီကြီး၏ စကားအဆုံးတွင် ကွဲနေသည့် ပြတင်းပေါက်ကိုတစ်လှည့်၊ အန်တီကြီး၏ မျက်နှာကိုတစ်လှည့်ကြည့်၍ အနီရောင်သို့ ပြောင်းသွား၏။





"သက်စု ဒီကိုလာခဲ့စမ်း"

မေမေ့ခေါ်သံကြောင့် သက်စုကိုယ်လေး ဆတ်ခနဲတုန်သွားသည်။ သက်စု ပုန်းနေသည့်နေရာကို မေမေ သိသွားပြီလားဟု တွေးရင်း ခေါင်းပြန်လာစဉ် မေမေ့အသံကို ကြားလိုက်ရသည်။

"သမီးမရှိဘူး ကိုမောင်"

အမလေး တော်ပါသေးရဲ့ဟု တွေး၏။

နိုမိုဆို မေမေ့ခေါ်သံက ကြောက်ဖို့ကောင်းသည်။ တစ်ဦးတည်းသောသမီးလေးဆိုပြီးတော့များ ညှာလိမ့်မည်မထင်နှင့်။ စိတ်မထင်လျှင် ကြိမ်နှင့် နာနာလေးရိုက်တတ်သဖြင့် ကျောကော့အောင် အိစိမ့်ရွှာ ခံစားရတတ်သည်။

"မင်းသမီး ဟိုပန်းချုံနောက်မှာ ပုန်းနေတာ၊ သွားခေါ်ခဲ့ မိမိ၊ မမကြီးရှေ့မှာ သင်းကိုဆုံးမရမယ်"

ဟာ သွားပါပြီ။

စိတ်ပျက်လက်ပျက်မျက်နှာကို ရှုံ့မဲ့လိုက်မိသည်။ သက်စု ပုန်းနေသည့် ပန်းချုံရှိရာသို့ လာနေသည့် မေမေ့ကိုကြည့်ပြီး ငိုချင်စိတ်ပေါက်သွားသည်။ မေမေ မျက်စိလျှင်၊ နားပါးတာကို သူမ မေ့နေခဲ့သည်။ သည်နေ့မှ ဆတ်ဆတ်ခေါ့ခေါ့ မေမေရိုက်သည့် ဂေါက်တံကြီးနှင့် အရှုံးထမိသည့်အဖြစ်ကို သက်စု နောင်တရချင်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ တည့်တည့်ချိန်ပြီး စတိုင်လ်ကျကျနှင့် လှလှပပလေး ရိုက်နေဟန်းက ဟုတ်လို့။ နောက်တစ်ခါ ချိန်ပြီး အရိုက်ကြမှ ဘောလုံးက လိုရာမရောက်ဘဲ မှန်ဆီတည့်တည့်ရောက်၍ အစိတ်စိတ်အမွှာမွှာကွဲသည်။ ကဲ အခုမှတော့ မတတ်နိုင်။

ဖေဖေနှင့် မျက်နှာချင်းဆိုင်ရုံသာ ရှိတော့သည်။ မေမေ သူမအနားမရောက်ခင် ပုန်းနေရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

"သမီး"

မေမေက စိတ်မကောင်းသလိုခေါ်၏။

မေမေ့ကို သနားစရာပုံစံလေးနှင့် တစ်ချက်လှမ်းကြည့်ပြီး မျက်နှာလွှဲလိုက်သည်။ သက်စုကို လှမ်းကြည့်နေသည့် ဖေဖေနှင့် အန်တီကြီးရှိရာသို့ မသိမသာ လှမ်းအကဲခတ်လိုက်ပြီး မျက်နှာကို တမင်ညှိုးငယ်သည့်ပုံစံပေါက်အောင် ဖန်တီးထားလိုက်၏။ အန်တီကြီးက ဂေါက်တံကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ခေါင်းငိုက်စိုက်ရပ်နေသည့် သက်စုကိုကြည့်၍ မျက်နှာပျက်နေတာကို မသိချင်ဟန်ဆောင်နေလိုက်သည်။

"သက်စု ပြောစမ်း ဘာတွေဖြစ်တာလဲဆိုတာ"

ဖေဖေ့လေသံက တစ်စက်မှ မလျော့သလို ဖေဖေ့မျက်နှာကလည်း ခပ်တင်းတင်းမို့ မေမေနှင့် အန်တီကြီးတို့၏ မျက်နှာက





သိသိသာသာပျက်၏။

"မီသက် ဂေါက်ရိုက်ကျင့်ရင်း အားလွန်ပြီး ပြတင်းပေါက်ကို ထိသွားတာပါ"

သက်စုအသံက ညောင်နာနာ။

မျက်နှာက ဆီးစေ့လောက်ဆိုတော့ ဖေဖေက မေမေနှင့် အန်တီကြီးကို မသိမသာ အကဲခတ်သလို တစ်ချက်စေ့ကြည့်လိုက်တာကို သက်စု ကောင်းကောင်းမြင်လိုက်ရသည်။ အင်း အခြေအနေ မဆိုးသေးပါလားဟု တွေးရင်း စိတ်ထဲက ကျိတ်ဝမ်းသာရင်း အန်တီကြီးကို အသနားခံသလို ကြည့်လိုက်၏။ အံ့မယ် ကွက်တိပါပဲလား။ အန်တီကြီးကလည်း သက်စုကိုလှမ်းအကြည့် အဟိ မျက်ရည်တောင်ဝဲနေလိုက်သေးသည်။ သိတယ်လေ အန်တီကြီးပါးစပ်က အပေါက်ဆိုးသလောက် စိတ်ရင်းခံ သိပ်ဖြူစင်တာကိုပေါ့။ ဖေဖေကတော့ အခြေအနေအားလုံးကို သိနေပုံရသည်။ ဒါကလည်း အန်တီကြီးနှင့် သက်စုတို့ ဖြစ်နေကြပုံစံတွေပဲမဟုတ်လား။

"ကဲ ပြော သမီးမှာ အပြစ်ရှိလား၊ မရှိဘူးလားဆိုတာ"

"ရှိပါတယ်"

"ကောင်းပြီ၊ ဒါဆို သမီးကို မကြီးရှေ့မှာပဲ ဆုံးမရမယ်၊ မကြီးကျေနပ်တဲ့အထိ သူ့ကို ကျွန်တော်ရိုက်ရလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကဲ တုတ်သွားယူ”

“ဟော့ ဟော့ မလိုဘူး၊ မယိုဘူး၊ ငါ့တူမကို မင်းဆုံးမစရာမလိုဘူး၊ ငါပဲ ဆုံးမမယ်၊ သမီး လာ”

မေမေ့ရှေ့မှာ သက်စ ချာခနဲလှည့်အထွက် အန်တီကြီးထံမှ ပြူးပြူးပြာပြာ စိုးရိမ်သံနှင့်အတူ သက်စလက်ကို လှမ်းဆွဲထားသဖြင့် ဘယ်သူမှမမြင်အောင် သူမ တစ်ဖက်သို့လှည့်၍ ပြုံးလိုက်မိသည်။ သည်းတော့လည်း သူပဲ၊ ကဲတော့လည်း သူပဲဟု တွေးရင်း ရယ်ချင်စိတ်ဖြင့် ရင်ထဲမှာ ကျလိကျလိဖြစ်နေစဉ် မေမေ့ထံမှ အတွန့်ထပ်တက်လိုက်သည့်အသံကို ကြားလိုက်ရ၏။

“မဟုတ်ဘူး မမကြီး၊ မမကြီးတူမကြောင့် ခဏခဏ စိတ်ညစ်နေရတာ မဟုတ်လား၊ သင်းကို ကျွန်တော် နည်းနည်းပါးပါး ဆုံးမပြမလို့ပါ၊ သူ့ကြောင့် ဟိုဟာကွဲ သည်ဟာရှနဲ့ ဘာတန်ဖိုးမှသိတဲ့ ကောင်မလေးမဟုတ်ဘူး”

“အို သူက ကလေးပဲဥစ္စာ၊ ဘာတန်ဖိုးသိစရာလိုသလဲ၊ ဒီမှာ ငါ့တူမကို ငါဘာသာ ဆုံးမနိုင်တယ်၊ မင်းတို့ ဘာမှဝင်ပါစရာမလိုဘူး၊ ကွဲသွားတဲ့မှန်ကိုလည်း ငါပိုက်ဆံနဲ့တပ်မယ်၊ မင်းတို့ အနေသာကြီး လာ သမီး”

အဟီးဟု ရယ်မချရဲ၍သာ။





မေမေရော မေမေပါ ပြုံးဖြီးဖြီးမျက်နှာတွေနှင့် ကျန်ရစ်ခဲ့သည်။ ပြဿနာလေးပ်တုန်းကလည်း သူပဲ၊ အခုတော့ အန်တီကြီးကပဲ မေမေတို့ကို ပြဿနာမရှာနဲ့ဟု ရေရွတ်ရင်း သက်စကို အိမ်ထဲဆွဲခေါ်သွားသည်။ သက်စက အန်တီကြီးနောက် ခပ်ကုတ်ကုတ်လိုက်ရင်း မျက်နှာပိုးမကျိုးဘဲ ရှိနေတာကိုမသိ။ စားစရာတွေ တစ်ခုပြီးတစ်ခု ချကျွေးရင်း သူမ စိတ်ကျေနပ်အောင် ချော့နေသည့်အဖြစ်။ သူမ ရယ်ချင်သော်လည်း မရယ်ရဲဘဲ ဗိုက်ဆာဆာနှင့် တအားစားပစ်လိုက်သည်။

မေမေ့ရုံးကားနှင့် မေမေက ဆိုင်လိုက်သွားတော့ အိမ်မှာ သက်စတစ်ယောက်တည်း ပျင်းကျန်ရစ်ခဲ့သည်။ အန်တီကြီးက မနက်က သူမကြောင့်ကွဲသွားသည့် ပြတင်းပေါက်မှန်ကို မေမေ လွှတ်ပေးသည့် အလုပ်သမားနှင့် အသစ်လဲနေ၏။

သက်စ စိတ်ညစ်သွားသည်။ အိမ်ဖော်ကောင်မလေးကလည်း ရွာပြန်သွားသဖြင့် တစ်ယောက်တည်း ဘယ်သူ့ကို အဖော်လုပ်ရမှန်းမသိ။ ပျင်းရိငြီးငွေ့စွာ ထိုင်နေမိသည်။ တီဗွီလည်း မကြည့်ချင်။ စာအုပ်တွေကလည်း ဖတ်ရလွန်းလို့ ကုန်ပြီ။ သူငယ်ချင်းတွေဆီ ဖုန်းဆက်တော့လည်း အားလုံးက အလုပ်မရှိ အလုပ်ရှာကာ သင်တန်းကိုယ်စီ တက်နေကြသည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကဲ ဒီလောက်တောင်ဖြစ်လှတာ နေစမ်းဟာ။

စိတ်ပေါက်ပေါက်နှင့် ထိုင်ရာမှ ဆတ်ခနဲထပြီး တစ်ဘက် ခြံကို အသာချောင်းကြည့်သည်။ ဘယ်သူမှမရှိ။ အယ်လ်ဆေးရှင်းခွေး ကြီးတစ်ကောင် ခြံထဲက မြက်ခင်းစိမ်းစိမ်းထက်မှ ဝပ်နေတာကို မြင်ရသည်။ ဘာဆက်လုပ်ရမှန်းမသိ။ မေမေကလည်း ဘာလို့များ တစ်ယောက်တည်း မွေးထားရတယ်မသိဘူးဟု စိတ်ပျက်စွာတွေး ရင်း အိမ်ပေါ်မှ ခြံထဲသို့ ဆင်းခဲ့သည်။

သူများတွေလို သင်တန်းတက်ဖို့ရာလည်း ဝါသနာထ မပါ။ ဆယ်တန်းအောင်ထားပြီး ကျောင်းကမတက်ရသေးတော့ လူက ယောင်ချာချာဖြစ်နေသည်။ မေမေက သူ့ရွှေဆိုင်ကို လိုက်ထိုင်ဖို့ ပြောတော့လည်း တစ်နေကုန်ထိုင်ပြီး စိတ်ပါပါ မပါပါ ပြုံးရယ်ပြီး စကားပြောရတာကို စိတ်ကုန်၍ တစ်ရက်ပဲ လိုက်သည်။ နောက်ထပ် မေမေက ဘယ်လိုပဲချော့ခေါ်ခေါ် သက်စုက လုံးဝ မလိုက်တော့မှ မေမေက လက်လျှော့၏။

နားရွက်ပေါ်အောင် ခပ်တိုတိုညှပ်ထားသည့် ဆံပင်ဘုတ်ဆိုက်ကို အသာဆွဲဖွရင်း ဘာလုပ်ရရင် ကောင်းမလဲဟု အကြံထုတ် နေမိသည်။ အဲ ဟုတ်ပြီ လက်ဖျောက်တစ်ချက်တီးရင်း တီတီမာတို့ အိမ်ကို သတိရသွားသည်။ အဲသည့်အိမ်မှာ တီတီမာသားအငယ်ဆုံး





ဂေါ်လီရှိသည်။ ဂေါ်လီက အခုမှ အသက်လေးနှစ်ပဲရှိသေးသည်။ ကျောင်းကြီးမနေရသေး။ မူကြိုကျောင်းနှင့်ပင် စာတွေအကုန်လိုက် ရေးနိုင်သည်။ ဉာဏ်ကောင်းသလို အစားကလည်း စားသည်။ လူက ဘဲဥလေးလို ဖွေးလုံးပြီး ချစ်စရာကောင်းသည်။ အကာက လည်း ကောင်းသေးသည်။ သူ့ရှိလျှင် အပျင်းပြေသည်။ ကောင်းသည်။ အတွေးနှင့်ပျော်ပြီး လမ်းတစ်ဘက်ကို ကူးခဲ့သည်။ တီတီမာတို့အိမ်ရောက်တော့ သဲပုံတွေ ပေလူးနေသည့် ဂေါ်လီကို နာနီနှင့်တွေ့ရသည်။

“တီတီမာရော”

ကလေးကိုလှမ်းခေါ်ရင်း နာနီကို မေးရသည်။ သူက လူသစ်မို့ သက်စုနှင့် သိပ်မခင်သေး။ ဂေါ်လီက သူ့အမေမရှိ တော့ နာနီကိုဗိုလ်ကျပြီး ကဲချင်တိုင်းကဲသည်ထင်။ တစ်ကိုယ်လုံး ပေပွနေသည်။

“အန်တီတို့ လေယာဉ်ရုံး ခဏသွားပါတယ်”

မျက်မှန်းတန်းမိပြီးသားမို့ သက်စုကို ပြုံးပြုံးရယ်ရယ်နှင့် ပြောသည်။

“ဒါဆို ဂေါ်လီကို ခဏခေါ်သွားမယ်နော်၊ တီတီလာရင် သက်စု ခေါ်သွားတယ်လို့ ပြောလိုက်ပါ”



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့''

''လာ သွားမယ်''

ဂေါ်လီကို လှမ်းပွေ့ချီတော့ ကိုယ်တော်ချောက သက်စု အချိုကိုမခံဘဲ ကိုယ်ကို တွန့်လိမ်ရုန်းသဖြင့် အံ့သြသွားသည်။

''ဘာဖြစ်တာလဲ၊ သက်စုတို့အိမ်ကို မလိုက်ဘူးလား''

''ရိုက်မယ်''

စကားက မပီ။

မျက်တောင်က ပုတ်ခတ်ပုတ်ခတ်နှင့် သက်စုကို ကြည့်၏။

''ဒါဖြင့် လာလေ အိမ်ကိုသွားမယ်''

''ဟင့်အင်း''

သက်စု သူ့လက်လေးကို လှမ်းဆွဲတော့ ရုန်းရင်းနေရာမှ ရပ်နေ၏။ ဒုက္ခပါပဲ ဂျစ်တိုက်နေသည့် ဂေါ်လီကို ငုံ့ကြည့်ရင်း စိတ်က တိုချင်လာသည်။

''ဘာဖြစ်နေတာလဲ အိမ်မှာ မုန့်တွေအများကြီးကျွေးမဲ့ ဥစ္စာ၊ မလိုက်ချင်လည်းနေဟာ့''

ဟုတ်တယ်။ ဒီက ပျင်းလို့ဥစ္စာ၊ သင်းက မှုနေသေးတယ်။ နေရာမှ ချာခနဲ လှည့်ထွက်ခဲ့သည်နှင့် ဂေါ်လီထံမှ ဝါးခနဲ စူးရှ





ရှားရှား အော်ငိုလိုက်သံကြောင့် သက်စု လန့်သွားသည်။

''စီးမယ်၊ သက်စုကို မြင်းစီးမယ်''

ဗူးဘူးဝါးဝါးငိုသံနှင့်အတူ ရောထွေးထွက်လာသည့် ဂေါ်လီ အသံကြောင့် သက်စု ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေစဉ် နာနီက

''မမကို သူက မြင်းလုပ်စီးမယ်ပြောနေတာ၊ မမကျော ပေါ်တင်ပြီး ခေါ်သွားရင် သူတိတ်မှာပါ''

ကောင်းရော။

မတတ်နိုင်။ သင်းအလိုကျ နောက်ကျောမှပိုး၍ ရွှေကိုယ်တော်ကို အိမ်သို့ ပင့်ချီခဲ့ရသည်။ ချွေးသံတရွှဲရွှဲနှင့် ပေပွနေသည့် သူ့ကို ကျောပိုးလိုက်သည်နှင့် သက်စုတစ်ကိုယ်လုံး ပေပွသွားသည်။ သည်ကြားထဲ ရွှေဂေါ်လီက ငြိမ်ငြိမ်မလိုက်ပါ။ တခစ်ခစ်သဘောကျတော်မူပြီး သက်စု၏ ဖြူနုဖွေးဥနေသော ပါးနှစ်ဘက်ကို ပေညစ်နေသည့် သူ့လက်နှစ်ဘက်ဖြင့် ဟိုသည်ကိုင်သဖြင့် တစ်အတွင်း ညစ်ပေသွားသည်။

အိမ်ရောက်တော့ သူ့ကို မုန့်ကျွေး၊ ကော်ဖီတိုက်ပြီး သိပ်ပင် စားလိုက်ရ၏။ နှစ်ယောက်စလုံး မောမောနှင့် အိပ်ပျော်သွားလိုက်သည်မှာ အန်တီကြီး လာနှိုးမှပင် နိုးတော့သည်။

သို့သော် ထိုနေ့က သက်စု အိမ်မှအစားတွေ နင်းကန်စား



www.burmeseclassic.com

www.burmeseclassic.com



သွားသဖြင့် ရွှေဂေါ်လီလှကြီးမင်း ဆေးခန်းကို ပြေးပြရသဖြင့် သက်စုအိမ်မှာ ကောင်းကောင်းအကြိမ်းခံရ၏။ ထို့ကြောင့် သူ့ကို နောက်ထပ်မခေါ်ရဲဘဲ တစ်ယောက်တည်း လိမ့်ပိန့်၍ ဖွင်းရှိုး အချိန်ဖြုန်းနေရတော့သည်။

◆ ◆ ◆



## အခန်း (၂)

"တာခင်ဗျာ…တာ"

ပို့စမင်း၏ အသံကြောင့် သက်စု သစ်ပင်ထက်မှ ဘုတ်ခနဲ ခုန်ချပြီး တာပို့သမားရှိရာသို့ အပြေးအလွှားရောက်သွားသည်။ တာအိတ်ကို ကမန်းကတန်း ဖောက်ဖတ်လိုက်တော့ အလွန်ညီညာ ဝိုင်းစက်သည့် လက်ရေးများက သက်စုကို ဆီးကြိုကြသည်။

ဦးလေးမောင်နဲ့ ဒေါ်လေးမိတဲ့။

ဟာ သက်စု ပျော်သွားသည်။ မမညိုဆီကတာပဲဟု ဝမ်းသာစွာတွေးရင်း တာကို ခုပ်သွက်သွက်ဖတ်သည်။ မမညို နေ့ကုန်ကျောင်းကို ပြောင်းရမယ်ဆိုပါလား။ သက်စုတို့အိမ်မှာ နေမှာ ဆိုတော့ အဖော်ငတ်နေသည့် သက်စု ဝမ်းသာလုံးစို့သွားသည်။ မညိုဆိုတာက မမေ့ညီမငယ်မှ မွေးတာဆိုတော့ သက်စုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ညီမတစ်ဝမ်းကွဲတော်သည်။ မေမေ့ညီမ ဒေါ်လေးမြိုင်က သက်စုဆယ်တန်းမဖြေခင် ဆုံးသွားသဖြင့် မညိုမှာ အဖေရော အမေပါမရှိတော့ပါ။ မညိုအဖေက မီးညို ငယ်ငယ်လေးထဲက ဆုံးပါးသွားခဲ့သည်။

မေမေက မညိုကို အိမ်မှာလိုက်နေဖို့ ခေါ်ဘူးသည်။ မညိုက အဲသည်တုန်းထဲက ကျောင်းတစ်ဖက်နှင့် မလိုက်နိုင်ခဲ့။ အခု မညို လာမည်ဆိုတော့ သက်စုလောက်ပျော်မည့်သူ ရှိနိုင်မည်မထင်။

"ဖေဖေ မေမေ ဟောဒီမှာ မညိုဆီက စာလာတယ်၊ မိသက်တို့ဆီကို ကျောင်းပြောင်းရမှာမို့ မိသက်တို့နဲ့နေမယ်တဲ့သိလား၊ အဟင်း ဟင်း မိသက်တစ်ယောက်တည်းဖြစ်နေလို့စိတ်ညစ်နေတာ၊ အခု မညိုလာမှာဆိုတော့ မိသက်တော့ သိပ်ပျော်တာပဲ"

ဟန်မဆောင်နိုင်အောင် ဝမ်းသာလုံးစို့နေသည့် သက်စုကိုကြည့်ပြီး ဖေဖေက ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်နေသလောက် အမေလုပ်သူနှင့် ကြီးကြီးလုပ်သူက အဖော်မဲ့နေသည့် သူမအဖြစ်ကို ကြည့်၍ သနားမဆုံးနိုင်အောင် ဖြစ်နေတာကို သက်စု မသိ။ မညိုလာမည့်အတွက် ပျော်နေတာပဲသိသည်။





"ကောင်းတာပေါ့၊ သမီးအဖော်ရတာပေါ့"ဟု ဖေဖေက ထောက်ခံသလို အန်တီကြီးက အခုမှပဲ ငါ့တူမအဖော်ရှရှာတယ်ဟု ခပ်သဲ့သဲ့ညည်း၏။ ထိုနေ့မှစ၍ အိမ်မှာ အလုပ်အရှုပ်ဆုံးသူမှာ သက်စုပဲဖြစ်သည်။ မညိုကို သူမအခန်းနှင့်ကပ်လျက် အခန်းမှာထားနိုင်ရန် သူမစိတ်ကြိုက်စီစဉ်သည်။ ထိုအတွက် သက်စုကိုတန့်ကွက်မည့်သူမရှိ။ သက်စုသဘောအတိုင်းပဲ ဖြစ်သည်။

စာဝါရက်စွဲထက် တစ်ရက်ကြိုလာ၍ ညိုညိုရောက်လာသည်။ ကျောင်းဆရာမပီပီ ဣန္ဒြေသိက္ခာအပြည့်။ စကားပြောလျှင်ခပ်တိုးတိုး၊ ရယ်လိုက်ပြန်တော့လည်း မပွင့်တပွင့်။ သက်စုအတွက်အားလုံးအထူးအဆန်းတွေချည်းပဲ ဖြစ်သည်။ သက်စုကို ညီမဆိုပြီးတော့လည်း သိပ်ပြီး ရောရောနှောနှောမနေ။ သက်စုကသာ ညိုညို့နောက်ကို တကောက်ကောက် လျှောက်လိုက်မဆုံးအောင် ရှိနေသည်။ သက်စုအတွက် ညိုညိုသည် စိတ်ဝင်စားစရာကောင်းသောစွည်းအသစ်အဆန်းလို ဖြစ်နေ၏။ ညိုညို့အသက်က နှစ်ဆယ့်ကြာက်နှစ်ကျော်ပြီဆိုတော့ အစစအရာရာ လူကြီးဆန်စွာ တည်တည်ငြိမ်ငြိမ်ရှိသလောက် သက်စုကတော့ မထင် မထင်သလို ဝုန်းဒိုင်းကျဲနေဆဲဖြစ်သည်။

"သက်စုက ကလေးမဟုတ်တော့ဘူးလေကွာ၊ ဣန္ဒြေ



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာနဲ့နေမှပေါ့၊ အခု သက်စုအသက် ဆယ့်ရှစ်နှစ်ပြည့်ပြီးပြီ၊ နောက်ဆို တက္ကသိုလ်တက်ရတော့မှာသိလား အခုလို ဟိုသစ်ပင် ဒီသစ်ပင်တက်နဲ့ သူများတွေသိရင် သက်စုကို ကဲ့ရဲ့ကြမှာပေါ့"

"ဘာကဲ့ရဲ့စရာရှိလဲ မမညိုရဲ့၊ သက်စုဘာသာနေတဲ့ဥစ္စာ သူတို့နဲ့ဘာဆိုင်လို့လဲ၊ ဂရုမစိုက်ပါဘူး"

နှုတ်က တစ်ခွန်းမကျန် ပြန်ပြောသော်လည်း မမညိုရှေ့မှာ သိပ်မဆော့ရဲ။ ဆရာမပ္ပီပီ ဆုံးမစကားတွေကို နားပူအောင် ပြောတတ်၍ဖြစ်သည်။ အသားညိုညို၊ ကိုယ်ဟန်သွယ်သွယ်၊ ကျောလယ်ခန့်ဆံပင်များကို ဆံထုံးလှလှထုံးပြီး တျောင်းတက်တတ်သည့် မမညိုကို သက်စု ငေးကြည့်နေမိသည်။

မိတ်ကပ်ခပ်ပါးပါး ခြယ်ထားသည့် မျက်နှာလေးက ပန်းနုသွေးကြွကြွနှင့် အလှအပအားလုံးကို အနုစိတ်ခပ်ပါးပါး လိမ်းခြယ်ထားသဖြင့် ညိုညိုပုံစံလေးက ချစ်စရာဖြစ်သည်။

"မမညိုက သိပ်လှတာပဲ"

မမညို အလှပြင်နေတာကို ငေးကြည့်ရင်း သက်စု ပြော လိုက်သည်။ ထိုအခါ ညိုညိုက သက်စုစကားအတွက် ရှက်သလို ခပ်တိုးတိုးရယ်၏။

"မမညိုက မလှပါဘူးကွယ်၊ တကယ်လှတာက သက်စု





သိလား၊ သက်စုက အခုလို ဘာမှမပြင်ဆင်ဘဲနဲ့တောင် ဘယ်လောက်လှသလဲ၊ အသားလေးတွေဆို ဖြူဝင်းနုအိနေတာပဲ၊ နှုတ်ခမ်းလေးဆို နီရဲထူအိနေတာပဲ၊ မျက်လုံးကြီးတွေက လဲ့လဲ့ တောက်လို့၊ နှာတံပေါ်ပေါ် မျက်ခုံးထင်းထင်းနဲ့၊ ဟင်း မမညီမ တော့ တက္ကသိုလ်ရောက်ရင်မလွယ်ဘူး"

"ဟင် မဟုတ်ဘဲနဲ့"

သက်စု သူ့မပါးပြင်ကို ယောင်ရမ်းစမ်းကြည့်ရင်း ပါးပြင် လေးတွေ ပူနွေးသွားသည်။ ဘာမှမလိမ်းဘဲ အမြဲတမ်း ပြောင် သလင်းခါနေသည့် မျက်နှာပြင်မှာ အဆီတဝင်းဝင်း ချွေးသံတွဲရွဲနှင့် သူ့ကိုယ်သူ့မဖြင့် မမညိုပြောသလောက်လှသည်ဟု မထင်ပါ။

"အဟုတ်ပြောတာပါ သက်စုရဲ့၊ မမညီမကို မမက ဘာလို့ညာရမှာလဲ၊ မယုံရင် မမလိမ်းသလို လိမ်းကြည့်ပါလား၊ အိမ်းမလားဟင် မမ လူးပေးမယ်"

"ဟာ…ဟင့်အင်း သက်စု ဒါတွေမကြိုက်ဘူး"

"သက်စုက တစ်မျိုးလေး၊ တစ်ခါတစ်ခါ မမတောင် အံသြသွားတယ်"

"မမညိုနော်"

ဘာပဲပြောပြော ညိုညိုနှင့်နေရတာကို သက်စု ပျော်ပါ၏



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် မမညိုလိုတော့ မနေချင်။ အားရင် ထမင်းဟင်း ချက်၊ အကျီပဝါလေးများကို သူမို့ မပျင်းမရိ တစ်နေကုန်ထိုင်ထိုး နေတတ်သည်။ မမညိုနေရာမှာ သက်စုဆိုလျှင်တော့ ပျင်းတာနှင့် သေနိုင်သည်။ အခုချိန်ထိ ထမင်းဟင်းလည်း မချက်တတ်။ ဘာဆို ဘာမှ ဟုတ်တိပတ်တိ မလုပ်တတ်ပါ။ ဘာကိုပဲလုပ်လုပ် အရေးရေး နှင့် အကြောင်းကြောင်းမို့ သက်စုကို ဘယ်သူကမှ မခိုင်းကြပါ။ မမညိုကတော့ ကျောင်းပိတ်ရက်များတွင် မုန့်တစ်မျိုးမျိုးကို လုပ်ကျွေးတတ်ပြီး ထမင်းဟင်းများကိုလည်း အရသာရှိရှိ စိတ်ရှည် ရှည် ချက်ပြုတ်ပေးတတ်သည်။

"မမညိုချက်တဲ့ဟင်းတွေက သိပ်ကောင်းတာပဲနော်။ သက်စုဖြင့် မမညို ဟင်းချက်နေဆိုရင် ထမင်းပိုပြီးစားကောင်းတယ် သိလား"

သက်စုစကားကို ညိုညိုက ပြုံး၍နားထောင်နေသည်။

"သက်စု တတ်ချင်ရင် မမညို သင်ပေးမယ်လေ"

"သင်တော့ သင်ချင်ပါတယ်၊ ဒါပေမယ့် မအားဘူးဖြစ် နေလို့ပါ"

မိသက်၏ ကြီးကြီးကျယ်ကျယ်အပြောကြောင့် မမညို မျက်ခုံးလေးတွေ လှပစွာ ပင့်တက်သွားသည်။





"မအားဘူး ဟုတ်လား၊ မိသက်က ဘာသင်တန်းတက် မှာမို့လဲ"

သက်စုကို တအံ့တဩကြည့်ပြီး မေးသည်။ မမညို အံ့ဩ စရာဆိုရင်လည်း အံ့ဩလောက်စရာပါ။ တစ်နေကုန် အိမ်မှာမကပ် သလောက် သက်စုမှာ ဘာအလုပ်မှလည်း မရှိ။ သည်ကြားထဲကမှ သူမက မအားဘူးဆိုတော့ သက်စုကတော့ သူမစကားကို သဘောကျပြီး ပြုံးစိစိနှင့် မမညိုကို မော့ကြည့်လိုက်သည်။

"အဟင်း ဘာသင်တန်းမှ မတက်ပါဘူး မမညိုရဲ့၊ သူငယ်ချင်းတွေနဲ့ စနေ၊ တနင်္ဂနွေချိန်းပြီး တွေ့နေကြမို့ မအားတာ ပါ"

"သြော် တကယ့်အလုပ်ကြီးအကိုင်ကြီး လုပ်နေရတာ ကိုး"

အခုမှပဲ သက်စုစကားကို သဘောပေါက်စွာ မမညိုက ရယ်၏။ မမညိုရောက်လာမှ သက်စုတို့အိမ်ကလေး ပို၍သာယာ ပြလာသည်။ ဆိုးစရာ နွဲ့စရာ အစ်မတစ်ယောက်အဖြစ် မမညို က သက်စုဒဏ်ကို အပြုံးနှင့် သည်းခံနေတတ်သည်သာ။

"မမညိုတို့မြို့ကလေးက ပျော်စရာကောင်းသလားဟင်"

မမညို၏ ခုတင်ပေါ်တွင် ဝင်ထိုင်ရင်း ကျောင်းစာအုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေ စစ်ဆေးနေသည်ကို သက်စု စပ်စုနေမိသည်။ သည်နေ့ ဘယ်မှလဲ သွားစရာမရှိတော့ ညီညီ့နာမှာ သူမကပ်နေ၏။

"မရောက်ဖူးသေးတဲ့သူတွေအတွက်တော့ ပျော်စရာပဲပေါ့၊ မမညီတို့ကတော့ သိပ်ထူးပြီး မခံစားရတော့ဘူးလေ၊ ငယ်ငယ်လေးထဲက မြင်တွေ့နေရတာဆိုတော့ မထူးဆန်းတော့တာလည်း ပါမှာပေါ့"

"သက်စုကတော့ ရှမ်းပြည်နယ်ဘက်ကို စိတ်ဝင်စားတယ်၊ မရောက်ဖူးသေးတဲ့ နေရာတွေဆို သိပ်သွားကြည့်ချင်တာပဲ"

"မမညီ ကျောင်းပိတ်လို့ပြန်ဖြစ်ရင် သက်စုကို မမတို့မြို့လေးကို အလည်ခေါ်မယ်"

"တကယ်နော်၊ သက်စုက ကတိပေးပြီးရင် မရဘူး၊ မခေါ်လည်း ဖွတ်အတင်းလိုက်မှာပဲ"

"စိတ်ချပါ၊ မမကလည်း ကတိပေးပြီးရင် တည်ပါတယ်"

မမညီဆီက ကတိစကားရပြီးထဲက သက်စု အိပ်မပျော်။ မမညီတို့မြို့ကလေးကို စိတ်ကူးနှင့် အကြိမ်ကြိမ်သွားပြီး ကြိုတင်ပျော်နေမိသည်။ မမညီ ကျောင်းပိတ်မည့်ရက်ကို ရင်တခုန်ခုန်နှင့် စောင့်နေခဲ့သည်။ မမညီတို့မြို့ကလေးတွင် မမညီတို့မိဘပိုင် အိမ်က





လေးတစ်လုံး ရှိသေးသည်ဟု သိရသည်။ ထိုအိမ်လေးကို မမညီ သွားကြည့်ရင်း သက်စုကို အလည်ခေါ်သွားမည်ဖြစ်သည်။

တကယ်တမ်း ကျောင်းပိတ်ခါနီးတွင် သက်စု မျှော်လင့်ထားသလို မမညီတို့မြို့လေးကို အလည်လိုက်ခွင့်မရခဲ့သလို မမညီလည်း မပြန်ဖြစ်ခဲ့ပါ။ သက်စုတို့အိမ်ကိုသာ ထူးခြားသည့် ဧည့်သည်တစ်ယောက် ရောက်လာခဲ့သည်။ ထိုနေ့က စနေနေ့ဖြစ်ပြီး သက်စု အိမ်မှာမရှိပါ။ သူငယ်ချင်းများစု၍ ရုပ်ရှင်အတူကြည့်ရင်း တစ်နေကုန် လျှောက်လည်နေသောကြောင့်ဖြစ်သည်။ အိမ်ကို ကြိုတင်ပြောပြထားသဖြင့် အိမ်က စိတ်မပူပါ။ တစ်နေကုန် လျှောက်လည်ပြီးမှ အိမ်ပြန်လာချိန်တွင် လူကနုံးနေပြီဖြစ်သည်။ ဆောင်းတွင်းမို့ ညနေခြောက်နာရီသည် အတော်မှောင်နေသည်။

ကားတစ်စီးတည်းစုပြီး လည်သဖြင့် တစ်ယောက်ပြီး တစ်ယောက် အိမ်အထိ လိုက်ပို့ရသည့်ဒုက္ခက မသေးသော်လည်း အားလုံးက ပျော်ရွှင်နေကြသည်။ ကားကို အိမ်ထဲအထိ ဝင်နိုင်ခနေတော့ဘဲ ခြံဝမှာတင် သက်စုဆင်းပြီးကျန်ရစ်ခဲ့သည်။ ခြံတံခါးကို လက်ရှိုပြီး နိုက်ကြည့်တော့ ထုံးစံအတိုင်း သော့ခတ်ထားသည်။ လူခေါ်လျှင် လျှပ်စစ်ဘဲလ်ကို နှိပ်မည်ပြင်ပြီးမှ အန်တီကြီးကို စချင်စိတ်ပေါ်လာသည်။ အိမ်မှာ ဧည့်သည်ရောက်နေတာလည်း



www.burmeseclassic.com

www.burmeseclassic.com



သက်စုမသိ။ ဘယ်သူကမှလည်း သူမကို အရေးတယူ ပြောမနေကြသလို သူမကလည်း အိမ်အကြောင်း ဘာညာ လုံးဝစိတ်မဝင်စားတော့ မမေးဖြစ်ခဲ့ပါ။

အပြာနုရောင် ဂျင်းဘောင်းဘီနှင့် တီရှပ်ခပ်ပွပွကို ဝေ့စကုတ်ခါးတိုလက်ပြတ်နှင့် ဝတ်ထားသဖြင့် တံခါးပေါက်ကို ခပ်တည်တည်ခွကျော် ခုန်တက်ကြည့်သည်။ မရ။ ပြန့်ပြန့်ချော်ကျနေသည့်အတွက် ခြေကုန်မပြ။ ပါလာသည့် ကျောပိုးအိတ်ကို နောက်မှာသိုင်းလွယ်ရင်း ခြံထောင့်ဘက်သို့ လျှောက်ခဲ့သည်။ ထိုနေရာမှာ သစ်ကိုင်းတစ်ခု ဖြာကျနေသည်မို့ ဖျတ်ခနဲ ခုန်ဆွဲပြီး အုတ်နံရံပေါ် တွယ်တက်သည်။

သည်တစ်ခါတော့ ချောချောမောမောနှင့် အပေါ်ရောက်သွားသည်။ အမြင့်က အတော်မြင့်သည်။ ကိုယ်ကို အားယူပြီး ခုန်ချလိုက်သည်။

"ဟိတ်"

"အမလေး"

ဘာဖြစ်သွားမှန်းမသိလိုက်။ မျက်ဝန်းတွေ ပြာခနဲဖြစ်သွားပြီး လူတစ်ယောက်နှင့် လုံးထွေးလဲသွားတာပဲ သိလိုက်သည်။ ကိုယ့်ကိုယ်ကားယားပုံစံမကျစွာ လဲပြိုသွားသည့်အခိုက်မှာ တစ်ခါမှ





မရင်းနှီးဘူးသော ကိုယ်သင်းရနံ့ဆန်းဆန်းကို သတိထားလိုက်မိသည်။

"ဟိတ်…ဘယ်သူလဲ၊ ဖယ် လွှတ် လွှတ်စမ်း"

သူမကို တင်းကြပ်စွာ ချုပ်ကိုင်ပွေ့ဖက်ထားခြင်း ခံရသဖြင့် စိတ်တိုစွာ ရုန်းကန်အော်ဟစ်လိုက်သည်။ ပြောခါမှ ပို၍တိုးဖက်ခြင်း ခံရသဖြင့် သက်စု လန့်သွားသည်။ ဘုရား ဘုရား အိမ်မှာ သူခိုးတပ်နေတာ ဘယ်သူမှမသိဘူးထင်ပါရဲ့။ အတွေးနှင့် ကြောက်လန့်ပြီး ဖွတ်အတင်း ရုန်းအထွက်

"ဟေ့ ဘာဖြစ်လို့ ဖွတ်အတင်း ထွက်ပြေးချင်နေရတာလဲ၊ မှန်မှန်ပြောစမ်း မင်း ဘယ်သူလဲ၊ ဘာကိစ္စနဲ့ အခုလို ခိုးကြောင်နှိုက်လုပ်ရတာလဲ"

တစ်ခါမှ မကြားဘူးသည့် ယောကျ်ားတစ်ယောက်၏ အသံကြောင့် သက်စု အံ့သြသွားသည်။ လာလာချည်သေး။ သူခိုးက လူလိုဟစ်လို့ တွေး၏။

"ဘာ··ဘာတွေပြောနေတာလဲ၊ သူခိုးကများ လူကို မေးလားဆေးလားနဲ့၊ မှန်မှန်ပြော ရှင်ဘယ်သူလဲ၊ မပြောရင် ရှင့်ကို ရဲလက်ခေါ်မယ်၊ လူကိုများ ဖက်ထားလိုက်တာ၊ ဟွန်း ဖယ် လွှတ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရဲနောင် အံ့ဩနေစဉ်မှာပင် သူ့လက်ထဲမှ ကောင်မလေးက ဆတ်ခနဲ ရုန်းထွက်သွားသည်။

""မင်းဘယ်သူလဲ""

""ဘယ်သူဖြစ်ဖြစ် ရှင့်အပူ မပါဘူး၊ အဖမ်းမခံချင်ရင် ဒီနေရာက မြန်မြန်ထွက်သွား၊ မသွားရင် အော်လိုက်မယ်""

ပတ်ဝန်းကျင်က ခပ်မှောင်မှောင်ဆိုတော့ တစ်ယောက်ကို တစ်ယောက် သည်းကွဲစွာ မမြင်ရ။ ရဲနောင်ဘာသာ စိတ်ညစ်လို့ ခြံထောင့်လာထိုင်နေသည့်ဥစ္စာ။ ဘာမပြော ညာမပြော ခြံစည်းရိုး ပေါ်မှ သူ့ကိုယ်ပေါ်တည့်တည့် ခုန်ချလာသည့်အတွက် လန့်ဖြန့်ပြီး ဖမ်းလိုက်တော့ နူးညံ့သည့် အထိအတွေ့များကြောင့် မိန်းကလေး တစ်ယောက်မှန်း သိလိုက်သည်။ သူမကပဲ ခိုးကြောင်ခိုးဝှက် အိမ်ထဲ သို့ ခုန်ချသေး သူကပဲ သူခိုးဟု စွပ်စွဲလိုက်သေးသည်။ ကျ ကျသေးကွာဟု တွေးမိပြီး ခပ်စောစော အတွေ့အထိမှာ အငိုထိန်း ရင်ခုန်သွားတာကိုပဲ အံ့ဩနေမိသည်။ ရဲနောင် တစ်ခုခုကို ပြော ပြင်လိုက်စဉ်မှာပင် သူ့ရှေ့တည့်တည့်မှ ကောင်မလေးသည် သူ့ရှေ့ မှ ချာခနဲ လှည့်ပြေးသွားလေ၏။

""ဟာ…ဟေ့…ဟေ့""

ရဲနောင်အသံကို ဘယ်သူမှ မကြားလိုက်ပါ။ သက်စု





တအားကျုံးအော်ပစ်လိုက်၏။

""မေမေ ဟောဒီမှာ သူခိုး သူခိုး အိမ်ထဲဝင်နေတယ်""

""ဟာ…မဟုတ်ဘူး၊ မဟုတ်ဘူး""

ကောင်မလေးနောက် ပြေးလိုက်ရင်း ရဲနောင်နှုတ်မှ လှမ်းပြောသည်။ မရ။ အန်တီရော အန်ကယ်ပါ အိမ်မှာမရှိတာကို ရဲနောင်သိသော်လည်း သူမက သိပုံမရ။ ပြေးနေသည့် သူမရှေ့မှ ရဲနောင် ပိတ်ရပ်လိုက်သည်။

""နေဦး၊ တို့ပြောမယ်၊ မင်းပြောတာ တစ်ခုမှမဟုတ်ဘူး""

""ဘာမဟုတ်ဘူးလဲ၊ သူခိုးဟာ သူခိုးပေါ့၊ မမညိုရေ ဟောဒီမှာ""

""ဟာ""

ရဲနောင် အဟုတ်လန့်သွားသည်။

သည်တစ်ခါ သူမစွတ်အော်၍ ပတ်ဝန်းကျင်က အဟုတ် ထင်ပြီး ရောက်လာလျှင်မလွယ်။ ထို့ကြောင့် ဖျတ်ခနဲ သူမနားကပ် သွားပြီး ပါးစပ်ကို သူ့လက်နှင့် ပိတ်ထားလိုက်သည်။

""အု…အု""

သက်စုကလည်း ကြောက်လန့်ပြီး မျက်လုံးအပြူးသားနှင့် ရုန်းကန်နေသဖြင့် သူမကိုယ်လေးကို သူ့ရင်ခွင်ထဲ ဖျတ်ခနဲဆွဲကပ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်း

"ရှူး...မအော်နဲ့၊ တို့ လူကောင်းပါ၊ အန်ကယ်မောင်မိတ်ဆွေရဲ့သား ရဲနောင်ပါ၊ ဒီအိမ်မှာတည်းတာ" ဟု ဆက်တိုက်ကြီး ပြောချလိုက်ရသည်။

"ဟင်္...ကိုရဲနောင်နဲ့ သက်စု"

နောက်ပါးမှ ထွက်ပေါ်လာသည့် ညိုညို့အသံကြားမှ ရဲနောင် ဖျတ်ခနဲ သက်စုကိုယ်လေးကို လွှတ်ပေးလိုက်သည်။ ညိုညိုကို အားနာစွာကြည့်ရင်းက ခပ်လောလော ရှင်းပြလိုက်သည်။

"ဟိုမှာ...မညိုညို သူက ကျွန်တော့်ကို သူခိုးလို့အော်နေတာနဲ့ ဘေးကအိမ်တွေမကြားအောင် အခုလိုလုပ်ပြီး ရှင်းပြရတာပါ၊ ကျွန်တော် ဒီအိမ်မှာတည်းတာ သူမသိဘူး၊ အဲ သူ ဒီကမ္ဘာလည်း ကျွန်တော်မသိဘူး"

သက်စုဘက်ကို လက်ညှိုးညွှန်ပြပြီးပြောတော့ သက်စုဘာပြောရမှန်းမသိတော့။ သူ့ကိုသာ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်ကြည့်နေမိသည်။ သူပြောတာလည်း မှန်နေသည်ကိုး။

"အားနာစရာ ကိုရဲနောင်ရယ်၊ သူက ညိုရဲ့ညီမ သက်စုပါ၊ သက်စု ဒါ ဦးလေးမောင်မိတ်ဆွေရဲ့သား ကိုရဲနောင်တဲ့





ဒီအိမ်မှာတည်းတာလေ"

"ဘယ်သိမှာလဲ၊ စောစောကဖြင့် အဲလိုမပြောဘဲနဲ့၊ ဒီမှာ ယူကိုနာသွားတာပဲ"

ပါးပြင်ကိုပွတ်ရင်း သက်စု မကျေမနပ် ရေရွတ်၏။

"ဆောရီးကွာ သက်စုက ဟိုပေါ်က ခုန်ချတော့ တို့က တစ်မျိုးထင်သွားလို့ပါ"

ရဲနောင်စကားကြောင့် ညိုညိုက မျက်လုံးလေးပြူး၍ သက်စုကို တအံ့တသြကြည့်၏။

"ဘယ်ပေါ်က ခုန်ချတာလဲဟင် သက်စု"

"အုတ်နံရံပေါ်ကပေါ့၊ မိသက်က အန်တီကြီးတို့ကို တမင်အတ်သက် စချင်လို့ တံခါးက တမင်မဝင်တာ၊ အဲဒါ အောက်မှာ မညိုလူကြီးရှိမှန်း ဘယ်သိပါ့မလဲ၊ သိရင်တော့ ရှေ့ကပဲဝင်မှာပေါ့"

"အို"

ညိုညို မျက်နှာလေး ပူနွေးရှက်ရွံ့သွားသလို သက်စု၏ စကားကြောင့် ရဲနောင် မျက်နှာကြီးများ အတွန့်ချိုးလျက် အနေရခက်စွာ အားနာသွားသည်။ သက်စုကတော့ ထိုအဖြစ်အပျက်များကို ပြည့်စုံစွာ မသိ။ သူမ၏ စကားအမှားကိုလည်း သတိမထားမိဘဲ အိမ်ထဲသို့ ဝင်သွားပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးနော် မညိုညို"

ရဲနောင်က မဆီမဆိုင် ဝင်၍တောင်းပန်လိုက်သည်။

"ရပါတယ် ကိုရဲနောင်၊ သက်စုက အဲသည်လိုပဲ စကား ကို ဘာရယ်မဟုတ်ဘူး သူ့ထင်ရာပြောတတ်ပါတယ်၊ ညိုကသာ ညီမလေးအတွက် တောင်းပန်ရမှာပါ"

"ကိစ္စမရှိပါဘူး မညိုညို၊ မသိလို့ဖြစ်ကြတာပဲ၊ သူ့ကို ကျွန်တော်ခွင့်လွှတ်ပါတယ်"

♠ ♠ ♠



## အခန်း (၃)

ထိုနေ့ညက သက်စုတစ်ယောက် ဘယ်လိုနေသည်မသိ သော်လည်း ရဲနောင်မှာဖြင့် အိပ်မပျော်။ သူ့ပေါ် တည့်တည့်ခုန်ချ ပြီး သူ့ထင်ရာတွေ စွတ်ပြောသွားသည့် သက်စုကိုသာ တစ်ညလုံး တွေးနေမိသည်။

အမှန်တော့ ရဲနောင် ရန်ကုန်ကို မလာချင်။ ဦးမောင်မောင် အိမ်တွင် တည်းခိုဖို့ရာ ပို၍စိတ်မကူးဖြစ်ပါ။ သို့သော် အစုအစပ် ရှယ်ယာများစွာထည့်ထားသည့် ဖေဖေ့လုပ်ငန်းများကို ဦးစီးမည့်သူ က သူပဲရှိသည်။ ဖေဖေနှင့် ဦးမောင်မောင်ဆိုတာ ငယ်ငယ်လေးထဲ က သူငယ်ချင်းတွေ။ သမီးတစ်ယောက်ရှိသည်ဟု ကြားဘူးသော် လည်း စိတ်မဝင်စား၍ တစ်ခါမှ မမေးဖြစ်ခဲ့ပါ။

သည်တစ်ခေါက် ဖေဖေ့ကိုယ်စား သူ ရန်ကုန်ကို ဆင်းခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တည်းခိုရိပ်သာတစ်ခုခုတွင် တည်းရန် ဆုံးဖြတ်ခဲ့သော် လည်း ဖေဖေ့တစ်ချက်လွှတ်အမိန့်နှင့် ဦးမောင်မောင်အိမ်မှာ သူ တည်းရသည်။ စိတ်မပါဘဲ ရောက်လာရသဖြင့် လူက မပျော်ရွှင်။ ညိုညိုကိုတွေ့တော့ ဦးမောင်မောင်၏သမီးဟု ထင်ခဲ့သည်။ မိန်းခ ပီသ၍ ဣန္ဒြေရှိသော ညိုညို့ပုံစံက တည်တည်ငြိမ်ငြိမ်နှင့် ခပ်အေး အေးနေတတ်တာကို သတိထားမိသည်။ သူကိုယ်တိုင်ကလည်း ခပ်အေးအေးသမားမို့ ညိုညို့ပုံစံကို သဘောကျပါသည်။ သို့သော် အေးစက်စက်မို့ မနှစ်သက်ပြန်။

သက်စုကိုတော့ သူ သေချာမမြင်လိုက်ရပါ။ စောစော စီးစီး အိပ်ရာဝင်သွားသဖြင့် နောက်ထပ်မတွေ့ရတော့။ သူက သက်စုနှင့် သူ့အကြောင်း ဦးမောင်မောင်တို့ ဇနီးမောင်နှံကို ပြန်ပြော တော့ သဘောကျမဆုံးရှိကြသည်။ ပြီးတော့မှ အန်တီမိက

"သမီးက အဲသည်လိုပဲ ပေါက်ကျော်မ" ဟု ချစ်ခင် မှတ်ချက်ချသံကို ကြားရသည်။ အတွေးလွန်သွားသဖြင့် ညဉ့်နက် သူ အိပ်ပျော်သွားသည်။

"ဒုန်း…ဒုန်း…ဒုန်း"

မနက်ခင်း စောစောစီးစီး တဒုန်းဒုန်းအသံများကြောင့် ရဲနောင် လန့်နိုးသွားသည်။ လက်မှနာရီကို ကြည့်လိုက်တော့ မနက်





၆ နာရီထိုးပြီး မိနစ်နှစ်ဆယ်တိတိကို ညွှန်ပြနေသည်။ သူ့အခန်းနှင့် သိပ်မကွာလှသည့်နေရာမှ တဒုန်းဒုန်းအသံများကြောင့် သူ အိပ်မရ သည့်အတူ အိပ်ရာမှထလိုက်သည်။

ရေချိုးခန်းဝင်ရင်း မနက်ခင်း စောစောစီးစီး ဘာတွေလုပ် နေပါလိမ့်ဟု တွေးနေမိသည်။ ရဲနောင် ရေချိုးအဝတ်အစားလဲနေ သည်အထိ ထိုအသံကို ကြားနေရသဖြင့် တံခါးဖွင့်၍ အပြင်ဘက် အသံလာရာသို့ စောင်းငဲ့ကြည့်လိုက်သည်။ တွေ့ပါပြီ။ တူတစ်လက် ကို ဟန်ပါပါကိုင်ရင်း ဘာတွေမှန်းမသိ တဒုန်းဒုန်းရိုက်နေသည့် သက်စုနှင့် သူ့မအိန်းတွင် အထက်ကို တမော့မော့ ကြည့်နေသည့် ညွန့်ညွန့်ဆိုသည့် အိမ်ဖော်ကောင်မလေးတို့ဖြစ်သည်။

"တွေ့လား ညွန့်ညွန့်၊ အခုလို သံရိုက်လိုက်တော့ ပြီးနေ တာပဲ၊ ဟောဒီမှာ ဒါကိုချိတ်လိုက် ဘယ်လောက်ဟန်ကျလဲ"

"ဟုတ်တယ်နော် မမစု၊ အခုမှပဲ နေရာမှန်သွားတယ်"

အတိုင်အဖောက်ညီစွာ ပြောရင်း ခပ်ယိုင်ယိုင် ကွေးကွေး ကောက်ကောက် သံချောင်းပေါ်မှာ ညွန့်ညွန့်က တံမြက်စည်းကို ချိတ်လိုက်သည်။

"ဟော"

"ဒုတ်"



www.burmeseclassic.com

www.burmeseclassic.com



ချိတ်လို့မှ သိပ်မကြာ သံချောင်းရော ဝါးမြက်စည်းပါ ပြုတ်ကျ၏။ ညွန့်ညွန့်က ဟောဟု အသံပြုရင်း ဝါးမြက်စည်းကို တစ်လှည့်၊ သံချောင်းကိုတစ်လှည့် ကြည့်နေ၏။ သက်စု မျက်နှာ ချက်ချင်းမှုန်ကုတ်သွားပြီး တူကို တစ်ချက်ဆက်ကြည့်သည်။

"ပေးစမ်း အဲဒီသံ ဒီလောက်ကျွေးနေမှတော့ ဘယ်အသုံး ကျမှာလဲ၊ သွား ပေး နောက်ထပ်အသစ်တစ်ချောင်း"

"ဟုတ်ကဲ့"

သက်စုက ခုနက သံချောင်းကို လွှင့်ပစ်ပြီး အသစ် တစ်ချောင်းကို တဒုန်းဒုန်း ရိုက်ပြန်၏။ သံက တော်တော်နှင့် မဝွဲသည့်အခါ စိတ်မရှည်သည့် မချောက ခပ်ပြင်းပြင်းရိုက်၏။

"ဒုန်း…ဒုန်း…အား"

"ဟာ"

တူလွတ်ကျသွားသလို လက်တစ်ဖက်ကို အခြားလက် တစ်ဖက်နှင့် ဆုပ်ကိုင်ရင်း ဆွေ့ဆွေ့ခုန်နေသည်။ သက်စုနားသို့ ရဲနောင် အပြေးအလွှား ရောက်သွားသည်။

"ပြစမ်း…ပြစမ်း ဘာဖြစ်သွားလဲ"

"အား…နာတယ်၊ သိပ်နာတာပဲ"

ရဲနောင်မျက်နှာကို တစ်ချက်လှည့်မကြည့်။ သူမမျက်နှာ





ကိုင်လွှဲ၍ လက်ကို ထိုးပေးသဖြင့် သတ္တိခဲမမကို စိတ်ထဲက ရယ်ချင် သွားသော်လည်း မရယ်ရက်။ ဖြူနုသော လက်ချောင်းလေး ချက်ချင်းရောင်ကိုင်းလျက် တဆတ်ဆတ်တုန်နေတာကို ကြည့်ပြီး အရမ်းသနားသွားမိသည်။ ညွန့်ညွန့်က မသိမသာ လစ်ထွက်သွား၏။

"ဘာဖြစ်သွားလဲဟင်၊ မိသက်လက် ဘာဖြစ်သွားလဲ"

"အရိုးနဲ့ ထုမိတာဆိုတော့ နည်းနည်းတော့ ရောင်သွား တာပေါ့၊ လာ ရေခဲနဲ့ထိလိုက်၊ လက်သည်းမပုတ်တော့ဘူးပေါ့"

ရဲနောင်က သက်စုလက်ကိုဆွဲပြီးခေါ်တော့ သူမလက်ကို ဆတ်ခနဲ ရုန်းထွက်လိုက်သဖြင့် ရဲနောင် ကြောင်သွားသည်။

"လက်သည်းခွံမလန်ရင် ပြီးတာပဲဥစ္စာ၊ ကျန်တာက ငြိမ်းမှာပါ"

နီရဲနေသည့် လက်ညှိုးလေးကို တစ်ချက်ငုံ့ကြည့်ရင်း သက်စု ခပ်အေးအေးပြောလိုက်သည်။ ဟုတ်တယ်လေ ဟိုတစ်ခါ တံခါးနဲ့ညှပ်မိတုန်းက သက်စု လက်သည်းခွံတွေ လန်ထွက်သွားပြီး အသားအတစ်လိုက် မြင်လိုက်ရသလို သည်းသည်းခိုက် ဝေဒနာနှင့် မူးမေ့မတတ် ဖြစ်ခဲ့ရသည်။ အနာဆိုကလည်း တော်တော်နှင့် မပျောက်။ လူကလည်း ငြိမ်ငြိမ်မနေတော့ ရေထိလိုက်၊ ညော့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်နှင့် လုံးချာလိုက်နေသဖြင့် အန်တီကြီးက သက်စုအစာ အမြန် ပျောက်ရေးအတွက် တုတ်တစ်ချောင်းနှင့် တစ်နေကုန်စောင့်သည်။ နည်းနည်းလှုပ် တုတ်တစ်ချက် ပုံမှန်ဆိုတော့ လူက ဒဏ်ရာအထပ် ထပ်နှင့် အမြန်ပျောက်သွားခဲ့သည် မဟုတ်လား။ သက်စုပုံစံက နေရာတကာ အလွန်အကျွံ လုပ်တတ်ဖြစ်တတ်သည်။ ကြောက်ပြီ ဆိုလည်း နေစရာမရှိတော့။ သဗ္ဗိုရှိပြန်တော့လည်း အချုံးပေးရ သည်။ အခုလည်းကြည့် ပြောချင်ရာပြောပြီး သူမက ခပ်တည် တည်။

"ခင်ဗျားက ကော်ဖီသောက်မလို့ မဟုတ်လား၊ ဟိုမှာ မမညီရှိတယ်"

သက်စုရှေ့မှာ ခပ်ကြောင်ကြောင် ရပ်နေသည့်လူကြီးကို ထမင်းစားခန်းဘက် မေးငေါ့ပြလိုက်တော့ လူကြီးပုံစံက ရယ်ရခက် ငိုရခက်။ သက်စုကတော့ ဦးရဲနောင်ဆိုသည့် လူကြီးဖြစ်နေပုံကို ရယ်ချင်လာသဖြင့် ဟန်မဆောင်နိုင်ဘွာ ခစ်ခနဲ ရယ်လိုက်သည်။ သည်လူကြီးအကြောင်း ညထဲက အန်တီကြီးဆီကတစ်ဆင့် အားလုံး သိခဲ့ပြီးပြီ။ ဘွဲ့ရပြီးသား၊ ချမ်းသာသည့် တစ်ဦးတည်းသောသား ကုမ္ပဏီပိုင်ရှင်၊ နောက်ပြီး မမညီနဲ့ မေမေတို့ သဘောတူထားတာ က အစပေါ့။ ဟိ ဟိ သူကတော့ သက်စုနဲ့တွေ့မှ သူလည်း





သုနိုးဘဝကို အော်တိုမစ်တစ် ရောက်သွားခဲ့သည်။

အသားကဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ဦးရဲနောင်ဆိုသည့်လူကြီး က တကာယ့်ခန့်ချောကြီး။ သဘောကောင်းပုံလဲရသည်။ မမညီနှင့် လူပြီးလျှင် သူလည်း သက်စုအစ်ကိုကြီး ဖြစ်ရမည်ဆိုတော့ သက်စု ဒဏ်ကို မှုဝေခံစားရမည်သာ။ အတွေးနှင့် သက်စု ပျော်သွားသည်။ ဦးရဲနောင်ဆိုသည့် လူကြီးကိုတော့ သက်စု နည်းနည်းလေးမှ မကြောက်ပါ။ သက်စု ကြောက်ရမည့်သူကလည်း အရှားသားဆို တာ အားလုံးသိသည်။ ဖေဖေ့ကိုတောင် တုတ်ကိုင်နေတုန်း ခဏ ဝင်။ မနေ့ညကမှ တွေ့ရသည့် လူစိမ်းပေမယ့် အကြောင်းစုံ သိခွင့် ရပြီးထဲက သက်စု မစိမ်းတော့။

တစ်နေ့ကြရင် မမညီနဲ့ဖတ်သက်ပြီး သေချာပေါက် အိမ်ပေါ်ရောက်ရမည့်သူအဖြစ် စိတ်ထဲက သူ့အလိုလို ရင်းနှီးသွား သည်။ ဦးရဲနောင်အသက်က သုံးဆယ်ကျော်ဆိုတော့ သက်စုနှင့်ဆို လျှင် ဆယ်နှစ်ကျော်ကွာမည်ထင်သည်။ သည်လောက် ချောနေရက် နဲ့ အခုချိန်ကြမှ မမညီနှင့် ယူကြမည်ဆိုတော့ သက်စု အံ့သြခဲ့ရ၏။ ဒါပေမယ့် ဒါက သက်စု အရေးမဟုတ်။ အရေးကြီးတာက ဦးရဲနောင်နှင့် မမညီတို့ မြန်မြန်ယူ၊ မြန်မြန်ကလေးယူကြ။ ကဲ ဘယ်လောက်ပျော်စရာကောင်းသလဲ။ အတွေးနှင့် လေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တိုက်အိမ်ဆောက်ပစ်လိုက်သည်။ အပြင်မှာဖြင့် မညိုက ခပ်မူမူ ဟိုလူကြီးက ခပ်အူအူ ဟု အားမနာတမ်း တွေးလိုက်၏။

အခုလည်းကြည့်။

သက်စုလက်ကို တူနှင့်ထုမိလို့ ဘယ်နေရာကမှန်းမသိ ဦးရဲနောင်က အပြေးအလွှားရောက်လာသည်။ သက်စုအသံကြောင့် ခပ်လှမ်းလှမ်း ထမင်းစားခန်းတွင်းမှ မညို ပြေးလာမလိုလုပ်ပြီးမှ ဦးရဲနောင် ရောက်လာတာမြင်တော့ ကိုယ်ရှိန်သတ်ပြီး ဟိုလိုလို ဒီလိုလိုနှင့် သက်စုဆီ မလာဘဲ ပြင်ပြီးသား လက်ဖက်ရည်ပွဲ ဟိုရွှေ့သည်ရွှေ့ လုပ်နေသည်။ တကယ်ဆို သက်စုဆီ မညိုပြေးလာ၊ ပြာယာခတ်နေသည့် ဟိုလူကြီးနဲ့တွေ့၊ ဘာညာကွိကွတွေပြော။ နောက်ပြီးတော့ အားလုံး ရယ်ရယ်မောမောနှင့် လက်ဖက်ရည်သောက် ဘယ်လောက်အဆင်ပြေသည့် အစီအစဉ်လဲ။

အခုတော့ သက်စုအနားလည်းမလာ။

ကော်ဖီသောက်ဖို့လည်း မခေါ်။ မျက်လွှာတချချနှင့် ဣန္ဒြေကြီးနေပြန်သည်။ ဟိုလူကြီးကလည်း နည်းနည်းလေးမှ အကင်းမပါး။ သက်စုပြောနေတာကိုလည်း မကြားသလို အူကြောင်ကြောင်နှင့် သက်စုကိုပဲ မျက်လုံးကြီးပြူးကြည့်နေသည်။

"ကျွတ် တကယ်စိတ်ညစ်စရာကောင်းတယ်၊ မိသက်





ပြောတာ မကြားရအောင် ခင်ဗျား နားတော့ကောင်းပါတယ်နော်၊ ဗျို့ မညိုရေ ယောဒီလူကြီး ကော်ဖီသောက်မယ်၊ လာခေါ်ပါ"

"ဟာ…ဟော့ ဟော့ ကိုယ့်ဘာသာ သွားပါ့မယ်ကွာ၊ ဒုက္ခပါပဲ"

ဟိုလူကြီး၏ တိုးတိုးတောင်းပန်သံကို မညိုမကြားဘဲ အပြင်ထွက်လာသဖြင့် သက်စု သဘောကျသွားသည်။ အံမယ် မညိုမျက်နှာက နီနီရဲနေသလားပဲ။ ကိုယ်လိုရာကို ခပ်သာသာဆွဲ တွေးရင်း ဦးရဲနောင်ကို မော့ကြည့်လိုက်သည်။ အဲ သူကလည်း ခပ်တည်တည်ပုံစံနဲ့ပါလား။

"ညိုညို အခုပဲလာခေါ်မလို့ပါ၊ ကိုရဲနောင် ဆာပြီလား မသိဘူး"

"ရပါတယ်၊ ကျွန်တော်မဆာသေးပါဘူး၊ အန်တီတို့နဲ့မှ အတူစားတာပေါ့"

"ဟာ…မေမေတို့ ဒီနေ့ကိစ္စရှိလို့ ပဲခူးကို အယောကြီးထဲ က သွားတယ်ဗျ၊ ဘယ်လိုလုပ်ပြီး အတူသောက်လို့ဖြစ်မလဲ"

မညိုပြောရမည့်စကားကို သက်စုက ခပ်သွက်သွက် ဝင်ပြောလိုက်သည်။ ဟုတ်တယ်၊ လူကြီးကိုက ယောက်ျားလေးဖြစ် ပြီး တုံးလိုက်တာဟုလည်း ဉာဏ်မီသလောက် တွေးပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ ဦးရဲနောင်နေရာမှာ သက်စုသာဆိုရင်တော့ မညိုနဲ့ စကားတွေ အလိုက်သင့်ပြောရင်း အဝေါ်ခင်နေလောက်ပြီဟု ကိုယ့်ကိုယ်ကို အထင်တွေ စွတ်ကြီးပစ်လိုက်၏။ ဟုတ်တယ်လေ လူကြီးချင်း သဘောတူထားတာ သိပြီးသားဥစ္စာ။ အိုက်တင်တွေ ဘာတွေ သိပ်ခံမနေတော့ဘူးပေါ့။ နောက်ပြီး ကိုယ်က ယောကျ်ား လေးပဲ သာတယ်မှာတယ် တွေးမနေတော့ပါဘူး၊ အခုတော့ သူက

"ဒါဆို ချာတိတ်ရော လာလေ"

"ဟင့်အင်း…သက်စု စားပြီးပြီ"ဟု အမှန်အတိုင်း ပြောလိုက်တော့ နောက်ထပ်မခေါ်တော့။ မညိုနောက်မှ လိုက်သွားသည်။ သူတို့နောက်မှ ခြေဖျားထောက်၍ သက်စု ခပ်ဖွဖွလျှောက်ခဲ့သည်။ ဦးရဲနောင်အရပ်က အခြင့်ကြီး၊ သက်စုအရပ်နှင့်ဆိုလျှင် သက်စုခေါင်းက သူ့ရင်ဘတ်လောက်ပဲရှိမည်။ သူနှင့်စကားပြောတိုင်း သူ့ကို သက်စုက မော့ကြည့်ရသည်။

အခန်းထောင့်ကွယ် တစ်နေရာမှာ အသာရပ်ပြီး မညိုတို့ နှစ်ယောက်ကို ဘာတွေများ ပြောကြမလဲဟု နားစွင့်ကြည့်သည်။ ဘာသံမှမကြားရ။ ကြာတော့ စိတ်မရှည်။ ခေါင်းကိုပြူပြီး အသာ ချောင်းကြည့်သည်။ ဦးရဲနောင်ရော မညိုပါ ကော်ဖီပန်းကန်တွေ ကို တစ်ခါမှ မမြင်ဘူးကြသည့်ပုံနှင့် ကြည့်နေကြသည်။ ဘာစကား





မှလည်း မပြောကြ။ ကော်ဖီကိုပဲ တစ်ရှိုက်ပြီးတစ်ရှိုက် သောက်နေကြသည်။ အတော်ကြီးကြာမှ မညိုထံမှ 'မုန့်စားပါဦး ကိုရဲနောင်' ဆိုသည့် အသံကိုကြားရပြီး ဦးရဲနောင်က 'ကျေးဇူးပဲ'ဟု ပြောပြီး မုန့်တစ်ခုကို လှမ်းယူစားသည်။ ဟွန်း စိတ်ပျက်စရာကြီး။ မျက်နှာ ကို ရှုံ့မဲ့၍ တစ်ဘက်ကိုအလှည့် ဈေးခြင်းကြီးနှင့် ဝင်လာသည့် အန်တီကြီးကို တွေ့လိုက်ရသည်။

"ဟဲ့ မိသက်၊ ချောင်ထဲဝင်ပြီး ဘာလုပ်နေတာလဲ"

"ဟို…ဟိုဒင်း မိသက် အိမ်ရှင်းပေးမလို့ ကြည့်နေတာ"

အနားမှာတွေ့သည့် ကြက်မွေးတံကို ကောက်ကိုင်ပြီး ရယ်ကျဲကျဲနှင့် ပြောလိုက်သည့်စကားကို အန်တီကြီးက နည်းနည်း လေးမှ ယုံကြည်ပုံမရဘဲ

"ဟင်းနော် ပြဿနာမရှာနဲ့၊ အိမ်မှာ ဧည့်သည်ရှိတယ်" ဟု ခပ်ကျိတ်ကျိတ်ဆူ၏။

"ဟုတ်ကဲ့ပါ"ဟု ပြောရင်း သက်စုလက်မှ ဆွဲခြင်းကို ကူဆွဲပြီး ထမင်းစားခန်းထဲသို့ အန်တီကြီးနှင့်အတူ လိုက်ခဲ့သည်။

"ဟော…မောင်ရဲနောင်တောင် ကော်ဖီသောက်နေပြီကိုး၊ သောက် သောက် ကိုယ့်အိမ်ကိုယ့်ယာလိုပဲ သဘောထား၊ ဘာမှ အားနာနေစရာမလိုဘူး၊ ညိုညိုတို့ကိုလည်း ကိုယ့်ညီမလိုပဲ ခိုင်းစေ



www.burmeseclassic.com

www.burmeseclassic.com



ရှိတာလည်းခိုင်း သိလား၊ မင်းတို့အမေနဲ့ အန်တီကြီးက မောင်မောင်ငယ်ငယ်ထဲက သိခဲ့ကြတာ၊ သူ အိမ်ထောင်ကျသွားပြီဆိုတာပဲ သိလိုက်ရတာလေ၊ တစ်ခါမှ မတွေ့ဖြစ်ကြဘူး၊ မင်းတစ်သက်ပဲ ဆိုပါတော့၊ အခု ကုမ္ပဏီကိစ္စတွေလုပ်မှပဲ ပြန်ဆက်သွယ်ကြတာလေ ပြောမပြဘူးလား"

ဦးရဲနောင်နားက ခုတစ်လုံးကို နိုးနိုးဝေါ်ဝေါ်ဆွဲယူလိုင်ပြီး ပါးစပ်က အဆက်မပြတ်ပြောသလို လက်ကလည်း ကော်ဖီကရားကို မပြီး ငုံ့နေသည့် အန်တီကြီးအစား သက်စု ရင်မောသွားသည်။ အခုပဲ ဈေးကပြန်ရောက်တယ်၊ မမောဘူးလားမသိဘူး၊ အန်တီကြီးလိုသာ မမညိုပြောရင် သိပ်အဆင်ပြေမှာပဲဟု တွေးသည်။

"ဟုတ်ကဲ့ မေမေပြောပြပါတယ်၊ ဦးလေးမောင်နဲ့ မေမေက အချစ်ဆုံးသူငယ်ချင်းတွေတဲ့၊ ကျွန်တော်က ဒီမှာမတည်းဘူးဟိုတယ်တစ်ခုခုမှာ တည်းမယ်ဆိုလို့ မေမေက ကျွန်တော့်ကို သိပ်စိတ်ဆိုးခဲ့တာခင်ဗျာ"

"ဆိုးမှာပေါ့ မောင်ရဲနောင်ရဲ့၊ သူက သူ့သားကို အန်တီကြီးတို့အိမ်မှာ ပိုစိတ်ချတယ်လို့ ဖုန်းဆက်ထားတာပဲ၊ သူကြိုပြောထားလို့ အန်တီတို့က ပြင်ဆင်ထားတာ၊ ညိုညိုတောင် သူမြို့မပြန်ရဘူး၊ မင်းသာ ဒီမှာမတည်းရင် မင်းအမေတင်မဟုတ်ဘူး အန်တီကြီးတို့ကလည်း စိတ်ဆိုးရမှာပဲ"

အန်တီကြီးစကားဆုံးတော့ သူကရယ်သည်။

အန်တီကြီးက ကော်ဖီနှင့်မုန့်ကို အားပါးတရ စားရင်း ညိုညိုရေဟု လှမ်းခေါ်သည်။

"ရှင် အန်တီကြီး"ဟု မမညို၏ ပြန်ထူးသံနှင့်အတူ သက်စုလည်း မမညိုနောက်က လိုက်ခဲ့သည်။ သက်စုလက်ထဲက ဈေးခြင်းကိုယူပြီး ပစ္စည်းတွေ သူ့နေရာနှင့်သူ သိမ်းဆည်းနေသည့် မမညိုနားမှာ သက်စုက ဟိုယောင်ယောင် သည်ယောင်ယောင် လုပ်နေခဲ့တာ။ မမညိုကို မေးစရာရှိ၍ ဖြစ်သည်။ အခုတော့ သူမ ဘာစကားမှ မဆိုနိုင်ခင် မမညိုက ရှေ့ကိုထွက်သွားသဖြင့် သက်စုပါ ရောရောင်လိုက်ခဲ့တာဖြစ်သည်။

"မောင်ရဲနောင်ကို ဘုရားလိုက်ပို့လိုက်ပါဦး၊ အိမ်ကကားနဲ့ပဲသွားပေါ့၊ မိသက်တော့ ခေါ်မသွားနဲ့၊ သူက နေရာတကာ ဖွသနာသိပ်ရှာတာ"

မမညိုက ပုတ်သင်ညို ခေါင်းတဆတ်ဆတ်ညိတ်နေတော့ သက်စု စိတ်တိုသွားသည်။ ဦးရဲနောင်မျက်နှာကတော့ ပြုံးစေ့စေ့နှင့် သက်စုကို လှမ်းကြည့်၏။ စုပုတ်ပုတ်မျက်နှာနှင့် သက်စု နှုတ်ခမ်းကို အစွမ်းကုန်စူထော်ရင်း အန်တီကြီးကို ရန်စွာစွာ ပြန်ပက်သည်။







www.burmeseclassic.com

www.burmeseclassic.com



"မိသက်က ဘယ်မှာပြဿနာရှာလို့လဲ၊ ပြဿနာက မိသက်ဆီရောက်ရောက်လာတာ၊ ဘယ်သူခေါ်ခေါ် မခေါ်ခေါ် ဘုရားသွားရင်တော့ စွတ်လိုက်မှာပဲ၊ မိသက်မလိုက်စေချင်ရင် ဘယ်သူမှ မသွားကြနဲ့ပေါ့"

"ဟင် လူကြီးက မလိုက်နဲ့ဆိုတာ ညည်းက စွတ်လိုက်မယ်ဟုတ်လား မိသက်၊ အရင်တုန်းက လိုက်တာက အကြောင်း မဲတုတ်ဘူးဟဲ့၊ အခုဟာက မောင်ရဲနောင်ကို အားနာလို့ သိရဲ့လား"

အန်တီကြီးက မျက်လုံးကြီးပြူး၍ ဒေါသနှင့် စွတ်အော် သလောက် သက်စုကဖြင့် မဖြုံရေးချမဖြုံ။ ရဲနောင်မှာသာ သူတို့ တူဝရီးကြား နေရထိုင်ရခက်နေ၏။ ဒေါသထွက်နေသည့် အန်တီ ကြီးမျက်နှာနှင့် ဂျစ်တစ်တစ် ပေကပ်ကပ် သက်စုဆိုသည့် ချာတိတ် မလှလှတို့ကိုကြည့်ပြီး ကြားထဲက သူပဲလန့်လာသည်။ အကြောင်းအ မသိသေးပဲကိုး။ တင်းမာနေသည့် အခြေအနေကို ဝင်ရောက်ဖျန်ဖြေ ပေးမည့်သူအဖြစ် ညီညီ့ကိုကြည့်လိုက်တော့ သူကလည်း ခပ်ကုတ် ကုတ်နှင့် ငြိမ်နေသဖြင့် စိတ်ပျက်သွားသည်။

"သက်စု လိုက်ပါစေ အန်တီကြီး၊ ညီညီ တာဝန်ယူပါ တယ်"

"ဟုတ်တယ် သက်စု လိုက်ခဲ့ပါ၊ ကျွန်တော့်ကို အားနာ





စရာမလိုပါဘူး၊ သက်စုက ကျွန်တော့်ညီမလေးပဲဥစ္စာ၊ သူပါတော့ အပျင်းပြေတာပေါ့"

ရဲနောင် တစ်ခုခုပြောလိုက်ရန် ပါးစပ်ပြင်နေစဉ် ညီညီက ဝင်ပြောလိုက်သဖြင့် သူ အားရဝမ်းသာ ထောက်ခံလိုက်သည်။

"ခေါ်သွား ခေါ်သွား သူမပါရင်လည်း မင်းတို့သွားရမှာ မဟုတ်ဘူး၊ ပြဿနာဖြစ်ရင် ကိုယ့်ဘာသာ ကြည့်ရှင်းခဲ့ကြ"

"ဟွန်း အန်တီကြီးက မိသက်ဆို နည်းနည်းမှ အကောင်း မပြောဘူး"

စကားက အချီအချ စလာပြန်သည့်အတွက် ရဲနောင် မျက်ခုံးလှုပ်လာ၏။ ထို့ကြောင့် နာရီကို တစ်ချက်ငုံ့ကြည့်ရင်း ခပ်တည်တည်နှင့် ပြောလိုက်သည်။

"ကဲ ကဲ အားလုံးအဝတ်လဲကြတော့၊ နေမပူခင် ခပ်စော စောသွားကြမယ်"

"ဟေး...လာ မမညီ၊ မိသက်တို့ အဝတ်တွေလဲရ အောင်"

သက်စု ခုန်ပေါက်ပြီး ညီညီ့လက်ကို ဆွဲခေါ်ပြီး ပြေးထွက်သွားတာကို သူငေးကြည့်နေမိသည်။ သက်စုပုံစံက အပြစ် ကင်းစင်သည့် ကလေးငယ်လေးနှင့် ဘာမှမခြား။ နုနုဖတ်ဖတ်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးမှာ ဘာအခြယ်အသမှမရှိ။ ပကာတိဝင်းနေသည်။ မျက်လုံးညိုကြီးတွေကလည်း ဝိုင်းဝိုင်းစက်စက်နှင့် မည်းသည့် အရောင်မှ စွန်းထင်းမနေ။ ရိုးရိုးရှင်းရှင်းပုံစံလေးဖြင့် သူ့နှလုံးသားကို လှုပ်ရမ်းကစားနေပြီဟု ရဲနောင်သိလိုက်တော့ ကိုယ့်အဖြစ်ကိုယ် ရင်မောသွားသည်။

◆ ◆ ◆



## အခန်း (၄)

ဘုရားရောက်တော့လည်း ငြိမ်ငြိမ်မနေ။ ဓာတ်လှေကားနှင့် တက်သည်ထဲမှာ ခပ်ဝဝလူကြီးတစ်ယောက် ပါလာသဖြင့် နေရာက တော်တော်ကျဉ်းသွားသည်နှင့် သက်စုထံမှ မကောင်းသည့် အကြံဉာဏ်များ ထွက်လာသည်။

ကားစီးထဲက သက်စု ပါးစပ်တလှုပ်လှုပ်နှင့် ပီကောဝါးနေသည်။ ဟော နေရာကျဉ်းကျဉ်းလေးထဲ ခပ်ဝဝလူကြီး သက်စုရှေ့ရောက်လာတော့ အတော်ဖြစ်သည်။ ပီကောဖတ်ကို လက်ထဲအသာ ထွေးထုတ်ပြီး ဟိုဒီတစ်ချက်ကြည့်သည်။ ဘယ်သူမှ သက်စုကို သတိမထားမိကြသည်နှင့် လက်ထဲမှ ပီကောဖတ်ကို ဖျတ်ခနဲထုတ်ပြီး မျက်စေ့မှိတ်ပြီး ပါးစပ်က တတွတ်တွတ်ရွတ်နေသည်။ လူဝကြီး၏ နောက်ကျောမှာ စာရွက်တစ်ခုနှင့် ဖျတ်ခနဲ ကပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မရိပ်မိ။ ဓာတ်လှေကားကလည်း ကွက်တိရပ်၏။ လူ
တန်းစီအထွက်မှ ခြေချော်သလိုလိုပုံစံနှင့် ထိုလူကြီး၏ကျော
လက်ဖဝါးအသာတွန်းဖိရင်း ရယ်ချင်စိတ်က ကျလိကျလိဖြစ်
၏။ လူကြီးက ဘာမှမသိ။ တစ်ချက်လှည့်ကြည့်ပြီး ထွက်သွား
သည်။ ထိုလူကြီး၏ကျောမှာ ကပ်လျက်သားပါသွားသည့် စာရွက်
က ကတုံးမဆီးယိုကြော်ငြာစာရွက်။

အဟီး…ခစ်…ခစ်။

နောက်ဆုံး မနေနိုင်၊ အသံထွက်ရယ်ပစ်လိုက်သည်။

"ဘာရယ်တာလဲ ဘာရယ်တာလဲ၊ မင်းသိပ်မိုက်ရိုင်း
မိန်းကလေးပဲ"

"ဟာ"

ရယ်လို့မှမဆုံးသေး။

ဒေါသထွက်နေသည့် ကောင်လေးတစ်ယောက်က သက်
ရှေ့တည့်တည့်မှာ ပိတ်ရပ်ရင်းက အံကြိတ်ပြောလိုက်သဖြင့် ရင်
မှာ ဟာခနဲဖြစ်သွားပြီး သူ့မရှေ့တည့်တည့်မှ သက်စုနှင့် ရွယ်တူ
ကောင်လေးကို မိုက်ကိုက်နှင့် ကြည့်လိုက်သည်။

မမည့်နှင့် ဦးရဲနောင်ကတော့ ဘာမှနားမလည်နိုင်ကြ
သက်စုကိုတစ်လှည့်၊ ဒေါသထွက်နေသည့် ကောင်လေးကိုတစ်လှည့်





ကြည့်နေကြသည်။

"ဘာလဲ ဘာလာကြောင်တာလဲ၊ လူကိုများ မိုက်ရိုင်း
လေးဘာလေးနဲ့၊ အသားလွှတ် ဘာရိုင်းတာလဲ၊ ပါးမကျိုးချင်ရင်
ခုထွက်သွား၊ ဘုရားပေါ်မှာမို့ ဒါလောက်ပဲပြောမယ်"

သက်စုစကားကြောင့် ကောင်လေး၏ဖြူနုသော မျက်နှာ
လေးက ချက်ချင်း နီရဲခက်ထန်သွားသည်။ ဒေါသမျက်လုံးများနှင့်
က်စုကို စူးစူးရဲရဲ စိုက်ကြည့်ရင်း…

"မင်း…မင်းကများ ပြောရတယ်ရှိသေး၊ ပြောစမ်း ခုနက
င်း ငါ့အဘိုးရဲ့နောက်ကျောကို ဘာတွေကပ်လိုက်သလဲဆိုတာ"

ဟိုက်။

အခုမှ တကယ့်ပြဿနာ။

သက်စုလုပ်တာကို ဘယ်သူမှမမြင်ဘူးထင်နေတာ
ကိုယ်တော်မြတ်က ဘယ်လိုမြင်တော်မူလိုက်သည်မသိ။ တကယ်
ရားစူး။ ထိုကောင်လေးကို သက်စု ဘယ်လိုမှ သတိမထားလိုက်
မိ ဖြစ်ချင်တော့ ဟိုလူကြီးက ဒီကောင်လေးရဲ့အဘိုး ဖြစ်နေသည်။

"ဖြေလေ ဘာလဲ အခုမှကြောက်နေပြီလား"

သက်စု ဘာမှပြန်မပြောနိုင်ဘဲ မျက်လုံးအပြူးသားနှင့်
ကြည့်နေသဖြင့် ကောင်လေးက ခပ်လှောင်လှောင်မေးလိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် မမညိုနှင့် ဦးရဲ နောင်ဘက်သို့ မသိမသာ လှမ်းကြည့်လိုက်သည်။ မမညိုက မျက်လုံးလေးအပြူးသားနှင့် တအံ့တသြဖြစ်နေရှာသည်။

ဟုတ်တယ်လေ သက်စု ဘယ်အချိန်က ပြဿနာရှာလိုက်မှန်း မမညိုမှ မသိလိုက်တာ။

"ဒီမှာ ငါ့ညီ သူက ကိုယ့်ညီမလေးပါ၊ သူက ကလေး စိတ်ဆိုတော့ ငါ့ညီအတိုးကို ဘာသွားပြီးလုပ်လိုက်မှန်း အစ်ကိုမသိ ပါဘူး၊ ဖြစ်ပျက်သမျှကို ခွင့်လွှတ်ပါလို့ပဲ ကိုယ်ကပဲ တောင်းပန် ပါတယ်"

ရဲနောင်က အပျော့ပြောင်းဆုံး တောင်းပန်စကား ပြောလိုက်တော့ ကောင်လေးမျက်နှာက နည်းနည်းပြေသွားသည်။

"ကျွန်တော်တို့လည်း ဘုရားလာဖူးတာပါ၊ အဲဒါ သူက ဘိုးဘိုးကျောကို ဆီးယိုကြော်ကြွ ကပ်လွှတ်လိုက်တာ ကောင်း သလားဗျာ၊ နောက်စရာရှားလို့ လူကြီးကို မလေးမစားလုပ်ရို ကျွန်တော်က စိတ်တိုမိတာပါ"

"ဟုတ်တာပေါ့ ဟုတ်တာပေါ့၊ အစ်ကို့ညီမအတွက် ငါ့ညီ ကို ထပ်တောင်းပန်ပါတယ်ကွာ၊ အစ်ကို့နာမည် ရဲနောင်ပါ"

ပြဿနာကို သေသေချာချာ သိလိုက်ရတော့မှ တကယ်





ထန့်သွားရသည်။ ချာတိတ်ကိုလည်း ထပ်တောင်းပန်ရင်း သက်စုကို ကြည့်လိုက်တော့ ဘာမှမလုပ်ထားသည့် ပုံစံလေးနှင့် သူ့ကိုပြန် ကြည့်နေ၏။

"ရပါတယ်အစ်ကို၊ နောက်ကိုသာ လူကြီးသူမတွေ မစ နောက်ရဘူးဆိုတာ အစ်ကို့ညီမကို ဆုံးမထားပါ၊ ကျွန်တော့်နာမည် ခွဲမောင်မောင်လို့ ခေါ်ပါတယ်၊ ကျွန်တော့်အတိုး စောင့်နေမှာစိုးလို့ ခွင့်ပြုပါဦး"

ခွဲမောင်မောင်ဆိုသည့် ကောင်လေးက ယဉ်ယဉ်ကျေးကျေး ပြောပြီး သူ့အဘိုးနောက်သို့ ပြေးလိုက်သွားသည်။ အခုမှ ရဲနောင် ရင်ထဲမှ အလုံးကြီးကျသွားသည်။ တစ်သက်နှင့်တစ်ကိုယ် ဘယ်သူ့ ကိုမှ အခုလို အောက်ကျို့ပြီး သူမတောင်းပန်ခဲ့ဘူးပါ။ အခုကျမှ အမဟုတ်သည့် ချာတိတ်မနှင့်ကြမှ သူ့မှာရှိသမျှသိက္ခာ အေးချပြီး သူ့ထက်ငယ်ရွယ်သူတို့လည်း တောင်းပန်လိုက်ရသည့်အဖြစ်။ အူး…မလွယ်ပါလားနော်။

"စိတ်ညစ်သွားပြီလား ကိုရဲနောင်၊ သက်စုအစား ညိုညို ကပဲ တောင်းပန်ပါတယ်"

"ရပါတယ်ဗျာ"

ညိုညိုက ခပ်တိုးတိုး တောင်းပန်လာသဖြင့် သူ အလိုက်



www.burmeseclassic.com

www.burmeseclassic.com



သင့်ပြောလိုက်ရသော်လည်း သက်စုကဖြင့် ဒီကိစ္စ သူမနှင့် မသက်ဆိုင်သည့်အလား ဘုရား ကျကျနနဖူးနေသဖြင့် သူ ပခုံးနှစ်ဘက်ကို မသိမသာ တွန့်လိုက်မိတော့သည်။

ဘုရားဖူးပြီး ပြန်လာတော့ ဘယ်အချိန်က ဝယ်လာမှန်းမသိသည့် စီးကွက်နှစ်ကောင်က သက်စုလက်ထဲမှာ တွဲလျက်ပါလာသည်။ အန်တီကြီး ပြောလည်းပြောစရာပဲဟု ရဲနောင်တွေးရင်း သက်ပြင်းရှိုက်မိသည်။ ကလေးသာသာစိတ်နှင့် သူမကိုမှ သူနှလုံးသားကလည်း ကြိကြိဖန်ဖန် ရင်ခုန်နေမိသည့်အဖြစ်။ ဖြစ်ချင်းဖြစ် တည်တည်ငြိမ်ငြိမ်နှင့် မိန်းကလေးပီသသည့် ညိုညိုလို မိန်းကလေးမျိုးကို ရွေးချယ်သင့်သည်။ အခုတော့ လူက ဟိုမရောက် သည်မရောက်ကလေးသာသာ။ ချက်ပြုတ်တတ်ဖို့ဝေးစွ ဘာလုပ်လုပ် အရာရာနှင့် အကြောင်းကြောင်းနှင့် သက်စုဆိုသည့် မိန်းကလေးနှင့်ကြမှ သူလက်မြှောက်အရှုံးပေးရတော့မည်။

ရဲနောင် စိတ်ကူးနှင့် သတ်မှတ်ထားသည့် မိန်းကလေးထဲမှာ ဆံပင်ရှည်ရှည် ဣန္ဒြေရရနှင့် မိန်းကလေးပီသသည့် သူကိုသာ ရွေးချယ်လက်ထပ်မည်ဟု ဆုံးဖြတ်ခဲ့ဘူးသမျှ အခုတော့ ရယ်စရာဖြစ်နေပြီ။

သူ့စိတ်ကူးထဲက မိန်းကလေး၏ပုံစံနှင့် ထပ်တူ ညိုညို





ကို သူတွေ့ခဲ့ရ၏။ ဘာမှမခံစားရ။ ရင်မခုန်။ သာမန်ထက် ပို၍မထူးခြား။ သက်စုလို မိန်းကလေးနှင့်ကျမှ သူရင်ခုန်ရသလို တစ်ခါမှ မခံစားခဲ့ဘူးသည့် ခံစားချက်များကို ခံစားရသည်။ သူမအတွက် သူ့မှာ စိတ်လှုပ်ရှားစွာ စိုးရိမ်နေမိသည်။ အဲဒါ ဘာကိုလဲ။ သူကိုယ်သူ သိနေသလို သက်စုသိအောင် ပြောရန်အတွက်တော့ ဘယ်လိုနည်းနှင့် ဖြစ်နိုင်မည်မထင်။

"ညိုညိုတို့ကို ကိုယ် နဂါးမှာ နံနက်စာကျွေးပါရစေ"

"အို…မဟုတ်တာ ကိုရဲနောင်ရယ်၊ အိမ်မှာ ချက်ပြုတ်ထားတာတွေ ရှိနေတဲ့ဥစ္စာ၊ အလကားဖြစ်ကုန်မှာပေါ့"

စီးတဲ့ရေ ဆည်တဲ့ကန်သင်း ပီသစွာ ညိုညိုပြောသည်ဟု သူတွေး၏။ သို့သော် ညိုညိုနှင့် ဆန့်ကျင်ဘက် မကျေမနပ်အသံသံကို ကြားလိုက်ရသည်နှင့် သူ့မှတ်ခမ်းတွေ ညွတ်ပြုံးသွား၏။

"အလကားမဖြစ်ပါဘူး မညိုရဲ့၊ ညနေကြတော့ စားမှာပေါ့၊ အခု မနက်စာကို နဂါးမှာပဲစားမယ်၊ ဦးရဲနောင် နဂါးကို ချောင်းတို့၊ မိသက် ဗိုက်ဆာနေပြီ"

"အို…အဲဒီသက်စုဟာလေ"

ညိုညိုက ရဲနောင်ကို အားနာစွာ လှမ်းကြည့်ရင်း သက်စုကို ပြောလိုက်သည်။ သက်စုမျက်နှာက သူမဟုတ်သလို ခပ်တည်



www.burmeseclassic.com

www.burmeseclassic.com



တည်။ ရဲနောင် ဘာမှထပ်မပြောတော့ဘဲ ကားကို နဂါးစားသောက်ဆိုင်ဆီ ဦးတည်လိုက်သည်။ ဝါးရုံပင်ရိပ်လေးတွေ စိမ်းမြမြ နဂါးစားတော်ဆက်က အေးငြိမ်းချမ်းနေ၏။

"မညီညီတို့ ဘာစားမလဲ ကြိုက်တာမှာလေ" -

ဝိတ်တာကောင်လေးက အနားသို့ရောက်လာသဖြင့် ရဲနောင်က ညီညီ့ဘက် လှည့်မေးလိုက်သည်။ ညီညီ့ပုံစံက ခုနစက်စက်နှင့် စိတ်ရှုပ်နေပုံရပြီး အသံခပ်တိုးတိုးဖြင့်

"ရပါတယ်"ဟု ပြောပြီး ငြိမ်သွားသည်။ ထိုထက်လည်း ပို၍မပြောတော့မှာကို သက်စုက သိပြီးသားမို့ မီနူးကတ်ကို ငုံ့ဖတ်နေရာမှ ရဲနောင်ကိုမကြည့်ဘဲ လှမ်းပြောလိုက်သည်။

"မညီက ရပေမယ့် မိသက်ကတော့ မရဘူးသိလား။ ဟောဒီမှာ မိသက်ကြိုက်တာတွေ မှာလိုက်ပြီ၊ မိသက်ကို ဘာစားမလဲ မမေးလည်းရတယ်၊ မညီမျက်နှာနဲ့ အပြတ်ဝါးရမှာပဲ"

သက်စုကတော့ အပျိုကြီးမညီတို့လို ဣန္ဒြေကြီးနှင့် ဟန်ဆောင်မနေနိုင်။ ရိုက်စစ်မည့်သူမရှိဘဲ အကုန်ပြောနေသည်။ ညီညီက အနေခက်သလိုဖြစ်သွားသော်လည်း ရဲနောင်က သိပ်မျက်နှာမပူမိတော့ဘဲ ကလေးတစ်ယောက်လို လွတ်လပ်ပွင့်လင်းသည့် သက်စုကိုသာ နှစ်မြို့က်သဘောကျစွာ ပြုံးကြည့်





နေလိုက်မိသည်။

"စားပါဗျာ၊ သက်စု စိတ်ကြိုက်မှာစားပါ၊ သက်စုတို့ကို ကျွေးချင်လို့ပဲ ဒီကိုတမင်ခေါ်လာတာပါ"

"အမယ် အခုမှ မျက်နှာလုပ်မနေပါနဲ့၊ ခင်ဗျားအကြံတွေ သက်စု အကုန်သိပြီးသား သိလား"

"ဟာဗျာ"

သက်စုစကားကြောင့် ရဲနောင် သွားဖုံးသွားရိုက်ရင်း ရယ်မောလိုက်မိတော့သည်။ ကိုယ်က ရိုးရိုးသားသား ပြောတာကို မရှေ့ချောဘ ရှောဘက်တော်စူးပြီး အတွေးတစ်မျိုးပေါက်နေပုံရသည်။ ညီညီ့မျက်နှာကိုတစ်လှည့်၊ သူ့မျက်နှာကိုတစ်လှည့် ကြည့်ပြီး သက်စုမျက်နှာက တစ်စက်မှ အပိုးမကျိုး ပြုံးစိစိနှင့်။ ရဲနောင်က ဘာမှ ဆူးခြားပြီး မခံစားရသော်လည်း ဣန္ဒြေကြီးသည့် ညီညီကတော့ သက်စုကို မျက်မှောင်တကြုံ့ကြုံ့နှင့် ဟန့်တားနေတာကို မြင်နေရသည်။ ဒါကိုမြင်လျက်နှင့် သက်စုက နည်းနည်းလေးမှ ဂရုစိုက်သည့်ပုံမရ။

သူနှင့်မဆိုင်သလို ခပ်အေးအေး လာချသမျှ စားစရာတွေဆီ တစ်ခုပြီးတစ်ခု ယူစားနေသည် မဟုတ်ပါလား။ စိတ်ညစ်သည့်ကြားမှ ရဲနောင် ပျော်နေမိတာကို ကိုယ့်ဘာသာ သတိထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ ငွေရှင်းပြီး ပြန်လာခဲ့သည်အထိ သက်စု မည်သည့် ပြဿနာမှ ထပ်မရှာတော့သဖြင့် ကျေးဇူးတင်ရသေးသည်။

သို့သော် သူ့အထင်ပါစင်အောင် လွဲသွားကြောင်းကို အိမ်ကိုရောက်တာနှင့် ရဲနောင် သိလိုက်ရသည်။ ဘယ်အချိန်က ယူလာခဲ့မှန်းမသိသည့် စက္ကူပါကင်နှင့် ဝါးတူအသစ်စက်စက် ငါးစုံက သက်စုလက်ထဲမှာ တရမ်းရမ်းနှင့် ထမင်းစားခန်းအတွင်းသို့ ပြေးဝင်သွားတာကို မြင်လိုက်ရတော့ မတိုင်ပင်ပါဘဲ သူနှင့် ညီညီ့တို့ မျက်လုံးချင်းဆုံသွားကြသည်။ တော်ပါသေးရဲ့၊ ဟိုမှာ ဘာပြဿနာမှ မဖြစ်ခဲ့တာကံကောင်းဟု တွေးရင်း သူ ညီညီ့ကို သာ ပခုံးနှစ်ဖက်တွန့်ပြလိုက်မိတော့သတည်း။

• • •



## အခန်း (၅)

"ဝုန်း…ဝေါင်း…ဝေါင်း"

"ဟဲ့…အာနိုး…အာနိုး…ရှူး…ရှူး"

ခွေးဟောင်သံစူးစူးနှင့်အတူ ရောထွေးထွက်လာသည့် သက်စုအသံကိုပါ ကြားလိုက်ရသဖြင့် အခန်းထဲမှာ အကျီလဲနေရာမှ ရဲနောင် ကိုယ်ကိုကိုင်း၍ အသံလာရာ ခြံထဲသို့ ငုံ့ကြည့်လိုက်သည်။

ဟော တွေ့ပါပြီ။ ခြံထောင့်က ရေဘုံဘိုင်မှာ ဆောင့်ကြောင့်လေးထိုင်နေသည့် သက်စုနှင့် သူမကိုယ်တစ်ဝက်ခန့် ရှိမည့် အယ်လ်ဆေးရှင်းခွေးကြီးတို့ နှစ်ယောက်စလုံး ရေတွေစိုရွှဲနေကြသည်။

သက်စုလက်ထဲမှာက ရေပိုက်နှင့် ဆပ်ပြာတုံးနှင့် ဘယ်ပုံရှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု။ ရေစိုနေသည့် ခွေးက ငြိမ်ငြိမ်မနေ။ သက်စုကလည်း နှုတ်က ဖွစိပွစိနှင့် အဆက်မပြတ် ရေရွတ်မြည်တမ်းရင်း ခွေးကို ရေချိုးပေးနေ၏။ ထိုမြင်ကွင်းကို ရဲနောင် အသာငေးကြည့်နေမိသည်။ နေရာကလည်း သိပ်အဝေးကြီးမဟုတ်သဖြင့် သက်စု အသံလေးတွေကိုလည်း သူအတိုင်းသားကြားနေရသည်။

"နင့်လောက် စည်းကမ်းပျက် နင်ပဲရှိတယ်သိလား အနိုး၊ တစ်နေ့မှ ငြိမ်ငြိမ်မနေဘူး၊ ဟိုဘက်ခြံက မွန်ရိုးကို သွားသွားဝတ်နေတာ ငါမသိဘူးများ ထင်နေလား၊ ဟွန်း မပြောလိုက်ချင်ဘူး ဟိုနှုန်းနားကို ဖွတ်အတင်းတိုးဝင်လို့လည်း တစ်ကိုယ်လုံး ညစ်ပတ်နေတာပဲ၊ ငြိမ်ငြိမ်ကိုမနေဘူး"

သူမစကားကို ခွေးကြီးက နားလည်ရဲ့လားတော့မသိ တဝေါင်းဝေါင်းနှင့် ဆူညံစွာအော်နေသည်။ သက်စုစကားများကို နားထောင်ရင်း သူပြုံးလိုက်သည်။ သက်စုခွေးပဲလေ သခင်မနှင့် အတူ သူကလည်း တစ်နေကုန် ပြဿနာရှာတတ်တာပေါ့။ ရဲနောင် ဒီကိုရောက်တာ ဒီနေ့နှင့်ဆိုလျှင် ဆယ်ရက်တင်းတင်းပြည့်ပါပြီ။ လုပ်ရမည့်အလုပ်အားလုံးလည်း ပြီးပြတ်သလောက်ရှိသွားပြီဖြစ်သည်။

မိသားစုအားလုံးနှင့် တရင်းတနှီး ရှိသွားပြီမို့ သူ့အတွက် အနေအထိုင် မကျဉ်းကျပ်တော့ပါ။ ကိုယ့်အိမ်ကိုယ့်ယာလို





လွတ်လွတ်လပ်လပ် နေလို့ရသွားသည်။ ထိုရက်များအတွင်း သက်စု၏ ပြဿနာပေါင်း သောင်းခြောက်ထောင်ကို သူကြုံခဲ့ရပြီးပြီဆိုတော့ အခုတော့ သိပ်မဖြုံတော့ပါ။ တစ်နေ့ တစ်နေ့ မရိုးနိုင်သော ပြဿနာများနှင့် လုံးထွေးနေတတ်သည့် သက်စုကို ဘာလုပ်လုပ် ချက်ခုံးလှုပ်နေရသည်။ ဘယ်အချိန် ဘယ်နေရာက ဘာဖြစ်မလဲဟု စိုးရိမ်နေရ၏။ အိမ်သားအားလုံးလည်း တစ်နေ့မှ ငြိမ်ငြိမ်အေးအေး မနေကြရ။ သက်စုလုပ်သမျှ တောင်းပန်ရ၊ လျော်ကြေးပေးရနှင့် လုံးချာလည်နေ၏။ အိမ်မှာရှိသည့် ပစ္စည်းများ ကွဲတာရှတာ လောက်ကတော့ဖြင့် ရိုးနေပြီ။ သက်စုတစ်နေ့မှ အဆူမခံရသည့်နေ့ မရှိ။

အဲဒါတောင် သူ၏ အကောင်းစားနာရီကြီး သက်စု၏ လက်ချက်နှင့် ကွဲသွားတာမပါသေး။ လွန်ခဲ့သည့် နှစ်ရက်ခန့်က နေ့ခင်းဘက် ခေါင်းကိုက်၍ သူဘယ်မှမသွားနိုင်တော့ဘဲ ဆေးသောက်ပြီး အခန်းထဲမှာ အိပ်ပစ်လိုက်သည်။ နာရီကိုလည်း စားပွဲပေါ်တင်ထားခဲ့သည်။

ဝုန်း…ဝုန်း…ဒိုင်း…ဒိုင်း အသံတွေကြားလိုက်သော်လည်း သက်စုကြောင့်ဆိုတာ ဗေဒင်မေးနေစရာမလိုသဖြင့် သူ အအိပ်မပျက်။ အန်တီကြီး၏အော်သံကို သူကြားလိုက်ရပြီး ခဏ ဘိတ်သွားတော့ သူထကြည့်မနေတော့။



www.burmeseclassic.com

www.burmeseclassic.com



"မိသက်ရဲ့ ဘယ်မှာလဲ ထွက်ခဲ့စမ်း" ဆိုသည့် အန်တီကြီး၏ ဒေါသတကြီးအော်သံကြောင့် အိပ်ရာထဲမှ သူပြုံးလိုက်မိသေးသည်။ ထုံးစံအတိုင်း ပြဿနာရှာပြီးတော့ သက်စု ပုန်းနေပြီဟု သိလိုက်၏။ သို့သော် သူနှင့်လာပြီး ပတ်သက်လိမ့်မည်ဟု သူ မထင်ခဲ့။

"ဝုန်း"

"ရွတ်"

"ဟာ"

သူ့အခန်းထဲ အရှိန်နှင့် ခပ်ပြင်းပြင်းပြုတ်ကျလာသည့် အသံကြောင့် သူ ဆတ်ခနဲထလိုက်ပေမယ့် အချိန်မမီလိုက်တော့ပါ။ ဘယ်လိုကဘယ်လို သူ့အခန်းထဲကို အပေါ်ကနေ ခုန်ချလိုက်သည်မသိ သက်စု ခြေဖဝါးအောက်မှာ သူ၏ နှာရိုက စိစိညက်ကြေနေ၏။

"အဟဲ"

ခြေထောက်အောက်မှ စိစိညက်သွားသည့် နှာရိုး တစ်ချက်ငုံ့ကြည့်ပြီး သူ့ကို မျက်နှာချိုသွေးသလို သွားအဖြီးသား ရယ်ပြလိုက်သည့် သက်စုမျက်နှာက ချွေးတွေသံတွေ ဖုန်တွေ ညစ်ပတ်နေသည်။ ခပ်တိုတို ဆံပင်ဘုတ်သိုက်ကလည်း ချွေးအတူ ကပ်နေ၏။ သက်စုပုံစံက သနားရခက် ဒေါသထွက်ရခက်





နှင့် ဘာလုပ်ရမှန်း ရဲနောင် မသိနိုင်အောင်ဖြစ်သွားသည်။

"ဟိုဒင်း...မိသက် တမင်လုပ်တာမဟုတ်ဘူးနော်၊ သူ့ဘာသာသူ တိုက်ဆိုင်သွားတာသိလား၊ မိသက်ကို အန်တီကြီး လိုက်ရိုက်နေလို့ လျှောက်ပြေးရင်း ကြောက်ကြောက်နဲ့ ခုန်ချလိုက်တာ ဦးရဲနောင်နှာရိုက မိသက်ခြေထောက်အောက် သူ့အလိုလို ရောက်သွားတာပေါ့"

"ဪ...ဟုတ်တာပေါ့၊ နှာရိုက သူ့ဘာဝသူ စိတ်ပျက်ပြီး ခင်ဗျားခြေထောက်အောက်ထဲဝင်ပြီး အကျိုတ်ခံလိုက်တာနေမှာပေါ့"

"အဟီး...ဟုတ်တယ်၊ ဟုတ်တယ်"

ကဲ...ကောင်းရော။

ရဲနောင်က တမင်ရွဲ့ပြီး ပြောတာကိုပဲ သူမက အားပါးတရ ထောက်ခံနေသည်ဆိုတော့ ပြီးပြီပေါ့။ အခုလို အဆော့လွန်ပြီး ဂျစ်ကန်ကန်နှင့် ပြဿနာရှာတတ်တာကလွဲလျှင် သက်စုက အားလုံးကောင်းပါသည်။ မျောက်လွဲကျော်တစ်ကောင်လို ခုန်သည်။ ခုန်ပေါက်မနေဘဲ ငြိမ်ကလေးပိပိသသနေလျှင် ဘယ်လောက်များ ကောင်းလိုက်မလဲဟု သူတွေးရင်း ရဲနောင် သူမကို ကြည့်လိုက်သည်။

မျက်လုံးတောက်တောက်ကြီးတွေ အဝိုင်းသားနှင့် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်မော့ကြည့်နေသည့် သက်စုပုံစံလေးက တကာယ့်ကို ချစ်စ
အသည်းယားစရာပါ။ ရဲနောင် အသည်းငလျင်လှုပ်နေတာ
ဘရိတ်အုပ်ပြီး သက်ပြင်းချလိုက်၏။ သည်ကလေးမကို ဘယ်
ပြုပြင်ယူရပါ့မလဲဟု သူစဉ်းစားနေမိသည်။

"သက်စု"

"ရှင်"

သူခေါ်တော့ မျက်လုံးဝိုင်းကြီးတွေနှင့် မော့ကြည့်
သည်။

သက်စုအကြည့်မှာ ရဲနောင် ငေးခနဲဖြစ်သွားသည်။

"တစ်ခါတလေ အေးအေးဆေးဆေး နေပါလား
သက်စုဖျင်းရင် သင်တန်းတစ်ခုခု တက်ပါလား၊ ကိုယ်လိုက်ပို့
မယ်၊ သက်စု ဘာဝါသနာပါလဲဟင်၊ ဥပမာ အလှပြင်သင်တာ
ကွန်ပျူတာ ဘာညာပေါ့"

အညင်သာဆုံးနှင့် သူ စည်းရုံးကြည့်သည်။ သက်
မျက်တောင်တခတ်ခတ်နှင့် စဉ်းစားသလိုလုပ်နေပြီးမှ…

"ဟင့်အင်း…အဲဒါတွေ တစ်ခုမှ ဝါသနာမပါဘူး

"ဟုတ်ပြီ၊ အဲဒါတွေဝါသနာမပါရင် တခြား သင်
ဝါသနာပါတာတွေတော့ ရှိမှာပေါ့"

နာရီကိုစွကို သေးချိတ်ပြီး သူ နူးနူးညံ့ညံ့ပြောလိုက်သည်





သက်စု ဘာပြန်ဖြေမလဲဟု သူ ရင်ထိတ်စွာ သက်စုမျက်နှာလေး
ကို အားတက်သရော ကြည့်နေမိသည်။ နှုတ်ခမ်းရဲလေးတွေ
တလှုပ်လှုပ် တရွရွဖြစ်လာသည်။

"အဲ ဟုတ်ပြီ၊ သက်စု ဝါသနာပါတာ ဟိုဒင်း ခရီး
ထွက်တာပေါ့၊ အဲဒါ ဦးရဲနောင် လိုက်ပို့ပေး"

"ဟာ"

အဲ…။

ရဲနောင် ဝါးစပ်အပေါင်းသားဖြစ်သွားသည်။ ဘာဆက်
ပြောရမှန်းလည်း မသိ။ သင်တန်းတစ်ခုခုတက်ဆိုတော့ ဝါသနာ
မပါဘူးတဲ့။ သူမ ဝါသနာအပါဆုံးဆိုပြန်တော့ ဘယ်လိုမှ မဖြစ်နိုင်
သည့်ကိစ္စ။ ပြီးတော့ သူကပဲ လိုက်ပို့ပေးရဦးမယ်ဆိုပါလား။
ကိုယ့်စကားကို ဘယ်ရောက်ရောက်မှန်းမသိ၊ ပြောချင်ရာ စွတ်ပြော
နေသည့် မချောကို တုတ်နှင့် နာနာလေး ရိုက်ပစ်ချင်သည်။

ကိုယ်နဲ့သူမက ဘာမှသွေးသားတော်စပ်ကြတာ မဟုတ်
ဘူးဆိုတာ ထိုကလေးမ မေ့နေသည်ထင်၏။ သူမ၏ဝါသနာကို
ဖြည့်ဆည်းပေးရန်အတွက် ရဲနောင်က သူမကို ခပ်မြန်မြန်လေး
လက်ထပ်ပြီး မြန်မာပြည်အနှံ့ ဟန်နီးမွန်းခရီးဖြင့် လိုက်ပို့ရန်သာ
ရှိသည်။ ကိုယ်က သက်စုကို ချစ်မိမြတ်နိုးမိနေသူမို့ သူမအပြော
ကို ချင်တသိမ့်သိမ့်ဖြင့် ကြည့်နူးနေမိသော်လည်း တခြားအကောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ကိုသာ သူမ အခုလို အပြောမတတ် သွားပြောလိုက်…
ဖြင့် ဟင်း သူ သဝန်တိုစိတ်ဖြင့် သက်စုကို စူးစိုက်ကြည့်လို…
သည်။

"သက်စု"

သူ ခပ်တိုးတိုးခေါ်လိုက်သည်။ သူမ မထူး။ သူ…
မော့ကြည့်၏။

"နောက်တစ်ခါ စကားပြောရင် ဆင်ခြင်ပြောသိလား…
သက်စုက ကလေးမဟုတ်တော့ဘူး၊ အခုဟာ ကိုယ်နဲ့မို့လို့ တ…
သူတစ်ယောက်နဲ့ဆိုရင် သက်စု အပြောမတတ်ပုံနဲ့ မလွယ်ဘူး"

သက်စုက မျက်ခုံးကြုံ၍ သူ့ကို နားမလည်သလို ကြည့်…
သည်။

"ဘာမလွယ်စရာရှိလဲ၊ မိသက် ပြောတတ်သလိုပြော…
ဥစ္စာ၊ မကျေနပ်ရင် သေလိုက်ပေါ့၊ ဟွန်း မေးလို့လည်း ဖြေရ…
တယ်၊ လူကို အပြစ်မရှိ အပြစ်ရှာနေတာသိသားပဲ၊ သူ့နာရီ မိသ…
ကြောင့် ကွဲကတည်းက တစ်ခုခုပြဿနာလုပ်မယ်ဆိုတာ"

ကောင်းရောကွာ။ ပြောပြောဆိုဆို နှုတ်ခမ်းထော်…
မျက်နှာစူပုတ်ပုတ်ဖြင့် သူမထင်ရာတွေပြောပြီး ရဲနောင်အခန်းထဲ…
ဝုန်းဒိုင်းနှင့် ထွက်သွားသည့်အတွက် ရင်မောစွာကျန်ရစ်ခဲ့သည်…
ကိုယ်ပြောချင်သည့် အဓိပ္ပာယ်က တခြား၊ သူမ နားလည်သည်…



…လွဲ။ နည်းနည်းမှ အဆင်မပြေပါလားနော်။

ထိုအချိန်ထဲက မိသက်က ရဲနောင်ကို မြင်သည်နှင့်
…ာ်စောင်းနာနာထိုး၍ မကျေမနပ်ဖြစ်နေတတ်သည်။ ခါတိုင်းလို
…းလည်း သိပ်မကပ်တော့။ နားပူသက်သာတယ်ဟု ကိုယ့်ဘာ
…ာ ပြောနေမိပေမယ့် သူမ ကိုယ့်နားမလာပြန်တော့လည်း ရင်ထဲ
…နေသလိုလို။ ဟော အခုတော့ သူမကို အဝေးကလှမ်းကြည့်
…း သူ့ရင်ထဲ ကျေနပ်သလိုလို ပြုံးစိစိ။

ဟား…မလွယ်ပါလား ကိုယ့်သက်စုရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ညသည် လေလေးတအေးအေးဖြင့် ကြည်နူးစရာ ကောင်းနေသည်။ အိပ်မပျော်သဖြင့် ညီညီက ခြံထဲခင်းထိုင်နေရာ သက်စုကလည်း ယောင်ချာချာနှင့် မညီနောက် လိုက်လာခဲ့ခြင်းဖြစ်သည်။ သည်နေ့နှင့်ဆို ဦးရဲနောင် သူ့မြို့သူ ပြန်သွားသည်မှာ နှစ်ရက်ရှိပြီဆိုတော့ ဖျင်းသလိုလိုဘာလိုလို။ မညီက ခုံတန်းလေးမှာထိုင်ပြီး ကောင်းကင်ကြီးကို ငေးနေသည်။ သက်စုကတော့ အခန်းကို ရင်မှာ ထွေ့ပိုက်ပြီး သူ့ဦးခေါင်းကို အသာမှတ်သပ်ပေးနေမိသည်။မညီနှင့် ခြံထဲမှာ ထိုင်နေသည်မှာ အတော်ကြာသွားပြီ။ အခုချိန်ထိ ဘာစကားမှ မပြောတော့ သက်စု မနေတတ် မထိုင်တတ် ဖျင်းရိညည်းငွေ့လာသည်။ အမျိုးကြီးတော့ ဦးရဲနောင်ပြန်သွားလို့ လွမ်းနေပြီလားမသိဘူးဟု ညာညာတာတာ တွေးနေစဉ် မညီက စကားစလာ





ဖြင့် အသာငြိမ်၍ နားထောင်လိုက်သည်။

"ကြည့်စမ်းပါဦး သက်စုရယ်၊ လမင်းကြီးသာနေလိုက်တာ ဘယ်လောက် ကြည်နူးစရာကောင်းလိုက်သလဲနော်"

မညီအသံက တကယ့်ကို လှိုက်လှိုက်လှဲလှဲရှိသလောက် မင်းကြီးကို တမ်းတမ်းမက်မက် ငေးကြည့်နေ၏။ သက်စုက ခန်းကို အသာလွှတ်ပေးလိုက်ပြီး မညီကြည့်သလို လမင်းကြီး ဆို လိုက်ပြီး ငေးကြည့်လိုက်သည်။ အနက်ရောင် ခပ်မှောင်မှောင် ကောင်းကင်ပြင်မှာ ဝင်းစက်စက်နှင့် လှပနေသည့် လမင်းကြီးကို မြင်ရသည်။ လှတာတော့ အမှန်ပင်။

ခဏတော့ ငြိမ်ပြီး ကြည့်နေလိုက်သည်။ သို့သော် လမင်းကြီးက ဘာမှမလှုပ်ရှား။ ပကတိဝင်းဝါစွာ သာခြဲသာနေသည့်အခါ သက်စု အိပ်ချင်လာ၏။ မညီကို ကြည့်လိုက်တော့ လမင်းကြီးကို ကြည့်နေသဲ။ ဘာတွေတွေးနေမှန်းလည်းမသိ။ မညီမျက်လုံးတွေ အရောင်တဖျပ်ဖျပ် လက်နေတာကိုပဲ မြင်ရသည်။

"မညီ"

သက်စု စိတ်မရှည်စွာ ခေါ်လိုက်သည်။

တော်တော်နှင့်မထူး။ ပြီးမှ ဟင်ဟု ခပ်တိုးတိုးအသံပြု၏။

"လမင်းကြီးကိုကြည့်ပြီး ဘာတွေတွေးနေတာလဲဟင်၊



www.burmeseclassic.com

www.burmeseclassic.com



ဦးနောင်ကို သတိရနေတာလား''

''ဟောကြည့် သက်စုကတော့ ပေါက်ကရတွေ ပြောတော့မယ်၊ ကိုရဲနောင်နဲ့ မမက ဘာဆိုင်လို့ သူ့ကိုသတိရနေရမှာလဲ သက်စုရဲ့''

ကြည့်…အပျိုကြီးမမက ညာနေပြန်ပြီ။

ဦးနောင်နဲ့ မမညိုကို လူကြီးချင်းသဘောတူနေကြတာ အန်တီကြီးဆီက သက်စု သိထားတာကို မသိဘူးထင်နေသည်။ ဒါမှမဟုတ် သက်စုကိုရှက်လို့ ညာနေတာလားပဲ။ သက်စုမျက်နှာက ချက်ချင်း အပိုးမကျိုးဘဲ ဖြစ်သွား၏။

''အခုမဆိုင်လည်း နောက်ဆိုင်ချင်ဆိုင်လာမှာပေါ့၊ ဦးနောင်နဲ့ မမကို မိဘက် သဘောတူတယ်၊ သူက သဘောကောင်းတယ်သိလား''

''မသိပါဘူး''

ညိုညိုက တမင်ပြောလိုက်တာကို သက်စုက သဘောမပေါက်ဘဲ မဟုတ်ထင်၏။

''ဘယ်သိပါ့မလဲ၊ မမညိုက ဦးနောင်နဲ့တွေ့တိုင်း အမြဲတမ်း ရှက်နေတဲ့ဥစ္စာ၊ စကားလေးဘာလေး ပြောတာမဟုတ်ဘူး၊ ခပ်တည်တည်ကြီး လုပ်နေလိုက်တာ မိဘက်တောင်





လန့်တယ်''

ဟုတ်တာရော မဟုတ်တာရော ပြောချလိုက်သည်။ မညိုကို ဘယ်တုန်းကမှ မလန့်ခဲ့တာကို ကိုယ့်ဘာသာအသိ။ အပျိုကြီးမျက်နှာက တွေတွေဝေဝေ ဖြစ်သွားသည်။ အင်း အခုမှပဲ အပျင်းပြေတော့တယ်။

''တမင် ခပ်တည်တည်နေတာမှ မဟုတ်ဘဲ သက်စုရယ်၊ မမညိုက ဒီအတိုင်းပဲနေတတ်လို့ပါ၊ နောက်ပြီး သူနဲ့မမမှာ ပြောစရာ စကားမှ မရှိတဲ့ဥစ္စာ''

''ကိုယ်က အိမ်ရှင်ပဲ၊ ရှိရှိ မရှိရှိ ပြောပေါ့၊ မမညိုက အခုလိုကြီးနေနေတော့ ဦးနောင်က မမကို မာနကြီးတယ်တဲ့''

''ဟင်…ဘယ်တုန်းက ပြောတာလဲ''

အစတုန်းကတော့ ညိုညိုက ခပ်ပေါ့ပေါ့ပြောနေခြင်းဖြစ်သော်လည်း ကိုရဲနောင်က ညိုညို့ကို မာနကြီးတယ်ဟု အပြောခံရတော့ နည်းနည်းလန့်သွားသည်။ သက်စုကိုတော့ ကလေးလိုနေသူမို့ ဖွင့်ပြောသွားတာလားမသိ။ ကိုယ့်ဘက်က ရိုင်းရာရောက်သွားမှာကိုတော့ ညိုညို မလိုလားပါ။ တမင်သက်သက် စကားနည်းတာမဟုတ်ဘဲ အစတည်းက ညိုညိုက ဒီလိုပဲနေတတ်တာ သူသိနိုင်မည်မထင်။ ညှို့သည်ဆိုတော့ သူ့အထင်နှင့် ပြောသွားတာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ပါသည်။

သက်ရကတော့ မမညို မျက်လုံးလေးပြူးနေတာကို သဘောကျမဆုံး။ ဦးနောင်က မမညိုအကြောင်း ဘာမှပြောတာ လည်းမဟုတ်။ ကိုယ့်ဘာသာ လျှောက်ထွင်ပြီး ပြောနေတာကို မမညိုက အဟုတ်ထင်နေပုံရသည်။ ဒီတော့လည်း ခပ်တည်တည် နှင့် ဆက်လိမ်ရုံသာ။

"မပြန်ခင် တစ်ရက်အလိုကပေါ့"

"ဪ"

မမညို တွေတွေလေးဖြစ်သွားသည်။

အမှန်တော့ ဦးနောင်နှင့်မိသက် မတွေ့လိုက်ပါ။ သူငယ် ချင်းတွေဆီ အလည်လွန်နေသဖြင့် ပြန်သွားတာတောင် မသိလိုက်။ ဦးနောင်ကို မမြင်၍ အန်တီကြီးကို မေးကြည့်မှ သိရတာ။ နောက်ထပ် လာဦးမှာလားလို့တောင် မမေးလိုက်ရဘူး။ ဦးနောင် လာဦးမည်ဆိုလျှင် လက်ဆောင်ဝယ်ခဲ့ဖို့ မှာမလို့ဥစ္စာ။ အခုတော့ တွေ့ပင်မတွေ့လိုက်ရသည့်အဖြစ်။

"မမကို ရိုင်းတယ်လို့များ ထင်သွားသလား မသိဘူး နော်"

"ဟင့်အင်း...မထင်ပါဘူး၊ မမ ဒီလောက်လိမ္မာနေတဲ့





ဥစ္စာ"

ဟုတ်တယ်လေ။

မမညိုလို ယဉ်ယဉ်ကျေးကျေး မိန်းမပီသည့်လူကို ဘယ်သူက ရိုင်းသည်ဟု ထင်ပါ့မလဲ။ ထင်ခြင်းထင် မိသက်ကိုပဲ ရိုင်းသည်ဟု သတ်မှတ်ကြပေလိမ့်မည်။ ဟိုတစ်နေ့က အဖြစ်အပျက် ဆိုပဲ ကြည့်၊ ဦးနောင် နာရီအကောင်းစားကြီး မိသက်ကြောင့် သုံးမရအောင် ပျက်စီးသွားတာကို အားနာရကောင်းမှန်းမသိ။ ဦးနောင်က ဆုံးမတာကိုပဲ တစ်ခွန်းမခံ ပြန်ခံပက်လိုက်သေးသည်။ ဒါတင်မကသေး ဦးနောင်အခန်းထဲက စိတ်ဆိုးမာန်ဆိုးနှင့် ဝုန်းဒိုင်း ကြဲပြီး ထွက်ခဲ့လိုက်တာများ ဟွန်း ခုနေခါကျမှ အသည်းယားရ ကောင်းမှန်း သိသည်။ အဲသည်ထဲကသာ ဦးနောင်က နာရီကိစ္စကို သာ မေမေ့ကို တိုင်ကြည့် နေရာမှာတင် ကြိမ်ရာအထပ်ထပ်နှင့် အိစိမ့်သွားနိုင်သည်ဆိုတာ အခုမှတွေးပြီး တကယ်လန့်သည်။ တော်ပါသေးရဲ့၊ ဦးနောင်က သဘောကောင်းလို့သာပဲဟု ကျေးဇူး အထပ်ထပ်တင်နေမိ၏။ ဒါကြောင့်မို့လည်း သဘောကောင်းသည့် ဦးနောင်နှင့် မမညိုကို အရမ်းသဘောတွေတူနေသည်။

"မမညိုကို အန်တီကြီးက ဘာမှမပြောဘူးလားဟင်"

သိချင်သည့်ကိစ္စကို မအောင့်နိုင်ဘဲ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနောင်နှင့်ကိစ္စကို မမညို သိကိုသိရမည်ဟုလည်း တထစ်ချ ယုံနေမိသည်မဟုတ်လား။ ညိုညိုကတော့ သက်စုအမေး ကို နားမလည်သလို ကြည့်၏။

"ဘာပြောရမှာလဲ သက်စုရဲ့"

"ဦးနောင်ကိစ္စပေါ့"

"ကိုရဲနောင်ကိစ္စဟုတ်လား၊ ကိုရဲနောင်က ဘာဖြစ်လို့လဲ"

မမညိုပုံစံက တအံ့တသြ။

သေချာပြီ။ ဒါဆို ဦးနောင်နဲ့ကိစ္စကို မမညို တကယ်မသိ သေးဘူးနေမှာ။ အန်တီကြီး မပြောသေးရင်လည်း သက်စုပဲ ဖွင့်ပြော လိုက်မည်ဟု တွေးလိုက်သည်။ ဒီကိစ္စကို သိခွင့်ရပြီးထဲက ပြောပြ ချင်နေတာ ကြာပြီ။ မမညို သိပြီးသားလို့ထင်ပြီး ငြိမ်နေခဲ့တာ။ အခုတော့ မရ။ သိသမျှ ဖွင့်ပြောပြလိုက်သည်။

"ဘာဖြစ်ရမှာလဲ မမညိုရဲ့၊ ဦးနောင်နဲ့မမကို လူကြီးချင်း သဘောတူထားတာ နည်းနည်းမှ မရိပ်မိဘူးလား"

"ဟယ်...မဟုတ်တာ"

မမညို အလန့်တကြားငြင်းရင်း သက်စုကို မယုံနိုင်သလို တအံ့တသြကြည့်၏။

"ဟုတ်ပါတယ်ဆို၊ မမညိုနဲ့ ဦးနောင်တို့ကို လူကြီးချင်း





သဘောတူထားတဲ့အကြောင်း မိသက်မေးလို့ အန်တီကြီးကိုယ်တိုင် ပြောပြထားတာ"

သက်စုစကားအဆုံးမှာ မမညို မျက်ခုံးလေးတွေ အတွန့် ချိုးသွား၏။ တစ်စုံတစ်ခုကိုလည်း လေးလေးနက်နက် စဉ်းစားနေပုံ ရသည်။ အတော်လေးကြာမှ ဦးခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်း လိုက်၏။

"မဖြစ်နိုင်တာ မိသက်ရယ်"ဟု ခပ်တိုးတိုး ညည်းသည်။

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ မမရဲ့၊ ဘာလဲ မမညိုမှာ ချစ်သူရှိနေလို့လား"

သက်စုအမေးကို မမညိုက မဖြေဘဲ ငြိမ်နေသဖြင့် မိသက် စိတ်ထဲမှာ အားမလိုအားမရ ဖြစ်သွားသည်။

ပြီးတော့ မမညိုချစ်သူ ဘယ်သူဖြစ်နိုင်မလဲဟု အပြေး အလွှား စဉ်းစားကြည့်နေမိသည်။ အိမ်ကို တစ်ခါတလေ လာတတ် သည့် အသားညိုညို အရပ်ပုပုနှင့် ဦးထွန်းဖေလား၊ ဒါမှမဟုတ် ပိန်ပိန်လိန်လိန် ရှည်ကိုင်းကိုင်းနှင့် ပါဝါမျက်မှန်ထူထူကြီး တပ်ထား ရသည့် ဦးဘိုမြူ့နဲ့လား၊ နှစ်ယောက်စလုံး ပုံမလာ ပန်းမလာတွေနှင့် မမညိုကို အားမနာတမ်း ပိုးပန်းနေလိုက်ကြတာ။

သူတို့နှစ်ယောက်စလုံးကို မမညို ကြည့်မရတာ မိသက်



www.burmeseclassic.com

www.burmeseclassic.com



သိသည်။ အပိုးမကျိုးသည့်ရုပ်တွေနှင့် မမညိုချစ်သူမှာ သူတို့တော့ မဖြစ်နိုင်ပါ။ ဒါဖြင့် ဘယ်သူလဲ။ သက်စုမသိပါ။ သဘောကောင်း သည့် ဦးနောင်နှင့် အေးဆေးသည့် မမညိုကိုပဲ သက်စု သဘောကျ ပါသည်။ ကျန်တဲ့သူ ဘယ်သူပဲဖြစ်ဖြစ် သက်စု သဘောမတူနိုင် ပါ။ ဒါမှလည်း သက်စုဆိုးသမျှဒဏ်ကို ခံနိုင်ကြမည်တို့။ အကြောင်းမသိသူနှင့်သာဆို သက်စု မလွယ်။

"ပြောလေ မမ၊ မမမှာ ချစ်သူရှိသလားလို့"

စိုးရိမ်စိတ်ပူစွာ မေးလိုက်သည်။

"မရှိသေးပါဘူးကွယ်"

အင်း‥တော်ပါသေးရဲ့။ အခုမှ ရင်ထဲက အလုံးကြီး လျော့ခနဲ ကျသွားသည်။ သို့သော် မမညိုမှာ ချစ်သူရှိနေတယ်ဆို ရင်လည်း သက်စုက ဂရုမစိုက်ပါ။ မမညိုချစ်သူကို မမညိုက စိတ်ကုန်သွားအောင် လုပ်ပစ်လိုက်ဖို့ စိတ်ကူးပြီးသားပင်။ ညဉ့်အ တော်နက်လာပြီ။ မမညိုက အခုချိန်ထိ ထိုင်နေဆဲ။ အလိုပြီး တော့ သက်စုစကားတွေကို အဟုတ်ထင်ပြီး ဦးရဲနောင်အကြောင်း တွေ တွေးနေတာလား မပြောတတ်။ သက်စုကတော့ အိပ်ချင်လာ ပြီ။

"မမညို အိမ်ထဲဝင်ရအောင်လေ"





နေရာထရပ်ရင်း 'ဝါး'ခနဲ တစ်ချက်သမ်းလိုက်သည်။

"သက်စု အိပ်ချင်ရင်သွားအိပ်တော့လေ၊ မမညိုကတော့ ခဏထိုင်ဦးမယ်"

"ဒါဖြင့် သက်စု သွားတော့မယ်၊ ဂွတ်နိုက် မမညို"

"ဂွတ်နိုက်"

မမညိုကို နှုတ်ဆက်ပြီး သက်စု အိပ်ရာဝင်ခဲ့သည်။ မမညို ဘယ်အချိန်မှ အိပ်သည်ကိုပင်မသိ။ သက်စု အိပ်ရာက နိုးလာချိန်မှာ မမညိုက ကျောင်းကိုသွားပြီဖြစ်သည်။

"အမလေး‥‥မယ်မင်းကြီးမက အခုမှနိုးတော်မူတယ်၊ ဟိုမှာ ဖုန်းဆက်တဲ့လူက နှစ်ခါသုံးခါရှိပြီ၊ ဖြစ်နိုင်ရင် မိသက်တို့လို စည်းစိမ်မျိုး ရလိုက်ချင်ပါရဲ့၊ ဘယ့်နှယ်တော် သူများသားသမီးတွေ များ သူ့လိုမဟုတ်ပါဘူး"

စပြီ‥‥စပြီ။

မျက်နှာသစ်ပြီး ထမင်းစားခန်းထဲကို လှမ်းဝင်လိုက်သည် နှင့် အန်တီကြီးပါးစပ်က စက်သေနတ်ပစ်သလို တရစပ်ပြောနေခြင်း ဖြစ်သည်။ သူ့ဘာတွေပြောပြော သက်စုကဖြင့် ဂရုမစိုက်ပါ။ ခုံတစ်လုံးဆွဲထိုင်ပြီး အုပ်ဆောင်းအောက်က အသင့်ပြင်ထားသည့် ကော်ဖီနှင့်မုန့်ကို စားသည်။ ပြီးတော့ မေမေ့စတိုင်လ်နှင့် အနားက



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာကို ဟိုဟိုဒီဒီ ကောက်ယူလှန်လှောကြည့်လိုက်သည်။

အမယ် သက်စ သတင်းစာကြည့်နေသည်ဆို၍ မအံ့ဩလိုက်ပါနှင့်။ ဘယ်သူနဲ့ဘယ်ဝါတော့ ဘယ်နေ့က လက်ထပ်သွားပြီ။ ဘယ်သူလေးကဖြင့် ဘယ်နေ့က လျှောသွားပြီဆိုတာကိုသာ ရေးကြီးခွင်ကျယ်ကိစ္စလို ဖတ်မှတ်နေခြင်းဖြစ်၏။

"မိသက် ငါပြောနေတာ ကြားရဲ့လား၊ ကြည့်စမ်း မလေး မစားလုပ်နေပုံက ဖနောက်နဲ့ ထပေါက်ချင်စရာ၊ ဖုန်းဆက်တာ ဘယ်သူလဲ၊ ဘာကိစ္စလဲ မမေးတော့ဘူးလား"

မျက်လုံးကြီးပြူးပြီး ဒေါသတွေ စွတ်ထွက်နေသည့် အန်တီကြီး၏အသံကြောင့် သက်စပင် လန့်သွား၏။ လက်ထဲက သတင်းစာကိုလွှတ်ချရင်း အန်တီကြီးကို မော့ကြည့်မိ၏။

"သက်စမမေးလည်း အန်တီကြီးက ပြောမှာပဲမဟုတ်ဘူးလား"

သက်စပြောတာ ဟုတ်နေတော့ အန်တီကြီး နည်းနည်း လေသံပျော့သွားသည်။ နံနက်ခင်း စောစောစီးစီး ချွေးသံတလုံးလုံးနှင့် ချက်ပြုတ်နေသည့် အန်တီကြီးကို ကြည့်ပြီး သက်စ သနားသွားသည်။

"ပြောပါဦး အန်တီကြီးရဲ့၊ သက်စဆီကို ဘယ်ကဖုန်းလာ





တာတုန်း"

ချောချောမော့မော့လေး မေးလိုက်တော့ အန်တီကြီးမျက်နှာက ဒေါသတွေ ဘယ်ရောက်ကုန်သည်မသိ။ သက်စ စားသောက်ထားသည့် ပန်းကန်တွေကို ကောက်သိမ်းရင်း...

"ဘယ်သူရှိရမှာလဲ၊ ညည်းသူငယ်ချင်း မိချွေသဲပေါ့၊ ဖုန်းပြန်ဆက်ပါတဲ့"

"ဟယ်...ချွေသဲ ပြန်ရောက်ပြီ၊ ဝမ်းသာလိုက်တာ၊ ယေး အဲဒါကြောင့် အန်တီကြီးကို ချစ်တာ"

ဆိုင်တာမဆိုင်တာတော့ မသိ။ ပါးစပ်ထဲ တွေ့ကရာအော်ပြီး အန်တီကြီးပါးဖောင်းဖောင်းအိအိကြီးတွေကို တစ်ချက်နမ်းပြီး ဧည့်ခန်းသို့ အပြေးထွက်ခဲ့သည်။ နောက်ပါးမှ မကျေနပ်သလိုလို ဘာလိုလိုနှင့် ပြောနေသည့် အန်တီကြီးအသံကို ကြားနေရသော်လည်း ပြုံးနေမည့် မျက်နှာကြီးကိုတော့ သက်စ သိပြီးသားပင်။

ဖုန်းနံပါတ်တွေကိုနှိပ်ရင်း ရင်ထဲက ကျလိကျလိနှင့် ချွေသဲ ဝယ်လာမည့် ပစ္စည်းက ဘာပါလိမ့်ဟု တွေးနေမိသည်။

တစ်ဖက်မှ ထူးသံကြားသည်နှင့် ဘာညာတွေ သိပ်စဉ်းစားမနေတော့။ သိချင်တာကိုပဲ အလောတကြီး မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် ရွှေသဲ ဘာပါလဲဟင်၊ ဘာတွေပါလာလဲ၊ မြန်မြန်ပြောပါ၊ ဒီမှာ ရင်တွေသိပ်ခုန်နေပြီ ဟီ ဟီ"

တကယ်လည်း ရင်တုန်နေတာဆိုတော့ အခုံးသတ်မှာ ဘာကိုသဘောကျမှန်းမသိ ရယ်လိုက်မိသေးသည်။ ရွှေသဲကတော့ ထုံးစံအတိုင်း အရှူးမလို့ ပြောဦးမှာပဲ။ ရွှေသဲ ခရီးတစ်ခုခုထွက်တိုင်း ပစ္စည်းအဆန်းအပြားတွေကို သက်စုအတွက် ပါလာနေကြဆိုတော့ ဒီတစ်ခါပါလာတဲ့ပစ္စည်းက ဘာလဲဟု စိတ်စောနေမိ၏။

ရော်…ဘယ့်နှယ်ပါလိမ့်။

တစ်ဖက်က ငြိမ်လှချည်လား။

ကေန္တ မိရွှေသဲတော့ မကောင်းတဲ့ဉာဏ်တစ်ခုခု ကြံနေပြီ ထင်တယ်။

"ဟိတ်ကောင် ရွှေသဲ မင်းတစ်ခုခုကြံနေစည်နေတာ ကိုယ်သဘောပေါက်တယ်နော်၊ ကိုယ့်ရဲ့အချစ်ဆုံးမမအပေါ်မှာ သဘောထားတွေ ပြောင်းသွားမယ်ဆိုရင်တော့ မင်းရဲ့ကိုကိုကို တိုင်လိုက်မှာနော်၊ ကိုယ်က ကိုကိုမောင်ရေလို့ ခေါ်လိုက်တာနဲ့ ရေကာအစ ပါပြီးသား၊ အဟာစ် ဟာစ်"

"ဟော့…မင်းပါးစပ်ကို အခုပိတ်လိုက်စမ်း၊ ဒီထက်ဆော် ကားလာရင် ကိုယ့်အဆိုးမဆိုနဲ့ တောက်"





မြတ်စွာဘုရား။ ဘယ်ကဆိုးရွားတဲ့ အသံကြီးပါလိမ့်။ သက်စု နားကြားများလွဲလေသလား။ တောက်ခေါက်သံကျယ်ကျယ် ကြီးကြောင့် ရောင်ရမ်းပြီး ဖုန်းခွက်ကို ကြောင်ကြည့်နေမိသေးသည်။ ဘယ့်နှယ် သက်စုဆက်တာက မိရွှေသဲဆီကိုပါ။ လူကိုများ အော်လားငေါက်လားနဲ့ တယ် မိသက်ကိုများ ဘာထင်နေလဲ။

"ဘယ်သူလဲ ဖုန်းထဲကနေပြီး ယောကျ်ားကြီးဖြစ်ပြီး ရန်တွေ့နေတာ၊ မိန်းမကြီးကြနေတာလဲ"

ကဲ မှတ်ထား။

"ဟော့…ခင်းတော်တော်မိုက်ရိုင်းပါလား၊ နောက် ဘယ်တော့မှမဆက်နဲ့"

ခေါသသံကြီးနှင့် တစ်ဖက်က ဖုန်းချသွားသည်။ အမယ် အလာကြီးပဲ။ သူ့ဆီကို ဘယ်သူက ဆက်နေလို့လဲ။ ဟွန်း ဖုန်းနံပါတ် မှားနှိပ်မိတာနေမှာ။

ဒီတစ်ခါတော့ ရွှေသဲဖုန်းနံပါတ်တွေကို တိတိကျကျကို ပြန်ပြီကြည့်ပြီးမှ ဆက်လိုက်သည်။

"ဟဲလို"

ယောာ ရွှေသဲအသံမှ ရွှေသဲအသံအစစ်။ မကျေနပ်တာတွေ ပျောက်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် မိသက်ပါ"

"ဟဲ့ မိသက်၊ ခုနတုန်းက အိမ်ကို နင် ဖုန်းဆက်သေးလားဟင်"

မိသက်ဆိုတာနှင့် ရွှေသဲအသံက ထိတ်ထိတ်ပြာပြာနှင့် မေး၏။

"ဆက်တာပေါ့ဟ၊ ဖုန်းမှားလို့ ဘဲကြီးတစ်ကွေနဲ့တောင် ရန်ဖြစ်လိုက်ရသေးတယ်၊ ရေလည်ဟားရတယ်သိလား"

"ဟားမနေနဲ့၊ နင် ဖုန်းမှားတာမဟုတ်ဘူးဟဲ့၊ ငါ့အစ်ကို့ တွေ့သွားတာ၊ ပြောစမ်း နင် ငါ့အစ်ကိုကို ဘာတွေပေါက်ကရ ပြောလွှတ်လိုက်သလဲဟင်၊ ဒီမှာ မျက်နှာကြီးနီရဲပြီး ဒေါသတွေ အရမ်းထွက်နေတယ်"

ဗုဒ္ဓေါ။

ခုနတုန်းက ဖုန်းမမှားဘူးဆိုပဲ။ အဲဒါမှ ပြဿနာ။ ရွှေသဲ မှတ်ပြီး သူ့ကို ပြောချင်တာတွေ စွတ်ရွတ်ပြောပစ်တာကို ကာယကံ ရှင်ကိုယ်တိုင် နားထောင်လိုက်ရသည်ဆိုတော့လည်း ဒေါသဖြစ်စ တင်မကဘူး၊ နရင်းပါ တီးချင်စရာကြီးပါလားနော်၊ အခြေ ပြောလိုက်တဲ့စကားထဲမှာ ကိုကိုမောင်ရေဆိုရင် ရေတောင် အသ ပါလာပြီးသားဆိုတာကလည်း ပါလိုက်သေးသည်။





"အဲလို အဲလိုပဲဟာ၊ ငါလည်း ဖုန်းလာကိုင်တဲ့သူဟာ နင်ပဲဆိုပြီးတော့ ပြောချင်ရာ ပြောချပစ်လိုက်တာပေါ့ ယောက်မ ရယ်၊ နင်က သူရောက်နေတာကို ဘာလို့ ကြိုမပြောရတာလဲ ရွှေသဲရဲ့"

အကြောင်းစုံကို ရှင်းပြလိုက်တော့ ရွှေသဲက မေတ္တာနှာနှာ ပို့တော်မူပါသည်။

"ကောင်စုတ် နင့်ကိုကိုက မြန်မာနိုင်ငံကြွတော်မူလာတာ ဟဲ့ သိရဲ့လား၊ ခါတိုင်းလို စာတွေဘာတွေ ကြိုရေးနေတာမဟုတ် ဘူး၊ အားလုံး ဝမ်းသာရအောင်လို့တဲ့၊ သူ့ဘာသာ တိတ်တိတ်လေး ပြန်လာတဲ့ဥစ္စာ၊ ညကမှ ရောက်တာ၊ ဟွန်း နင်နဲ့တွေ့မှပဲ ငါ့ကိုကိုမှာ မယားကြောက်ဘာဝ တစ်ခါထဲရောက်သွားရော"

"ကဲပါ ယောက်မရယ်၊ ဒါလေးတော့ ခွင့်လွှတ်လိုက်ပါ၊ ငါ့အတွက် ဘာတွေဝယ်ခဲ့တယ်ဆိုတာသာ မြန်မြန်ပြောစမ်းပါ၊ ဒီမှာ ရင်တွေခုန်နေပြီ၊ သက်ရှိလား သက်မဲ့ထဲကလား"

မိသက်စကားအဆုံးမှာ ရွှေသဲက သဘောကျစွာ ရယ်လိုက် သံတို ကြားလိုက်ရသည်။ ဒီကောင် ဘာတွေများ အူမြူးလာပါ လိမ့်။

"ဟိတ်ကောင် မိသက်၊ ဒီတစ်ခါ နင့်အတွက် ဝယ်လာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့လက်ဆောင်က သက်ရှိသတ္တဝါကြီးသိလား၊ ဟီး ဟီး အနည်းဆုံး ခြောက်ပေကျော်မြင့်မယ် ထင်တယ်"

"ဟယ်…ဒီလောက်တောင်ကြီးတယ် ဟုတ်လား၊ သူ သူက ဘာကောင်ကြီးမို့လဲ၊ အဲဒီလောက်တောင် ကြီးရတာလဲဟင်၊ နောက်ပြီး အဲဒီအကောင်ကြီးကို ရန်ကုန်ကိုအရောက် နင်တို့ဘာနဲ့ သယ်ခဲ့လဲဟယ်၊ ပြောစမ်းပါဦး"

ဘုရား…ဘုရား။ ရွှေသဲရဲ့ လက်ဆောင်အကောင်ကြီးက ခြောက်ပေကျော်လောက် မြင့်နိုင်တယ်ဆိုတော့ ဘာကောင်ကြီးပါ လိမ့်နော်။ သစ်ကုလားအုတ်များလား။ အိမ်ရောက်လာရင်တောင် ဘယ်နေရာမှာ ထားရမှာပါလိမ့်။ ရင်ဘတ်ကို လက်ကလေးနှင့်ဖိ၊ မျက်လုံးလေးပြူးပြီး အံ့သြစွာ ရွှေသဲပြောမည့်စကားကို နားစွင့်ထားမိ၏။

"တို့သယ်လာတာကတော့ ကားနဲ့ပဲဟဲ့"

"ဟင်…ကားနဲ့ဆံ့လို့လား၊ နောက်ပြီး သူက ငြိမ်ငြိမ်လေး လိုက်လို့လား"

"အေး…ကားနဲ့ဆံ့ပါတယ်၊ ငြိမ်ငြိမ်လေးလိုက်တယ်၊ သိပ်လိမ္မာတာဟ သိလား၊ ပြောတဲ့စကားလည်း နားထောင်တယ်၊ ပြီးတော့ ခိုင်းချင်တာခိုင်းလို့လည်းရတယ်"





"ဟုတ်လား၊ သူ့ကို ငါ့ဆီရောက်ရင် ဘယ်မှာထားရမှာ လဲ"

ရွှေသဲက တခိခိရယ်လျှက် 'နင့်အခန်းထဲမှာ ထားရမှာ'ဆိုတော့ မိသက် မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် ခေါင်းရှုပ်သွားမိ၏။

"ငါ့အခန်းထဲမှာထားတော့ သူကနေမှာလားဟဲ့၊ နင်က လည်း အကောင်းပြောတာမဟုတ်ဘူး"

"ဟဲ့…အကောင်းပြောနေတာပဲ၊ သူ့ကို နင့်အိပ်ရာထဲမှာ သိပ်"

"ဟန်…ငါ့အိပ်ရာထဲမှာတောင် သိပ်ရမယ်ဟုတ်လား၊ သူက ဘာကောင်မို့လို့လဲ၊ ခြံထဲမှာမနေဘူးလား"

"မနေဘူးဟေ့ မနေဘူး၊ ဘာကောင်ဆိုတော့ လူကောင် ကြီးလို့ပေါ့ဟဲ့၊ လူတောင်မှ လူယောကျ်ားအထီးလေး"

ကျောချမှ ဓားပြမှန်းသိဆိုသည့်အတိုင်း ရွှေသဲက ဖွန်းချ သွားပြီမို့ ဒီတစ်ချီတော့ မိသက်တို့ ရေရေလည်လည် ခံလိုက်ရ သည်။ ရွှေသဲနှင့် မိသက်တို့ဆိုတာကလည်း ဒီလိုပါပဲ ဦးသူချ တာမ်းပဲ။ အစအနောက်မှာ နံပါတ်ဝမ်းဆိုတဲ့အထဲက။ အခုဟာ က သူ့ပယောဂ်ဆန်ဆန်စကားထဲမှာ မိသက် အငိုက်မိသွားရတာ။

www.burmeseclassic.com

www.burmeseclassic.com



နေနှင့်ဦးပေါ့ တစ်နေ့တော့ မိသက်အကြောင်း ကောင်းကောင်းဖြိုး မည်။

ဒါပေမယ့် လောလောဆယ် ရွှေသဲအိမ်ကို မသွားရဲသေး ပါ။ ရွှေသဲအစ်ကိုကြီးကို ပြောချင်တာ ပြောထားတာမို့ ကိုယ့်ဘာ သာ လန့်နေမိ၏။ ညနေရောက်တော့ မမညိုက အိမ်ကိစ္စကြောင့် သူမြို့လေးကို ပြန်ရန်ကိစ္စ သံကြိုးရောက်လာကြောင်း ဖေဖေ့ကို ပြောသည်။ ခဏပြန်ခွင့်ပြုရန် ဖေဖေရော မေမေပါ သဘောတူကြ ပါသည်။ သဘောမတူသည့်လူဆိုလို့ မိသက်တစ်ယောက်တည်းသာ ရှိသည်။

ဘယ့်နှယ်လုပ်ပြီး မိသက် သဘောတူနိုင်ပါမည်နည်း မမညိုပြန်ရင် မိသက်လည်း အလည်လိုက်သွားမည်ဆိုတာ သူတို့ အားလုံး မလိုက်ရဘူးပြောကြသည်ကိုး။ သည်ထဲမှာ အန်တီကြီး အသည်းဆုံး။ မိသက်နဲ့ မခွဲနိုင်ဘူး၊ ဘာညာနှင့် မခွဲနိုင်ရအောင် လည်း မိသက်က သေလမ်းသွားတာမှမဟုတ်ဘဲ၊ မမညိုနဲ့ ခဏ အလည်လိုက်မဲ့ဥစ္စာ။ တကတည်း ဒါလောက်တောင်ဖြစ်နေတာ ယောကျ်ားကို မြန်မြန်ယူပစ်လိုက်မယ်။ အဲဒါမှ မိသက် လုပ်ချင် တာလုပ်ရမှာ။ မမညို ပြန်မည့်ရက် ကပ်လာလေလေ ထမင်းမစား ဟင်းမစားနဲ့ မိသက်၏ ဆန္ဒပြပွဲကြီးက ပိုမိုပြင်းထန်လာပါသည်





သော် ထမင်းမစားဘူးဆို၍များ အဟုတ်တော့ မထင်လိုက်ပါနဲ့။ အန်တီကြီးနဲ့ ဖေဖေ၊ မေမေတို့ရှေ့ ထမင်းအိုက်တင်ခံပြနေတာပါ။ အိပ်ခန်းထဲမှ မုန့်ပုံးတွေ သကြားလုံးတွေ ခိုးစားပါသည်။ ညကြ အားလုံးအိပ်မှ ထမင်းခိုးစားတာကတော့ ဘယ်သူမှမသိအောင် လုပ်ရသည်ပေါ့။

နောက်ဆုံးတော့ ထုံးစံအတိုင်း အားလုံးက မိသက်ကို လက်မြှောက်အရှုံးပေးရ၏။ မမညိုနောက် လိုက်ခွင့်ရပြီဆိုတော့ မိသက်တို့ ပျော်ရွှင်လို့မဆုံး။

ဗီဒိုထဲက အဝတ်တွေမှန်သမျှ ဝမ်းသာအားရစိတ်နှင့် အဝတ်သေတ္တာထဲကို ဖြစ်သလို အကုန်ထိုးကြိတ်ပြီး ထည့်သည်။ မိသက်လုပ်နေတာကိုကြည့်ပြီး မမညို မနေနိုင်ပါ။

"ဖယ်…ဖယ် မမညို ထည့်ပေးပါ့မယ် မိသက်ရယ်၊ အခုလို အဝတ်တွေကို ဖြစ်သလို ထိုးကြိတ်ထည့်နေတော့ ကြေမွ ကုန်မှာပေါ့ကွယ်"

ပြောလည်းပြော လက်ကလည်း မိသက်အဝတ်တွေကို သူ့နေရာနှင့်သူ စီစီညီညီထည့်၏။

"ဒါပဲလား၊ ဘာတွေယူဦးမှာလဲ၊ ဒီအနွေးအကျီလေးတွေ ကရော"



www.burmeseclassic.com

www.burmeseclassic.com



"အနွေးထည်တွေက ယူရဦးမှာလား"

"ယူရမှာပေါ့ သက်စုရယ်၊ ဟိုမှာက ရန်ကုန်လိုမဟုတ်ဘူး သိပ်အေးတာ၊ အနွေးအင်္ကျီ သိုးမွေးထည်ထူထူတွေ ပါအောင် ထည့်မှဖြစ်မှာပေါ့"

"မမညိုတို့မြို့လေးကို သက်စုမှ မရောက်ဖူးတော့ ဘယ်လိုရာသီဥတုရှိတယ်ဆိုတာလည်း ဘယ်သိပါ့မလဲလို့"

"အေးပါ ညီမရယ်၊ သက်စုအတွက် လိုမယ်ထင်တာလေးတွေ မမညိုဘာသာ ထည့်လာခဲ့လိုက်ပါတော့မယ်"

"မမညိုသဘောပဲ၊ ကြိုက်သလိုသာ လုပ်တော့၊ သက်စုကတော့ မမညိုနဲ့အတူ လိုက်ရရင် ကျေနပ်ပြီ"

သက်စုက သူမထုံးစံအတိုင်း ဘာအပူအပင်မှမရှိ။ မမညိုနှင့် ခရီးအတူ သွားရမည်ဆိုတာနှင့် သိပ်ပျော်နေတာပဲသိသည်။ လွတ်လွတ်လပ်လပ် ညီမနှစ်ယောက်တည်း သွားမည့်ခရီးက သက်စုအတွက် ဒါပထမဆုံးဖြစ်သည်။ မေမေတို့ အန်တီကြီးတို့နှင့် သွားရသည့်ခရီးမှာလည်း အန်တီကြီးက သက်စု ဘာလုပ်လုပ် နောက်က တဟဲ့ဟဲ့နှင့် လိုက်အော်နေတာနှင့်ပဲ အချိန်တွေကုန်သည်။

ဘာတစ်ခုမှ လွတ်လွတ်လပ်လပ် မပျော်ရ။

အခုတော့ မမညိုနဲ့ နှစ်ယောက်ထဲ။





"လမ်းမှာ သက်စုကို သေချာဂရုစိုက်နော် ညိုညို၊ သူ့ကို ဘယ်နေရာမှ စိတ်ချယုံကြည်ပြီး လွှတ်မထားနဲ့သိလား"

"ဟုတ်ကဲ့ပါ အန်တီကြီး"

"သက်စုကလည်း ညည်းမမညိုစကားကို နားထောင်နော်၊ လူကြီးတွေအလစ်မှာ ဟိုဟိုဒီဒီ ဖျတ်ခနဲ ဖျတ်ခနဲ ပျောက်ပျောက်သွားတာမျိုး မလုပ်နဲ့ကြားလား၊ အခုသွားမှာ ကိုယ့်မြို့ကိုယ့်ရွာမဟုတ်ဘူး သိလား"

"သိပါတယ် အန်တီကြီးရဲ့၊ မမညိုစကားကို သက်စု နားထောင်မှာပါ၊ အန်တီကြီးမှာတာတွေလည်း အားလုံးမှတ်ထားပါ့မယ်၊ သက်စုအတွက် စိတ်မပူပါနဲ့"

သက်စုမှာက နားညည်းလှပြီ။

မမညိုနောက်ကို သက်စု လိုက်သွားမယ်ဆိုထဲက အန်တီကြီး၏ အမှာတော်ပုံက ဆုံးကိုမဆုံးတော့။ မေမေပင် အန်တီကြီး၏ ဦးပြည့်စုံသော မှာတမ်းရှည်ကြီးကြောင့် သက်စုကို ဘာတစ်ခုမှ ထပ်ပြီး မမှာနိုင်သည့်အထိ။

"ပြောလိုက်ရင် ညည်းတို့လူငယ်တွေက ဒါပဲ၊ သိပါတယ်၊ စိတ်မပူပါနဲ့၊ ပြောသမျှစကား နားထောင်မှာပါဆိုပြီး ထုလစ်တာနဲ့ လူကြီးမိဘတွေက ပြောချင်ရာပြော၊ ညည်းတို့က



www.burmeseclassic.com

www.burmeseclassic.com



လည်း လုပ်ချင်ရာလုပ်ကြတာပဲ မဟုတ်လား"

"ဟွန်း…အကြောင်းမသိရင် ခက်ဦးမယ်"

"ဒီလောက်တောင် စိတ်မချဖြစ်နေရင်လည်း အန်တီကြီးပါ သက်စုနဲ့အတူ လိုက်ခဲ့ပါလားလို့၊ ဒါမှ အန်တီကြီးစကားထဲ သက်စု တကယ်နားထောင်လား၊ နားမထောင်ဘူးလားဆိုတာ အန်တီကြီးကိုယ်တိုင် သိမှာ"

"တော်ပါပြီ မယ်မင်းကြီးမရယ်၊ ညည်းလို ပေါက်ကျော် မနောက်ကိုလည်း ကျုပ် မလိုက်ပါရစေနဲ့၊ ကြွကြပါ၊ ကြွကြပါ"

"ခစ်"

ဒေါ်နှင့်မောနှင့် သက်စုနားက ထွက်သွားသည့် အန်တီကြီးကိုကြည့်ပြီး သက်စု ရယ်လိုက်သလို မမညိုကိုယ်တိုင်လည်း ပြုံးနေပါသည်။ အန်တီကြီး သက်စုကို သိပ်ချစ်မှန်းသိ၍ ဖြစ်ပါသည်။ နောက်ရက်မှာ မမညိုနှင့် သက်စုတို့ ခရီးစဉ်အသစ်ကို စတင်ရမည့်အရေးအတွက် အတွေးနှင့် စိတ်လှုပ်ရှားပြီး သက်စု တစ်ယောက်တည်း ရင်တွေခုန်နေသည့်အဖြစ်ကိုက မည်သူမျှမသိ ချေ။

♦ ♦ ♦

# အခန်း (၇)

"အို…လှလိုက်တာ၊ မြေကြီးတွေကလည်း အနီရောင်တွေချည်းပဲ"

နွေရာသီလိုအချိန်မှာပင် ရာသီဥတုက စိမ့်အောင် အေးစက်နေသည့်အတွက် သက်စုကိုယ်ပေါ်မှာ အနွေးအင်္ကျီကို မချွတ်စတမ်း ဝတ်ထားရသည့်အဖြစ်ပါ။ ဘယ်နေရာကိုပဲကြည့်ကြည့် တောင်တန်းပြာပြာနှင့် ထင်းရှူးပင်တွေ စိမ်းညို့နေပုံက ချစ်စရာ။

သက်စုအတွက် တွေ့သမျှ မြင်သမျှ အရာရာတိုင်း သစ်ဆန်းလျက် စိတ်ဝင်စားစရာ။ အံ့သြစရာတွေချည်း ဖြစ်နေရသလောက် မမညိုက သူ့ပုံစံအတိုင်း သူ့မြို့သူ့ရွာ ပြန်ရောက်လာရခြင်းအပေါ်မှာ မည်သည့်ခံစားချက်မှ မရှိသလို တည်ငြိမ်အေးစက်လှပါသည်။ သက်စုတို့ မမညိုတို့ တောင်ပေါ်မြို့လေးကို ရောက်ပြီး





www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာလိုက် မမညိုငှားထားသော အိမ်ငှားတွေက တခြားမြို့သို့ ပြောင်းရွှေ့သွားသည့်အတွက်၊ မမညိုပိုင်ဆိုင်သော တစ်ထပ်တိုက်ပုလေးထဲမှာ သက်စုနှင့် မမညိုသာ ကျန်ရစ်သည်။

ရာသီဥတု သာယာလှပသလို ရေခံမြေခံကောင်းသည့် မမညို၏ ခြံဝန်းထဲမှာ ပန်းဥယျာဉ်လေးကို အိမ်ငှားတွေကိုယ်တိုင် ကိုယ့်အိမ်ကိုယ့်ယာနှယ် ပြုစုပျိုးထောင်သွားသဖြင့် စိမ်းစိုလှပသော ဥယျာဉ်နှင့် ရောင်စုံပွင့်ဖူးနေသော ပန်းများကို တွေ့မြင်ရခြင်းအလည်း သက်စုအတွက် ပျော်စရာတစ်မျိုးဖြစ်နေသည်။

ဒီကြားထဲ မမညိုချက်ကျွေးသည့် အစားအသောက်တွေကလည်း တစ်နေ့တစ်မျိုး မရိုးနိုင်။ သက်စုအကြိုက်တွေချည်းဖြစ်နေတော့ ပိုဆိုးသည်။ လည်လိုက်ပတ်လိုက်၊ စားလိုက်သောက်လိုက်နှင့်။ အိပ်ရာစောစောဝင်ပြီး သိုးမွေးစောင်ထူထူကြီးထဲ ကိုယ်လေးနစ်နေအောင် အချမ်းဒဏ်ကို ကာကွယ်ရုံးခုကိုလည်း နှစ်သက်မဆုံး။

ဖြစ်နိုင်လျှင် စခန်းသာမြို့လေးကကို မပြန်ချင်။

ဒီအထိအောင် သက်စု ပျော်သည်။ သက်စုအကြံအစည်ကိုသာ အန်တီကြီးသိရင် ဘာအပြစ်ပြောဦးမည်မသိ။ မမညိုအိမ်လေးမှာ ဖုန်းမရှိ။ အိမ်ကို ဖုန်းဆက်ချင်လို့ကတော့ ကြိုးဖုန်းကိုသုံးရသည်။ ဟမ်းဖုန်းယူလာရန် မေ့လာခဲ့သဖြင့် သူငယ်ချင်းတွေကို





ဖုန်းမဆက်ရ။ အထူးသဖြင့် မိရွှေသဲနှင့် သူ့အစ်ကိုကြီးကို သတိရတိုင်း သက်စု နှုတ်ခမ်းမှာ အပြုံးတစ်စဖြစ်လာမြဲ။

အန်တီကြီးက သက်စုကို မကြာခဏ ဖုန်းဆက်ပါဟု ပြောထားပေမယ့် သက်စုက ဖုန်းမဆက်။ ဖုန်းဆက်တိုင်းလည်း လက်ကိုင်ဖုန်းလေးတစ်လုံးကိုပင် အဖြစ်ရှိအောင် ကိုယ်နှင့်မကွာ သယ်ယူမသွားနိုင်တာကိုပဲ အပြစ်ဖို့နေတာနှင့် နားညည်းရတာလည်း ပါသည်။ မမညိုကတော့ ရောက်သည့်နေ့ထဲက အိမ်ကိုဖုန်းဆက်ပြီး ချောမောစွာရောက်ကြောင်း၊ သက်စုအတွက် အစစအရာရာ စိတ်ချပါဆိုတာကအစ မိသားစုအားလုံး စိတ်မပူပင်ရအောင် အသိပေးပြောကြားပြီးဖြစ်သည်။

နှစ်ရက်ခြားတစ်ခါလည်း မမညိုပဲ ဆက်သည်။ သက်စုကတော့ နောက်ထပ် ဖုန်းမကိုင်တော့။ မမညိုနှင့်ပဲ လွှဲထားလိုက်သည်။ ဒီနေ့လည်း မမညိုပဲ ဖုန်းပြောနေသည်။ သက်စုက နည်းနည်းပါးပါး အာလူးဝင်ဖုတ်ပြီး ဖုန်းကို မမညိုလက်ထဲ ပြန်ထည့်ပေးထားခဲ့သည်။

"သူ မနက်ဖြန်ရောက်မယ် ဟုတ်လား အန်တီ"

"ဟုတ်ကဲ့ပါ၊ သူက အန်တီတို့ဆီမှာ ခွင့်တောင်းပြီးသားဆိုတော့ ညီညီတို့ လိုက်သွားလိုက်ပါ့မယ်၊ သက်စုအတွက်လည်း စိတ်ချပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဟုတ်ကဲ့"

ထုံးစံအတိုင်း မမညို့ထံမှ ဟုတ်ကဲ့ဆိုသည့် စကားသံ တွေချည်း ဆက်တိုက်ကြားနေရပြီးမှ ဖုန်းချသည်။

"မနက်ဖြန် ရောက်မယ်ဆိုတာ ဘယ်သူလဲ မမညို"

"ကိုရဲနောင်လေ"

"ဟာ…ဦးနောင်လား၊ သူက မမညို့ဆီလာမှာတဲ့လား ဟုတ်လား"

ဦးရဲနောင်ဆိုတာနှင့် သက်စ ဝမ်းသာသွားပေမယ့် မမညို က သက်စလို ဝမ်းမသာပါ။ တည်ငြိမ်သော မျက်နှာလေးနှင့်

"မမညို့ဆီကို လာတာမဟုတ်ပါဘူး သက်စရယ်၊ ရန်ကုန် အိမ်ကိုဆက်တော့ မမညို့နဲ့သက်စ စခန်းသာသွားတယ်ဆိုတာနဲ့ သူ လာမယ်ပြောတာပါ၊ ကိုရဲနောင်တို့မြို့နဲ့ မမညို့တို့မြို့က နီးတယ်လေ၊ သူတို့ပိုင် ဥယျာဉ်ခြံမြေတွေ အများကြီးဆိုတော့ သက်စ လျှောက်လည်ရှုလို့ရတာပေါ့"

"သက်စ လျှောက်လည်ပြီဆိုမှတော့ မမညို့လည်း အဖော် ပါပြီပေါ့လို့၊ ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ မမညို့ကို ဦးရဲနောင်ကြီး နဲ့စွံအောင် အပီထုတ်ရမှာပဲ"

"ခစ်…ခစ်"





"သက်စနော် မမညို့မသိဘဲနဲ့ ဘာမှလျှောက်မလုပ်ရဘူး သိလား၊ မိန်းကလေးဆိုတာ ဣန္ဒြေရရ ဗိုင်းကောင်းကျောက်ဖိနေရ တယ်၊ လူအထင်သေးအောင် လျှောက်မလုပ်ရဘူး၊ လျှောက်မပြော ရဘူး သိလား"

"ဟုတ်ကဲ့ပါ မမညို့မသိဘဲ သက်စ ဘာမှမလုပ်ပါဘူး၊ ဗိုင်းကောင်းကျောက်ဖိပဲ နေပါ့မယ်၊ ကျေနပ်ပြီလား"

"မမညို့ကျေနပ်ဖို့ အရေးမကြီးပါဘူးကွယ်၊ မမညို့က သက်စကို ချစ်လို့ဆုံးမတာ သက်စနားလည်ရင် ဝမ်းသာပါတယ်"

လာပြန်ပြီတစ်ယောက်ဟု သက်စစိတ်ထဲကပဲ ပြောလိုက် သည်။ တစ်ချိန်လုံး အန်တီကြီးဆုံးမစကားတွေနှင့် နားညည်းနေရ တာနှင့် မလုံလောက်လို့ မမညို့ကပါ ထပ်ဆုံးမနေတာလားမသိ။ အန်တီကြီးလေသံအတိုင်း အသွားကြီးပုံစံဖမ်းပြီး ပြောနေသည်။ အပျိုကြီးပီပီ အရှက်ကြီးသော မမညို့ကို မြန်မြန်ယောကျ်ားပေးစား ပစ်တာပဲ ကောင်းသည်။

ဒီအရွယ်မှာ အစွံမထုတ်နိုင်လျှင် အန်တီကြီးလို အပျိုကြီး ဖြစ်တော့ နေရာတကာ စိတ်တိုင်းမကျတာတွေချည်းဖြစ်ပြီး ဟိုလူ ဆရာလုပ်၊ ဒီလူဆရာလုပ်နှင့် ဘယ်သူနှင့်မှလည်း ကြာကြာ မတည့်။ မခေါ်မပြောဘဲလည်း နေနိုင်တာလည်းမဟုတ်တော့ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်နှင့် လုံးချာလည်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါက သက်စုတို့လို ရန်ဖြစ်စရာ မိသားစုရှိနေ၍

ကြီးမှာ ပျင်းရန်အချိန်မရပေမယ့် မညိုလို မိဘလည်းမရှိ ညီ

မောင်နှမလည်းမရှိသူအတွက် ဦးရဲနောင်နှင့် အမြန်ဆုံးယူသင့်

ဟိုကလည်း လူပျိုကြီး၊ ဒီကလည်း အပျိုကြီး၊ ဒီလောက်လိုက်

သောစုံတွဲ မရှိဟုထင်သည်။

နောက်ရက် ဦးရဲနောင် ရောက်လာတော့ မေမေ ကြ

ပေးသည့်အတိုင်း သက်စုနှင့် မညိုတို့ အိမ်သော့ခတ် အထု

ပြင်ပြီး ဦးရဲနောင်ကားနှင့် သူတို့မြို့ကို အလည်အပတ်ခေါ်

လိုက်ခဲ့ကြသည်။

"ကျွန်တော် ရန်ကုန်အိမ်ကို ဖုန်းဆက်လိုက်လို့ ညီ

ညီအစ်မ ဒီရောက်နေတာကို သိလိုက်ရတာ၊ ဖုန်းသာမဆက်

မညိုညိုတို့ကို တွေ့တောင်တွေ့လိုက်ရမှာမဟုတ်ဘူး"

"ညို့အိမ်မှာငှားထားတဲ့ အိမ်ငှားက စာချုပ်ပြည့်ပြီး

သွားတော့မှာဆိုတော့ အိမ်ငှားအသစ်တင်ဖို့ ရောက်လာ

သက်စုလည်း ညိုတို့မြို့လေးကို တစ်ခါမှ မရောက်

လိုက်ချင်တာနဲ့ ခေါ်လာတာ"

"ကောင်းပါတယ်၊ သက်စုက ခရီးသွားရတာ ဝ

ပါတယ်ဆိုတော့ အတော်ဖြစ်သွားတာပေါ့၊ သက်စုကိုကြည့်

လည်း သိပ်ပျော်နေသလိုပဲ"





"ပျော်တာပေါ့၊ ပျော်လွန်းလို့ အိမ်ကိုတောင်မပြန်ချင်ဘူး၊ ဒီမှာပဲ တစ်ခါတည်းနေပစ်လိုက်ချင်တဲ့အထိပဲ"

"ဒီလောက်တောင်ပဲလားဗျာ၊ ဒါက အစမို့ပါ၊ နောက်ကြာကြာနေရင် သက်စုတို့လို မြို့ကြီးသူတွေအတွက် ပျင်းစရာဖြစ်လာမှာပါ"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ အခုတော့ သက်စု ပျော်နေတာပဲ သိတယ်"

သက်စု တကယ်ပျော်နေသည့်အကြောင်း လှပသော မျက်နှာလေးထက်မှာ ပွင့်ဖူးနေသော အပြုံးတို့ကို ကြည့်၍ သိနိုင်ပါသည်။ ရဲနောင်မှာ သက်စု စခန်းသာကို ရောက်နေသည်လို့ ကြားလိုက်ရထဲက ရင်ခုန်နေသည်မှာ အခုချိန်ထိဖြစ်သည်။ မတတ်သာ၍ ခပ်ခွာခွာနေရပေမယ့် ရန်ကုန်က ပြန်လာပြီးထဲက သက်စုကို တစ်နေ့မှ မေ့လို့မရဘဲ မကြာခဏ တမ်းတမ်းတတ သတိတွေရနေမိသည်။ ဖြစ်နိုင်လျှင် လှပသည့် သက်စုမျက်နှာလေးကို အမြဲမြင်ချင်တွေ့ချင်နေသည်။ သက်စုအသံလေးကို ကြားနေချင်သည်။ သက်စု လှုပ်ရှားမှုတိုင်းကို ချစ်မြတ်နိုးခြင်းတွေနှင့် ငေးကြည့်နေချင်သည်။

ဒေးမှ သက်စုကို သူဘယ်လောက်ချစ်နေမိကြောင်း ပို၍ သဘောပေါက်ခဲ့ရချိန်တွင် သက်စုက သူနှင့်မိုင်ပေါင်းများစွာ



www.burmeseclassic.com

www.burmeseclassic.com



ကွာဝေးသည့်နေရာမှာ ကျန်ရစ်သည်။ ဖွင့်ပြောခွင့်မရတော့သည့် သူ့အဖြစ်ကို အားမလိုအားမရ ဖြစ်နေတုန်း မြန်းဆို ချစ်သူလေးနှင့် ဆုံတွေ့ဖို့ဖြစ်လာ၏။

ရဲနောင်လောက် ပျော်မည့်သူ ကမ္ဘာမှာမရှိတော့ဟု ထင်ရ အောင် ကျိတ်ပျော်ခဲ့ရသည်။ ရင်တွေခုန်ခဲ့ရသည်။ ညိုညို့ရှေ့မှာ ဟန်မပျက်နေရပေမယ့် လူ့အလစ်မှာ သက်စုမျက်နှာလေးကို မကြ ခဏ ခိုးခိုးကြည့်မိသည်။ သူ့စိတ်ထင်၍ပဲလားမသိ။ မတွေ့ရသည့် အချိန်တွင်းမှာ သက်စုတစ်ယောက်ကဲ သိပ်လှနေသည်။ ဖြူနဝင်း နေသည့် သက်စုအသားရောင်က နို့နှစ်ရောင်ပြေးလျက် စိမ်း ဝင်းနှစ်နေ၏။

ဝတ်ထားသည့် အဖြူရောင်ဝတ်စုံလေးနှင့် ယုန်ဖြူမလေး လို ချစ်စရာကောင်းလွန်းလှသော ချစ်သူလေးကို ကြည့်ရင်း ရဲနောင် ရင်တွေတသိမ့်သိမ့် လှိုက်ခုန်လာသည်။

ချစ်လိုက်ရတာ သက်စုရယ်။

သက်စုကို ကိုယ်ချစ်တယ်။

ရဲနောင်ရင်ထဲက တီးတိုးဆိုနေသော ချစ်စကားကို သက် မသိ။ ကားပြတင်းမှာ ခေါင်းလေးတင်ပြီး မြင်သမျှ တပြုံးပြုံးကြည့် နေနေခြင်းကြောင့် အေးစက်သည့် လေကြမ်းကြီးတွေက သက်စု နုနယ်လှပသောမျက်နှာကို အလှအယက် တိုးဝှေ့ဖြတ်သန်းသွား





သည်။

"အပြင်လေက သိပ်အေးတယ် သက်စု၊ ခေါင်းတံခါးပိတ် ထားပါလား၊ တော်ကြာ ဖျားနေမှခက်မယ်"

"ရပါတယ် မမညိုရဲ့၊ ဒီလောက်လေးနဲ့တော့ သက်စု ဖျားနိုင်ပါဘူး၊ သက်စုကို ဂရုစိုက်မနေစမ်းပါနဲ့၊ ကိုရဲနောင်ကြီး ဆိုသာ ဂရုစိုက်စမ်းပါ"

"အို...သက်စုကလည်း"

သက်စုစကားအဓိပ္ပာယ်ကို သိထားသည့် ညိုညို့မျက်နှာ လေး ရှက်စိတ်ဖြင့် ပန်းနုရောင်ပြောင်းသွားသည့်အဖြစ်ကို ရဲနောင် သိပေမယ့် သက်စုကတော့ အပျိုကြီးမမ ရှက်သွားဟန်ကို ကျေနပ် စွာ ခစ်ခနဲ ကျိတ်ရယ်လိုက်မိသည်။

"ညိုညိုက ကိုယ့်ကို ဂရုစိုက်စရာမလိုပါဘူးဗျာ၊ ကိုယ်က ဘာ ကိုယ့်ဆီကို အလည်လိုက်လာတဲ့ ညိုညိုတို့ ညီအစ်မကို အထူးဂရုစိုက်ရမှာပါ"

"ဦးရဲနောင် အထူးဂရုစိုက်ချင်တယ်ဆိုရင်တော့ သက်စု ကို ဂရုမစိုက်နဲ့၊ မမညိုကိုပဲ အထူးဂရုစိုက်လိုက်သိလား"

"ဂရုစိုက်ပါ့မယ်ဗျာ၊ ညိုညို့ကိုရော သက်စုကိုရော ယောက်စလုံး ကိုယ့်အတွက် အထူးဧည့်သည်တွေမို့ အထူး စိုက်ပါမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရဲနောင်က သက်စု ဘာဆိုလိုမှန်း ရိပ်မိပေမယ့် မသိဟန်ဆောင်လိုက်သည်။ သက်စုက သူမညီမကို ရဲနောင်နှင့် သိပ်ဖြစ်စေချင်နေသည်။ ဒါကို ရဲနောင် သိပါသည်။ သူနှလုံးသားက တောင်းဆိုသူက ညိုညိုမဟုတ်တော့ ခက်သည်။ သက်စုထံမှ ဟိုမရောက် ဒီမရောက် အနေခက်မလွှတ် အသွားမလွှတ်သော စကားတွေကြောင့် ရိုးသားအေးဆေးသည့် ညိုညို အနေရခက် ရှက်နေတာလည်း သူသိသည်။

သူတကယ်ချစ်မိနေသူက သက်စုဆိုသည့် သူမကို ဖြစ်နေသည့်အတွက် ဖွင့်ပြောရခက်သည်။ သက်စုက ပကတိ အဖြူထည်။ ချစ်မှုရေးရာကဏ္ဍမှာ သူမ မသက်ဆိုင်ဟု ထင်နေပုံရသည်။ ကလေးငယ်တစ်ယောက်လို ရိုးသားပွင့်လင်းပြီး ဘာကိုမှ ဟန်ဆောင်ရကောင်းမှန်းလည်း မသိ။ သူမစိတ်ထဲ ရှိသည့်အတိုင်း ကြိုက်လျှင်ကြိုက်သည့်အတိုင်း မကြိုက်ရင်လည်း မကြိုက်သည့် အမူအရာနှင့်သာ ပြောဆိုဆက်ဆံသည်။

သူမကြောင့် တစ်ဘက်လူ ဘာဖြစ်သွားလိမ့်မည်မတွေး။ ညိုညိုနှင့် ရဲနောင်တို့ကို ကားရှေ့မှာ ထိုင်စေပြီး သက်စုတစ်ယောက် ကားနောက်ခန်းထဲမှာ စိတ်လွတ်ကိုယ်လွတ်ပျော်နေသည်။ သက်စုကို လက်ထပ်ချင်သည့်အကြောင်း ရဲနောင်မိဘတွေကို ဖွင့်ပြော၍ သဘောမှတူပါမည်လား မသိ။





ရဲနောင်မိဘတွေ လိုချင်သည့် ဗိုင်းကောင်းကျောက်ဖိ ...စာရင်းထဲမှာ သက်စုမပါတာ သေချာသည်။ မေမေတို့လိုချင် ...တာ အလိမ္မာအိမ်ပါ ချွေးမမျိုး။ အသက်ကြီးပြီဖြစ်သော လူကြီး ...တွေကို စောင့်ရှောက်နိုင်မည့်သူ၊ အိမ်ထောင်ရေး နိုင်နင်းသူ၊ ...က်စုလို ဟိုမရောက်ဒီမရောက် မဟုတ်။

ရဲနောင်သာ သက်စုကို လက်ထပ်လိုက်ရင် ကိုယ်ချစ်တဲ့ ...ကို ပိုင်ဆိုင်ခွင့်ရသည့်အတွက် မိုးမမြင် လေမမြင် အပျော်ကြီး ...ရမှာဖြစ်ပေမယ့် ဖေဖေနှင့်မေမေအတွက်တော့ ရဲနောင်နှင့် ...ကျင်ဘက် စိတ်ညစ်စရာ စိတ်ရှုပ်ထွေးစရာ ဒေါသဖြစ်ချင်စရာ ...ချည်း ဖြစ်ရမည်ကလည်း လွဲမည်မထင်။

ဒါကလည်း ရဲနောင်ဘက်က တစ်ဖက်သတ်အတွေးနှင့် ...ဘာသာ စိတ်ကူးရိုက်ထားသော ဖိတ်စာတစ်ခြမ်းမျှသာဖြစ်ပါ ...သည်။ သက်စုဘက်က ရဲနောင်လို အသက်ကြီးကြီး ...တစ်ယောက်ကို စိတ်မှဝင်စားပါရဲ့လားမသိ။ သေချာတာက ...တော့ သွားလေရာနေရာတိုင်းမှာ သိပ်လှသည့်သက်စုကို လူတိုင်း ...သွားကြတာချည်းဖြစ်သည်။

အထူးသဖြင့် သက်စုနှင့် သက်တူရွယ်တူ ကောင်လေး ...တွေက ပိုဆိုးသည်။ ချစ်သူလေးက သိပ်လှတော့ နည်းနည်းလေး ... စိတ်မချ။



www.burmeseclassic.com

www.burmeseclassic.com



“ဦးရဲနောင်အိမ်က အခုထိ မရောက်သေးဘူးလား”

“ရောက်တော့မှာပါ သက်စ၊ ဟိုတစ်ခြံကျော်ရင် ရောက်ပါပြီ”

“ခြံကြီးတွေကလည်း အကျယ်ကြီးတွေပဲနော် ဦးရဲနောင်”

“အင်း…ဒီမှာကဲတော့ ဒီလိုပဲနေကြတာများတယ်လို့ ဆိုရမှာပေါ့ဗျာ”

သက်စုက လမ်းဘေးဝဲယာ ဟိုဒီကြည့်ပြီး စပ်စုသည်။ ခြံဝန်းကျယ်သလောက် သစ်ပင်ကြီးငယ်တွေကလည်း အုံ့ဆိုင်းနေတာ သတိထားမိသည်။ အိမ်ကြီးရခိုင်တွေဖြစ်ပေမယ့် ဆောက်လုပ်ထားသည့် တိုက်အိမ်ပုံစံတွေက ခပ်ရိုးရိုးဖြစ်ကာ နိုင်ခန့်ထူထဲပေမယ့် လှပခြင်းတော့မရှိ။

“ရှေ့မှာ ကျွန်တော်တို့အိမ်ရောက်ပြီလေ ညီညို”

“ဩော်…ဟုတ်ကဲ့”

ခြံကျယ်ကြီးတစ်ခုထဲကို ရဲနောင် ကားကိုချိုးအဝင် မြင်လိုက်ရသည့် အိမ်ကြီးကြောင့် သက်စု လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

“ဦးရဲနောင်တို့အိမ်လား”

“ဟုတ်တယ်လေ၊ သက်စု ဘာဖြစ်လို့လဲ”





“အိမ်ကြီးကလည်း ကြောက်စရာကြီး၊ ရဲတိုက်ကြီးကျနေတာပဲ”

“အို သက်စုကလည်း ဘာတွေလျှောက်ပြောနေမှန်းမသိဘူး၊ အိမ်ရှင်ကို အားနာစရာကွယ်”

သက်စုစကားကြောင့် ညီညိုက ရဲနောင်ကို အားတုံ့အားနာဖြစ်သွားသော်လည်း သက်စုကတော့ သူ့မစိတ်ထဲရှိသည့်အတိုင်း ပြောလိုက်မိခြင်းအပေါ် အားနာရကောင်းသည် မထင်လေရော့ သလားမသိ ရှေးကျလှသော အနီရောင် နှစ်ထပ်တိုက်ကြီးကိုသာ ထူးဆန်းအံ့ဩစွာ ကြည့်နေပါသည်။

“ကျွန်တော့်ကို အားမနာပါနဲ့ဗျာ၊ ဒီလိုပဲ ကျွန်တော်တို့ အိမ်ကြီးကို ရုတ်တရက် မြင်တွေ့လိုက်ရတဲ့လူတိုင်း အခု သက်စု ပြောသလိုပဲ ပြောတတ်တာဆိုတော့ ကျွန်တော်တို့အတွက် ရိုးနေပြီလို့တောင် ဆိုရမှာပေါ့လေ”

“ဒီအိမ်ကြီးက ကျွန်တော့်ဘိုးဘွားတွေ လက်ထက်ထဲက အိမ်ကြီးလေ၊ ကျွန်တော့်ကိုလည်း ဒီအိမ်ကြီးမှာပဲ မွေးတာ၊ မေမေက ပြောတော့ ကျွန်တော်က ကျွန်တော့်အဘိုးဝင်စားတာလို့ပြောတယ်”

“ဟုတ်လား၊ ဒါဆို ဦးရဲနောင်က လူဝင်စားပေါ့နော်၊ အရင်ဘဝက အကြောင်းတွေကို မှတ်မိနေတုန်းပဲလားဟင်”

စိတ်ဝင်စားစွာ သက်စုမေးတော့ သူရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှတ်မိပါ့မလဲဗျာ၊ အခုလက်ရှိဘဝမှာတောင် ဟိုဟာမေ့ ဒီဟာမေ့ဆိုတော့ အရင်ဘဝဆိုတာ ဖြီးပြီပေါ့"

"သူများလူဝင်စားတွေဆို သူတို့အရင်ဘဝက ဖြစ်ပျက်ခဲ့တာတွေ အကုန်ပြန်ပြောနိုင်ကြတယ်လို့ သက်စု ဖတ်ဖူးတယ် သိလား၊ ဦးရဲနောင်သာ တကယ်လူဝင်စားဆိုရင် အနည်းဆုံး အကြောင်းအရာတစ်ခုခုလောက်တော့ ပြန်မှတ်မိသင့်တာပေါ့"

သက်စုအသံက အားမလိုအားမရ။ ရဲနောင် လူဝင်စား ဖြစ်ပြီး အတိတ်ဘဝကို ပြန်မမှတ်မိရကောင်းလားဟု အပြစ်တင်ချင် ချင်။

"ကိုယ်လည်း ပြန်မှတ်မိချင်တာပေါ့ဗျာ၊ ဒါမှ အရင်ဘဝက ဘယ်သူမှမသိအောင် ဝှက်ခဲ့တဲ့ ရွှေထုပ်တို့၊ စိန်ထုပ်တို့ ပြန်ရှာတွေ့မှာမဟုတ်လား"

"သေချာအချိန်ယူပြီး စဉ်းစားကြည့်ရင် ပြန်သတိရချင် ရလာမှာ သိလား"

သက်စုအသံက အားတက်သရော။ ဖြစ်နိုင်လျှင် သက်စု ကိုယ်တိုင် အရင်ဘဝက ဦးရဲနောင် သိမ်းဝှက်ထားခဲ့သည့် စိန်ထုပ်၊ ရွှေထုပ်နေရာကို ရှာဖွေထုတ်ဖော်ကြည့်လိုက်ချင်သည်။ ရဲနောင်က တော့ သက်စုစကားကိုသာ သဘောကျစွာ ပြုံးနေသည်။

"ကျိုး"





"ကဲ ရောက်ပါပြီဗျာ၊ ညိုညိုနဲ့ သက်စုကို ပန်းမြမြိုင်က ရိုက်လှဲ့စွာကြိုဆိုပါတယ်၊ ကြွကြပါ"

"ပစ္စည်းတွေထားခဲ့ ညိုညို၊ အိမ်ကကောင်မလေးတွေ ယူကြလိမ့်မယ်၊ လာ သက်စု"

"ဟုတ်"

သက်စုကတော့ ညိုညို့လိုမဟုတ်။

ရှေ့ကြောင်းနောက်ကြောင်း သိပ်ပြီး တွေးပူနေတတ်သူ မဟုတ်သည့်အတိုင်း အိမ်ထဲကထွက်လာသည့် ကလေးမကို တစ်ချက်လှည့်မကြည့်ဘဲ သူမ စိတ်ဝင်စားလှသည့် ရဲတိုက်နှင့်တူသော အိမ်ကြီးထဲကို ဦးရဲနောင်နောက်မှ လှမ်းဝင်လိုက်သည်။ သက်စုတို့နောက်မှ ညိုညိုပါလာသည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"အို…လှလိုက်တာ၊ ရွှေမင်းသမီးလေး ကြနေတာပဲ၊ သူက ဘယ်သူလဲဟင်"

အိမ်ထဲလှမ်းဝင်ဝင်ခြင်း သက်စုမျက်စိရှေ့တည့်တည့်မှာ တွေ့မြင်လိုက်ရသည့် ပန်းချီကားချပ်ကြီးရှိရာသို့ လျှောက်သွားပြီး ပန်းချီကားထဲက မိန်းမပျိုလေးကို မော့ကြည့်ကာ မေးလိုက်ခြင်းဖြစ်ပါသည်။ ပန်းချီပညာကို ဝါသနာပါ၍ နားလည်၍မဟုတ်။

ပန်းချီကားထဲက ကြွေရုပ်ကလေးချထားသလို လှပသော မိန်းကလေး၏အလှကို နှစ်မြို့က်သဘောကျ၍ဖြစ်သည်။

"ဟုတ်ပါရဲ့ လှလိုက်တာ၊ ဘယ်သူများလဲရှင်"

"ကိုယ့်အစ်မလေ၊ အခုတော့မရှိတော့ပါဘူး၊ သူဆုံးသွားတာ နှစ်နှစ်ရှိပြီ"





"ဟင်"

"အို…စိတ်မကောင်းစရာရှင်၊ ဒီလောက်ငယ်ငယ်လှလှလေးကို ဘာရောဂါနဲ့ ဆုံးရတာလဲ"

"သွေးကင်ဆာပါ"

"အို"

"သနားပါတယ်နော် မမညို"

ညီမနှစ်ယောက်စလုံး ဘာဆက်ပြောရမှန်းမသိအောင် နှုတ်ဆွံ့အသွားကာ လှပသော အမျိုးသမီးလေး၏ပုံကိုသာ စိတ်မကောင်းစွာ ငေးကြည့်နေမိကြသည်။

"ဒီလိုပဲပေါ့လေ၊ သတ္တဝါတစ်ခု ကံတစ်ခုလို့ ဆိုရမှာပေါ့၊ ကျွန်တော်တို့က မောင်နှမနှစ်ယောက်ထဲရှိတာလေ၊ မမဆုံးသွားတော့ မေမေက ဘယ်သူ့ကိုမှ စကားမပြောတော့ဘဲ တစ်ယောက်တည်း နေနေတာ၊ ဒီနေ့အထိပဲ"

"ဒီလိုဆို ဦးရဲနောင်အိမ်ကို ညီညီတို့လိုက်လာတာ ဦးရဲနောင်မေမေ့အတွက် အနှောင့်အယှက်များ ဖြစ်နေမလားရှင်"

သက်စုဘက်က အမှားတစ်ခုခုလုပ်မိမည် စိုးရိမ်စိတ်ဖြင့် အားတုံ့အားနာ စကားဆိုလိုက်တော့ ရဲနောင်က ပြုံးပြီး ဦးခေါင်းကို ညင်သာစွာ ခါယမ်းသည်။

"မေမေက တစ်နေ့ တစ်နေ့ သူ့အခန်းနဲ့ ဘုရားခန်းမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကုန်နေတဲ့သူပါ၊ မေမေနေတဲ့ အဆောင်ကလည်း သီးသန့်

တော့ ညိုညိုတို့ ရောက်လာလို့လည်း ဘာအနှောင့်အယှက်မှ မရှိ ဘူးဗျာ"

"ခရီးပန်းလာတာဆိုတော့ အေးအေးဆေးဆေး အနား ကြပါဦး၊ ထိုင်ကြပါ"

"လာ…သက်စု ဒီမှာထိုင်"

ညိုညိုက သက်စုအနီးရာယ်ကို ကြောက်တာနှင့် သူ သက်စုကို ခေါ်ထားလိုက်သည်။

"သုံးဆောင်ပါဦးရှင်"

ကလေးမလေးတစ်ယောက်က မုန့်မျိုးစုံနှင့် ကော်ဖီပူပူ လာချပေးပြီး ရိုရိုလေးထွက်သွားသည်။

"ကော်ဖီသောက်ကြည့်ကြပါဦး ညိုညို၊ ဒါ ကျွန်တော် တို့ခြံထွက်လေ၊ မုန့်တွေလည်း စားကြဦး"

"သက်စုကတော့ မစားမှာမပူနဲ့၊ အစားအသောက်ဆို လူနဲ့တည့်တယ်လို့ သက်စုကို အန်တီကြီးပြောနေကြ သီလား"

"ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ"

"ရှော့လေ မညို၊ တစ်လမ်းလုံး အေးလာတာဆို ရင်ထဲနွေးသွားအောင် ကော်ဖီပူပူလေး အရင်သောက်လိုက်"

သက်စုကပဲ ကော်ဖီခွက်ကိုယူကာ ညိုညို့လက်





အရောက် သွက်သွက်လက်လက် ထည့်ပေးပြီး သူမကိုယ်တိုင် လည်း ကော်ဖီပူပူကို ယူသောက်သည်။

"အား…ရင်ထဲကို နွေးသွားတာပဲ၊ ကော်ဖီအနံ့လေးက လည်း မွှေးနေတာပဲနော် မညို"

"ကိုယ့်ဘာသာလှော်ပြီး ကိုယ်တိုင်ကြိတ်ထားတာလေ"

"သြော်…ဒါကြောင့်ကိုး"

"ရှော့…မညို၊ ဒီမုန့်ကိုစားကြည့် စိမ့်နေတာပဲ"

"သက်စုပဲ စားပါကွယ်"

"သြော်…စားကြည့်ပါဦးဆို၊ မညိုကလည်း တော်ကြာ သက်စု အကုန်စားပစ်လို့ မညိုအတွက် မကျန်ဘဲဖြစ်နေမယ် သီလား"

"စားပါဗျာ၊ စားပါ၊ သက်စုစားလို့ကုန်သွားရင် ကိုယ်က နောက်ထပ်အများကြီး ထပ်ဝယ်ပေးဦးမှာပါ"

"မုန့်တွေအကုန်မကြိုက်ဘူးနော်၊ သက်စုကြိုက်တာ ဒီဖြူဖြူလေး"

"ဟောဒီ သက်စုဟာလေ"

နည်းနည်းမှ ဟန်မဆောင်သော သက်စုမှာ စားစရာရှိတာ စား၊ ပြောစရာရှိတာ ပြောနှင့် ဘယ်သူ့မျက်နှာကိုမှ မကြည့်အားဘဲ တစ်ယောက်တည်း အလုပ်ရှုပ်နေသလောက် ညိုညိုမှာတော့



www.burmeseclassic.com

www.burmeseclassic.com



ညှော့်သည်လုပ်ပြီး အလိုက်ကမ်းဆိုးမသိ သက်စုကြောင့် အိမ်ရှင်ဖြစ်သူ ရဲနောင်ကို မျက်နှာပူ အားနာရပါသည်။ ဒါကို ရဲနောင်ကလည်း သိသည်။

"မှန်တာပြောတာပဲ မမညိုရဲ့၊ တခြားမုန့်တွေ သက်စုမမကြိုက်ဘဲ"

"ကိုယ်မှတ်ထားလိုက်ပါပြီဗျာ"

"ဒီလိုမှပေါ့"

"ဒါနဲ့ ဒီအိမ်ကြီးထဲမှာ ကိုရဲနောင်တစ်ယောက်တည်း နေတာလားဟင်"

"အဒေါ်မိသားစုရှိတယ်လေ၊ ဖေဖေ့ညီမပေါ့၊ အခုတော့ အိမ်မှာမရှိဘူး၊ ခြံကိုသွားကြတယ်၊ ညနေမှ ပြန်လာကြမှာ၊ အဲဒီတော့မှ မညိုညိုတို့နဲ့ မိတ်ဆက်ပေးမယ်"

"ဟုတ်ကဲ့"

"လောလောဆယ် မညိုညိုတို့နေမဲ့အခန်းကို အရင်လိုက်ပြမယ်လေ၊ ပြီးမှ အနားယူရင်လည်းယူ၊ ဒါမှမဟုတ် ခြံထဲလိုက်ကြည့်ချင်တယ်ဆိုလည်း ကြည့်ပေါ့"

"လာ"

ရဲနောင် ရှေ့မှဦးဆောင်သွားသဖြင့် ညိုညိုနှင့် သက်စုလည်း လိုက်ရသည်။ အိမ်ကြီးကျယ်သလို အဆောင်ဆောင် အခန်းခန်းတွေ





ကလည်း များသည်။ အကြောင်းမသိသော သူစိမ်းများအတွက် မျက်စိလည်ချင်စရာ။ ညိုညိုက အိမ်ကြီး၏ ပြင်ဆင်ဖွဲ့စည်းပုံ အနေအထားကို စိတ်ဝင်တစား လေ့လာမှတ်သားနေချိန်မှာ သက်စုကတော့ အခန်းတွေများလွန်းတာနှင့် မျက်စိလည်ချင်ချင်ဖြစ်နေသည်။

"အခန်းတွေက အများကြီးပဲနော် ဦးရဲနောင်၊ ပုံစံတွေကလည်း ခပ်ဆင်ဆင်ဆိုတော့ တစ်မျိုးပဲ"

"အခန်း ဆယ့်နှစ်ခန်းရှိတာလေ"

"ဆယ့်နှစ်ခန်း"

"အင်း ဒါ အိပ်ခန်းသပ်သပ်ကိုချည်း ပြောတာ၊ တခြားလူမနေတဲ့အခန်းတွေ မပါဘူး၊ အရင်တုန်းက မင်းသားတစ်ပါးနေခဲ့ဘူးတယ်ပြောတာပဲ၊ ကိုယ်လည်း အတိအကျကြီးတော့ မသိပါဘူး၊ ငယ်ငယ်တုန်းက အဘွားပြောလို့ ကြားဖူးတာ"

"သြော်...သြော် ဒါကြောင့် အိမ်ကြီးက ဒီလောက်ခမ်းနားကြီးကျယ်နေတာကိုး၊ သက်စုဖြင့် ဒီလောက်အခန်းတွေအများကြီးပါတဲ့အိမ်မျိုး တစ်ခါမှမတွေ့ဖူးဘူး"

"အခု တွေ့ဖူးပြီပေါ့"

"ဟုတ်တယ် တွေ့ဖူးပြီ၊ အိမ်ပြန်ရင် ဦးရဲနောင်တို့အိမ်ကြီးအကြောင်း မေမေတို့ကို ပြောပြဦးမယ်၊ အိမ်ထဲကပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း ရှေးရှေးတုန်းက ပစ္စည်းတွေမို့လားမသိဘူး၊ သ…
မျက်လုံးထဲ အားလုံးထူးခြားနေသလိုပဲနော် မမညို"

"အင်း…ဟုတ်တယ်"

သက်စက သူမထင်မြင်ချက်ကို ညိုညိုဘက်ကို …
ပြောလိုက်တာကြောင့် ညိုညိုလည်း သက်စ ထင်မြင်ချ…
ထောက်ခံလိုက်ပါသည်။ တကယ်လည်း ဦးရဲနောင်တို့အိမ်ကြီး…
တစ်မျိုးထူးခြားနေသည်။ ဘယ်လိုထူးခြားသည်ဆိုတာကို ညို…
မခွဲခြားတတ်ပေမယ့် သက်စကတော့ တွေ့တွေ့ခြင်း ရဲတိုက်ကြီး…
တူသည်ဟု အလန့်တကြား ဆိုခဲ့သူဖြစ်သည်။

ဒါက ဦးရဲနောင်တို့အိမ်ကြီးကို အပြင်ဘက်မှ လှမ်းမြ…
နိုက် ဖြစ်ပေါ်လာသော စိတ်ခံစားချက်ဖြစ်သည်။ အိမ်ကြီးအတွ…
ပိုင်းထဲ ဝင်ခဲ့တော့ ပိုဆိုးသည်။ ရှေးကျအိုမင်းသော်လည်း ခံ့…
ထည်ဝါမှုတွေကြောင့် ကျနံ့ရစ်သော အိမ်ထောင်ပရိဘောဂ အ…
အဆောင်များနှင့်တကွ ဆွေစဉ်မျိုးဆက်ဟု ယူဆရသော တ…
ပန်းချီကားများကြောင့် စိတ်မှာ တစ်မျိုးဖြစ်ရပြန်သည်။

အထူးသဖြင့် ဦးရဲနောင်၏ မမဆိုသည့် မိန်းမလှလေး…
ပန်းချီဓာတ်ပုံကြီးဖြစ်သည်။ မြစိမ်းရောင်ဝတ်စုံနှင့် ပြုံးရယ်ခြင်း…
စွာ ဝင်လာသည့် ဧည့်သည်တွေကို စိမ်းမြစူးရှသော မျက်လုံး…
ဖြင့် စူးစိုက်ကြည့်နေသလိုလို ဘာလိုလို။





"ဒါတွေက ဘိုးဘွားတွေလက်ထက်က စုဆောင်းထားတဲ့ ပစ္စည်းတွေလေ၊ ခေတ်အဆက်ဆက် ဒီလိုပဲ ပြောင်းသွားပေမယ့် ဘယ်သူကမှ ရှိပြီးသားပစ္စည်းတွေကို စွန့်လွှတ်အသစ်ပြောင်းတာ မွေ့တာမရှိခဲ့ကြဘူး"

"ဘိုးဘွားပိုင် အမွေအနှစ်အတိုင်း ရှေးမူမပျက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြတာ ဒီနေ့အထိပဲဆိုပါတော့"

"ဦးရဲနောင် လက်ထက်ကြရင်ရော"

ညိုညိုသိချင်သည့် မေးခွန်းကို သက်စက အရင်ဦးအောင် ဒက်ခနဲ ဝင်မေးလိုက်သည့်အတွက် တုန့်ပြန်ပြောလာသည့် ဦးရဲနောင် အဖြေကို စိတ်ဝင်စားစွာ ညိုညို လှမ်းကြည့်လိုက်သည်။

"ကိုယ့်လက်ထက်မှာလည်း ဒီအတိုင်းပဲ ရှိနေမှာပါပဲ၊ ဘာတစ်ခုမှ ထူးခြားပြီး ပြောင်းလဲသွားမယ် မထင်ပါဘူး"

"ဘာဖြစ်လို့လဲ၊ သက်စက သဘောမကျဘူးလား"

ရဲနောင်က စိတ်ထဲရှိသည့်အတိုင်း သစ်စမေးတာကို ဖြေပြီးမှ တစ်စုံတစ်ရာကို ချက်ချင်းသတိရသွားကာ သက်စမျက်နှာလေးကို စိုက်ကြည့်ရင်း မေးလိုက်သည်။

"သဘောကျပါတယ်၊ ခေတ်အဆက်ဆက် ထိန်းသိမ်းလာတာဆိုတော့ အံ့သြထူးဆန်းမိလို့ပါ"

"သိပ်တော့လည်း အထူးအဆန်းကြီးလို့ မဆိုလိုပါဘူး



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ဒီလိုပဲ ရှေးဟောင်းပစ္စည်းတွေကို နှစ်သက်လို့ တမင်စုဆောင်း ရှာဖွေဝယ်ယူနေကြသူလည်း ရှိကြတာပါပဲ၊ ကိုရဲနောင်တို့လို ဘိုးဘွားအစဉ်အဆက် ပစ္စည်းတွေဆိုတာက ပိုပြီး အဖိုးမဖြတ်နိုင်ဘူးပေါ့"

"လက်ဆင့်ကမ်း တန်ဖိုးထားသင့်ပါတယ်"

"သင့်ခ်ယူ မညိုညို၊ တချို့က ကျွန်တော်တို့အိမ်ကို ပြတိုက်တို့၊ ရှေးဟောင်းအမှိုက်ပုံတို့ ပြောကြတာအစုံပဲ၊ ကျွန်တော်ကတော့ ဘယ်သူဘာပြောပြော ဂရုမစိုက်ပါဘူး၊ ဘယ်သူ ဘာပြောပြော ဒီလိုပဲ နေလိုက်တာပါပဲ"

"ဒီအခန်းနှစ်ခန်းပဲ မညိုညို၊ တစ်ယောက်တစ်ခန်းစီ နေကြမလား၊ နှစ်ယောက်တစ်ခန်း အတူပေါင်းပြီး နေကြမလား ဆိုတာကိုတော့ မညိုညိုတို့ညီအစ်မနှစ်ယောက် တိုင်ပင်ပြီး နေကြပေါ့ဗျာ"

"ဒီမှာလေ ကြည့်ပါဦး"

"ကျွီး"

ပန်းကနုတ်တို့ဖြင့် လှပစွာ ပုံဖော်ထားသည့် ကျွန်းတံခါးချပ်ကြီးကို အကျယ်ခွဲဖွင့်ပြီး ညိုညိုတို့နှစ်ယောက်ကို ကြည့်ခိုင်းတာမို့ စိတ်ဝင်စားစွာ လှမ်းကြည့်လိုက်ကြသည်။

"အခန်းက အကျယ်ကြီးပဲ"





"အထဲဝင်ကြည့်လေ၊ ရေချိုးခန်း၊ သန့်စင်ခန်း အားလုံး အထဲမှာပါတယ်"

အခန်းထဲရှိ ကျွန်းခုတင်ကအစ မှန်တင်ခုံ အဝတ်ထည့်သည့် မတ်ရပ်ဗီရိုကြီးကအစ ထိုင်ခုံစားပွဲအားလုံး ရှေးဟောင်းသုံးပစ္စည်းများချည်းဖြစ်သော်လည်း အရောင်အသွေး မှေးမှိန်ခြင်းမရှိသလို ဖုန်တစ်စက်သော်မှမမြင်ရ။

ရှေးဟောင်းပစ္စည်းများနှင့် ခြောင့်ခြောင့်ကြီးဆန့်ကျင်သည့်အရာက ခုတင်ကြီးပေါ်ရှိ ဒန်လော့မွေ့ရာနှင့်စောင်။ ခြင်ထောင်ခေါင်းအုံး။ အားလုံး ယနေ့ခေတ်နာမည်ကြီး ဒီနိုင်းတွေဖြစ်နေခြင်းပင်။ အရောင်တွေက အဖြူနှင့် မိုးပြာရောင်နုနုရောစပ်ပြီး အဖြူခံပေါ်မှာ အပြာရောင်နုနု ပန်းပွင့်သေးသေးလေးတွေနှင့် လှပစွာပုံဖော်ထား၏။

"ဒါက ဧည့်သည်တွေအတွက် ထားတဲ့ သီးသန့်ခန်းတွေလေ၊ ဟိုဘက်မှာ လေသာဆောင်လည်းရှိသေးတယ်"

"လေသာဆောင်က အကျယ်ကြီးပဲနော်၊ လသာတဲ့ညတွေဆို ဒီနေရာမှာနေရတာ သိပ်ပျော်စရာကောင်းမှာပဲ"

ညိုညိုက လေသာဆောင်ကျယ်ကြီးကို စိတ်ဝင်စားနေချိန်။ မျက်စိကတော့ မျက်စိတစ်ဆုံး လှမ်းမျှော်ကြည့်နိုင်သော ထင်းရှူးတောကို ငေးနေသည်။ မြေပြန့်သူလေးဖြစ်သည့်အတိုင်း ထင်းရှူး

www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီ၊ စိန်ပန်းပြာအားလုံး အထူးအဆန်းတွေချည်း ဖြစ်နေသည်။

"ညီအစ်မနှစ်ယောက်-ဒီမှာ အေးအေးဆေးဆေး အနားယူကြဦးနော်၊ ထမင်းစားချိန်ကျမှ ကျွန်တော်လာခေါ်မယ်"

"ကောင်းပါပြီ ကိုရဲနောင်"

အခန်းထဲမှာ ညီညီနှင့်သက်စု နှစ်ယောက်တည်းကျန်ရစ်သည်။

"မညို"

"ဟင်"

"ဒီအိမ်ကြီးက ဟိုးအရင်ထဲက ရှိတာဆိုတော့ သရဲတွေဘာတွေများ ရှိနေမလားမသိဘူးနော်"

"အို သက်စုကလည်း ကြံကြံဖန်ဖန် ဘာတွေလျှောက်တွေးနေမှန်းမသိဘူး"

"သက်စု တကယ်ပြောနေတာ မညို၊ ဟိုဓာတ်ပုံထဲက ဦးရဲနောင်အစ်မဆိုတာကလည်း သက်စုတို့ကို စိုက်ကြည့်နေသလိုပဲ"

"တော်ပါကွယ်၊ သက်စုပြောတာနဲ့ မညိုတောင်ကြောက်ချင်လာပြီ"

"သက်စုလည်း ကြောက်တာပဲ၊ ညကြရင် မညိုနဲ့အတူ လာအိပ်မယ်နော် မညို"

"အေးပါကွယ် အေးပါ"

◆ ◆ ◆



## အခန်း (၉)

"ဟော ဟိုမှာ ဘာလဲမသိဘူး"

သက်စု မျက်စိရှေ့ တလှုပ်လှုပ်မြင်နေရသည့် မြင်ကွင်းကို ...က်လုံးပြူးပြဲကြည့်ရင်း သက်စု ရင်တွေ တဒိတ်ဒိတ်ဖြစ်လာသည်။ ...းက မညိုကိုကြည့်လိုက်တော့ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေ ...ာ့ ပိုဆိုးသည်။

သက်စုစိတ်ထဲ ဖျတ်ခနဲ ဦးရဲနောင်၏ အဘိုးအဘွား ... အမေ ဓာတ်ပုံကြီးတွေကို ပြေးသတိရလိုက်သည်။ ဦးရဲနောင် ...ယ်တိုင်ကလည်း ဒီအိမ်ကြီးက ရှေးဟောင်းအိမ်ကြီးဟုဆိုသည်။ ...တွေရှည်ကြာသလို ဒီအိမ်ကြီးထဲမှာလည်း လူသေဆုံးမှုတွေက ...ည်း များသည်။

သေဆုံးသွားသူ လူတွေအားလုံး ကျွတ်မှကျွတ်ကြရဲ့လား



www.burmeseclassic.com

www.burmeseclassic.com



မသိ။ သူတို့အိမ်ကြီးကို သူတို့ဘာသာ စွဲလမ်းပြီး ဝိညာဉ်တွေ လျှောက်သွားနေမှဖြင့်။

"အမလေး"

သက်စုတစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထကာ မညို ဘက် သူမကိုယ်လေးကို ရွတ်အတင်းတိုးဝှေ့ပူးကပ်မိသည်။ မျက်စိကိုစုံမှိတ်ပြီး ပါးစပ်ထဲတွေ့ကရာ ဘုရားစာတွေ ရွတ်ဖတ်နေမိပေမယ့် အမြီးအမောက်ကမတည့်။ ဒီကြားထဲ အမှောင်ကဲသည့် ဝရန်တာဘက်က မည်းမည်းလှုပ်လှုပ်နှင့် ဝိညာဉ်လား တစ္ဆေလားမသိသည့် သတ္တဝါရှိသည့်ဘက်ကို ခိုးကြည့်ချင်နေမိသေးသည်။

လူ့စိတ်ဆိုတာခက်သည်။

မလုပ်ပါနဲ့ဆိုတာမျိုးကိုမှ ပိုလုပ်ချင်သည်။ မကြည့်နဲ့ဟု စိတ်က သတိပေးနေသည့်ကြားကပဲ ကြောက်ကြောက်လန့်လန့်စိတ်ကြီးစိုးနေပါလျက်ဲ့ စပ်စုကြည့်မြင်လိုစိတ်က ခေါင်းထောင်လာသေးသည်။ မလွယ်မှန်းသိသိနှင့် မမညိုကိုယ်လေးကို လက်တစ်ဖက်နှင့် တင်းနေအောင်ဖက်ပြီး အမှောင်ထဲရှိ လှုပ်လှုပ်မြင်နေရသည့်နေရာဆီ မျက်လုံးကို မှေးစင်းပြီးကြည့်သည်ဆိုရုံလေး ဖွင့်ကြည့်သည်။

ဘာမှမတွေ့။

သက်စုပဲ စိတ်ထင်လို့များလား။

အိပ်ရာက တစ်ရေးနိုးဆိုတော့ အိပ်မှုန်စုံမွှားဖြစ်ပြီး မရှိတာကို





အရှိထင်တာဆိုလျှင်တော့ သက်စုအဖြစ်က ရယ်စရာကောင်းမည်။ မျက်လုံးကို ခပ်ကျယ်ကျယ်ဖွင့်ပြီး ဟိုဒီကြည့်သည်။ အမှောင်မဲမဲကလွဲပြီး ဘာဆိုဘာမှမရှိ။

ညရေးညတာသုံးဖို့ ဦးရဲနောင်က လက်နှိပ်ဓာတ်မီးကိုယ်စီ ပေးထားသည်။ ညက တစ်ညလုံး အခန်းမီးဖွင့်အိပ်ပေမယ့် အခုတော့ မီးက ငြိမ်းနေသည်။

မီးပျက်တတ်တာက ဘယ်နေရာပဲဖြစ်ဖြစ် မဆန်းတော့ သလို ဖြစ်နေရုံမက ရိုးနေပြီဆိုတာမျိုး။ အားလုံးကိုယ်စီ ကိုယ်ပိုင် မီးစက် မော်တာ ဓာတ်မီး အင်ဗာတာ အသင့်ဆောင်ထားကြသည်။ သက်စုလက်ထဲမှာလည်း ဓာတ်မီးအသင့်ရှိသည်။ လက်ထဲမှာ ဓာတ်မီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း အမှောင်ထဲ ဟိုဟိုဒီဒီ ရမ်းသမ်းပြီး မီးနှင့်လှမ်းလှမ်းကြည့်သည်။

"မမညို"

"မမညို"

စိတ်ထဲမှာ လိပ်ပြာမလုံတာမို့ မမညိုကို အသံတိုးတိုးခေါ် ကြည့်ပေမယ့်မရ။ ညနှစ်နာရီကျော်ကျော်ကြမှ အိပ်ရာက လန့်နိုးလာသော သက်စုကို အဖော်လုပ်ပေးမည့်သူကမရှိ။

အရေးထဲကြမှ မမညိုကလည်း အိပ်နေလိုက်တာ သိုးနေ တာပဲဆိုသည့်အတွေးဖြင့် စိတ်ထဲမှာ ကြောက်လည်းကြောက်



www.burmeseclassic.com

www.burmeseclassic.com



မမညိုကြီးကို စိတ်ဆိုးဆိုးဖြင့် တစ်ယောက်တည်း ကြိတ်ကောက်နေမိသည်။

ခါတိုင်းဆို မမညိုဟာ သိပ်ကို အအိပ်အနေဆတ်တဲ့မိန်းကလေးဖြစ်ပါလျက် ဒီနေ့ကြမှ မနိုးရကောင်းလားဟု အပြစ်တင်နေသော သက်စုမှာ သူ့မမညို ညတစ်နာရီကျော်မှ နှစ်မြိုက်စွာအိပ်ရရှာသည့်အဖြစ်ကိုဖြင့် မသိလိုက်ရှာပါ။ ခုနစ်နာရီမထိုးခင်ထဲကတဝါးဝါးသမ်းပြီး အိပ်ရာထဲ စောစောစီးစီး ဇိမ်နှင့်ဝင်ခွေနေရာမှ နှစ်နှစ်မြိုက်မြိုက်ကြီး အိပ်ပစ်လိုက်တာမို့ အခုလိုအချိန်မှာ အိပ်ရေးဝပြီး နိုးလာရခြင်းဆိုလည်းမမှား။

"ကျွီး"

"ဒုတ်"

"ရွှီး ဖတ် ဖတ်"

"ဟော"

သက်စုကိုယ်လေး တွန့်သွားကာ မမညိုဘက် ကိုယ်ကိုအစွမ်းကုန်တိုးပစ်သည်။ အသံ။ သက်စုနားနှင့် ဆတ်ဆတ်ကြားလိုက်ရသောအသံမှာ လူတစ်ယောက် အခန်းတံခါးကို ဖွင့်ပိတ်သံဖြစ်ပြီး တဖျတ်ဖျတ် လမ်းလျှောက်သံကိုပါ ကြားရတာမို့ သက်စုတစ်ကိုယ်လုံး ကြက်သီးမွေးညှင်း တဖျင်းဖျင်းထောင်ထသွားသည်။

"သရဲလာပြီထင်တယ်၊ အမလေး မမညိုကလည်း





အိပ်လိုက်တာသိုးလို့၊ နိုးမရဘူး"

"ရုပ်ရှင်တွေထဲကလိုများ ငါ့တစ်ယောက်တည်း ကွက်ပြီးသရဲခြောက်ချင်လို့ မမညိုကို တမင်မနိုးအောင် တန်ခိုးနဲ့များ လုပ်ထားတာလား"

"အီး ခြောက်လိုက်တာ"

"မမညို မမညို"

မမညိုကိုယ်လေးကိုလှုပ်ပြီး ကြိတ်အနိုး

"ဝုန်း"

"အမလေး မမညို သရဲ သရဲ"

"ဟဲ့ ဟဲ့ သက်စု"

"သက်စု"

ညအမှောင်ထဲ သက်စု သရဲအော်ဟစ်သံက ရဲနောင်တို့တစ်အိမ်လုံး သိမ့်သိမ့်တုန်သွားကာ နှစ်မြိုက်စွာအိပ်ပျော်နေသည့်ညိုညိုပါ သက်စုအသံပြကြီးကြောင့် အလန့်တကြားနိုးလာရတာဖြစ်သည်။

"ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ"

"သရဲ မမညို သရဲ"

"ဟင်"

သရဲဆိုတာနှင့် သက်စုကိုယ်လေးကို ပွေ့ဖက်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ညှိုညှိုလက်အစုံပါ ပို၍တင်းသွားကာ အမှောင်နှင့်မည်းမည်း ပတ်ဝန်းကျင်ကို ပို၍တုန်လှုပ်ချောက်ချားသွားသည်။

သရဲဆိုပါလား။

ညှိုညှိုကိုယ်တိုင် ဦးရဲနောင်တို့ အိမ်အောက်ထပ်ရှိ ဓာတ်ပုံကြီးငယ် ပန်းချီကားအသွယ်သွယ်ရှိရာကို စိတ်ရောက်သွားကာ တဆတ်ဆတ်တုန်နေသော သက်စုကိုယ်လေးကိုဖက်ကာ ကြက်သီးဖြန်းခနဲ ထသွားသည်။

သက်စုပြောသလို တကယ့်သရဲဖြစ်နေမှဖြင့်ဆိုသည့် အတွေးနှင့်အတူ သက်စုအကြောင်း သိနေသူပီပီ ကြောက်စိတ်ကို ချက်ချင်းဖြေသိမ့်ပြီး ရဲဆေးတင်လိုက်ရသည်။

"ဟုတ်ရောဟုတ်ရဲ့လား သက်စုရယ်၊ သက်စုဘာသာ အိပ်မက်တွေဘာတွေမက်ပြီး ယောင်တာလား၊ ဒါမှမဟုတ် တစ်ခုခုကိုများ အထင်မှား အမြင်မှားတာမျိုးလားကွယ်"

"အို ဘာအမြင်မှမမှားဘူး၊ ဘာအထင်မှလည်းမလွဲဘူး၊ သက်စုနားနဲ့ ဆတ်ဆတ်ကြားရတာ ဟောဒီက သက်စုမျက်လုံးနဲ့ကို မြင်ရတာတွေ့ရတာ မမညှိုရဲ့ သိလား"

"ဟင်"

"အို တကယ်ပါဆိုမှ သရဲမှ သရဲအစစ်၊ မည်းမည်းကြီး"

"အို တော်ပါတော့ သက်စုရယ်"





ပြောရင်း ညှိုညှိုပါ ကြောက်လာသဖြင့် သက်စုကို ဖက်ထားခိုက်

"ဒေါက် ဒေါက်"

"ဟော သရဲလာပြီ မမညှို၊ သရဲလာပြီ သက်စုကြောက်တယ် လုပ်ပါဦး"

သက်စုတစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသလို ညှိုမှာလည်း တုန်လှုပ်ခြင်းမက ချောက်ချားခြင်းပါဖြစ်ရပါပြီ။ သက်စုပြောသလို တကယ်ပဲ သရဲလာခြင်းများလား။ မဟုတ်လျှင်တော့ ကိစ္စမရှိ။ တကယ်လို့များ သက်စုပြောသလို ဟုတ်နေမှဖြင့်

"ဒေါက် ဒေါက်"

"အပြင်ကဘယ်သူလဲ"

လက်နှိပ်ဓာတ်မီး နှစ်လက်စလုံးကို တစ်ခန်းလုံးလင်းနေအောင်ထွန်းထားရင်း တုန်ရင်နေသော အသံကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းချုပ်ပြီး ခပ်ကျယ်ကျယ်မေးလိုက်သည့်အသံက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းပြီး ဟိန်းထွက်သွားသည်။

"ညှိုညှိုလား၊ ကျွန်တော်ပါ ရဲနောင်လေ"

"ဟင် ကိုရဲနောင်"

"တကယ် ဦးရဲနောင်လား မမညှို၊ တော်ကြာ သရဲက ဟန်ဆောင်တာဖြစ်နေဦးမယ်နော် မမညှို၊ ဟို သက်စုတို့ကြည့်ဖူးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ထဲကလိုလေ''

''အို သက်စုကလည်း အရေးထဲ ဘာတွေလျှောက်ပြော မှန်း မသိဘူး''

သက်စုကို မာန်ကြိမ်းလေး ကြိမ်းလိုက်ရပေမယ့် ခုတင်ပေါ်က အပြေးဆင်းပြီး အိပ်ခန်းတံခါး ဖွင့်မည့် ညိုညို့စိတ်ကူး လေထဲတန့်သွားသည်။

''ညိုညို''

''ညိုညို သက်စု''

''ဒေါက် ဒေါက်''

''အသံကတော့ ကိုရဲနောင်အသံပါ၊ တံခါးကိုလည်း တဒုန်းဒုန်းဖွင့်နေသားပဲ၊ လာ သက်စု မညိုတို့နဲ့လိုက်ခဲ့၊ သိပ်လည်း ဟန်မပျက်နဲ့လေ၊ ထိန်းမှပေါ့''

''ဟင့်အင်း သက်စုတော့ ကြောက်တာပဲသိတယ်၊ မနက်ဖြန်ကြရင် သက်စု ဒီမှာမနေဘူးနော်၊ မညိုအိမ်လေးကိုပြန်မယ်''

သက်စုက ညိုညို့ကိုယ်လေးကို မလွှတ်တမ်းဖက်တွယ်ထားရင်း စကားကို တတွတ်တွတ်ပြောလျက် ညိုညိုနှင့်အတူ လူကပါလာပေမယ့် မျက်လုံးကမဖွင့်။

''မနက်လင်းတာနဲ့ ဒီကပြန်ကြမယ်နော်၊ မညိုနော်''

''အေးပါဟယ်၊ မညိုလက်ကိုလည်း တစ်ချက်လောက်





လွှတ်စမ်းပါဦး၊ တံခါးဖွင့်ရအောင်လို့ပါ''

''ညိုညို''

''လာပြီ ကိုရဲနောင် လာပြီ''

''ကျွီ''

''ဂျောက်''

''ညိုညို ဟင် သက်စု၊ ဒါက ဘယ်လိုဖြစ်ကြတာလဲဗျာ၊ မညိုညိုတို့အခန်းက အော်သံကြားလို့ ပြေးလာတာ၊ သက်စု ကိုယ့်ကို မျက်လုံးဖွင့်ကြည့်ပါဦးဗျာ''

''ဦးရဲနောင်''

''အို''

သက်စု မျက်လုံးအစုံကို ဖျတ်ခနဲဖွင့်ပြီး ဦးရဲနောင်ကို ကြည့်လိုက်တော့ စိုးရိမ်တကြီး သက်စုမျက်နှာကို ငုံ့ကြည့်နေသည့် ဦးရဲနောင်မျက်နှာချောချောကို တွေ့လိုက်ရပြီးနောက်မှာ သက်စု မျက်နှာလှလှလေးကို တစ်ခါမှ မမြင်ဘူးမတွေ့ဘူးသလို မျက်လုံးပြူးကြီးတွေနှင့် တအံ့တသြ စူးစိုက်ကြည့်နေသည့် လူတစ်ယောက်ကြောင့် သက်စုရင်ထဲ မွန်းမွန်းထူထူကြီးဖြစ်ကာ စိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားသည်။

သူ ဘယ်သူဆိုတာ သက်စုမသိသလို သက်စုဘယ်သူ ဘယ်ဝါလဲဆိုတာကို ထိုလူသိပုံမရပါ။ လှပသော သက်စုမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေးကိုသာ တစ်ချိန်လုံး ဘာစကားမှမပြောပဲ အသံတိတ်လိုက် ကြည့်နေခြင်း ဖြစ်ပါသည်။

"သက်စု နေကောင်းရဲ့လားဟင်၊ ကိုယ် ဘာလုပ်ပေး မလဲ၊ ဘယ်လိုဖြစ်ကြတာလဲ မညှိုရယ်၊ ကျွန်တော့်ကိုပြောပါဦး"

"ဟို အဲဒါက"

"တစ်အိမ်လုံးမှာရှိနေတဲ့ မီးတွေကို အရင်ထွန်းပါ ဦးရဲ နောင်၊ မီးစက်ကို အရင်ဖွင့်ပေးပါ"

"အာ ဟုတ်ပြီ ခဏလေးနော် သက်စု"

"ဟုတ်ကဲ့"

ဦးရဲနောင်က အခုမှ တစ်စုံတစ်ရာကို သတိရသွားသည် ပါးအို့နီနီရဲရဲ နှုတ်ခမ်းမွှေးပါးသိုင်းစနှင့် ကောင်လေးဘက်ကိုလှ ကာ သူတို့ခြင်းသာ နားလည်ပုံရသော ရှမ်းဘာသာဟုထင်ရသော စကားတစ်မျိုးဖြင့် လှည့်ပြောလိုက်ရာ သက်စုမျက်နှာလှလှလေး သာ တစ်ချိန်လုံးလိုက်ကြည့်နေသော ကောင်လေးက နေရာ ချာခနဲလှည့်ထွက်သွားတာ မြင်လိုက်ရသည်။

"မီးတွေ ချက်ချင်းလင်းလာပါလိမ့်မယ်၊ ခဏလေး စောင့်နော်၊ ကြည့်ရတာ သက်စု အိပ်မက်ဆိုးတွေမက်တာထ တယ်"

ဦးရဲနောင်က သက်စုမျက်နှာကို ခပ်ပြုံးပြုံးအမူအယာ





နည့်သိမ်မွေ့စွာ ချစ်စနိုးပြောလိုက်တာဖြစ်ပေမယ့် သက်စုအတွက် ကြတော့ မဟုတ်တာ အပြောခံလိုက်ရတာမို့ အတော်လေး ခံပြင်း စိတ်နှင့် ဒေါသဖြစ်သွားသည်။

"သက်စုက အိပ်မက်ဆိုးမက်တာမဟုတ်ဘူး၊ ဟောဒီက ချက်လုံးနဲ့တွေ့ပြီး ဒီနားကြီးနဲ့ ခတ်ဆတ်ကြားရတာ"

"သရဲမှ သရဲအစစ်ကိုမြင်ရတာ သိလား"

"သက်စု မပြောရဘူးလေ"

"ဟာ"

ညှိုညှို ဝင်ဟန့်လိုက်ပေမယ့် အချိန်မမီတော့ပါ။ နိုးနိုး ဒေါက်ဒေါက်ပြောနေကြ အမူအကျင့်အတိုင်း သက်စုက သူမခံစား ချက်ကို ဒုန်းခနဲ ဒိုင်းခနဲ ဖွင့်ပြောပြီးဖြစ်နေသည်။

ဦးရဲနောင်မှာလည်း သက်စုစကားကိုကြားပြီး ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားကာ သက်စုမျက်နှာလှလှလေးသာ း စိုက်ကြည့်နေမိသည်။

သရဲဆိုပါလား။

တစ်သက်နှင့်တစ်ကိုယ် ရဲနောင်ဘဝမှာ တစ်ခါမှမကြား ့သည့် စကားဖြစ်၍ သူ့အတွက် အသစ်အဆန်းဖြစ်နေသည်။

"သက်စုကလည်းကွယ် ဦးရဲနောင်ကို အားနာစရာ ာတွေလျှောက်ပြောမှန်းကိုမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အို သက်စုမြင်တဲ့ ကြားတဲ့အတိုင်း အမှန်ပြော
မယုံလည်း မတတ်နိုင်ဘူး၊ မနက်လင်းတာနဲ့ သက်စု မညီ
လေးကိုပြန်မယ်"

"အာ အဲဒီလိုကြီးတော့ ရုတ်တရက်ကြီး မဆုံးဖြတ်
ပါနဲ့ဦး သက်စုရယ်၊ ကိုယ့်မျက်နှာကိုလည်း ငဲ့ပါဦးဗျာ"

"သက်စု ဒီအိမ်မှာမနေချင်ရင် တခြားအိမ်တစ်
ပြောင်းပေးပါ့မယ်၊ မနေ့ကမှရောက်တာ ဒီနေ့ချက်ချင်းပြန်မယ်
ကိုယ် တကယ်ခံစားရမှာမို့ပါ"

"ကိုယ့်စကားကို လက်ခံပါဗျာ၊ ကိုယ်ပြောတာ
တယ်မဟုတ်လားဟင် သက်စု"

သက်စု ဘာမှပြန်မပြောနိုင်အောင် တစ်အိမ်လုံးရှိ
မီးတွေ ထိန်ထိန်လင်းသွားတာမို့ ကြောက်စိတ်တို့ပျယ်လျ
မီး အလင်းရောင်အောက်မှာ နေရဲထိုင်ရဲဖြစ်လာ၏။

"အစထဲက မီးကို တစ်ညလုံး အလင်းထွန်းထားလို
ပြီးရော၊ ကပ်စီးကုတ်ပြီး မီးမထွန်းပေးလို့ သက်စုကို သရဲက
တာ"

"ဗျာ"

"အို"

"သက်စုကိုယ်စား ညီ့ကပဲ တောင်းပန်ပါတယ်





"ရပါတယ်ဗျာ၊ ကိုယ်ကသာ သက်စုကိုရော ညီ့ကိုရော တောင်းပန်ရမှာပါ၊ သက်စု အခုလိုဖြစ်ရတာ ကိုယ့်အပြစ်တွေလည်း မကင်းပါဘူး၊ အခု တစ်ညလုံး မီးထွန်းပေးထားရင် သက်စု ကိုယ့် အခန်းမှာ ကိုယ်ပြန်အိပ်ရဲမယ်ထင်ပါတယ်"

"မီးထွန်းထားရင်တော့ သက်စုလည်းမကြောက်ပါဘူး"

"ကောင်းပါပြီဗျာ၊ တစ်ညလုံး မီးအလင်းထွန်းထားပါ့မယ် ဟုတ်လား၊ ကိုင်း ညီအစ်မနှစ်ယောက်စလုံးလာကြ၊ အိပ်ခန်းပေါက် ဝအထိ ကိုယ် ကိုယ်တိုင်လိုက်ပို့မယ်"

ညီညီနှင့်သက်စု မငြင်းနိုင်တော့။ တစ်အိမ်လုံးလည်း မီးထိန်ထိန်လင်းနေပြီ ဦးရဲနောင်စီစဉ်သည့်အတိုင်း ကိုယ့်အိပ်ခန်းရှိရာ ကိုယ်ပြန်ခဲ့သည်။ ရာသီဥတုကလည်း နိုက်နိုက်တုန်မတတ် ရက်စက်စွာ အေးမြလှသည့်အတွက် သိပ်မကြာလိုက်ပေ ဂွမ်းကတ် ထူထူအိအိထွေးထွေးမှာ ကလေးတစ်ယောက်လို နှစ်ခြိုက်စွာ ပြန်လည်အိပ်ပျော်သွားလိုက်ကြပါတော့သတည်း။

• • •



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

သေချာကြည့်သည် ဘာမှမရှိ။ အထပ်ထပ်စစ်ဆေးသော
လည်း မြင်ကွင်းက ဒီအတိုင်းသာ။ ဘာတစ်ခုမှ ပြောင်းလဲတာ
မတွေ့ရ။

"စိတ်ထင်လို့ပါ သက်စုရယ်၊ ညဘက် အမှောင်ထဲ
ကြောင်တွေ ကြွက်တွေလည်းဖြစ်နိုင်တာပဲ၊ ညက သက်စုအော်တော့
မမတောင် ကြောက်သွားတယ်"

"တကယ် ကြောက်စရာကောင်းတာ မမညိုမှမသိဘဲ
ညတုန်းက"

"အဟမ်း"

အခန်းပေါက်ဝဆီမှ ချောင်းဟန့်သံကြောင့် ညီအစ်မ
နှစ်ယောက် အသံတိတ်သွားကာ နောက်ဘက်ကို ပြိုင်တူလှည့်ကြည့်





ဆိုက်တော့ မနေ့ညက ဦးရဲနောင်နားမှာ အတူရှိနေသည့်လူကို
တွေ့လိုက်ရသည်။ စူးရှတောက်ပသော မျက်လုံးအစုံက တစ်ချိန်လုံး
မညိုမျက်နှာကိုသာ စူးစိုက်ကြည့်လျက်။

"အစ်ကိုနောင်က ခေါ်ခိုင်းလိုက်လို့ပါ၊ ထမင်းစားခန်းမှာ
စောင့်နေပါတယ်"

"ဩော် ဟုတ်ကဲ့၊ ညီမတို့ အခုပဲလာခဲ့ပါ့မယ်"

"အင်း"

ခေါင်းတစ်ချက်ဆတ်လိုက်ပြီး မမညိုမျက်လုံးကို
ကြည့်မတ် စူးရဲစွာ စိုက်ကြည့်ကာ နေရာက ချာခနဲထွက်သွားပုံက
ကျာချမ်း စရာ။

"ဒီလူပုံစံကြည့်ရတာ ဘယ်လိုမှန်းလည်းမသိဘူးနော်
မမညို၊ သက်စုကို ကြည့်သွားပုံကလည်း တစ်မျိုးကြီးပဲ"

"သက်စုက သိပ်လှလို့ ကြည့်တာပါကွယ်၊ လာသွားကြ
စို့၊ တော်ကြာ ဦးရဲနောင်က မမတို့ကို အကြာကြီး စောင့်နေရရင်
အားနာစရာ"

လိုက်ပို့မည့်သူမရှိသလို လာရောက်ကြိုဆိုမည့်သူမရှိဘဲ
ညီအစ်မနှစ်ယောက် တစ်ယောက်အတွေးတစ်မျိုးဖြင့် ခန်းမဆောင်
ကြီးကို ဖြတ်ကျော်ပြီး ထမင်းစားခန်းရှိရာရောက်ခဲ့သည်။

"ရောက်လာကြပြီလား လာဗျာ ထိုင်ကြ၊ စားစရာတွေ



www.burmeseclassic.com

www.burmeseclassic.com



တော့ အစုံပြင်ထားတာပဲ၊ ကြိုက်ရာစားကြနော်၊ အားမနာနဲ့"

ဦးရဲနောင်၏ ဖော်ဖော်ရွေရွေ မျက်နှာထားကလည်း နူးနူးညံ့ညံ့နှင့် ညီအစ်မနှစ်ယောက်စလုံးအတွက် အသင့်ပြင်ဆင်ထားသော စားသောက်ဖွယ်ရာတွေထဲက ကောင်းနိုးရာရာလေးတွေကို သူကိုယ်တိုင် သက်စုနှင့် ညှိုညှို့ပန်းကန်ထဲသို့ ထည့်ပေးပြီးမှ သူ့အတွက် သူကိုယ်တိုင် ပြင်ဆင်စားသောက်ပါသည်။

"ညက အိပ်ရေးမဝလို့ ခေါင်းကြည်ကြရဲ့လားဗျာ၊ ဒီနေ့ မညှိုညှို့နဲ့ သက်စုကို နတ်မော်တောင်တို့၊ ဘုရားတို့၊ ရေတံခွန်တို့ လိုက်ပို့မလို့ပါ"

"စားသောက်ပြီးရင် သွားကြမယ်လေ၊ နေ့လယ်စာကို ကျွန်တော့်ခြံမှာပဲ စားကြမယ်၊ ဟိုရောက်ရင် စိတ်ဝင်စားစရာ ဗဟုသုတတွေ အများကြီးရလို့ မညှိုညှို့ရော သက်စုပါ ပျော်သွားမှာပါ"

လျှောက်လည်ရမည်။ ပျော်ရမည်ဆိုတာနှင့်ပဲ ညတုန်းဆီက ကြောက်ခဲ့လန့်ခဲ့ရတာတွေကို ချက်ချင်းမေ့သွားသူက သက်စုဖြစ်သည်။ ဒီလို အလည်အပတ် အပျော်ခရီးမျိုးချည်းသာ ထွက်နေမည်ဆိုလျှင် သက်စုတို့က အိမ်မပြန်ရရင် နေပါစေဆိုသည့် လူစားထဲက ဖြစ်သည်။

စားသောက်ပြီး ဦးရဲနောင်ကားကြီးနှင့် အသင့်သွားဖို့ ပြင်ဆင်ကြသည်။





"ခဏနော် ကိုရဲနောင်၊ ရန်ကုန်အိမ်ကို ကိုရဲနောင်တို့ဆီမှာ ...တဲ့အကြောင်း ဖုန်းတစ်ချက်လောက် ဆက်ချင်လို့ပါ"

"ဆက်ပါဗျာ ဆက်ပါ၊ သက်စုရောသွားလေ၊ အန်ကယ်နဲ့ ...တို့ကို ဖုန်းမပြောတော့ဘူးလား၊ ဒီအချိန်ဆို သက်စုအန်တီကြီး ...ည်း သက်စုကို လွမ်းနေလောက်ပြီ"

"အဟွန်း ဟွန်း ဟွန်း"

ကိုရဲနောင်က သက်စုနှင့် အန်တီကြီးအဖြစ်ကို သိထား ...ဖြစ်သည့်အတိုင်း လှပသော သက်စု၏ ချစ်စရာမျက်နှာလေးကို ...ာ်လုံးလက်လက်များဖြင့် ချစ်မြတ်နိုးစွာ စူးစိုက်ကြည့်ရင်းရယ် ...ာ့ သက်စုပါ သူနှင့်အတူ ရောနှောပြုံးရယ်မိသည်။

အန်တီကြီးနှင့် သက်စုအဖြစ်ကလည်း နီးတကျက်ကျက် ...တသက်သက်ဆိုသည့်အတိုင်း သက်စုလည်း အန်တီကြီးကို ...တိုရလွမ်းနေပါသည်။

"သက်စုလည်း အန်တီကြီးကို လွမ်းနေတာပါပဲနော်၊ ...သက်တိုင်းလည်း သက်စုကိုပဲ စိတ်မချဖြစ်ပြီး မှာတမ်းချွေနေတာ ...တော့ မမညှိုကိုပဲ သက်စုကိုယ်စား ပြောခိုင်းလိုက်တာပေါ့လို့"

"သိပ်ကောင်းတဲ့အကြံဉာဏ်ပေါ့ ဟုတ်လား"

ချစ်စနိုးပြောမှန်းသိသဖြင့် သက်စု ရယ်နေလိုက်သည်။

"သွားလို့ရပြီ ကိုရဲနောင်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ"

သက်စုတို့ ညီအစ်မနှစ်ယောက် ကားပေါ်တက်အပြီးမှာ ကိုရဲနောင်ကားကြီး နေရာက ဝေါခနဲထွက်သည်။ ကားရှေ့ခန်းမှာ ညီညီကစီးပြီး ကားနောက်ခန်းမှာ သက်စုထိုင်သည်။

ဟော။

သက်စုနှုတ်ဖျားက အံ့ဩစိတ်ဖြင့် အသံတိုးတိုးလေး ထွက်သွားပြီး ဦးရဲနောင်၏ နှစ်ထပ် အိမ်မြင့်ကြီး၏ တစ်နေရာကို သေချာစူးစိုက်ကြည့်လိုက်တော့ သက်စုတို့စီးနင်းလိုက်ပါသွားသည့် ကားရှိရာကို မတုန်မလှုပ် မျက်နှာအမူအယာဖြင့် စူးစိုက်ကြည့်နေသည့် လူတစ်ယောက်မျက်နှာကို မြင်လိုက်ရပြီး ဖျတ်ခနဲ ပျောက်သွားသည်။

ဘယ်သူပါလိမ့်။

ယောကျ်ားလား။ မိန်းမလား မကွဲပြားသည့် သဏ္ဌာန်တစ်ခု။ လူလား ဝိညာဉ်လားဟုတွေးရင်း သက်စုတစ်ကိုယ်လုံး ကြက်သီးဖြန်းခနဲထသွားခိုက်

ကားရှေ့ခန်းဆီမှ စည်လွင်ချိုသာစွာ ရယ်မောလိုက်သော မညီ၏ အသံနှင့် ဦးရဲနောင်တို့အသံက တိတ်ဆိတ်သော ပတ်ဝန်းကျင်ကို လွှမ်းမိုးသွားသည်။ သက်စုက မညီကို တစ်စုံတစ်ရာ လှမ်းပြောမည်ပြုပြီးမှ ချက်ချင်းပင် နှုတ်ဆိတ်နေလိုက်သည်။





သက်စုပြောတိုင်းလည်း မညီက သက်စုစကားကိုယုံချင်မှ ယုံသူဖြစ်သည့်အတိုင်း သက်စုဘာပြောပြော ရယ်စရာလုပ်ပစ်မှာကို သိနေ၍ဖြစ်သည်။ ထုံးစံအတိုင်း သက်စုက သူမစိတ်ဝင်စားသည့် ပတ်ဝန်းကျင်အသစ် ရှုမျှော်ခင်းအသစ်တွေကို ငေးလာသည်။

အိမ်က ထွက်လာတုန်းက ကြည်စင်ပြာလွင်နေသော မိုးကောင်းကင်နှင့် ရာသီဥတုက ရုတ်တရက်ပြောင်းလဲသွားတာနှင့် ကြုံရသည်။

"အရင်ဆုံး ပြဿဒ်တောင်ကို အရင်ဝင်ပြီး ဘုရားဖူးလိုက်တာပေါ့ဗျာ၊ ပြီးမှပဲ နတ်မျော်ချောင်ကို သွားကြမယ်"

"ကိုရဲနောင် ကောင်းသလိုသာ စီစဉ်ပါရှင်၊ ညီ့တို့ညီအစ်မကတော့ ကိုရဲနောင်ခေါ်ရာ လိုက်ရုံပါပဲ"

ပြဿဒ်တောင်ဘုရားကို အရင်ဖူးကြသည်။ တောင်က သိပ်မမြင့်သော်လည်း အဆင့်ဆင့်တက်ရခြင်းကို အကြောင်းပြုကာ ပြဿဒ်တောင်ဟု ခေါ်လေသလားမသိပါ။ ဘုရားဖူးပြီး ပြန်အဆင်းမှာ ကောင်းကင်က ပြိုတော့မယောင် ညိုမှောင်လာနေပါပြီ။

"ရာသီဥတုကလည်း အပြောင်းအလဲ မြန်လိုက်တာနော်၊ အခုပဲ နေပူ၊ အခုပဲ မိုးရွာနဲ့"

"ဒီမှာက ဒီလိုပဲ သက်စု၊ အချိန်အခါမဟုတ် မိုးရွာချင်ရွာတတ်တာပဲဆိုတော့ ဧည့်သည်တွေအတွက်ကတော့ ရိုးနေပြီလို့ဆိုရမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့လေ"

"ဟော ပြောရင်းဆိုရင်း မိုးပါ ရွာလာပြီ သက်စုရေ၊ လာ လာ ကားဆီအရောက်သွားမှဖြစ်မယ်"

မညီက သက်စုလက်ကလေးဆွဲပြီး ရပ်ထားသည့်ကားရှိရာသို့ပြေးရာ ဦးရဲနောင်ပါ သက်စုတို့နှင့်အတူ အပြေးအလွှားလိုက်ပါလာသည်။ နေရာက ကားကို ခပ်ကြမ်းကြမ်းမောင်းထွက်လာတော့လမ်းမှာ မိုးက တော်တော်သည်းသည်းမည်းမည်းရွာချလျက်ရှိကြောင်း တွေ့ရ၏။

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထု ပြိုဆင်းကာ တဖျတ်ဖျတ်လင်းလက်သွားသော လျှပ်စီးရောင်များနှင့်အတူ တအုံးအုံး တဒိုင်းဒိုင်း မိုးထစ်ချုန်းသံတွေကြောင့်လည်း အသည်းငယ်သော သက်စုမှာ အပြင်ပတ်ဝန်းကျင်ကို ရဲရဲမကြည့်ဝံ့တော့ဘဲ မျက်လုံးမှိတ်ပြီး ကားနောက်ခန်းထဲမှာ သူမကိုယ်လေးကို ပြားဝပ်ထားမိသည်အထိဖြစ်သည်။

"သိပ်ကြောက်နေလား သက်စု၊ ရန်ကုန်သူပဲဗျာ မိုးနဲ့တော့ မစိမ်းပါဘူး"

ဦးရဲနောင်က သက်စုဖြစ်နေပုံကို ချစ်စနိုးချယ်မောစနောက်နေနိုင်ပေမယ့် သက်စုမှာတော့ ဖြစ်ပျက်နေသည့် ပတ်ဝန်းကျင်အခြေအနေကြောင့် မရယ်နိုင်ပါ။





"ရန်ကုန်မိုးနဲ့ ဒီကမိုးက တူမှမတူဘဲ ဦးရဲနောင်ရဲ့ ကြည့်ပါဦး၊ မိုးမှောင်ကြီး ကျသွားလိုက်တာ နေ့လယ်နေ့ခင်းမှာတောင် ညကြီးမိုးချုပ်ကြနေတာပဲနော် မညီ"

"ဂျိမ်း"၊

"အမလေး"

သက်စုအသံတုန်တုန်နဲ့ ပြောနေတုန်း ဒုန်းခနဲ ဒိုင်းခနဲ အစ်ချုန်းလိုက်သော မိုးခြိမ်းသံကြီးကြောင့် သက်စုမှာ 'အမလေး' တစ်ချက်အော်ပြီး ကားနောက်ခန်းမှာ ပြန်ဝပ်နေလိုက်သည်။

"ဒီပုံအတိုင်းဆို နတ်မှော်ချောင်ကို သွားလို့မဖြစ်တော့ဘူးထင်တယ်၊ ကိုယ့်ခြံကိုသွားကြမယ်"

"ဟုတ်ကဲ့"

"ရှူး"

"ကျွီး"

လမ်းတစ်ဝက်တစ်ပျက်မှ ကားကို ဝေါခနဲပြန်ချိုးအကွေ့

"ကိုရဲနောင် ရှေ့မှာ ရှေ့မှာ"

"ဟာ"

"ကျွီး ကျွီး"

ကားဘရိတ်ဖမ်းသံနှင့် ကားလမ်းနှင့် ကားပွတ်တိုက်သံကျညံ့စွာ မိုးရေထဲ ထိုးဖောက်သွား၏။ မိုးကြိုးထိမှန်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးတစ်ဖက်က ကားလမ်းမပေါ်မှာ တုံးလုံးပက်လက်။

"စောစောက မိုးကြိုးပစ်ချလိုက်တာ ဒီအပင်ကြီးပဲ၊ အခု ဘယ်လိုလုပ်ကြမလဲ ကိုရဲနောင်၊ ရှေ့လည်း ဆက်သွားလို့မရ၊ နောက်လည်းပြန်လှည့်မရ ဒုက္ခပါပဲရှင်"

"ဘာဖြစ်တာလဲ မမညို ဟင်"

သက်စုမှာလည်း ကားနောက်ခန်းမှာ ခေါင်းလေးထောင်ကြည့်ပြီး သူမမျက်စိရှေ့တည့်တည့်မှာ မြင်တွေ့လိုက်ရသည့် မြင်ကွင်းကိုကြည့်ပြီး နှုတ်ခမ်းလေးဟာ မျက်လုံးလေးအဝိုင်းသားဖြင့် အံ့ဩမယုံကြည်နိုင် ငေးနေပါသည်။

မိုးရောလေပါ ပို၍ပြင်းထန်ဆိုးရွားလျက်ရှိသော ပတ်ဝန်းကျင်မှာ မျက်စိမျက်နှာပျက်နေသော မိန်းမသားနနငယ်ငယ်နှစ်ယောက်ကိုကြည့်ကာ ကိုရဲနောင် အနူးညွှံအညင်သာဆုံးပြုံးလျက် မှန်တိုင်းရှိသည်ဟု သတင်းစကားကြားထားပါသော်လည်း ဤမျှဆိုးရွားမည်ဟု မထင်ခဲ့ခြင်းမှာလည်း သူ့အပြစ်ဟုဆိုရမည်ထင်သည်။

"သိပ်လည်း မစိုးရိမ်ပါနဲ့လေ၊ ဒီအနီးအနားမှာ ကိုယ်တို့အတွက် နားခိုစရာတစ်ခုတော့တွေ့မှာပါ၊ မိုးစဲမှပဲ တစ်မျိုးဆက်စဉ်းစားတာပေါ့ ဟုတ်လား"

"ရှီး"





"ကျိုး"

ကိုရဲနောင်က ကားကို နတ်မော်ချောင်ဘက်သို့ပြန်ပြီး ဦးတည်လိုက်သည်။ ကိုရဲနောင်၏ အဆုံးအဖြတ်ကို သက်စုတို့ညီအစ်မမှာ ထောက်ခံခြင်းလည်းမပြုသလို ကန့်ကွက်ခြင်းလည်းမရှိဘဲ ငြိမ်သက်တိတ်ဆိတ်စွာ ကိုယ့်အတွေးနှင့်ကိုယ် ပါလာကြသည်။ နတ်မော်ချောင်သို့သွားသည့် လမ်းခရီးက တောလမ်းခရီးမျှသာဖြစ်ခြင်းကို ညီညီရော သက်စုပါ မသိကြပါ။

ဤခရီးလမ်းက ဘုရားဖူးကားများအတွက် သီးသန့်ဖောက်ထားတာဖြစ်ပြီး လမ်းမှာ မည်သည့်ရွာ၊ မည်သည့်စခန်းမှ မရှိသော ချောင်ကျလှသည့်နေရာလည်းဖြစ်သည်။ ဖည့်သည်တွေ မသိပေမယ့် ဒေသခံဖြစ်သော ကိုရဲနောင်က လက်ရှိအခြေအနေအားလုံးကို ခြုံငုံနားလည်ပြီးဖြစ်ပါသည်။ နတ်မော်ချောင်နား မရောက်မီ တံတားဟောင်းတစ်ခုရှိပြီး ပြုပြင်နေဆဲအနေအထားအဖြစ် တံတားအောက်မှာ ကားများကို ဖြတ်သန်းသွားလာနေရခြင်းမို့ အခုအခြေအနေမှာ ထိုနေရာ ရေလွှမ်းနေမည့်အဖြစ်ကို အတတ်သိပြီးဖြစ်သည်။

အိုမင်းဆွေးမြေ့နေသော တံတားပေါ်က ဖြတ်ကျော်ဖြတ်ဖို့ ကြိုးစား၍လည်း အကျိုးမထူး။ အန္တရာယ်နှင့်သာ ရင်ဆိုင်ရဖွယ်ရှိသော အခြေအနေကို ထပ်မံစွန့်စားရန် အကြောင်းမရှိ။ တောလမ်း



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ကားကို မရပ်မနားမောင်းရင်း ဘာဆက်လုပ်ရမလဲဆို
ကိုရဲနောင် စဉ်းစားနေရပြီဖြစ်သည်။

တစ်ခုခုတော့ လုပ်ရမည်။

"ကျွီး"

ထင်သည့်အတိုင်း ဟောင်းနွမ်းဆွေးမြေ့နေသော တံ
အောက်မှာ ရေတွေအရှိန်နှင့်စီးနေသည်။ ရေဆက်သွားရျှံမဖြစ်
ညှိညှိက သူ့မျက်နှာကို အားကိုးတကြီးလှမ်းကြည့်သလို သက်
သူ့မမျက်စိရှေ့မြင်ကွင်းကို မျက်လုံးအဝိုင်းသား ကြောင်ကြည့်
ငြိမ်သက်နေရှာပါသည်။

"ဗွုး"

"ဝရော"

ကားကို နေရာက ချက်ချင်းပင် ပြန်လှည့်ကွေ့လိုက်

"ဒီရက်တွေမှာ မုန်တိုင်းရှိတယ်ဆိုတဲ့ သတင်းကြား
ပေမယ့် ဒီလောက်ဖြစ်လိမ့်မယ် မထင်ထားဘူးဗျာ၊ ကိုယ့်ကြော
ညှိညှိနဲ့သက်စ စိတ်အနှောင့်အယှက်ဖြစ်ရတာ တောင်းပန်ပါတယ်"

"ရပါတယ်ရှင်၊ ဒါက သဘာဝတရားပဲ၊ ညှိညှိမှာ
ပါတယ်"

ညှိညှိတို့ညီအစ်မနှစ်ယောက်၏ ကြောက်ရွံ့ထိတ်လန့်
သည့် မျက်နှာကိုကြည့်ပြီး အားတုံ့အားနာစကားဆိုနေ





ကိုရဲနောင်ကို သူမထုံးစံအတိုင်း နှစ်သိမ့်အားလည်းပေးနေပေမယ့် သက်စက လက်ရှိဖြစ်ပျက်နေသည့် အခြေအနေမှာ ဘာဆိုဘာမှ အားလည်းမပေးနိုင်ဘဲဖြစ်နေပါသည်။

"အခု ဘယ်ကိုသွားမှာလဲ ဦးရဲနောင်"

"ကိုယ့်မြို့ကိုပဲ သွားကြမယ်လေ၊ သက်စကြောက်နေလို့လား"

"အင်း"

ဟန်ဆောင်ရန်ပင် သတိမရဘဲ ခပ်သွက်သွက် ခေါင်းညိတ်လိုက်တော့ ကိုရဲနောင်ရယ်ပါသည်။

"မကြောက်ပါနဲ့ သက်စရဲ့၊ ဘာမှမဖြစ်ပါဘူး"

"ဟုတ်ကဲ့ပါ"

သက်စ ဒါပဲပြောတတ်ပါသည်။ လက်ရှိအခြေအနေမှာ သက်စတို့ ဘယ်ရောက်လို့ရောက်မှန်းပင် သိတာမဟုတ်။ ခရီးက အတော်ပေါက်လာတာပဲသိသည်။

"ဟော ဟိုမှာ"

"ဘာလဲဟင် သက်စ"

"မြင်းတစ်စီးနဲ့ လူတစ်ယောက်လေ၊ မညီတွေ့လိုက်လား"

"ဟုတ်ရဲ့လားဟယ်၊ ဒီလောက်မိုးထဲလေထဲ ဘယ်သူက



www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးသွားမှာလဲ သက်စုရယ်"

"သက်စုမျက်လုံးထဲ ရိပ်ခနဲတွေ့လိုက်သလားလို့ပါ၊ ဦးရဲနောင်ရော မတွေ့ဘူးလား"

"ဟင့်အင်း"

"မြင်းတစ်စီးနဲ့လူတော့ မတွေ့ဘူး၊ နတ်သမီးလေးပဲတွေ့တယ်"

"အို"

"အဟင်း ဟင်း ဟင်း"

"အဟွန်း ဟွန်း ဟွန်း"

မိုးထဲလေထဲ ကိုရဲနောင်၏ ခပ်တည်တည်ပြက်လုံးကို ညီညီနှင့် ကိုရဲနောင် သဘောကျစွာ ရယ်လိုက်ပေမယ့် သက်စုကတော့ သူတို့နဲ့အတူ လိုက်မရယ်မိပါ။

မိုးရေတွေ စိုရွှဲနေသည့် သစ်ရွက်သစ်ခက်တွေ လေနှင့်အတူ အပြိုင်ကြမ်းရမ်းစွာ တိုးဝှေ့လှုပ်ခါနေသည့် မြင်ကွင်းကို ဘာရယ်မဟုတ် ငေးမိငေးရာ လိုက်ငေးကြည့်နေရာမှ သစ်ပင်ချုံနွယ်အကြားမှာ လူတစ်ယောက်နှင့် မြင်းတစ်စီးကို ဘွားခနဲ တွေ့လိုက်ရပြီးနောက် ချက်ချင်းလိုပင် တောင်စောင်းအကွယ်အောက်မှာ ကိုယ်ရောင်ဖျောက်သလို ပျောက်ကွယ်သွားသည့်အခိုက်နှင့်ကြုံသဖြင့် မညီနှင့် ဦးရဲနောင်တို့ မတွေ့မမြင်လိုက်ခြင်းဟု တွေးနေပါသည်။





ဟွန်း။

သက်စု တကယ်မြင်တာကို သူတို့က ရယ်စရာလုပ်ပစ်တယ်။

ကြည့်နေပါ နောက် ဘာပဲတွေ့တွေ့ သူတို့ကို လုံးဝမပြောဘူး သိလား။

သက်စုတစ်ယောက်တည်း ကိုယ့်အတွေးနှင့်ကိုယ် မကျေနပ်။ အနိုတ်ကြီးတင် သက်စုကို လူရာမသွင်းချင်တာမဟုတ်။ မညီ နှင့် ဦးရဲနောင်လည်း အတူတူပဲဟုတွေးကာ မိုးလေနှင့်အပြိုင် တစ်ယောက်တည်းကျိတ်ပြီး ကားရှေ့ခန်းက လူနှစ်ယောက်ကို စိတ်ကောက်နေမိသည့်အဖြစ်ကို ရှေ့ကနှစ်ယောက် မသိလိုက်ကြပါ။

"ဝုန်း"

"ချွင်း"

"အမလေး"

"ကျွီး ကျွီး"

ရေလွှမ်းနေသော လမ်းက ခန့်မှန်းရခက်ခြင်းအဖြစ်ကို ကားမောင်းသူတိုင်းသိသည်။ တောင်ကျရေ ဝါပျစ်ပျစ်ရေများသာမက မုန်တိုင်းနှင့်အတူပါလာသော မိုးကလည်း သွန်ချလိုက်သလိုဖြစ်ရခြင်းကြောင့် ကွင်းပြင်အနှံ့ ချိုင့်ဝှမ်းမကျန် ရေအပြည့် ဖုံးလွှမ်းသွားရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဖြစ်စဉ်၏ရလဒ်က ရဲနောင်မောင်းလာသည့်ကားကို ချိုင့်ခွမ်းအတွင်း တစ်ဖက်ကျသွားစေခြင်း၏ အကြောင်းဖြစ်လာရခြင်းတည်း။

"ကားတစ်ဖက် နိမ့်ဆင်းပြီး ရေတွေဝင်လာပြီ၊ လုပ်ပါဦး ကိုရဲနောင်"

"မညို ကားရေနစ်တာလား"

မိန်းကလေးနှစ်ယောက်အသံမှာ တုန်လှုပ်ချောက်ချားမှု အပြည့်။ ကားထဲဝင်လာသည့် ရေတွေကိုကြည့်ပြီး သက်စုမျက်နှာမှာ ဆီးရွက်လောက်သာ ကျန်တော့သည်။

"ငြိမ်ငြိမ်လေး ငြိမ်ငြိမ်လေးနေကြပါဦးဗျာ၊ ကားပေါ်က ကိုယ်အရင်ဆင်းပြီး ညိုနဲ့သက်စုကို ဆွဲပါ့မယ်ဟုတ်လား"

"မြန်မြန်လုပ်နော် ဦးရဲနောင်၊ ကားထဲကို ရေတွေအရမ်းဝင်လာနေပြီ"

သက်စုကြောက်ဒူးတုန်နေသလို ညိုညို့မျက်နှာမှာလည်း သိသာစွာ ပျက်နေပါသည်။

"အိုကေ အိုကေ၊ ခဏလေးစောင့် ဟုတ်လား"

"လာကြ လာကြ"

"နေဦး နေဦး၊ တစ်ယောက်ချင်းစီလာမှဖြစ်မှာပေါ့ ဘယ်သူ အရင်လာမလဲ"





"သက်စုကို အရင်ခေါ်ပါ"

ညိုညိုထံမှ ဆုံးဖြတ်ချက်ချသံဖြစ်သည်။

"သက်စု လာ ကိုယ့်လက်ကိုဆွဲပြီး အရင်ဆင်း"

"ဟင် ရေတွေအများကြီး"

"ကိုယ်ရှိပါတယ်ဗျာ လာပါ"

သက်စုလက်ကလေးကို ပိုင်ပိုင်ဆွဲကိုင်ထားရုံမက သက်စု၏ သေးကျဉ်းသော ခါးလေးကိုပါ ချီမပွေ့ချလိုက်တာမို့ သက်စုရင်ထဲ အေးခနဲ နွေးခနဲဖြစ်သွားသည်။ သက်စုပြီးတော့ မညို။

"ကိုင်း ဒီနားမှာ ခဏနေကြဦး၊ ကိုယ် စိတ်လောပြီး ရေပြင်ကို မြေပြင်မှတ်လို့ မောင်းချလိုက်တာ တစ်ခါထဲ လူရောကားပါ ရေနစ်တော့တာပဲဗျို့"

"ကားကို လီဗာအစွမ်းကုန်နင်းပြီး ရလိုရငြား ဆွဲတင်ကြည့်လိုက်ဦးမယ်"

ရဲနောင်က သက်စုတို့ညီအစ်မကို စိတ်ချရလောက်သည့်နေရာမှာထားပြီး သူကတော့ ရေဝင်နေသော ကားပေါ်ပြန်တက်ကာ လီဗာတဖူးဖူးနှင့် ကားကို အစွမ်းကုန်မောင်းတင်ဖို့ ကြိုးစားပါသည်။

သက်စုတို့ညီမ မျက်စိရှေ့မှာပင် ကားက နေရာကလှုပ်သည်။ ရွှေ့သည်ဆိုရုံမျှတစ်ပါး အပေါ်သို့ ကြွတက်ပါလာခြင်းမရှိ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကို တွေ့နေရသည့်အဖြစ်ကြောင့် သက်စုမျက်နှာလေး ကြောက်စိတ်ဖြင့် ငိုမဲ့မဲ့လေးဖြစ်လာပါသည်။

"သက်စုကြောက်တယ် မမညို၊ ကားက ရေနစ်နေပြီ တော့ လူတွေပဲ ရေနစ်ဖို့ပဲကျန်တော့တယ်"

"အို ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ၊ မပြောကောင်း ကောင်း ဘာတွေလျှောက်ပြောနေရတာလဲ သက်စုရယ်"

"ဟိုမှာ ကိုရဲနောင်တစ်ယောက်လုံးရှိပါသေးတယ် ညီ သူ ဘာဆက်လုပ်မလဲဆိုတာ အရင်စောင့်ကြည့်ပါဦး"

"မိုးရော့လေရော ဒီလောက်ကျနေတာ၊ သူက ဘာ လုပ်နိုင်မှာမို့လဲလို့၊ သက်စုတို့တော့ လိုက်လာမိတာ သိပ်ကို တာပဲ"

"အီး ဟီး ဟီး"

"အို မငိုရဘူးလေ သက်စု၊ ကိုရဲနောင်ကို အားနာ ကွယ်၊ သူသိရင် ဘယ်စိတ်ကောင်းပါ့မလဲ၊ မျက်ရည်တွေကို ပစ်ပါ ညီမရယ်"

ညိုညို ဘယ်လိုချော့ချော့ သက်စုက တအီးအီးတအင် နှင့်မို့ စိတ်ညစ်ပြီး ဘာလုပ်ရမှန်းမသိဖြစ်နေတုန်း ကိုရဲနောင် ဖျော်ကျွတ်အိတ်ကြီးထဲ ကားထဲက သယ်လို့ရနိုင်သမျှ ပစ္စည်း ထည့်ပြီး ရေထဲက ပြန်ကူးပြီး ရောက်လာသည်။





"ညိုညိုတို့ကို သိပ်အားနာတာပဲဗျာ၊ သက်စုလည်း ချမ်း နေပြီထင်တယ်၊ အကူအညီပေးမယ့်ကားလည်း လာမယ့်ပုံမပေါ် ဘူး"

"လာကြဗျာ၊ ကိုယ်နောက်ကလိုက်ခဲ့၊ မိုးခိုစရာ ဝင်နေ ရာရာရှာလိုက်ကြရအောင်"

"ဘယ်ကိုသွားရှာမှာလဲ"

"ဗျာ"

သက်စုကမေးခြင်းဖြစ်သည်။

မှုန်ကုတ်နေသော သက်စု၏ ရေတွေစိုရွှဲနေသည့် မျက်နှာ လေးကို ငုံ့ကြည့်လိုက်တော့ သက်စုအကြည့်တွေက ရဲနောင်အပေါ် မှာ မကြည်သလို ကြည်သလိုမို့ စိတ်ညစ်သည့်ကြားက ရယ်ချင် လာသည်။

"သော် သက်စုရယ် ဒီလိုပဲပေါ့၊ မိုးလုံမယ့် တစ်နေရာရာ ဆိုရင်ရပြီပေါ့၊ ဟုတ်လား"

"အဲဒီနေရာက ဘယ်မှာလဲလို့မေးနေတာ"

"နေရာအတိအကျတော့ မရှိဘူးလေ၊ ဒီလိုပဲ သွားရင်း လာရင်း တွေ့ချင်လည်းတွေ့မှာပေါ့"

"ဟင်"

"တွေ့ချင်လည်းတွေ့မှာပေါ့ဆိုတော့ မတွေ့ချင်လည်း



www.burmeseclassic.com

www.burmeseclassic.com



မတွေ့နိုင်ဘူးဆိုတဲ့သဘောပေါ့”

သက်စုမှာ အရှိန်ပြင်းစွာ စီးဆင်းနေသော ချေပြင်ကိုကြည့်ကာ ကြောက်လန့်နေရသည့်အထဲ အားရှိစရာမကောင်းသော ဦးရဲနောင်စကားကြောင့် မျက်နှာလှလှလေးပါ ဖြူဖွေးသွားသည်။

“သဘောအဖြစ်ပြောတာပါ၊ လာ လာ အချိန်လေးရှိတုန်း လှုပ်ရှားလိုက်ကြရအောင်၊ သက်စုက ကိုယ့်လက်ကိုတွဲ၊ သက်စုလက်ကို ညီညီကတွဲပြီးလိုက်ခဲ့ကြ”

ရဲနောင်ကတော့ သူ့အစီအစဉ်နှင့်သူ ဟုတ်နေသည်။ သက်စုမှာသာ ကြောက်လည်းကြောက် ဒေါသလည်းထွက်နှင့် ရဲနောင်ဆွဲခေါ်ရာနောက် ပါးစပ်က တတွတ်တွတ်အသံမထွက် ကျိတ်ရွတ်ရင်း ပါလာရပါတော့သည်။

◆ ◆ ◆



## အခန်း (၁၁)

“ကျွီး ကျွီး”

“ဖလတ် ဖလတ်”

“အမလေး မညီ့ရဲ့”

ဘာအကောင်မှန်းမသိ။

ငှက်လား တခြားသတ္တဝါတစ်ကောင်ကောင်လားဆိုတာ သေချာမသိပေမယ့် သက်စု မျက်နှာနားက ပွတ်ကာသီကာ ဖြတ်သန်းသွားသည့်အတွက် သက်စုမှာ အမလေးမညီဟု ပါးစပ် ယောင်ယမ်းတမ်းတပြီး လက်အစုံကတော့ နီးရာလူဖြစ်သော ဦးရဲနောင်ကိုယ်ကြီးကို အတင်းဖက်တွယ်ကာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေပါသည်။

“မကြောက်နဲ့ သက်စု မကြောက်နဲ့၊ လင်းနို့ပါဗျာ၊ ကြောက်စရာမဟုတ်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ဆတ်တုန်နေသည့် သက်စုကိုယ်လေးကို အသာအယာပိုက်ထွေးရင်း အနူးညံ့ အညင်သာဆုံးစကားဆို ဖျောင်းဖျသော်လည်း ရဲနောင်စကားလုံးတိုင်း သက်စုနားထဲသို့ အလုံးစုံ ဝင်ရောက်ဟန်မတူပါ။

ဗိုက်ကလည်းဆာ ခြေထောက်ကလည်းနာ။ လူတစ်ကိုယ်လုံးလည်း ကြွက်စုတ်ရေမွန်းထားသည့်အဖြစ်ကြောင့် အော်ဟစ်ငိုယိုချင်နေတုန်း ဘာကောင်မှန်းမသိသော သတ္တဝါကြောင့် သက်စုမှာ ဦးရဲနောင်ရင်ခွင်ထဲမှာပင် တအစ်အစ်အသံထွက်လျက် အီးခနဲ ငိုချလိုက်မိလျက်သားဖြစ်သွားပါသည်။

"အီး ဟီး ဟီး"

"မငိုပါနဲ့ သက်စုရယ်၊ မငိုနဲ့လေ"

ရဲနောင်အသံက နူးညံ့သည်။

ချစ်သူလေးကို ရင်ခွင်ထဲ အတင်းကြပ်ဆုံး ဆွဲယူပိုက်ထွေးပြီး တယုတယ ချော့နေပုံကို အပျိုကြီးဖြစ်သော ညိုညိုခင်မှာ ဆက် မကြည့်ရဲတော့ဘဲ တစ်ဘက်သို့ မျက်နှာပူပူဖြင့် ကမန်းကတန်း လှဲလိုက်ရခြင်းကို ငိုသူနှင့် ချော့သူနှစ်ယောက်စလုံး သတိမထားမိလိုက်ကြပါ။

"သက်စု"

"မခေါ်နဲ့ မခေါ်နဲ့၊ ခင်ဗျားအသံကိုလည်း မကြားချင်ဘူး၊





အစထဲက ဒီလိုဖြစ်မယ်မှန်းသိရင် ဘာလို့လူကို ဒုက္ခရောက်အောင် မိုးထဲလေထဲ ခေါ်လာရသေးလဲ"

"အခုတော့ ဗိုက်ကလည်းဆာ၊ ခြေထောက်တွေကလည်း နာနဲ့၊ လူကို ဘယ်သူမှ မသနားကြဘူး"

"ဩော် သက်စုလေးရယ်"

ချစ်ရသူ၏ အမည်ကို ချစ်စနိုးညည်းတွားခေါ်ဝင်လိုက်ခြင်း မျှသာဖြစ်ပါသည်။ သူတို့သုံးယောက်ရှေ့မှာ မီးဖိုတစ်ခုဖြစ်အောင် ဖန်တီးထားပါသည်။ အချမ်းဓာတ်မလုံသော်လည်း ဒီအတိုင်း ရေစိုအဝတ်တွေနှင့် ထိုင်နေရတာထက် နှိုင်းစာလျှင်တော့ တော်ပါသေးသည်ဟုဆိုရမည်။ ဗိုက်ဆာတာနှင့် ခြေထောက်နာတာကိုတော့ လောလောဆယ် ရဲနောင်လည်း မဖြေရှင်းနိုင်သေးပါ။

အခု သူတို့သုံးယောက် ရောက်ရှိနေသည့်နေရာက တစ်ချိန်က မိုင်းယောင်းကြီးတစ်ခုဖြစ်ပြီး လူတို့စွန့်ပစ်ထားသည်မှာ ကြာပြီဖြစ်သည်။ လူသူအရောက်အပေါက်နည်း၍ တော်ရုံမည်သူမျှ မလာသောနေရာဖြစ်သည်။

ဒုက္ခရောက်နေကြသူချင်းအတူတူ သက်စုမှာ သူမဒုက္ခက ပိုကြီးသည်ဟု ထင်ရှာလေသူ။

"သက်စု ဗိုက်ဆာရင် ကိုယ် တစ်ခုခုသွားရှာကြည့်မယ်လေ၊ သက်စု မညည်းနဲ့ ဒီမှာ ခဏနေခဲ့ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ဟင့်အင်း၊ သက်စုကိုနားမှာပဲနေပါ"

"ညိုညိုရှိနေတာပဲ သက်စုရဲ့"

"မညိုရှိလည်း ကြောက်တာပဲ၊ တော်ကြာ ဟိုတစ်ခါကလို သရဲထွက်လာရင် ဘယ့်နှယ်လုပ်မလဲ"

"ဒီနားမှာပဲ သက်စုရဲ့"

ပြောလည်းပြော ငိုလည်းငို ရဲနောင်အင်္ကျီစတစ်ဖက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားသည့် သက်စုလက်ကလေးနှစ်ဘက်ကို သူ့လက်ဖဝါးထဲမှာ ညှစ်ထွေးဆုပ်ကိုင်လိုက်သူက ရဲနောင်။ အပြစ်ကင်း၍ ချစ်စရာကလေးမလေး၏ တောင်းဆိုမှုက တကယ့်တကယ်တော့ ဘာတစ်ခုမှ မလွန်ပါ။

"ကိုယ် ဘယ်မှမသွားဘဲ သက်စုနားမှာပဲနေပါမယ်ဗျာ၊ တိတ်နော်၊ သိပ်ငိုရင် သက်စုပဲ ခေါင်းတွေသိပ်ကိုက်လာလိမ့်မယ် သိလား"

"ကိုယ့်စကားကို နားထောင်နော်ကလေး"

သက်စုမျက်နှာပေါ်က မျက်ရည်တွေကို ကိုရဲနောင်ကိုယ်တိုင် ကလေးလေးတစ်ယောက်လို ဖယ်ရှားပေးပြီး သက်စုကိုယ်လေးကိုလည်း ပွေ့ထားသည်။

"ဒုန်း"

"ဟော ဘာသံလည်းမသိဘူး"





ဒုန်းခနဲအသံကြောင့် ရဲနောင်ရင်ခွင်ထဲက သက်စုခေါင်းလေး ဆတ်ခနဲထောင်လာပြီး အသံကြားရာကို မျက်လုံးဝိုင်းကြီးတွေနှင့် ကြောက်လန့်စွာ လှမ်းကြည့်ပေမယ့် အမှောင်လွှမ်းစပြုနေပြီဖြစ်သော ဝန်းကျင်မှာ ဘာကိုမှ သည်းကွဲစွာမမြင်ရပါ။

"ကိုယ်သွားကြည့်လိုက်မယ် ညိုညို၊ သက်စုကိုခေါ်ထားပါ"

"လာ သက်စု မညိုနားမှာနေ"

ရဲနောင်က သတိအနေအထားနှင့် အနားက သစ်သားဟောင်းတစ်ခုကိုယူကာ အသံကြားရာသို့ မှန်းလျှောက်သွားတာကို ညီအစ်မနှစ်ယောက် ရင်တထိတ်ထိတ် ငေးကြည့်ရင်း

ဗြုန်းခနဲ သက်စုက ညိုညိုနားက ရဲနောင်ရှိရာသို့ တအား ပြေးလိုက်သွားရာ ညိုညိုတစ်ယောက် မီးပုံဘေးမှာ သက်စုအမည်ကို တကြော်ကြော်ခေါ်ရင်း ကျန်ရစ်ခဲ့သလိုဖြစ်သွားသည်။

"ဦးရဲနောင်"

"ဟာ သက်စု၊ ဘာလို့ ကိုယ့်နောက်လိုက်လာတာလဲ၊ ဟိုမှာ ညိုညိုတစ်ယောက်တည်း ကြောက်နေမှာပေါ့"

"ဟင့်အင်း သက်စုလည်းကြောက်တယ်"

"ဝုန်း"

"အမလေး လုပ်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



“ဟာ ညှိုညှိုအသံပဲ”

“ညှိုညှို”

“မမညို မမညို”

“လုပ်ပါဦး မီးဖိုနားမှာ မမညိုမရှိတော့ဘူး၊ သရဲဆွဲသွားပြီနဲ့တူတယ်”

“အီး ဟီး ဟီး”

သက်စုထံမှ ကြောက်လန့်တကြား အော်ဟစ်သံ။ ငိုရှိုက်သံများ ပွတ်ပွတ်ညံသွားသလို ကိုရဲနောင်ကိုယ်ကြီးကိုလည်း နောက်မှတအား ကျုံးဖက်ထားသဖြင့် ညှိုညှို့အမည်ကိုသာ အထပ်ထပ်အော်ဟစ်နေမိသည်။ ညှိုညှိုက သက်စုထားခဲ့သော မီးပုံဘေးမှာမရှိတော့ဘဲ သူမခေါင်းက ပန်းနုရောင်ကလစ်လေးသာ ကျန်ရစ်သည့်အဖြစ်ကြောင့် သက်စုမက ရဲနောင်ပါ စိတ်လှုပ်ရှားနေမိသည်။

“ဟော့ မြင်းခွာသံကြားတယ်”

“ဦးရဲနောင် ဒါ ဒါ ဟိုလူပဲထင်တယ်”

“ဘယ်သူလဲ သက်စု၊ ဘယ်သူလဲဟင်”

သက်စု ထိတ်လန့်နေသလို ရဲနောင်လည်း အံ့ဩနေပါသည်။

“ဘယ်သူရှိရမှာလဲ၊ လမ်းမှာ သက်စုတွေ့ခဲ့တဲ့ မြင်းနဲ့လူပေါ့၊ ဒါပေမယ့် မမညိုပျောက်သွားပြီး မြင်းခွာသံကြားတယ်ဆိုတော့ဒီလူပဲဖြစ်မှာပေါ့”

“မမညိုကို သူ ဖမ်းခေါ်သွားတာပဲဖြစ်မယ်”

“သက်စု ကြောက်တယ်၊ သက်စုကြောက်တယ်”

“အီး ဟီး ဟီး”

ရဲနောင်ရင်ခွင်မှာ သက်စုကိုယ်လေး တောက်တဲ့လေးလိုတွယ်ကပ်ကာ တသိမ့်သိမ့်ရှိုက်ငိုခြင်းကို သူ ဘာပြောရမှန်းမသိအောင် ဖြစ်နေသည်။ နှစ်သိမ့်စရာစကားလုံးလည်း ရှာမတွေ့။ ညှိုညှိုတစ်ယောက်လုံး သူတို့မျက်စိရှေ့မှာ ပျောက်ကွယ်သည်ဆိုတော့လည်း သက်စုပြောလည်း ပြောစရာဖြစ်သည်။

“ဦးရဲနောင်”

“ဟင်”

“မမညိုကို လိုက်မရှာတော့ဘူးလားဟင်”

“လိုက်ရှာချင်တာပေါ့ သက်စုရယ်၊ အပြင်မှာက သိပ်မှောင်နေတာ သက်စုလည်းအမြင်ပဲ၊ ပြီးတော့ ကိုယ်တို့မှာ ဘာလက်နက်မှလည်းမရှိဘူးလေ”

“မမညိုရယ် အဟင့် ဟင့်”

“မေမေနဲ့ အန်တီကြီး မမညိုကို သက်စုကိုအပ်ပြီး ထည့်လိုက်တာ၊ အခု မမညိုမရှိတော့ သက်စုကို ဘယ်သူကလာပြီးကြည့်တော့မှာလဲ”







www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကြည့်ပါ့မယ် သက်စုရယ်၊ ညိုညိုစောင့်ရှောက်သလို ကိုယ့်ရဲ့သက်စုကို ကိုယ် စောင့်ရှောက်ပါ့မယ်ကွယ်"

"မငိုနဲ့တော့နော်"

"မညိုကို လူဆိုးဖမ်းသွားတာသိရက်နဲ့ ဦးရဲနောင်က မငိုရဘူးလို့ ဘာလို့ပြောတာလဲ၊ သက်စုမျက်လုံးနဲ့ သက်စု ငိုတာတောင် မငိုရဘူးလား"

ပြောရင်းငိုသည်။

ငိုရင်းပြောသည်။

သက်စု လုပ်ချင်ရာလုပ် ရဲနောင်လည်း ဘာမှမပြောနိုင်ဘဲ ဒီအတိုင်း လက်ပိုက်ကြည့်နေရသည်။ မကြည့်လို့လည်းမဖြစ်တော့။ သက်စုပြောတာတွေက အားလုံးမှန်နေသည်။ မြင်းခွာသံကို သက်စု ကြားသလို ရဲနောင်လည်း ကြားလိုက်သည်။

သူ ဘယ်သူနည်း။

ဘာကြောင့် ညိုညိုကို ဖမ်းခေါ်သွားရသနည်း။ မေးခွန်းတွေ ချာချာလည်နေလျက် အဖြေမရှိ။ သက်စုကတော့ ငိုရင်းရှိုက်ရင်း သူ့ရင်ခွင်မှာ စောစောစီးစီးပင် နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။ တဖြည်းဖြည်း မီးရောင်မှိန်ပျော့လာသလို ရဲနောင် တစ်ယောက်လည်း သက်စုကိုယ်လေးကို ရင်ခွင်မှာ တင်းကျပ်စွာ ဖက်ထွေးလျက် နှစ်ခြိုက်စွာ အိပ်ပျော်ခြင်းသို့ ရောက်သွား၏။

● ● ●



## အခန်း (၁၂)

နွေးထွေးနှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ ပထမဆုံး ညိုညို့နားထဲရောက်လာသည့် အသံတစ်ခုက မြင်းတစ်ကောင်၏ ဟီသံနှင့် ခွာသံဖြစ်သည်။ ရုတ်တရက် ကိုယ့်ကိုကိုယ် ဘယ်ရောက်နေမှန်း မသိသော်လည်း ဖျတ်ခနဲ အတွေးထဲကို သက်စုနှင့်ကိုရဲနောင် ရောက်လာတော့ အိပ်ရာထဲမှာ ငြိမ်သက်စွာ လှဲမနေနိုင်ဘဲ ထထိုင်မိလျက်သားဖြစ်သွား၏။

ကိုရဲနောင် သက်စုတို့နှင့်အတူ မှိုလေလုံသည့် မိုင်းဟောင်းထဲမှာရှိနေတုန်း ညိုညို့နားကို မည်းမည်းသဏ္ဌာန် ဖျတ်ခနဲရောက်လာပုံက လျှပ်စီးလက်သလို မြန်ဆန်သည်။ ညိုညို့လည်ပင်းဂုတ်ပိုးစပ်နေရာမှ ဒုတ်ခနဲ အသံကြားလိုက်ရပြီး ညိုညို သတိမေ့သွားသည်။

ဟော အခု ညိုညို သတိပြန်ရလာတော့ နူးညံ့နွေးထွေး

www.burmeseclassic.com

www.burmeseclassic.com



သည့် အိပ်ရာတစ်ခုပေါ်မှာ ရောက်နေရုံမက လဲထားသည့်အဝတ်တွေကလည်း ညိုညို တစ်ခါမှမမြင်ဘူးသည့် ဝတ်စုံတစ်စုံ၊

"အို"

ရုတ်လန့်ခြင်းဖြင့် ညိုညိုတစ်ကိုယ်လုံး စေ့စေ့စပ်စပ် ငုံ့ကြည့်ရင်း တုန်လှုပ်သွား၏။ ညိုညိုကိုယ်ပေါ်ကို ဒီအဝတ်သစ်တွေရောက်လာအောင် ဘယ်သူလဲပေးသနည်း။ ပြီးတော့ ညိုညို့အဝတ်တွေ။ အို ဘယ်လိုတွေးတွေး ညိုညို မျက်နှာရဲရဲနီအောင် ရှက်သွေးမွှန်နေသည်။

ဘယ်သူလဲ ယှဆိုးတွေလား။

ဘာကိစ္စ ညိုညိုကို ဒီနေရာကို ခေါ်လာရတာလဲ။ သက်ရှိနဲ့ ကိုရဲနောင်ရော မိုင်းဟောင်းထဲမှာပဲလား။ ညိုညိုနှင့်အတူပါလာပြီး အဖမ်းခံရနေပြီလား။ ညိုညိုကိုယ်ပေါ်မှာ အဆင်မပြေစွာရောက်နေသည့် ယောကျာ်းဂျာကင်ဟောင်း ပုဆိုးတစ်ထည်ကို စိတ်မလုံစွာ တစ်ချက်ငုံ့ကြည့်ပြီး သူမရောက်နေသည့် အိပ်ခန်းကျယ်ကို စေ့စေ့စပ်စပ် ကြည့်မိပြန်သည်။

"ဟင် ဒါက ဘာကြီးပါလိမ့်"

ညိုညိုထင်သလို အိမ်ကြီးတစ်ခုထဲ ရောက်နေခြင်းမဟုတ်ပါ။ ဂိုဒေါင်ပျက်ကြီးလိုလို ဘာလိုလို ဟောင်းနွမ်းပျက်စီးနေသော အပိုင်းအစတွေကြားထဲ ညိုညိုကို ဖြစ်သလို ဖွမ်းကတ်ထူထူထဲမှ





တွေးသိပ်ထားသည့်အဖြစ်ပါလား။

ညိုညိုအနီးအနား ဝန်းကျင်ကို မျက်လုံးဝေ့လဲကာကြည့်လိုက်တော့

"အမလေး"

ညိုညိုနှုတ်မှ အလန့်တကြား ဟစ်အော်လိုက်သံကြောင့် ခပ်လှမ်းလှမ်းမှာ အသေကောင်လို မလှုပ်မယှက်နှစ်ခြိုက်စွာ အိပ်ပျော်နေသူက ဆတ်ခနဲ ထထိုင်ပါသည်။

"နိုးပြီလား"

"ဟင် ရှင် ရှင်"

ဝဲသောစကားသံတစ်ခု။

ပြီးတော့ မျက်နှာပေါ်က အမွေးအမျှင်နှင့် တွေ့စထဲက ညိုညိုမျက်နှာကို မျက်တောင်မခတ်တမ်း တစ်ချိန်လုံးစူးစိုက်ကြည့်နေသည့်လူ။ ဤလူက တခြားသူမဟုတ်။ ကိုရဲနောင်တို့အိမ်မှာ စတွေ့ထဲက သက်စုကြောက်ခဲ့ရသောသူ။

"ဟုတ်တယ် ကျုပ်ပဲ၊ အခုလောက်ဆို မင်းပျောက်လို့ အစ်ကိုနောင်လည်း ခေါင်းမီးတောက်နေလောက်ပြီ"

"ဝါး"

သူပြောချင်တာပြောပြီး ဝါးခနဲ တစ်ချက်သမ်းကာ ဖင်းကြောဆန့်လိုက်ပုံက ကြောက်စရာကောင်းသည့် ပြစ်မှုကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကျူးလွန်ထားသူမဟုတ်သည့်အတိုင်းပါပဲလား။

"ရှင် ဘာကိစ္စ ကျွန်မကို ဒီနေရာအထိ ဖမ်းခေါ်လာရတာလဲ၊ ရှင်ပြောစမ်းပါဦး"

တခြားလူစိမ်းတစ်ယောက်မဟုတ်ဘဲ ကိုရဲနောင်တို့အိမ်က လူဖြစ်နေတာနှင့်ပင် ညိုညို ကြောက်စိတ်တို့ပြယ်လွင့်ကာ ခပ်ဆွာဆွာလေး ရန်တွေ့စကားဆိုဖြစ်သွားပါသည်။

"ဒီနေရာဟုတ်လား၊ အခု ခင်ဗျားရောက်နေတဲ့နေရာဟ ခင်ဗျားသိလို့လား"

မျက်ခုံးနှစ်ဘက် မြင့်တက်သွားကာ ညိုညိုမျက်နှာလေးကို စူးစူးရဲရဲစိုက်ကြည့်ပုံကြောင့် စောစောက စွာခဲ့မိသမျှ ညိုညိုမှတ်ချလျက် သူ့ကို ကြောင်ကြည့်မိလျက်သားဖြစ်သွားသည်။

ညိုညိုဆိုလိုချင်သည့်စကား၏ အဓိပ္ပာယ်ကတစ်မျိုး သူယူ ဆလိုက်သည့် အဓိပ္ပာယ်က တစ်လွဲဖြစ်နေ၏။

"ဟင့်အင်း ကျွန်မ ဘာမှမသိဘူး၊ ဒါပေမယ့် မိုးယောင်းကြီးထဲက ရှင် ဖမ်းခေါ်လာတာ ကျွန်မတစ်ယောက်တည်းလား၊ သက်စုနဲ့ ကိုရဲနောင်ရော ပါသလား၊ အဲဒါ သိချင်တယ်"

"သိပြီးရင် ဘာလုပ်မှာလဲ"

"ရှင်"

"အခုချိန်ကစပြီး မင်း အသက်ဆက်ရှင်ပြီး ကောင်း





ကောင်းမွန်မွန်နေချင်ရင် ရဲနောင်ဆိုတဲ့လူကို မေ့လိုက်တော့၊ ဒီလူအကြောင်း နောက်ဘယ်တော့မှ မကြားချင်ဘူး"

"အို"

နေရာက ဝုန်းခနဲ ထထွက်သွားသူကိုကြည့်ပြီး ညိုညို ဘာမှမပြောရဲသလို ဖြစ်သွားသည်။ ကိုရဲနောင်ဆိုသည့်နာမည်ကို ကြားရုံနှင့် ဒီလူ့မျက်နှာက ဘာဖြစ်လို့ ကြောက်စရာကောင်းအောင် ပြောင်းလဲသွားရတာလဲ။ ညိုညို့ကိုတော့ ကိုရဲနောင်အကြောင်း မပြောနဲ့လို့ ခါးခါးသီးသီးဆိုလာတဲ့လူက ကိုရဲနောင်နဲ့ကြတော့ တစ်အိမ်ထဲ တစ်မိုးအောက်ထဲ ဘာလို့အတူရှိနေတာလဲ။

"မျက်နှာသစ် သွားတိုက်ချင်ရင် ဟိုမှာ ရေကန်ရှိတယ်၊ အိမ်သာက ဟိုဘက်မှာ"

ညိုညိုက သူညွှန်ပြရာကို ကြောက်ရိပ်ဝိုင်းသော မျက်လုံးအစုံနှင့် ကြည့်ရှုမှတ်သားနေသော်လည်း လူက နေရာမှာပင် မလှုပ်မရှားဘဲ သူမကို တင်းမာခက်ထန်စွာ အမိန့်ပေးနေသူ၏ မျက်နှာကိုသာ လိုက်ကြည့်နေမိသည်။

"ကျုပ်မရှိဘူးဆိုပြီး ဒီနေရာကနေ ထွက်ပြေးဖို့ကြိုးစားရင် မင်းအသက်ကို မင်းဘာသာ ပြန်သတ်သလိုဖြစ်နေလိမ့်မယ်ဆိုတာ မြဲမြဲမှတ်ထား ကြားလား"

ညိုညိုက အင်းမလှုပ် အဲမလှုပ်။ ပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



“ရှင် ညိုညို့ကို ဘာလို့ အခုလို ဖမ်းထားရတာလဲ”

“ဖမ်းထားမှဖြစ်မှာမို့ပေါ့”

“ဟင်”

အဖြေကရှင်းသည်။

ညိုညို့မှာသာ ဘာဆက်ပြောရမှန်းမသိ ဖြစ်နေခိုက် သူက ညိုညို့ကိုကျောခိုင်းပြီး ဂိုဒေါင်ဟောင်းကြီးထဲက ထွက်သွားသည်။ သူထွက်သွားသည့်နေရာကို ညိုညိုလိုက်ကြည့်ချင်ပေမယ့် မကြည့်ရဲ။

“အမလေး အေးလိုက်တာ”

ဂွမ်းကတ်ထူထူကြားထဲက ထွက်လိုက်တာနှင့် အချမ်းဓာတ်က ဝတ်ထားသည့် ဂျာကင်အင်္ကျီကို ဖောက်ဝင်ကာ စူးရှစွာ တိုးဝင်လာသည်။ ရေကန်အဟောင်းလေးနားမှာ အသင့်ရှိနေသည့် ဆပ်ပြာ သွားတိုက်ဆေး သွားပွတ်တံတွေက အသစ်အတိုင်း အထုပ်လိုက် ဘာတစ်ခုမှ ဖွင့်ဖောက်ထားခြင်းမရှိသေး။

စိတ်ရှုပ်ထွေးစွာပင် တစ်ကိုယ်ရေသန့်ရှင်းမှု ပြုနေတုန်း မြင်းဟီသံကို ကြားရပြန်သည်။ မြင်းတစ်စီးနဲ့လူတစ်ယောက်။ ညိုညို့နားထဲ သက်စုစကားသံက ဘယ်နေရာကမှန်းမသိ ဖျတ်ခနဲဝင်လာတော့ ညိုညို့ကိုယ်လေး တွန့်ခနဲဖြစ်သွားသည်။

သက်စုတွေ့လိုက်တယ်ဆိုတဲ့လူဟာ သူပဲလား။ ဟုတ်ပါ။ ဒီလူပဲနေမှာဟု အတွေးကမဆုံးသေး မြင်းခွာသံတခွပ်ခွပ်က ညိုညို့နားစည်ကို အရှိန်ပြင်းစွာ လာရိုက်သည်။ မြင်းဖြင့် တခြားတစ်နေရာကို သူထွက်သွားတာဆိုလျှင်တော့ ညိုညိုလည်း ဒီနေရာက လွတ်အောင်ထွက်ပြေးရုံသာ။

သူသွားသည့်လမ်းအတိုင်း ခြေလှမ်းခပ်သွက်သွက် အလျှောက်မှာ ဖိနပ်မပါခြင်းအဖြစ်ကို သတိပြုမိသည်။ အပြင်မှာ မိုးက တစိမ့်စိမ့်ရွာနေဆဲ။ မိုးထဲလေထဲ မြင်းနှင့်ထွက်သွားသူက သွားရဲပေမယ့် သစ်ပင်နှင့်ချုံနွယ်ချည်းသာ ပိတ်ဆီးကာကွယ်ထားသော မြင်ကွင်းက ညိုညို့ခြေအစုံကို ရပ်တန့်တုန့်ဆိုင်းခြင်းအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားစေပြန်သည်။

တကယ့်ကို တောခေါင်ခေါင်နေရာကြီးပါလား။

“ကျူပ်မရှိဘူးဆိုပြီး ဒီနေရာကနေ ထွက်ပြေးဖို့ကြိုးစားရင် မင်းအသက်ကို မင်းဘာသာ ပြန်သတ်သလိုဖြစ်နေလိမ့်မယ်ဆိုတာ မမေ့နဲ့မှတ်ထား”

ခြိမ်းခြောက်သည့်စကားဟု အစက ထင်ခဲ့ပေမယ့် အခု ညိုညို့လက်တွေ့မြင်နေရသည့် မြင်ကွင်းက သူ ညိုညို့ကို တမင်ခြိမ်းခြောက်ခဲ့ခြင်းမဟုတ်မှန်း သိလိုက်ရခြင်းအဖြစ်ကြောင့် ရင်မောစွာ ဝင့်သက်ဖြာမိသည်။

“ခွပ် ခွပ် ခွပ်”







www.burmeseclassic.com

www.burmeseclassic.com



ဟော သူ ပြန်လာပြီ။

ရပ်နေသည့် အနေအထားအတိုင်းပင် အသံလာရာကို လှည့်လေးဆန့်ပြီး လှမ်းမျှော်ကြည့်သည်။ ဘယ်နေရာ သူပေါ်လာမလဲသိချင်၍ဖြစ်သည်။ ဒါမှ ညိုညိုလည်း သူသွားရာလမ်းကို အသုံးချနိုင်မည်ဟု တွေးသည်။

ဂိုဒေါင်၏ညာဘက်မှာ လူရောမြင်းပါ ဘွားခနဲပေါ်လာ၏။ မြင်းပေါ်က လွှားခနဲဆင်းလာသည့်သဏ္ဌာန်ကို ညိုညို ငေးကြည့်နေခိုက် စူးရဲသည့်အကြည့်က ညိုညိုရှိရာ ဖျတ်ခနဲရောက်လာသည်။

"ဘာလဲ အခုထဲက ထွက်ပြေးဖို့ကြံစည်နေပြီလား"

"ကျွန်မ ဘယ်လောက်အထိ ဒီလိုနေရမှာလဲ"

"တစ်သက်လုံးလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ"

"ဘာ"

သူက ညိုညို့ကိုမကြည့်ဘဲ ဂိုဒေါင်ကြီးထဲ ခြေလှမ်းကျဲကျဲနှင့် လျှောက်ဝင်သွားတာမို့ သူ့နောက်က ညိုညို အပြေးလေးလိုက်ခဲ့သည်။

"ဒီမှာ ရှင်ပြောတဲ့ စကားအဓိပ္ပါယ်က ဘာလဲ၊ ဘယ်လိုလည်းဆိုတာ ကျွန်မရှင်းအောင် ပြောပါဦးရှင့်၊ ရှင် အခုလို ပြောချင်ရာပြော လုပ်ချင်ရာလုပ်နေရအောင် ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ"

"ကျွန်မအပေါ်မှာ ဘယ်လိုရန်ငြိုးတွေရှိနေလို့လဲ၊ ကျွန်မတ





တော့ ရှင့်ကိုလည်းမသိဘူး၊ တခြား ဘယ်သူ့ကိုမှလည်းမသိဘူး ရှင့်"

"ရှင် ကျွန်မပြောနေတာတွေကို နားလည်ရဲ့လား"

သူက ညိုညိုကို မျက်ခုံးတွန့်ပြီး စိတ်ရှုပ်သလို တစ်ချက်ကြည့်ကာ ကျောခိုင်းပစ်တာမို့ ညိုညို့ရင်ထဲ ခံပြင်းနာကြည်းသွားသည်။

"အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ကို တကယ့်အပြစ်ကြီးတစ်ခု ကျူးလွန်ထားတဲ့ပုံစံမျိုးနဲ့ ပြောဆိုပြုမူဆက်ဆံနေတဲ့ ရှင့်ကို ကျွန်မ သိပ်အံ့ဩတယ် သိလား"

"ကျုပ်လည်း မင်းကို သိပ်အံ့ဩနေမိတာ မင်းသိရဲ့လား"

သူ့အသံက ကျယ်လောင်သလို ကျောခိုင်းထားသည့် အနေအထားက ဖျတ်ခနဲ လှည့်လာသည့် မျက်နှာမှာလည်း နာကြည်းခြင်းလား ဝမ်းနည်းခြင်းလား ဝေခွဲရခက်သည့် ခံစားချက်တစ်မျိုးနှင့် ရှုပ်ရှားနေဟန် မြင်လိုက်ရသည်။

"မင်းဟာ ဘာဖြစ်လို့ ငါချစ်သူမိန်းကလေးနဲ့ ခွဲမရအောင် သာတူနေရတာလဲ မင်းပြောစမ်း၊ မင်းကြောင့် ငါ အခုဘာတွေဖြစ်နေတယ်၊ ဘယ်လိုခံစားနေရတယ်ဆိုတာ သိရဲ့လား"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် မင်း ကံကောင်းပါတယ်၊ ငါရှိနေသရွေ့တော့ မင်းကို သူတို့ ဘာမှလုပ်လို့မရဘူး"

သူတို့။

ညိုညို့နားထဲမှာ ဆန်းနေသည်။ အဖြစ်အပျက်တွေကလည်း အေးချမ်းသည့် ညိုညို့ဘဝနှင့် လိုက်မမီနိုင်။ ဆက်စပ်၍ မရနိုင်သော အကြောင်းအရာတွေ စုပေါင်းလို့ပါလား။ ဒီကြားထဲ အမည်မသိ ကိုလူစိမ်းရဲ့ ချစ်သူက ညိုညိုနှင့်ခွဲမရအောင် တူလှပါသည်ဟုဆိုလာခြင်းကို နားမလည်နိုင်။

"ရှင် အခု ဘာတွေပြောနေတာလဲဆိုတာ ကျွန်မမသိဘူး။ လိုက်လည်းမမီနိုင်တော့ဘူး ကို"

"ကျုပ်နာမည် နွမ်ဆိုင်း"

"နွမ်ဆိုင်း"

သူ့အမည်ကို ညိုညို ခပ်တိုးတိုးလေး လိုက်ခေါ်ကြည့်သည်။

"ဟုတ်ပြီ နွမ်ဆိုင်း၊ အခု ကျွန်မ ဘာတွေဖြစ်နေတယ်၊ ဘယ်လိုအသက်အန္တရာယ်နဲ့ ရင်ဆိုင်ကြုံတွေ့နေရတယ်ဆိုတာ ရှင်ပဲ ရှင်းပြပါ"

နွမ်ဆိုင်းက ညိုညို့အမေးကိုမဖြေဘဲ ညိုညို့မျက်နှာလှလှလေးကိုသာ စူးရဲစွာ စိုက်ကြည့်နေပါသည်။ ဤအကြည့်များကို





ကိုရဲနောင်တို့အိမ်မှာ နွမ်ဆိုင်းကို စတွေ့ထဲက ညိုညိုသတိထားမိသလို သက်စုလည်း သတိထားခဲ့မိပြီးသားဖြစ်ပါသည်။

"ကျုပ်ကို ဘာမှထပ်မမေးနဲ့၊ ကျုပ်မှာ ဘာမှထပ်ဖြေစရာမရှိဘူး၊ ထပ်ပြောစရာလည်းမရှိဘူး"

"အို"

ညိုညိုအတွက် ပြောစရာစကားမရှိတော့ဟု သိလိုက်သည်။ နွမ်ဆိုင်းဆိုတဲ့လူဟာ ဘယ်သူလဲ၊ ဘာအတွက် ဒီလိုလုပ်တာလဲ။ ကိုရဲနောင်နဲ့ရော ဘယ်လိုတော်စပ်ပတ်သက်လဲ။

ညိုညိုမှာ အတွေးတွေချာချာလည်ရင်း အဖြေမရှိသော မေးခွန်းများနှင့် သူမအဖြစ်ဆိုးများကို တွေးမိကာ ရင်နှင့်မချိမဆန့်ဖြစ်လာရခြင်းကြောင့် မျက်နှာလှလှလေးကို လက်ဖဝါးနှစ်ဘက်ထဲ ကွယ်နှစ်ကာ ကလေးငယ်တစ်ယောက်ပမာ အီးခနဲ ငိုချပစ်လိုက်မိရပါတော့သတည်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

တောထဲမှာ သုံးရက်တိတိ အချိန်ကြာပြီးမှ အပြင်ကို ပြန်ထွက်ခွင့်ရသဖြင့် သက်စု မြင်သမျှ တွေ့သမျှ လိုက်ကြည့်နေပါသည်။

"သက်စု"

"ရှင်"

"လျှောက်နိုင်တယ်နော်"

"ဟုတ်ကဲ့"

တစ်ယောက်လက်ကို တစ်ယောက်ဆွဲထားလျက် မြေကြီးကို ခြေမချော်အောင် ဂရုစိုက်ပြီး လျှောက်နေသည့်ကြားမှပင်

"အို အမလေး"

"ဟာ သက်စု"





"ဟိတ်"

"ဝုန်း"

"ဗွမ်း"

သတိပေးခိုက်မှာပင် သက်စု ချော်လဲပါသည်။ လဲသူကို ထိန်းဖို့ကြိုးစားရင်း နှစ်ယောက်အတူ ထွေးလုံးလျက် အနီးရှိ ချောင်းကို အရှိန်ဖြင့် ပစ်ကျခြင်းကြောင့် နှစ်ယောက်စလုံး တစ်ယောက်ကို တစ်ယောက် အလန့်တကြား ကျစ်ကျစ်ထွေးဖက် ပွေ့ထားမိကြသည်။

နူးညံ့အိထွေးသောအတွေ့မှာ အံ့ဩလျက် ငြိမ်သက်သွားသလို သက်စုပါးပြင်မှာ မျက်နှာလေးအပ်ကျလာသူကြောင့် ထူထူပူပူဖြစ်ကာ ရဲနောင်ကိုယ်ကြီးကို ဖွတ်အတင်းတွန်းထုတ်ဖို့ သတိရသူက သက်စုဖြစ်နေ၏။

"သက်စု"

"ဖယ်ပါ လူကိုဖက်ထားလိုက်တာ ဒီမှာသေတော့မယ်"

"အာ ဆောရီးပါဗျာ၊ ရုတ်တရက်ကြီးဆိုတော့၊ လာလာ ကိုယ့်လက်ကိုတွဲ"

ရှက်ခြင်း စိတ်လှုပ်ရှားခြင်းဖြင့် နီမြန်းနေသော သက်စု၏ ရှက်အမ်းအမ်းအမူအရာလေးကို ရင်မှာ ပိုက်ပွေ့ထားချင်လောက်အောင် မြတ်နိုးနှစ်သက်လှသော်လည်း ဣန္ဒြေမပျက် ကိုယ့်ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဟန်လုပ်ထိန်းရင်း သက်စု၏ လက်နုနုလေးကို ညှစ်ထွေးပြီး လဲကျနေရာမှ ထူမတ်စေလိုက်ရပါသည်။

"အား ကျွတ် ကျွတ်"

"နာလိုက်တာ အီစိမ့်သွားတာပဲ"

"လမ်းလျှောက်နိုင်လား၊ လမ်းမလျှောက်နိုင်ရင် ကိုယ်ချီပွေ့လာခဲ့မယ်လေ"

"လျှောက်နိုင်ပါတယ်"

သက်စုအသံလေးက ခပ်တိုးတိုး။

စောစောကအဖြစ်ကြောင့် ဦးရဲနောင်မျက်နှာကြီးကို ကြည့်ရဲသလို မကြည့်ရဲသလို တစ်ချက်မော့ကြည့်လိုက်တော့

"အို"

သက်စုပါးပြင်လေးတွေ ရဲခနဲ ဖြစ်သွားသည်အထိ ရှက်သွားသည်။ ဦးရဲနောင် အကြည့်တွေက တစ်မျိုးကြီးပုံစံနဲ့ ဘယ်လိုမှန်းမသိ။ ဒီလိုအကြည့်မျိုး သက်စု တစ်ခါမှမကြုံဘူးပါ။ ရွှန်းလက်စိုညို့သည့် ဦးရဲနောင်မျက်လုံးကြီးတွေကို ရင်မဆိုင်ချင်တာနှင့် ချက်ချင်းမျက်လွှာချ အကြည့်လွှဲလိုက်တော့ သူက သက်စုလက်ကလေးတစ်ဖက်ကို ပိုင်စိုးစွာ ခပ်တင်းတင်းဆုပ်ကိုင်လာပါသည်။

"လာ သက်စု ကိုယ့်လက်ကိုတွဲ"





"ဟင့်အင်း"

သူ့လက်ထဲက သက်စုလက်ကလေးကို ရုန်းယူဖို့ကြိုးစားတော့ ဦးရဲနောင်က မလွှတ်ဘဲ သက်စုမျက်နှာလေးကို ငုံ့စိုက်ကြည့်သည်။

"ဘာဖြစ်လို့ ရုန်းတာလဲ"

"ကိုယ်က သက်စုလဲမှာစိုးလို့ပါဗျာ"

"လဲလဲ"

"ဗျာ"

"သက်စုလက်ကိုလွှတ်ပါ၊ သက်စုဘာသာ လျှောက်မယ်"

"ဪ"

သူ့မျက်နှာကို မော့မကြည့်ဘဲ ပြောနေသူ၏ ပါးပြင်နုကို စိတ်ရှိလက်ရှိ ရှိုက်နမ်းပစ်ချင်စိတ်က ရဲနောင်ရင်ထဲ တိတ်တခိုး ဝင်လာသည်။ ဒီအချိန် သူ့ရင်ထဲရှိတာတွေ ဖွင့်ပြောရမလားဟု တွေးနေတုန်း တင်းကျပ်စွာဆုပ်ကိုင်ထားဆဲဖြစ်သော သူ့လက်ထဲက သက်စုက သူမလက်ကလေးကို ဇွတ်ထိုး၍ရုန်းပါသည်။

"လွှတ်ပါဆို"

"ကိုယ်နဲ့အတူလျှောက်မယ်လေ"

"သက်စုဘာသာ လျှောက်ပါမယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး"

"ဟင်"

"ပြောစရာနားမထောင်ဘူးဆိုရင်"

ရှိန်းလဲ့စွာ ရူးစိုက်ကြည့်လာသည့် မျက်နက်ဝန်းတွေအောက်မှာ သက်စုရင်တွေ တဒိတ်ဒိတ်ဖြစ်လာသည်။ သက်စုဘဝမှာ တစ်ခါမှမခံစားဘူးသည့် အသစ်စက်စက် ခံစားချက်အောက်မှာ သက်စု စိတ်ကျဉ်းကျပ်စွာ အနေရခက်လာသည်။

"ကလေးလေးလို ခွတ်အတင်း ပွေ့ခေါ်သွားမှာ"

"ဟာ"

သက်စုလန့်သွားပြီး ခြေထောက်လေးပါ နောက်ဆုတ်သွားသည်။

"သက်စု အသားကိုမထိပါနဲ့၊ သက်စုမကြိုက်ဘူး"

"ဘာဖြစ်လို့လဲ"

သက်စုနှုတ်က မထွက်ရဲ။ ညတုန်းက သက်စုရဲ့နှုတ်ခမ်းနုနုဝင်းပြင်လေးကို ခိုးနမ်းခံရခြင်းကို ဖွင့်ပြောဖို့ခက်နေခိုက်မှာ ရဲနောင်က သက်စုလက်ကလေး မချင့်မရဲစိတ်ဖြင့် ဆုပ်ညှစ်ဝစ်တာမို့ သက်စု နှုတ်ခမ်းစူရပြန်သည်။

"ညကတော့ ကြောက်တယ်ဆိုပြီး ကိုယ့်ရင်ခွင်ထဲခွတ်ထိုးပြီး အတင်းဖက်အိပ်တာ ဘယ်သူလဲ"





"အို အဲဒါက ကြောက်တာကိုး"

"အခု သက်စုမကြောက်ပေမယ့် ကိုယ်ကကြောက်နေပြီ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ကိုယ့်ကို သက်စုခွဲသွားမှာကိုလေ"

"ဟင်"

"ကိုယ်တကယ်ပြောတာ၊ ညက သက်စု ကိုယ့်ကိုခွတ်အတင်းဖက်ပြီး အိပ်နေတဲ့အချိန်မှာ ကိုယ် ဘာဖြစ်နေလဲဆိုတာ သက်စုသိလား"

"သက်စုပါးလေးကို ခိုးနမ်းတာသိသားပဲ"

"အာ"

"အဟွန်း ဟွန်း ဟွန်း"

မပြောဘူးဟု ရည်ရွယ်ထားသော်လည်း စိတ်ထဲရှိတာ မြိုမထားတတ်သည့် အကျင့်အတိုင်း ပြောခြင်းနှင့် နှုတ်ခမ်းစူခြင်းတို့ တစ်ထပ်တည်း ဖြစ်သွားပုံကို ရဲနောင် ချစ်စနိုးရယ်မောမိသည်။

သိပ်ချစ်စရာကောင်းတဲ့ ကိုယ့်သက်စုလေး။

"အဲဒီတော့ ကိုယ့်ကို မကျေနပ်ဘူးပေါ့"

"ကျေနပ်စရာလားလို့၊ ဦးရဲနောင်ကို သူများက တိတ်တခိုး နမ်းရင်ရော ကြိုက်မှာမို့လား"

သူ ကြည်မွေ့စွာ ချစ်စနိုးပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကတော့ကြိုက်ပါတယ်၊ ကိုယ့်ကိုချစ်လို့နမ်းတာဲ နမ်းပေါ့"

"ဟွန်း"

ရဲနောင်အဖြေစကားကို သက်စု မကျေနပ်ခြင်းအဖြစ်ကို သူသိပါသည်။

"သက်စုမကျေနပ်ရင် ကိုယ့်ကိုပြန်နမ်းချင်နမ်းလေ"

"ဦးရဲနောင် နစ်နာနေဦးမယ်"

"သက်စုမှ မကျေနပ်ပဲ"

"တော်ပါပြီ၊ မမညီကိုလည်း ရှာရဦးမယ်၊ သက်စုလက် ကိုသာ လွှတ်ပါတော့"

"ဒီတစ်ခါ သက်စု တစ်ခုခုဖြစ်ရင် ကိုယ့်ကို အပြစ်မတင် ရဘူးနော်"

"မတင်ဘူး မတင်ဘူး၊ လက်ကိုသာလွှတ်တော့"

"ဒါဆိုလဲပြီးရော"

ရဲနောင်က လွှတ်သည်နှင့် သက်စုက သူ့ကို မစောင့်ဲ ကားရှိရာသို့ လျှောက်သွားသည်။ ချစ်သူ၏ ကောက်ကြောင်းလှ ကို ချစ်စနိုးကြည့်ရင်း အသည်းယားစွာ ပြုံးနေသည့် မျက်နှာ သက်စု မမြင်မသိရှာ။

"သက်စု"





ကားနားအရောက်မှာ နောက်ကခေါ်သဖြင့် သက်စုက မထူးဘဲ လှည့်ကြည့်သည်။ ရင်ထဲမှာ မမညီအတွက် ပူနေသလို ဦးရဲနောင်ထံမှ သက်စုအပေါ် မရိုးမသား ပြောင်းလဲလာသည့် အကြည့် အပြောများအတွက်လည်း အနေရခက်ရှက်ရွံ့လျက် စိတ်ရှုပ်ထွေးလျက်ရှိသည်။

"ချစ်တယ်"

"ဟင်"

"ဟော ဟိုမှာ ကုန်တင်ကားကြီးလာနေပြီ၊ ဒီနားမှာ ခဏစောင့်ဟုတ်လား"

သက်စု ဘာမှမပြောရသေးခင် တအိအိမောင်းနှင်လာနေသည့် ကားကြီးရှိရာသို့ အပြေးလျှောက်သွားပြီး ကားကိုတားနေတာ မြင်ရ၏။ သက်စု သူ့မျက်နှာကို တိတ်ဆိတ်စွာငေးနေမိ၏။

အချစ်ဆိုသည့် အကြောင်းအရာမှာ သူမ မဆိုင်ဟု တစ်ချိန်လုံး ယုံကြည်လာခဲ့သည့် သက်စုအတွက် ရင်ဆိုင်ကြုံတွေ့နေရသည့် အဖြစ်အပျက်တွေကို အံ့သြမယုံနိုင်အောင်ဖြစ်နေသည်။ ဦးရဲနောင်က သက်စုကို ချစ်ရေးဆိုနေပြီ။

ဦးရဲနောင်နှင့် သက်စု တကယ်ပဲ ချစ်သူတွေဖြစ်ကြရမည်လား။ အတွေးနှင့် သက်စုပါးလေးတွေ ရဲခနဲဖြစ်သွားကာ ရင်ထဲလည်း နွေးခနဲ အေးခနဲဖြစ်သွားသည်။ ဘယ်လိုခံစားချက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှန်းမသိ။ မမညိုသာ အနားမှာရှိရင် သက်စုရင်ထဲက ခံစားချ
တွေကို တအံ့တသြ ရင်ဖွင့်ပြောပြမိမှာဖြစ်ပေမယ့် မမညိုကမ

မမညိုအကြောင်း စဉ်းစားမိတာနှင့် သက်စုမျက်နှာ
ငိုမဲ့မဲ့ဖြစ်လာသည်။ ဦးရဲနောင်ကတော့ ရဲတိုင်မည်။ သက်ဆိုင်
ကို အကူအညီတောင်းပြီး ရှာမည်ဟုဆိုသည်။ မမညိုသာ တစ်
ဖြစ်လျှင် သက်စုမှာလည်း တာဝန်မကင်း။ သက်စုသာ မမညို
မှာ အတူရှိနေလျှင် မမညိုကို ဘယ်လူဆိုးမှ ဖမ်းခေါ်သွားလိုရ
မဟုတ်။

ကြောက်ကြောက်နှင့် ဦးရဲနောင်နောက်ကို လိုက်သွ
သည့် အခိုက်မှာပဲ မမညိုကို လူဆိုးက ဖမ်းသွားသည်။
တစ်ယောက်တည်းကွက်ပြီး ဖမ်းသွားသောလူဆိုးက ဦးရဲနောင်
သက်စုကိုတော့ လာလည်းမဖမ်း။ ဘာအန္တရာယ်မှလည်း
သက်စုသဘောဆိုရင် တစ်ယောက်တည်းဖမ်းသွားမည့်
သုံးယောက်စလုံး အတူတူ ဖမ်းခေါ်သွားစေချင်သည်။
တစ်ယောက်တည်း ကြောက်မနေရမှာ မဟုတ်လား။

အခုတော့ မမညိုတစ်ယောက်တည်း။

"သက်စု လာ လာ ဒီနားမှာနေ၊ ကိုယ်တို့ကားကို
ဆွဲတင်မလို့"

သက်စုလက်ကိုဆွဲပြီး ဦးရဲနောင်က ဘေးလွတ်





ရပ်စေသည်။ တစ်ဖက်ကား၏ အကူအညီနှင့် ဦးရဲနောင်၏ကားက
ဝေါခနဲ လမ်းပေါ်ပြန်ရောက်လာသည်။ ကျေးဇူးတင်စကား အထပ်
ထပ်ဆိုပြီး သက်စုတို့ကားလေး နေရာက မောင်းထွက်လာချိန်ထိ
သက်စုမှာ မျက်စိပျက် မျက်နှာပျက်နှင့် ဘာသံမှကိုမထွက်။

"သက်စု"

"ရှင်"

"ညိုညိုအတွက် သိပ်စိတ်ပူနေလား"

"ဟုတ်"

"ကိုယ့်အထင်ပြောရရင် ထားပါလေ၊ ညိုညိုကို အချိန်မီ
ကယ်နိုင်မှာပါ"

ဦးရဲနောင်က တစ်စုံတစ်ခုကို ပြောမည်ပြင်ပြီးမှ စကား
လမ်းကြောင်းကို ချက်ချင်းလွှဲပစ်သည့်အဖြစ်ကို သက်စု နားမလည်
နိုင်ပါ။ ပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးတွေ စီးကျလာသည်။

"မေမေနဲ့ အန်တီကြီးကမေးရင် သက်စု ဘယ်လိုဖြေရမှန်း
မသိဘူး၊ လူဆိုးကလည်း မမညိုတစ်ယောက်ထဲကိုပဲ ဖမ်းသွား
တယ်"

"အီး အဟင့် ဟင့်"

"သက်ဆိုင်ရာကိုတိုင်ပြီးရင် ကိုယ်ကိုယ်တိုင် တောနင်းရှာ
မှာပါ၊ သက်စုရယ်၊ ညိုညိုကို အချိန်မီကယ်နိုင်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မညိုကိုရှာရင် သက်စုလည်း လိုက်မယ်နော် ဦးရဲနောင်"

"လိုက်ပါဗျာ လိုက်ပါ၊ အခု တအားငိုနေရင် ခေါင်းတွေကိုက်မှာစိုးလို့ မျက်ရည်တွေ သုတ်လိုက်ပါဦး"

သက်စုသဘောကျပြောပြီး မျက်ရည်တွေ အရင်သုတ်နိုင်းရသည်။ ရဲနောင်သွားလျှင် မလိုက်ဘဲနေခဲ့ပါဟု ပြော၍လည်း သက်စုက ရမည်မဟုတ်မှန်း သူသိသည်။ လမ်းခရီးမှာ ခုတ်ရှင်းဖယ်ရှားထားသော သစ်ဝင်တွေကိုတွေ့ရသည်။

ဤလမ်းခရီးက ကုန်စည်စီးဆင်းမှုအပိုင်းမှာ အဓိကကျသည့်လမ်းမို့ ဤမြန်မြန်ဆန်ဆန် ရှင်းလင်းထားခြင်းဖြစ်သည်။ ရဲနောင်တို့အိမ်ရှေ့မှာ ကားထိုးရပ်လိုက်သည်နှင့် စိုးရိမ်သော အမူအရာဖြင့် ပြေးထွက်လာသော အဒေါ်ကြီးနှစ်ယောက်။ ကောင်လေးတစ်ယောက်ကို တွေ့ရသည်။

"သား"

"မောင်ရဲနောင်၊ ဘာမှမဖြစ်ဘူးနော်"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး မေမေ၊ မေမေရော နေကောင်းရဲ့လား"

"ကောင်းပါတယ်ကွယ်"

"မမကို ဒေါ်လေးတို့ သေချာဂရုစိုက်ပါတယ်





မောင်နောင်"

ဦးရဲနောင် အမူအရာက သူ့မေမေနှင့် စကားပြောရာမှာ နူးညံ့သိမ်မွေ့သော အမူအရာဖြင့် ချိုချိုသာသာရှိသော်လည်း ဒေါ်လေးဆိုသူ ဝင်စကားပြောသည့်အခါမှာတော့ မျက်နှာထားတင်းသွားသည်ဟု သက်စုထင်သည်။

"သက်စု ဒါ ကိုယ့်မေမေလေ ဒေါ်ခင်ကြီးတဲ့၊ ဒါကတော့ ကိုယ့်ဦးလေးရဲ့ အမျိုးသမီး ဒေါ်လတ်နန်း၊ ဒါက ကိုယ့်တူ စိုင်းလေး၊ သူ့အစ်ကိုက နွမ်ဆိုင်းလေ"

"ဟုတ်ကဲ့ အားလုံးပဲ တွေ့ရတာဝမ်းသာပါတယ်"

"မေမေနဲ့ဒေါ်လေး သူက သက်စုပါ"

"ညီအစ်မနှစ်ယောက် အတူလာတာဆို တစ်ယောက်ကရော"

ဦးရဲနောင်မေမေက မေးခြင်းမဟုတ်ပါ။

ဒေါ်လတ်နန်းဆိုသော ဦးရဲနောင်၏ဦးလေးမိန်းမမှ မေးခြင်းဖြစ်သည်။

"မညို ပျောက်နေလို့ပါ အဒေါ်"

"ဟင်"

"သူ ဘယ်တော့ ဘယ်လိုလဲကွဲ့"

"အိး အဟင့် ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းဝမ်းနည်းလာသဖြင့် အီးခနဲ ငိုချလိုက်သော သက်စုကြောင့် အားလုံး မျက်စိမျက်နှာပျက်သွားကြသည်။ အထူးသဖြင့် ဒေါ်လတ်နန်းမှာ ပို၍ လှုပ်လှုပ်ရှားရှားဖြစ်နေပါသည်။

"ရဲမတိုင်ဘူးလား သား၊ ကလေးမလေးရော ဘယ်လိုပျောက်တာလဲ၊ မေမေ့နားလည်အောင် ပြောစမ်းပါဦးကွယ်၊ မေမေရင်တွေတုန်လိုက်တာ၊ သားကိုရော ဖမ်းကြဆီးကြဦးမှာလားကွယ်"

"မေမေ ကြောက်လိုက်တာ"

ဦးရဲနောင်အမေမှာ ကြောက်လန့်ရွံ့စိတ်ဖြင့် ဆတ်ဆတ်တုန်ကာ သူ့သားလက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားပါသည်။ သမီးဖြစ်သူ ဆုံးပြီးနောက် သားဖြစ်သူနှင့်ရော အိမ်သားတွေရှေ့အပါအဝင် ဤအကြိမ်မှာ ပထမဆုံး စကားရှည်ရှည်ဝေးဝေး ပြောကြားခြင်းဖြစ်သည်။ ပုံမှန်ဆိုလျှင် ဤအခြေအနေမှာ ကိုရဲနောင်အတွက် ဝမ်းသာစရာဖြစ်သော်လည်း ရှုပ်ထွေးနေသည့် အခြေအနေကြောင့် ထင်သလောက် ဝမ်းမသာနိုင်ဖြစ်နေသည်။

"ကျွန်တော့်ကို ဘယ်သူမှ မဖမ်းပါဘူး၊ ရဲကိုလည်း တိုင်ခဲ့ပါပြီ၊ ကိစ္စတွေအားလုံး ပြီးသွားမှာပါ၊ မေမေ ဘာမှမကြောက်ပါနဲ့၊ ဒေါ်လေးပဲ မေမေ့ကို ချော့မော့ဖျောင်းဖျထားလိုက်ပါ"

"ကျွန်တော်တို့အတွက် ဘာမှမစိုးရိမ်ဖို့ လာပြောတာ"

"မောင်နောင်တို့က ပြန်သွားဦးမှာပေါ့ ဟုတ်လား"





"ဟုတ်တယ် ဒေါ်လေး"

"ဒါနဲ့ နှမ်းဆိုင်းရော မမြင်ပါလား၊ အိမ်မှာရောရှိရဲ့လား ဒေါ်လေး"

"ရှိပါတယ်ကွယ် ရှိပါတယ်၊ ခုလေးတင် မြို့ကိုထွက်သွားပါတယ်"

ရဲနောင်က ဒေါ်လတ်နန်းကို တစ်ချက်စိုက်ကြည့်လိုက်တော့ အဘွားကြီးက မျက်နှာတစ်ချက်ပျက်သွားသည်။

"ဒါဆိုလဲ ပြီးတာပဲလေ၊ လာ သက်စု၊ ရေချိုးအနားယူပြီး တစ်ခုခုစားရအောင်၊ ကျွန်တော်တို့အတွက် စားစရာတစ်ခုခု သင့်လုပ်ထားပေးပါ ဒေါ်လေး"

"ကောင်းပါပြီကွယ်"

ရဲနောင်က အားလုံးရှေ့မှာ သက်စုလက်လေးကို ပိုင်နိုင်စွာ ဆွဲခေါ်ပြီး သူက ရှေ့က ဦးဆောင်ခေါ်သွားတာမို့ သက်စုမှာ ရင်းရှိုက်ရင်း ရဲနောင်ဆွဲခေါ်ရာပါလာသည်။

"ရေချိုးခေါင်းလျှော်ပြီး ခဏအနားယူလိုက်ဦး သက်စု၊ ခုလောလောဆယ် အဆာပြေစားဖို့ အခန်းထဲကို စားစရာတွေ ပေးထားမယ်၊ ထမင်းစားချိန်ကြ ကိုယ်လာခေါ်မယ် ဟုတ်လား"

သက်စုက ခေါင်းမညိတ် တအစ်အစ်သာ ကျိတ်ငိုနေဖြင့် ရဲနောင်မှာ ချစ်သူလေးနားက မခွာနိုင်အောင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်စု"

"သက်စုတစ်ယောက်တည်း မထားပါနဲ့ ဦးရဲနောင်၊ မမညို မရှိဘဲ သက်စုတစ်ယောက်တည်း မနေရဲလို့ပါနော်"

"အသည်းငယ်ရန်ကော ကိုကို့သက်စုလေးရယ်"

"သက်စု ဘယ်လိုဖြစ်စေချင်လည်းဆိုတာ ကိုကို့ကိုပြော လေ၊ သက်စုအနားမှာ ကိုကိုစောင့်ပေးရမလား၊ ဒါမှမဟုတ် ဒေါ်လေးကိုဖြစ်ဖြစ် သက်စုနားကို အဖော်ထားပေးရမလား"

"ဦးရဲနောင်ဒေါ်လေးကိုတော့ သက်စုနားမထားပါနဲ့၊ သူ့ မျက်လုံးကြီးတွေကို သက်စုကြောက်တယ်"

"ဒါဖြင့် သက်စုအနားမှာ ကိုကိုနေပေးရမလား"

ကြောက်လည်းကြောက်သည် ဦးရဲနောင်ကို အားလည်း ကိုးသည်ဆိုပေမယ့် နှစ်ယောက်တည်း အခန်းထဲမှာ အတူရှိနေ မည့်အဖြစ်ကိုလည်း အလိုမရှိနှင့် သက်စုမှာ ဘာမှမဖြေတတ်တိုင်း ကျိတ်သာမျက်ရည်ကျနေပါသည်။

"သက်စု ကိုကိုမေးတာဖြေဦးလေ"

ဦးရဲနောင်ကတော့ သူ့ကိုယ်သူ ကိုကိုချင်း မိုးမွှန်နေသေ မယ့် သက်စုနှုတ်ဖျားကတော့ ဦးရဲနောင်ကို ကိုကိုဟုမခေါ်ပါ ခေါ်ရန်လည်း စိတ်ကူးထဲမရှိသဖြင့် သူ့ဘာသာ ပြောချင်ရာပြော သည်ကို တားလည်းမတား။ စိတ်လည်းမဝင်စားအားဘဲ ဖြစ်





ပါသည်။

"ကဲ ကဲ ရေချိုးဖို့ပြင်တော့၊ ရေနွေးပိုက်ရော ရေအေး ပိုက်ရော အထဲမှာရှိတယ်၊ သက်စု ရေချိုးနေတုန်း ကိုကို အပြင်က စောင့်နေမယ်"

သက်စု အခက်အခဲကို ဦးရဲနောင်က သူ့ဆုံးဖြတ်ချက်နှင့် ပင် ပိုင်နိုင်စွာ အတည်ပြုလာသဖြင့် သက်စုမှာ သူမအတွက် ရေလဲအဝတ်အစားများကိုပါ တစ်ပါတည်းယူကာ ရေချိုးခန်းထဲ ဝင်ခဲ့ရသည်။ ရေချိုးရင်းလည်း မမညိုအမည်ကိုခေါ်ကာ မျက်ရည် မဆည်နိုင် ဖြစ်နေသည်နှင့် အချိန်ကြာမှန်းမသိ ကြာရပြန်သည်။

"သက်စု သက်စု"

"ဘာလဲ ဦးရဲနောင်"

"ရေချိုးခန်းထဲမှာ ကြာလှချည်လား၊ တော်ကြာ ဖျားနာနေ ဦးမယ်၊ ဒီလောက်ဆို ထွက်ခဲ့တော့"

"အခုပဲ ပြီးတော့မှာပါ"

"မကြာစေနဲ့နော်၊ အခန်းအပြင်က ကိုကို နာရီကြည့်နေ မယ်"

"ဟုတ်ကဲ့ပါ ပြီးပါပြီ"

ရေချိုးခန်းအပြင်ဘက်က သက်စုနာမည်ကိုခေါ်ပြီး တအုံး ဗုန်းထုနေတာနှင့် ရေချိုးတာကို လက်စသတ်ပြီး အသင့်ယူထား



www.burmeseclassic.com

www.burmeseclassic.com



သည့် အဝတ်တွေကို ရေချိုးခန်းထဲမှာပင် ဖြစ်သလို ကမန်းကတန်း လဲလိုက်ရသည်။

"ကျွီး"

"ဟင် အဝတ်တွေမှာလဲ ရေတွေစိုလို့၊ ခေါင်းကလည်း ရေမစင်ဘူး၊ ခေါင်းကို ရေစင်အောင်ပြန်သုတ်ပြီး အဝတ်တွေကို ပြန်လဲထားလိုက် သက်စု"

"ကိုကို အခန်းအပြင်ကစောင့်နေမယ်၊ ခပ်သွက်သွက်လေး နော် သက်စု၊ ညီညီ့ကိုရှာဖို့ သွားရဦးမယ်"

"ဟုတ်ကဲ့ပါ၊ အခုပဲ ပြီးအောင်လုပ်ပါ့မယ်၊ သက်စုကို ခဏပဲစောင့်ပါနော်"

မမညီဆိုတာနှင့် သက်စုမှာ ကပျာကယာ အဝတ်သစ်လဲ ပြီး ခေါင်းကို ရေသုတ်လျက်တန်းလန်းနှင့်ပင် ဦးရဲနောင်ရှေ့ ရောက် လာသည်။

"သက်စုပြီးပါပြီ ဦးရဲနောင်"

"ထမင်းစားခန်းနဲ့ ညှိခန်း ဘယ်နေရာက ကိုကို့ကို သက်စု စောင့်နေမလဲ၊ ကိုကိုရေချိုးပြီး ချက်ချင်းလာခဲ့မယ်"

ဦးရဲနောင်စကားက သက်စုကို ငြိမ်သက်သွားစေသည်။ ပြီးမှ

"သက်စု ဘယ်မှာမှမစောင့်တော့ပါဘူး"





"သက်စုအခန်းကပဲ စောင့်မယ်ပေါ့"

"မဟုတ်ပါဘူး၊ ဦးရဲနောင်အခန်းကပဲ စောင့်မှာပါ"

"သက်စုသဘောပဲ"

ဦးရဲနောင် ရေချိုးနေချိန်မှာ သက်စုက ဦးရဲနောင်အခန်းကို မျက်လုံးလေးတစ်ချက် ဝေ့ဝဲကြည့်သည်ဆိုရုံသာ စပ်စုနိုင်သူဖြစ် သည်။ ဦးရဲနောင်ယူလာပေးသည့် ဆံပင်လေမှုတ်စက်က သက်စု ဦးခေါင်းက ဆံပင်တိုလေးကို ခဏအတွင်းမှာပင် ခြောက်စေခဲ့ပြီမို့ သက်စု၏ လေးလံသော မျက်ဝန်းအစုံကို တွန်းလှန်နိုင်စွမ်းမရှိသည့် အတူ ဦးရဲနောင်၏ လှုပ်ခုတင်ထက်မှာပင် ကွေးကွေးလေး အိပ်ချ လိုက်သည်နှင့် ခဏအတွင်း အိပ်ပျော်သွားသည်။

"ဟောဗျာ"

ရေချိုးခန်းထဲက ထွက်လာသော ရဲနောင်မှာ သူ့ခုတင် ထက် ကွေးကွေးလေးအိပ်နေသည့် ချစ်သူလေးကိုကြည့်၍ ညင်သာ စွာ သက်ပြင်းရှိုက်လိုက်သံက တိတ်ဆိတ်သော အခန်းလေးထဲ စီးမျောသွား၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဘယ်အချိန်ထိ ငိုနေမှာလဲဗျာ၊ နေ့တိုင်း ငိုနေတာ မမော သေးဘူးလား"

"ဟင်"

"ရှင် ရှင် ကျွန်မကို ဘာစကားပြောတာလဲ"

"ညို ငိုနေတာကို မကြည့်ရက်လို့"

"အို"

ပါးစပ်က ပြောတာတင်မဟုတ်။

လူကိုယ်တိုင် ညိုညို့အနားရောက်လာပြီး ပူးပူးကပ်ကပ် တိုးဝှေ့ထိုင်ချလိုက်တာမို့ ညိုညို ရုက်လန့်စွာ နွမ်ဆိုင်းဆိုသူ၏ မျက်နှာချောချောကို အလန့်တကြား မော့ကြည့်မိသည်။

"ရှင် ဘာလုပ်တာလဲ၊ ကျွန်မနားကိုမလာပါနဲ့"





"ညို မငိုရင် ကိုယ်မလာဘူးလေ"

"ဟင်"

နွမ်ဆိုင်းဆိုသူရဲ့စကားက ဘယ်လိုကြီးပါလိမ့်။ အကြည့် တွေကလည်း ရဲရဲတင်းတင်း စူးစူးရှရှ။ သူနှင့် အကြည့်တစ်ခါ ဆုံတိုင်း ညိုညို သူ့မျက်စိရှေ့က ထွက်ပြေးချင်သည်။ ထွက်ပြေး ခွင့်ပရှချင်လည်း မီးခိုးငွေ့ဖြစ်ပြီး ပျောက်သွားချင်သည်။ ဒါက ညိုညို့စိတ်ကူးသာဖြစ်ပြီး လက်တွေ့မှာ နွမ်ဆိုင်း၏အကြည့်အောက် မှာ ညိုညိုတစ်ယောက် မလှုပ်သာမလွန့်သာ။ တစ်သက်လုံး ရိုးသား သန့်စင်သည့် အပျိုစင်ဘဝမှာ ချစ်သူရည်းစားပင် ဟုတ်တိပတ်တိ ထားဖူးသူမဟုတ်ခဲ့ရပါ။

နွမ်ဆိုင်း၏ အကြည့်အပြော အမူအရာတွေက ညိုညို့ခန္ဓာ ကိုယ်ကိုရော စိတ်ဝိညာဉ်ကိုပါ ရဲတင်းစူးရှစွာ ထိုးဖောက်နေခြင်းကို မနှစ်သက်သော်လည်း မတတ်နိုင်။ ညိုညိုဆိုတာက သူ့လက်ခုပ်ထဲ က ရေဘဝဖြစ်နေသဖြင့် သူပြုသမျှ နုရမလိုဖြစ်နေသည်။ အခု လည်း တသိမ့်သိမ့်ရှိုက်ငိုနေသည့် ညို့နားကို ပူးကပ်တိုးဝှေ့လျက် လူချင်း အသားချင်း မထိထိအောင် ထိုင်လာသူကို ရှက်ရွံ့တုန်လှုပ် ချောက်ချားခြင်းတွေနှင့် ကြောက်ရိပ်ဝိုင်းသော မျက်လုံးများဖြင့် အလန့်တကြား ကြည့်နေမိသည်။

"ညို"



www.burmeseclassic.com

www.burmeseclassic.com



ညို့နှာမည်ကို ပိုင်စိုးပိုင်နင်းခေါ်နေသူကို ညို တုံ့ပြန်သူ ခြင်းမပြုပါ။

"ကိုယ် မျိုသိပ်မထားနိုင်တော့ဘူး ညို၊ ညို့ကို ချစ်နေပြီ"

"ဟင်"

"ညို့ကို တစ်ကြိမ်ဆုံးရှုံးခဲ့ရပြီးပြီ၊ ဒီတစ်ခါတော့ ကျွန်တော့်ချစ်သူညို့ကို ဘာအတွက်နဲ့မှ အဆုံးရှုံးမခံတော့ဘူးလို့ ဆုံးဖြတ်ထားပြီ"

"ကျွန်မက ရှင့်ချစ်သူမှမဟုတ်ဘဲ၊ ရှင်ပြောတော့ ရှင့်ချစ်သူကသေပြီဆို"

"မသေလို့ အခု ကိုယ်နဲ့အတူရှိနေပြီပဲ၊ အစ်ကိုနောင်ကို မချစ်ပါနဲ့၊ ကျွန်တော့်ကိုပဲ ချစ်ပါ၊ ကျွန်တော့်ကိုပဲ လက်ထပ်ပါ ညို"

"ရှင် ဘာတွေပြောနေတာလဲ"

"အစ်ကိုနောင့်ကို မချစ်ပါနဲ့၊ မေမေက အစ်ကိုနောင်ကို ဘယ်မိန်းကလေးနဲ့မှ ချစ်ခွင့်၊ လက်ထပ်ခွင့်ပြုမှာ မဟုတ်ဘူး ညိုသာ ကျွန်တော့်စကား နားမထောင်ရင် ညိုလည်း မမခင်ဆောင်သေသလို သေရလိမ့်မယ် သိလား"

"ခမ်းဆောင် ဟုတ်လား"

"ဟုတ်တယ် အစ်ကိုနောင်ကို လက်ထပ်မယ့် ခမ်းဆောင်





ကို အစ်ကိုနောင်နဲ့ လက်မထပ်နိုင်အောင် သတ်ပစ်လိုက်တာ"

"အို"

"ညိုတွေ့ခဲ့တယ်မဟုတ်လား၊ ခေတ်ပုံထဲမှာလေ၊ ညိုလိုပဲ အစိမ်းရောင်ဝတ်စုံနဲ့ သိပ်လှတယ်"

"ဟင်"

ညိုမျက်လုံးလေးတွေ ဝိုင်းဝိုင်းလည်သွား၏။ ကိုရဲနောင်က သူ့မမပါဟု ပြောခဲ့သူက ကိုရဲနောင်ရဲ့မမမဟုတ်ဘဲ လက်ထပ်မည့်သူဟု ကြားနေရသည်။

"ရှင် တကယ်ပြောတာလား"

"တကယ်ပေါ့၊ ညိုက မယုံလို့လား"

ညိုရင်တွေ တဒိတ်ဒိတ်အခုန်မြန်လာပြီး သူ့မျက်စိရှေ့နှမ်ဆိုင်းကို ပိုကြောက်လာသည်။ သူပြောသည့် စကားအဓိပ္ပါယ်တွေကိုလည်း တဖြည်းဖြည်းဆက်စပ်နားလည်လာတော့ ပိုဆိုးသည်။ ကိုရဲနောင်တို့အိမ်ကြီးထဲမှာ ဘယ်သူမှလိုက်မမီနိုင်သော အိမ်တွင်းရေးအရှုပ်အထွေးကြီးတစ်ခုရှိနေခြင်းကို ကိုရဲနောင်ကိုယ်တိုင်ပင် သိရဲ့လားမသိပါ။

"ညို"

"အိုး ဒါဘာလုပ်တာလဲ၊ ညို့အသားကိုမထိပါနဲ့"

ညို့ပခုံးနှစ်ဘက်ကို ရဲတင်းစွာဆုပ်ကိုင်လာသော



www.burmeseclassic.com

www.burmeseclassic.com



လက်အစုံကို ညို့ တအားရုန်းဖယ်တွန်းထုတ်ပစ်လိုက်ပေမယ့် သူက မလွှတ်ပါ။ ကြောက်စိတ်ဖြင့် ချက်ချင်းလို ညို့ အော်ဖို့ကြိုးစားပေမယ့် ညို့ အော်ရှောင်တွေ့ပုံလာ သည်။

"မရုန်းပါနဲ့ ညို့ရယ်၊ ညို့ကို ကိုယ် တကယ်ချစ်တာပါ"

"ရှင် မယုတ်မာနဲ့နော်"

"ညို့ကို သိပ်ချစ်လို့ပါ ညို့ရယ်"

"လွှတ်"

"လူယုတ်မာ"

"ညို့"

"ချစ်တယ် ညို့ရယ်"

"ချစ်တယ်"

"အို"

ထုရိုက်သော ညို့လက်ကလေးများက အင်အားချင်းမမျှသူ ထံမှာ အရာရောက်ခြင်းမရှိပါ။ ညို့ပါးပြင်ပေါ် မျက်ရည်များစီးကျ လာသည်။ တင်းကျပ်သော အပွေ့အဖက် ရှိုက်နမ်းခြင်းအောက်မှာ ညို့စကားသံတို့ ပျောက်ဆုံးသွားသည်။ ညို့အား ကူညီကယ်တင် မည့်သူက ရှာမတွေ့။ အဆုံးအစမရှိသော ချောက်ကမ်းပါးနက်နက် သည်သာ ညို့အတွက်ဖြစ်ရော့ထင်။

"ညို့"





"မြန်း"

"လူယုတ်မာ"

နာကျင်စွာ အခံရခက် ရှက်မွန်စွာ ဆိုမြည်လိုက်သံအဆုံး မှာ ကလေးငယ်တစ်ယောက်လို ကိုယ်လေးသိမ့်သိမ့်တုန် ငိုချပစ် လိုက်သည်။

"မကျေနပ်ရင် ထပ်ရိုက်ပါ ညို့၊ ညို့ပေးတဲ့အပြစ်ကို ကိုယ်ခံပါ့မယ်၊ ကိုယ့်အနားကသာ ညို့ ထွက်မသွားပါနဲ့၊ ညို့ကို ကိုယ်ချစ်တယ် ညို့ရယ်"

"မပြောနဲ့၊ ရှင့်ရုပ်ကိုလည်း မမြင်ချင်ဘူး၊ ရှင့်အသံကို လည်း မကြားချင်ဘူး၊ ရှင့်ကို ညို့ မုန်းတယ်၊ သိပ်မုန်းတယ်"

"ညို့ရယ်"

အရူးမလေးတစ်ယောက်လို ဟစ်အော်လိုက်သံကြောင့် သစ်ပင်ထက်မှာ နားခိုနေသော အချစ်ငှက်မောင်နှံတစ်စုံမှာ အလန့် တကြား ထပျံသွားကြသည်။ ညို့ အိပ်ရာထက်မှာ မျက်နှာလေးကို မှောက်အပ်လျက် ရှိုက်ငိုနေတာကို နွမ်ဆိုင်းက မျက်တောင်မခတ် စိုက်ကြည့်နေ၏။

ညို့ညို့ကို မြင်မြင်ချင်း သူချစ်သူ ပန်ဇာ သေရာက သက်ပြန်ရှင်လာတာများလားဆိုသည့် အသိဖြင့် အံ့ဩတုန်လှုပ် ရသော နွမ်ဆိုင်းအဖြစ်ကို ကိုရဲနောင်အပါအဝင် တစ်မိသားစုလုံး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မရိပ်မိကြပါ။ နွမ်ဆိုင်းချစ်သူ ပန်ဓာက နွမ်ဆိုင်း လက်ပေါ်မှာတင် သေဆုံးခဲ့ရတာမဟုတ်လျှင် ညှိညှို့ကို ပန်ဓာ ထင်မိမှာ သေချာသည်။

နွမ်ဆိုင်းချစ်သူ ပန်ဓာကို ဘယ်သူမှမမြင်ဘူး။ ပန်ဓာ သူမမိသားစုနှင့်ခွဲပြီး အဒေါ်အိမ်မှာ လာနေရင်း နွမ်ဆိုင်းနှင့် တွေ့ ချစ်ကြိုးသွယ်မိကြခြင်းဖြစ်သည်။ အဒေါ်ဖြစ်သူမိသားစုဆီမှာ အလု လုပ်ပြီး ရရှိသည့်ငွေကြေးကို တောင်ပေါ်ရွာက သူမမိသားစု ပို့ရသည်။ မိသားစုများသော ပန်ဓာတို့ဘ၀က မပြည့်စုံ။ အဒေါ် မိသားစုကိုယ်တိုင်ကလည်း ချမ်းသာသူများမဟုတ်သဖြင့် ဝ နေမကောင်းဖြစ်ချိန်မှာ ကောင်းစွာဂရုမစိုက်နိုင်။

စမ်းရေးအတွက် ရှာဖွေရှန်းကန်နေရသူများ ဖြစ်သ အတိုင်း ငွေပိုမသုံးစွဲနိုင်ခြင်းကြောင့် ပန်ဓာခမျာ အရွယ်ငယ်ငယ်နှ လူ့လောကကြီးကို စွန့်ခွာခိုင်းသွားသည်။ နွမ်ဆိုင်းနှင့် ပန်ဓာတို့ အချစ်ဇာတ်လမ်းနှင့် အလွမ်းဇာတ်သိမ်းခန်းကို ဘယ်သူမှမ

ချစ်သူပန်ဓာကို တမ်းတလွမ်းဆွတ်နေရသော ငါး သည့် အချိန်အတွင်းမှာ နွမ်ဆိုင်းရှိရာသို့ ပထမဆုံးရောက်လာ ညှို့စိမ်းမိန်းကလေးက အံ့ဩစရာကောင်းလောက်အောင် နွမ် ချစ်သူ ပန်ဓာနှင့် ခွဲမရအောင်တူသော မိန်းကလေးဖြစ်သ အသက်ရှုယ်ချင်းလည်းမတိမ်းမယိမ်း။





နွမ်ဆိုင်းအတွက် ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်ခဲ့ရ သည်။ အိမ်အလုပ်သမားတွေတစ်ဆင့် ညှိညှို့ဆိုတာ အစ်ကိုနောင် နှင့် လက်ထပ်မည့် အစ်ကိုနောင့်ချစ်သူ မိန်းကလေးအဖြစ်သိရတော့ ပိုပြီးတုန်လှုပ်ချောက်ချားသွားသည်။ အစ်ကိုနောင်၏ မွေးစားအစ်မ ခမ်းဆောင်နှင့် အစ်ကိုနောင်ကို လက်ထပ်ပေးစားမည့်အချိန်မှာ မမဆောင် နှလုံးရောဂါဖြင့် ရုတ်တရက် သေဆုံးသွားသည်။

ဘာကြောင့် သေဆုံးရသည်ကိုမသိသော်လည်း အလွန် တုန်လှုပ်ချောက်ချားစရာကောင်းသည့် အခြေအနေတစ်ရပ်ကြောင့် ရုတ်တရက် နှလုံးအခုန်ရပ်သွားခြင်းဟု ဆရာဝန်အဖြေကို ရရှိခဲ့ သည်။ လူသတ်တရားခံအဖြစ် နွမ်ဆိုင်းသိထားသူက တစ်ယောက် ထဲ။ ထိုသူက တခြားသူမဟုတ်။ နွမ်ဆိုင်းမိထွေး ဒေါ်လတ်နန်း။

အစ်ကိုနောင် အိမ်ထောင်ပြုလျှင် နွမ်ဆိုင်းတို့မိသားစု အိမ် ကြီးပေါ်က ဆင်းပေးရမည်ကို မိသားစုအားလုံး သိထားကြပြီးသား ဖြစ်သည်။ နွမ်ဆိုင်းအဖေက အစ်ကိုနောင့်ဦးလေး အရင်းမဟုတ်။ ဝမ်းကွဲဦးလေးမျှသာဖြစ်ပြီး အမွေအနှစ်အားလုံးကို ပိုင်ဆိုင်သူက အစ်ကိုနောင်တစ်ယောက်တည်းသာ။

ဒါကိုသိ၍ အစ်ကိုနောင်ကို လက်မထပ်နိုင်အောင် ကာကွယ်သည်။ အစ်ကိုနောင်ကို တိတ်တဆိတ် လုပ်ကြံဖို့အထိ မိထွေးနှင့်အဖေက ကြံစည်တာ နွမ်ဆိုင်းသိပေမယ့် ဘယ်သူ့ကိုမှ



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်မပြော။ ညိုညို့ကိုတော့ နှမ်ဆိုင်းမိသားစုက လုပ်ကြံသတ်ဖြတ်ခြင်းမပြုနိုင်ခင် သူက အရင်ဦးအောင် ခိုးယူလာခဲ့ရာမှ။ အခုတော့ မျက်စိရှေ့က အပျောက်မခံနိုင်အောင် သည်းသည်းခိုက် ချစ်ရမြတ်နိုး ရသူဖြစ်လာသည်။

သူမှ ခေါ်မလာလျှင်လည်း ခေါ်လတ်နန်းက ညိုညိုကို တစ်နည်းနည်းဖြင့် လုပ်ကြံမည်သာ။ အရင်တစ်ခေါက် ရန်ကုန်က အစ်ကိုနောင်ပြန်လာပြီးထဲက အချိုးပြောင်းလာသော အစ်ကိုနောင့် အမူအရာကို ရိပ်မိကြသည်။ ဒီကြားထဲ ညိုညိုဆိုသူနှင့် ဖူး မကြာခဏပြောသည်။ ပြောတိုင်းလည်း ရယ်မောပျော်ရွှင်နေတာမို့ အစ်ကိုနောင့်ချစ်သူကို ညိုညိုအဖြစ် တစ်အိမ်လုံးသိထားသည်။

အခု ပန်ဓာနှင့်တူသော အစ်ကိုနောင့်ချစ်သူ ညိုညို သူ့လက်ထဲမှာ အမြတ်တနိုးရှိနေသည်။ ပြီးတော့ သူ့ကြောင့် ညိုညို ငိုနေသည်။ ချစ်ရသူ၏ မျက်ရည်တွေက နှမ်ဆိုင်းအသည်းကို ပူလောင်နာကျင်စေသည်။ ချစ်သူအငိုတိတ်အောင် ဘယ်လိုချော့ ရမည်ကို သူမသိ။ ညိုညိုငိုတော့ သူပါလိုက်ငိုချင်နေတာ သိသည်။

"ညို"

ချစ်သူအမည်ကို တိုးတိုးခေါ်ကြည့်သည်။

ညိုညိုက မထူး။





သူ့အင်္ကျီအိတ်ထဲက ဓာတ်ပုံလေးကိုထုတ်ပြီး ငိုနေသော ညိုညိုရှေ့မှာ အသာချပြသည်။

"ဒီမှာကြည့်ပါဦး ဘယ်သူ့ပုံလဲဆိုတာ"

ငိုနေသူရှေ့ ရောက်လာသည့်ဓာတ်ပုံက ညိုညို့ကို အံ့ဩသွားစေသည်။

"ညိုနဲ့မတူဘူးလားဟင်"

ရုတ်တရက်ကြည့်လျှင် ညိုညိုနှင့် ခွဲမရအောင်တူသော မိန်းကလေးတစ်ယောက်။ ချစ်စဖွယ်ရယ်မောနေပုံက ငေးကြည့်နေချင်စရာ။

ဒါ နှမ်ဆိုင်းချစ်သူ ပန်ဓာဆိုရင်တော့ ညိုညို့ကို မြင်မြင်ချင်း အံ့ဩတုန်လှုပ်စွာ မျက်တောင်တစ်ချက်မခတ်နိုင်အောင် ဖြစ်ခဲ့ရသော နှမ်ဆိုင်းစိတ်ထဲမှာ ညိုညို့ကို ကိုရဲနောင်ချစ်သူဟု ထင်နေသည့်အတွက် သူချစ်တဲ့ မိန်းကလေးကို ကိုရဲနောင်လက်ထဲ အပါခံနိုင်၍ ဖွတ်အတင်းခိုးပြေးလာသလိုထင်ရပေမယ့် သူပြောသည့် စကားတွေအရ ထိုထက်နက်ရှိုင်းမှုကလည်း အိမ်ကြီးထဲမှာ ရှိနေပေသေးသည်။

"ညို"

"ကိုယ့်ကို လက်ထပ်ပါနော်၊ ညိုမရှိရင် ကိုယ်လည်း မရှိချင်ဘူး၊ ညို့ကိုချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညိုက ညိုပဲ၊ ရှင့်ရည်းစားမဟုတ်ဘူး"

"ပန်ဇာ သေသွားပြီးဆိုတာ ကိုယ်သိပါတယ် ညို၊ ညို့ကိုပဲ ချစ်တာပါ၊ ညို့ကို မခွဲပါရစေနဲ့၊ လက်ခံပါ ညိုရယ်၊ ကိုယ့်အချစ်ကိုရော ကိုယ့်ကိုရော လက်ခံပါ"

"ညိုတစ်ယောက်ထဲ နေပါရစေရှင်၊ ညို့ကို မနှောင့်ယှက်ပါနဲ့၊ အခု ညို့ဘဝက ရှင့်လက်ခုပ်ထဲကရေပါ"

ပြောရင်းဝမ်းနည်းလာကာ ညို့ပါးပြင်ပေါ် မျက်ရည်တွေကျလာတော့ သူ မျက်နှာပျက်သွားသည်။

"အဲဒီလိုမပြောပါနဲ့ ညိုရယ်၊ ငိုလည်း မငိုပါနဲ့"

"သြော် ရှင်ကမှ အပြောကောင်း၊ အခု ရှင့်ကြောင့် ကျွန်မဘဝတစ်ခုလုံး သုံးမရအောင် ပျက်စီးသွားပြီ၊ အဲဒါ ရှင့်ကြောင့် ရှင့်ကြောင့်၊ ရှင့်ကို မုန်းတယ်သိလား၊ မုန်းတယ်"

"ညို"

"ညိုရယ်"

ညိုတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ အငေါင်းကျုပ်ဆုံး ရောက်သွားပေမယ့် ညို မရုန်းကန်နိုင်တော့ဘဲ ချုံးပွဲချငိုလိုက်သည်။ လူတစ်ယောက်ရဲ့ အပြောင်းအလဲ မြန်တတ်တဲ့ ကံကြမ္မာကို ဘယ်သူကြိုသိနိုင်ပါ့မလဲကွယ်။ ဒီလိုအဖြစ်တွေ ဖြစ်လာမယ်လို့ ညိုသာ ကြိုတင်သိခွင့်ရခဲ့မယ်ဆိုရင်။ ညို့ဘဝထဲက ညို ကြုံတွေ့





နေရတဲ့ ဝမ်းနည်းနာကြည်းစရာ အဖြစ်အပျက် အစိတ်အပိုင်းတွေ အားလုံးကို ဖြတ်တောက်ဖယ်ထုတ်လိုက်ချင်ပါသည်။

အခုတော့ ညိုညို့ဘဝက ဆုပ်လည်းစူး စားလည်းရှူး ရမည့် ဘဝ။ အဆုံးအစမရှိတဲ့ ပင်လယ်လှိုင်းကြမ်းထဲမှာ ကူညီတယ်တင်သူ မဲ့လွန်းလှတဲ့ အဖြစ်တွေနဲ့လေ။

"ဟော အသံတွေကြားတယ်၊ ဘယ်သူတွေလည်းမသိဘူး၊ ညို ဒီမှာ ခဏနေနော်၊ ကိုယ်သွားကြည့်လိုက်မယ်"

ပေါ့ပါးဖျတ်လတ်စွာ ညို့နားက ပြေးသွားသည့် မားမတ်န့်ညားသော အသွင်သဏ္ဍာန်ကြောင့် ညိုညို အငိုရပ်ပြီး ဦးခေါင်းလေးကို ဆတ်ခနဲထောင်ပြီး နားကိုစွင့်သည်။ သဲကွဲပီသခြင်းမရှိသော်လည်း လူတစ်စု စကားပြောသံအဖြစ် သေချာသည်နှင့် ညိုညို နေရာမှလူးလဲထကာ အင်အားရှိသ၍ အသံကုန် ဟစ်အော်လိုက်၏။

"ကယ်ကြပါရှင်၊ ကျွန်မကို အမြန်ဆုံးလာကယ်ကြပါ"

"ဟိတ်"

"ညို…ဟာ…မပြေးနဲ့"

"ညို…ညို"

ညိုညိုက နောက်ကို တစ်ချက်ပင်လှည့်မကြည့်။ နောက်က နှမ်ဆိုင်း၏ ခြေသံတစ်ဖျပ်ဖျပ်ကြောင့် အင်အားရှိသမျှ ထွက်ပြေးသည်။ မျက်လုံးထဲမှာ ဘာကိုမှ သည်းကွဲစွာမမြင်။ ဒီနေရာ



www.burmeseclassic.com

www.burmeseclassic.com



က လွတ်မြောက်လျှင် ကျေနပ်ပြီဟုတွေးသည်။

"ညို"

"ညို...အဲဒီဘက်ကိုမသွားနဲ့၊ မသွားနဲ့"

"ညို"

"အမလေး"

"ညို"

ညိုအသည်းထဲမှာ အေးခနဲဖြစ်သွားပြီး မျက်လုံးထဲ ပြာခနဲ ဖြစ်သွားတာပဲ သိလိုက်သည်။ နှမ်ဆိုင်းထံမှ ရင်ကွဲမတတ် အသံ နက်ကြီးဖြင့် စူးစူးဝါးဝါး ဟစ်အော်ခေါ်သံက တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တစ်ခုလုံး ပွဲတင်ထပ်မျှ ဖုံးလွှမ်းသွား၏။



# အခန်း (၁၅)

"မသေကောင်းမပျောက်ကောင်းပါလား သက်စုရယ်၊ တော်ပြီ တော်ပြီ နောက်များဆို ကျုပ်တို့လူကြီးတွေမပါဘဲ ဘယ်ကိုမှ ခြေတစ်လှမ်းရွှေ့ဖို့ မကြိုးစားလေနဲ့ ကြားလား သက်စု"

"ဟုတ်"

"ပြောလိုက်ရင် တဟုတ်ဟုတ်နဲ့ ပြီးတော့သာ ထင်ရာစိုင်း ပြီး လုပ်ချင်ရာလုပ်တာ မသိဘူးထင်နေလား"

"အင်း...အန်တီကြီးက သက်စုဆို ဘာတစ်ခုမှကို အကောင်းမပြောဘူး"

အန်တီကြီး၏ ဆုံးမသြဝါဒစကားရှည်ကြီးကို မပြီးနိုင် မစီးနိုင် နားပူနားညည်းအောင် နားထောင်ခြင်း၏ နောက်ဆုံးအဆုံး သတ်မှာတော့ ထုံးစံအတိုင်း အန်တီကြီးထံမှ မျက်စောင်း ဒိုင်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ထိုးကာ သက်စုကို မကျေနပ်သလို သက်စုမှာလည်း နှုတ်ခမ်းကို ချွန်အောင် စူကောက်ပြီးဖြစ်ပါသည်။

"ညည်းကိုယ်ကရော ကောင်းလို့လား"

"ဟွန်း…သက်စုက ဘာလုပ်နေလို့လဲလို့"

"တော်ပါတော့ မမကြီးရယ်၊ အခု ညိုညိုကိစ္စ ဘယ်လိုလုပ်ကြမလဲဆိုတာ အရင်စဉ်းစားပါဦး"

"ဘာစဉ်းစားစရာလိုလည်းအေ ဖြစ်လာပြီဆိုမှတော့ ပေးစားလိုက်ကြရုံရှိတာပေါ့၊ ဒါ့အပြင် ဘာရှိဦးမှာလဲ"

"မမကြီး"

မေမေ့အသံက အထိတ်တလန့်ရှိသလို သက်စုလည်း အန်တီကြီးမျက်နှာကို မျက်လုံးအဝိုင်းသားဖြင့် ပြန်ကြည့်နေမိပါသည်။

"မမကြီးလုပ်မနေနဲ့ တင်တင်၊ မိန်းမသားဘဝဆိုတာ ဖက်ပေါ်ပဲဆူးကျကျ၊ ဆူးပေါ်ပဲ ဖက်ကျကျ နာဘက်ကချည်းပဲ ဖြစ်နေတော့ ညိုညိုခများလည်း နဖူးစာရွာလည်တယ်လို့ပဲ ဆိုကြပါစို့ကွယ်"

"ဒါမှလည်း သူ့အတွက်ရော ကိုယ့်အတွက်ပါ စိတ်ချမ်းသာနိုင်ကြမယ်၊ ဒီလိုမှမဟုတ်ရင် ညိုညိုအပါအဝင် တစ်မိသားစုလုံး အရှက်တကွဲ အကျိုးနည်းဆိုတာလိုမျိုး ဖြစ်မှာမျိုး ညည်းတို့





ကျုပ်တို့ ဒီအတိုင်း လက်ပိုက်ကြည့်နေနိုင်လား"

"ညိုညိုနဲ့ သူ့ကောင်လေးကို လက်ထပ်ပေးစားလိုက်၊ ဒါပဲရှိတယ်"

အန်တီကြီး၏ အဆုံးအဖြတ်စကားအောက်မှာ မေမေရော သက်စုပါ ငြိမ်သက်နေကြပါသည်။ မညိုကဖြင့် သူ့အိပ်ခန်းလေးထဲက ပြန်ရောက်သည့်နေ့ထဲက အပြင်သို့မထွက်တော့သလို တစ်ယောက်တည်း ဖြေဆည်ရာမရနိုင်သော အဖြစ်အပျက်များဖြင့် မျက်ရည်မဆည်နိုင် ဖြစ်နေရှာသူဖြစ်သည်။

မမညို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့်အဖြစ်တွေကလည်း သည်းခြေပျက်စရာဟု ဆိုချင်သည်။ မမညို၏ နုနယ်အပြစ်ကင်းစင်လှသော ဘဝတစ်လျှောက် ဤအဖြစ်အပျက်မှာ မမညို့ဘဝအတွက် သေရာပါဒဏ်ရာများ ဖြစ်လာသည်။

ထိုနေ့က သက်ဆိုင်ရာလူကြီးများနှင့်အတူ ဦးရဲနောင်နှင့် သက်စုတို့ မမညိုကို ရှာဖွေခဲ့ကြသည်။ နေရာအနှံ့သွားသည်။ ဖြစ်နိုင်ချေရှိသည့်နေရာများကို ခန့်မှန်းပြီးအသွား တစ်နေရာအရောက်မှာတော့ မမညို၏ အော်ဟစ်အကူအညီတောင်းသံသဲ့သဲ့နှင့်အတူ လူတစ်ယောက်ထံမှ မမညို၏အမည်ကို စိုးရိမ်တကြီး ဟစ်အော်ခေါ်သံအဆုံးမှာ မမညိုတစ်ယောက် သစ်ပင်ချုံနွယ်ကာဆီးထားသည့် ချောက်ကမ်းပါးအတွင်းသို့ ထိုးကျသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းလွန်း၍သာ မမညိုမှာ ချောက်ကမ်းပါးအတွင်း ကျသွားခြင်းမရှိဘဲ ချုံနွယ်ထူထူတစ်ခုပေါ်မှာ တင်ကျန်ရစ်သော်လည်း လူက သတိမေ့နေ၍ လူအား၏ အကူအညီဖြင့် အပေါ်ပြန်ရောက်အောင် ခဲရာခဲဆစ် ပြန်လည်ဆယ်ယူကယ်တင်ခဲ့ရသည်။ အဓိက မမညို၏အသက်ကို ကယ်တင်ခဲ့သူက နွမ်ဆိုင်းဆိုသည့် မမညိုကိုမှ အသက်မက ချစ်လှပါသည်ဆိုခဲ့သော မမညို၏ချစ်သူကိုယ်တိုင်ဖြစ်သည်။ နွမ်ဆိုင်းတစ်ကိုယ်လုံး ဆူးခြစ်ရာများ၊ ဒဏ်ရာများဖြင့် ပြည့်နှက်ဖူးရောင်နေသော်လည်း နွမ်ဆိုင်းက သူ့မမညိုကလွဲပြီး သူ့ကိုယ်ပေါ်ကဒဏ်ရာတွေကို ဂရုမစိုက်ခဲ့။

တစ်ချိန်လုံး သတိမေ့နေသည့် မမညို၏ မျက်နှာလေးကိုသာ အနားမှာနေပြီး တစိမ့်စိမ့်စိုက်ငေးကြည့်ရင်း မမညို၏ ပါးလေးတွေ၊ နဖူးလေးတွေကို လူအလစ်မှာ မကြာခဏ ခိုးခိုးနမ်းနေတာကို အားလုံးက မမြင်ဟန်ဆောင်နေကြရသည့်အထိ မမညိုကို ချစ်သူ။

ဦးရဲနောင်ကတော့ သူ့ညီတော်စပ်သူ၏ မိုက်ရူးရဲလုပ်ရပ်ကြောင့် မမညိုအပါအဝင် သက်စုတို့ တစ်မိသားစုလုံးကို မျက်နှာပူကာ ညီဖြစ်သူကို သက်ဆိုင်ရာသို့ တိုင်ကြားပြီး တာဝန်ရှိသည်နှင့်အညီ အရေးယူခိုင်းပါသည်။ သက်စု ဖေဖေ မေမေတို့မှာလည်း မမညို၏ အဖြစ်အပျက်အလုံးစုံကို နားထောင်ပြီးဖြစ်၍ ဖြစ်လာသမျှကို ကံဟု သဘောပိုက်ကြပြီး ဦးရဲနောင်၏ညီဖြစ်၍ အတတ်နိုင်ဆုံး





သက်ညှာခွင့်လွှတ်ကြရပြန်ပါသည်။

နွမ်ဆိုင်းကတော့ မမညိုရှိနေသည့်နား တရစ်ဝဲဝဲရှိနေသော်လည်း မမညိုကတော့ နွမ်ဆိုင်းကို လုံးဝအတွေ့မခံရုံမက မမညိုကိုပင် မြင်ခွင့်မရအောင် လုံအောင်ပုန်းနေပါသည်။

"သိပ်ခက်တာပဲ မမကြီးရယ်၊ တင်တင်တော့ ညီညိုနားဝင်လက်ခံလာအောင် ဒီထက်ပိုမပြောတတ်တော့ဘူး၊ မမကြီးပဲ သူ့ကောင်လေးနဲ့ လက်ထပ်အောင် တိုက်တွန်းနားချပေးပါဦး၊ တော်ကြာ တစ်ရှက်က နှစ်ရှက်ဖြစ်နေမှ ပိုခက်မယ်"

"သက်စုလည်း ကျပ်ကျပ်သတိထားနေ"

"လုပ်ပြန်ပြီ၊ သက်စုက ဘာလုပ်နေလို့လဲလို့၊ အန်တီကြီးက သက်စုပဲ အပြစ်တင်နေ"

"အပြစ်တင်တာမဟုတ်ဘူး၊ မဖြစ်ခင်က ကြိုတင်သတိပေးနေတာ၊ တင်တင်လည်း ညည်းသမီးကိစ္စကို ပေါ့မနေနဲ့၊ ညည်းယောကျ်ားနဲ့တိုင်ပင်ပြီး အခုထဲက ဘာလုပ်မယ်ဆိုတာ ကြိုစဉ်းစားထား"

"နောက်မှ အမေကယ်ပါ၊ အစ်မကယ်ပါ လာလုပ်မနေကြနဲ့၊ ညီညိုဆီ ငါပဲသွားလိုက်မယ်"

"အန်တီကြီး"

အန်တီကြီးကို သက်စု လှမ်းခေါ်သော်လည်း လှည့်မ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ပါ။ အခန်းတံခါး ပိတ်၍ တိတ်ဆိတ်နေသော မမညို ရှိရာ အခန်းထဲသို့ သူ့ကိုယ်ဝဝကြီးနှင့် ဝင်ရောက်ပျောက်ကွယ်သွား ခိုက်မှာ သက်စုတစ်ယောက်တည်း အန်တီကြီးစကားကို မကျေမနပ် ဖြစ်ရင်း နှုတ်ခမ်းစူလျက် ကျန်ရစ်ပါသည်။

"မမေကြားတယ်မဟုတ်လား၊ အန်တီကြီးက သက်စုဆို ဘာတစ်ခုမှကို အကောင်းထင်တာမဟုတ်ဘူး၊ သက်စုကိစ္စကို ပေါ့မနေနဲ့ဆိုတော့ သက်စုကိစ္စက ဘာကိစ္စမို့လဲလို့"

"သမီးနဲ့ မောင်ရဲနောင်ကိစ္စလေ၊ မောင်ရဲနောင်က သမီးကို လက်ထပ်ခွင့်ပေးဖို့ မေမေ မမေတို့ဆီမှာ ပြောဆိုတောင်းရမ်းထား တယ်"

"ဟင်"

"သက်စုလည်း ဘာမှမသိရပါလား၊ သက်စုကိုလည်း သူ ဘာမှမပြောဘူး"

"သမီးလေးစိတ်ဆိုးမှာကို မောင်ရဲနောင်က ကြောက်နေ တယ်လေ၊ မမေတို့အနေနဲ့ကတော့ မောင်ရဲနောင်နဲ့ သမီးကို သဘောတူပြီးသားပါ၊ လက်ထပ်ဖို့ကိစ္စကို မောင်ရဲနောင်က မြန်မြန် ပြီးချင်ပေမယ့် တစ်ဖက်မှာကလည်း ညိုညိုကိစ္စကရှိသေးတော့ သမီးတို့မင်္ဂလာကိစ္စကို ခဏတော့ ဆိုင်းထားရဦးမှာပဲ"

"ရှင်"





တိကျပိုင်နိုင်သော မမေ့ထံမှ ဆုံးဖြတ်ချက်စကားက သက်စုကို မျက်လုံးပြူးသွားစေပါသည်။ ဦးရဲနောင်နှင့် သက်စုတို့ရဲ့ မင်္ဂလာပွဲဆိုပါလား။ သက်စုနှင့်သူ ဘယ်တုန်းကမှ ချစ်သူတွေ ဖြစ်ခဲ့ကြတာလည်း မဟုတ်ဘဲနှင့် သက်စုကိုလက်ထပ်ဖို့ မမေတို့ ဆီမှာ ခွင့်တောင်းထားသည်ဆိုတော့ တဆိတ်လွန်လွန်းပြီဟု ဆိုရ မည့်အနေအထား ဖြစ်နေပါသည်။

"တင်တင်ရေ"

"ဟော...သမီးအန်တီကြီးခေါ်နေပြီ သမီးရေ၊ မမေ ညိုညိုဆီ သွားလိုက်ဦးမယ်"

မမေ့ကို သက်စု ဘာမှမပြောရသေးခင် မမေက မညို ရှိနေသည့် အခန်းရှိရာဘက်သို့ ခပ်သွက်သွက်လျှောက်သွားရာ သက်စုတစ်ယောက်တည်း ဧည့်ခန်းမှာ မကျေမနပ်လေး ဖြစ်ကျန်ရစ် သည်။

ဦးရဲနောင်ဆိုတဲ့ လူကြီး အခု အိမ်မှာမရှိဘဲ အပြင်သွားနေ သည်။ သူ့ညီနှမ်ဆိုင်းကိုပါ အတူခေါ်သွားသည်။

မညိုကိစ္စဖြစ်တော့ သက်စု မိဘနှစ်ပါး သက်စုတို့ရှိရာ အပြေးရောက်လာပေမယ့် အန်တီကြီးကတော့ ရန်ကုန်အိမ်မှာပဲ အိမ်စောင့်အဖြစ် ကျန်ရစ်သည်။ ဖြစ်ပျက်သမျှကိစ္စတွေရှင်းပြီး မညို သဘောဆန္ဒအတိုင်း ရန်ကုန်အိမ်ကို ချက်ချင်းပြန်တော့ ဦးရဲနောင်



www.burmeseclassic.com

www.burmeseclassic.com



တို့ညီအစ်ကိုပါ သက်စုတို့နှင့်အတူ လိုက်လာသည်။

တစ်လမ်းလုံး နှမ်ဆိုင်းက မမညိုအနား ကပ်ခွင့်မရသည့်တိုင် တစ်ချိန်လုံး မျက်နှာငယ်လေးနှင့် မမညိုမျက်နှာလေးကို အသနားခံသောမျက်လုံးများဖြင့် ချစ်ခင်မြတ်နိုးဟန်အကြည့်များဖြင့် ငေးမောလာသည်မှာ အားလုံး မမြင်ချင်အဆုံးဖြစ်သည်။

အန်တီကြီးအပါအဝင် အားလုံးက မမညိုကို နှမ်ဆိုင်းနှင့်ပဲ လက်ထပ်စေလိုကြသည်။ မိန်းကလေးရှင်ပီပီ တစ်ရက်က နှစ်ရက် မဖြစ်လိုကြပေမယ့် ကာယကံရှင်က လက်မခံတော့ အားလုံးစိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ပြီး ဘယ်သူမှ ကောင်းကောင်းနေလို့မရတော့။

ဒီကြားထဲ မမညိုက ဘယ်သူ့ကိုမှ စကားမပြော။ ပြောသမျှစကားတွေကိုသာ ငြိမ်သက်နားထောင်ပြီး မျက်ရည်တွေချည်းကျနေတော့ အားလုံးက မမညိုအတွက် စိတ်ပူကြ၊ စိုးရိမ်ကြနှင့် ပျာယာခတ်နေရသည့်ကြားထဲ ဦးရဲနောင်ကြောင့် သက်စုကိုစ္စကပါ မိသားစုဝင်တွေကြားထဲ ကန့်လန့်ပါလာရခြင်းဖြစ်သည်။

မုန်းစရာကောင်းလိုက်တဲ့ လူကြီး။

သက်စုကို ဘာမှအသိမပေး မေမေတို့ပြောချင်ရာ ပြောရအောင် သက်စုက သူ့ရည်းစားမို့လားမသိ။

တစ်ခါမှလည်း သက်စုက ဦးရဲနောင်ကို ချစ်အဖြေမပေး





ဘူးသလို ဦးရဲနောင်ကလည်း သက်စုဆီက ချစ်အဖြေမတောင်းဘူးပါပဲနှင့် သက်စုက ဦးရဲနောင်ကို လက်ထပ်ရမည်လား။ သက်စုပါးလေးကို တစ်ခါနိုးအနမ်းခံရတာနှင့်ပင် သက်စုက သူ့ကို လက်ထပ်ရမည်ဆိုလျှင်တော့ မမညိုနေရာမှာသာဆိုလျှင် နှမ်ဆိုင်းကို အပြန်တစ်ရာလောက် လက်ထပ်ရတော့မည်ထင်သည်။

"ဗိုး"

"ယော"

သက်စုခေါင်းလေး ထောင်သွားပြီး အိမ်ရှေ့ကို လှမ်းကြည့်လိုက်တော့ ထင်သည့်အတိုင်း ကားပေါ်က ဆင်းလာသည့် ဦးရဲနောင်ကို မြင်လိုက်ရသည်။ သက်စုထိုင်ရာကထပြီး ဦးရဲနောင်ရှိရာကို ပြေးသွားလိုက်သည်။

"ဦးရဲနောင်"

"ဪ…သက်စု"

"အိမ်ထဲမဝင်ဘဲ သက်စုနောက်လိုက်ခဲ့၊ ခင်ဗျားနဲ့ ရှင်းစရာရှိတယ်"

"ဘာတွေများ ရှင်းမှာလဲဗျာ"

သက်စု မဖြေဘဲ ဦးရဲနောင်ရှေ့က ပန်းခြံထဲဆင်းလာခဲ့သည်။

"နှမ်ဆိုင်းရော"



www.burmeseclassic.com

www.burmeseclassic.com



"သူသူငယ်ချင်းတစ်ယောက် စွတ်ခေါ်ထားလို့ နေခဲ့တယ်၊ ကိုယ်နဲ့ရှင်းစရာရှိတယ်ဆိုတာ နှမ်ဆိုင်းကိစ္စလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲဟင်"

ရှန်းလွဲသည့်မျက်ဝန်းတောက်တောက်များဖြင့် သက်စု မျက်နှာလှလှလေးကို စိတ်ဝင်တစား ငုံ့ကြည့်နေသူကို ဒေါသ မျက်ဝန်းလေးများဖြင့် သက်စု မော့ကြည့်လိုက်သည်။

"ဦးရဲနောင် မေမေတို့ကို ဘာပြောထားလဲ"

"သက်စု ဘာကိုမေးတာလဲဟင်"

"လက်ထပ်ဖို့ကိစ္စလေ"

"ဪ"

"သက်စုနဲ့ ဦးရဲနောင် လက်ထပ်ဖို့ကိစ္စ မေမေတို့ကို ခင်ဗျားပြောထားတယ်ဆို"

"ပြော်"

"သက်စု လုံးဝသဘောမတူဘူး၊ ဦးရဲနောင်ကိုလည်း ဘာအတွက်နဲ့မှ လက်မထပ်နိုင်ဘူး"

သက်စု သူမဆန္ဒကို ပြတ်သားစွာပြောလိုက်သည့် အရ အရာလေးကို ရဲနောင် မြတ်နိုးစွာ စိုက်ကြည့်နေသည်။

"ဘာဖြစ်လို့ ကိုကိုနဲ့ လက်မထပ်ချင်နေတာလဲ"





"လက်မထပ်ချင်လို့ပေါ့"

"ကိုကိုကတော့ သက်စုကို လက်ထပ်ချင်တယ်၊ လုံးဝ လည်း စိတ်မချဘူး၊ တော်ကြာ သက်စုကို တစ်ဖက်သတ်မေတ္တာရှိ နေတဲ့ ကောင်တစ်ကောင်က စွတ်အတင်း ကားတင်ပြေးရင် ကိုကိုပဲ ရင်ကွဲရလိမ့်မယ်"

"ရင်ကွဲရအောင် ဦးရဲနောင်နဲ့သက်စု ဘာဆိုင်လို့လဲ"

"ဆိုင်ချင်လို့ လက်ထပ်မယ်ပြောတာပေါ့"

"ဟင်"

ရဲနောင်က ညိုညိုနှင့် နှမ်ဆိုင်းအဖြစ်ကိုကြည့်ပြီး ကံတရားကို စိုးကြောက်နေသလောက် သက်စုကတော့ သူ့မျက်စိရှေ့က ဦးရဲနောင်ဆိုသည့်လူကြီးကို မကျေမနပ်နှင့် မျက်စောင်းထိုးပါသည်။

"သက်စု"

သက်စုမထူးဘဲ ရဲနောင်ကို ပေတူးတူးပြန်ကြည့်သည်။

"ခင်ဗျားကြီး လူလည်မလုပ်နဲ့နော်"

"ကိုကိုက ဘာလူလည်လုပ်လို့လဲ"

"သက်စုကို လက်ထပ်ရအောင် ခင်ဗျားက သက်စုချစ်သူ လား"

"ဟုတ်တယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သက်စု"

"အို…ဒါဘာလုပ်တာလဲ"

"ချစ်တယ်"

"ဟာ"

တင်းကြပ်သောလက်အစုံထဲမှာ သက်စုတစ်ကိုယ်လုံး မွန်းကြပ်ကာ အသက်ရှူရပ်မတတ် ဖြစ်သွားသည်။ ရှက်ခြင်း လန့်ခြင်းတို့ဖြင့် ဦးရဲနောင်ရင်ခွင်ထဲက ရုန်းထွက်ဖို့ ကြိုးစားပေမယ့် အင်အားခြင်းကမမျှ။ မျက်နှာပေါ်အပ်ကျလာသည့် အနမ်းတွေက ဘာတစ်ခုမှ ရှောင်လွှဲလို့မရ။

"သက်စု"

"အို"

လှိုက်လှဲနွေးထွေးသော ချစ်တေးတစ်ပုဒ်ကို ကျေးငှက်ကလေးတွေက ရယ်ရွှင်မြူးစွာ သီကျူးလိုက်ကြသည်။ အချစ်ပွင့်လေးတွေက ဟိုတစ်ပွင့်၊ ဒီတစ်ပွင့်။ ပါးပြင်နှု၊ လည်တိုင်အနှံ့ ကူးစက်ပြန့်ပွားသွားပုံက မြန်မြန်ဆန်ဆန် တိုးတိုးဝှေ့ဝှေ့။ နီရဲစိုစွတ်သော နှုတ်ခမ်းအစုံက တင်းကြပ်စွာ နှောင်ဖွဲ့ခြင်းအောက်မှာ စကားသံတို့ အလန့်တကြား ပျောက်ဆုံးသွားသည်။

"ခင်ဗျားကြီး…ခင်ဗျားကြီး"

"ကဲ…ကဲ"





"ဘုတ်"

"ဗုန်း…ဗုန်း"

အဆက်မပြတ်ကျရောက်လာသော လက်သီးဆုပ်လေးများကို မြတ်နိုးစွာ ရှိုက်နမ်းလာသူက နာကျင်ရမှန်းမသိသလို နဖတ်ဝင်းစိုနေသော မျက်နှာလေးကို ဖွတ်တိုးဝှေ့ရှိုက်နမ်းခြင်းဖြင့် ဂုဏ်ပြုပါသည်။

"ချစ်လိုက်ရတာ သက်စုရယ်"

"အိုး…အဟင့်…ဟင့်"

"မုန်းတယ်သိလား"

"မုန်းတယ်"

"မငိုနဲ့လေ၊ ကိုကိုကချစ်လို့"

"ဘာချစ်လို့လဲ"

"ဘာချစ်တာလဲ၊ ကဲ ကဲ"

"ချစ်လက်ကလေးတွေ နာကုန်ပါမယ်ဗျာ"

ထုရိုက်သူကို တားမြစ်ခြင်းမပြု မြတ်နိုးခြင်းဖြင့်သာ ချစ်သူလေးကို ရင်ခွင်မှာ ပိုက်ထွေးယုယနေသူနှစ်ဦးအဖြစ်ကိုမူ မြင်ဖြစ်အောင်မြင်မိသူက သက်စု အန်တီကြီးကိုယ်တိုင်ဖြစ်နေသည်။

"သက်စုရေ"

"ဟော့တော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…အန်တီကြီးမြင်သွားပြီ"

"သက်စုကိုလွှတ်"

"သက်စု"

"အို ဖယ်စမ်းပါ"

ရှက်လွန်း၍ သက်စု ဘယ်ပြေးရမှန်းမသိအောင် အရှက်သည်းမှုန်နေချိန် အန်တီကြီးမှာလည်း သူတူမအချောအလှနှင့် ရဲနောင်တို့ အကြင်နာချစ်အနမ်းဝေခိုက်နှင့် တည့်တည့်ကြီးတိုးလာရသည့် အဖြစ်ကြောင့် ရင်တုန်ပန်းတုန်ဖြစ်လျက် အိမ်ထဲကို ကမူးရှူးထိုး ပြန်ရောက်လာပါသည်။

"တင်တင်…တင်တင်"

"ရှင် မမကြီး"

"မမကြီး လုပ်မနေနဲ့၊ ညည်းသမီးနဲ့ ဟိုသူငယ် ဖြစ်ပျက်နေတာ ငါမျက်စိနဲ့ တပ်အပ်မြင်ခဲ့ပြီ"

"ဘာကိုလဲ မမကြီးရဲ့"

"ဘာရမလဲ ပြောတော့ဖြင့် မောင်ရဲနောင်ကို လက်မထပ်တော့ဘူး၊ ဘာဘူးညာဘူးနဲ့ အခု ညည်းသမီးက မောင်ရဲနောင် ရင်ခွင်ထဲမှာ၊ ဟွန်း မပြောလိုက်ချင်ဘူး"

"ရှင်"

"ရှင်မနေနဲ့၊ ညည်းသမီးကို မြန်မြန်သာ မောင်ရဲနောင်နဲ့





လက်ထပ်ပေးလိုက် ဒါပဲ"

"မမကြီး"

ဒေါ်တင်တင်က ယောင်းမဖြစ်သူ အပျိုကြီးကို လှမ်းခေါ်ပေမယ့် သက်စုအန်တီကြီးကတော့ နောက်ကိုပင် တစ်ချက်လှည့်ကြည့်ဖော်မရတော့ပါ။ ဒေါ်တင်တင်မှာ ညှိုညှိုကိစ္စ အဆင်မပြေ၍ စိတ်ညစ်နေရသည့်အထဲ သမီးဖြစ်သူကိစ္စပါ ထပ်တိုးလာသဖြင့် ဘာလုပ်ရမှန်းမသိ ဖြစ်ကျန်ရစ်သည်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

"ညို"

"ဟင် ရှင် ရှင် ဘာကိစ္စနဲ့ အခန်းထဲထိ ဝင်လာရတာလဲ၊ အခုချက်ချင်း ညို့အခန်းထဲက ထွက်သွားပါ"

"မောင် မသွားနိုင်ဘူး ညို"

"ကာလစ်"

"အို"

အချိန်က ညအချိန်။

လူခြေတိတ်စပြုနေသည့်အချိန်ကို တမင်စောင့်နေသည့် အကြံသမားက လူအလစ်မှာ ဖျတ်ခနဲ ညို့အခန်းထဲထိ ကျူးကျော်ဝင်ရောက်လာရုံသာမက ညိုပြောနေသည့်ကြားက ညိုညို အိပ်ခန်းတံခါးကိုပင် ရဲတင်းပိုင်စိုးစွာ အခန်းသော့ချလိုက်ပုံကြောင့် ဒေါသ





နှင့် အရှက်တို့ပူးပေါင်းကာ ညိုညို့မျက်လုံးထဲ ပြာသွားသည့်အထိ ဖြစ်သွားသည်။

"ညို"

"ရှင် ညို့အနားကိုမလာနဲ့၊ ရှင့်အသံလည်း မကြားချင်ဘူး၊ ရှင့်မျက်နှာလည်း မမြင်ချင်ဘူး၊ ရှင် အခု ညိုအခန်းထဲက ထွက်သွား"

ပြောရင်း ညိုညို ပါးပြင်ပေါ် မျက်ရည်တွေကျလာသည့်တိုင် နှမ်ဆိုင်းဆိုသည့် လူက ဂရုမစိုက်။ ခြေလှမ်းကျဲကြီးတွေနှင့် ညိုညိုများကိုရောက်လာကာ မျက်ရည်စက်တွေနှင့် ညိုညိုကိုယ်လေးကိုသာ မြန်းခနဲ သူ့ရင်ခွင်မှာ အတင်းကြပ်ဆုံး ပိုက်ထွေးလျက် အကြာကြီးငြိမ်သက်နေပုံက တိတ်တဆိတ် ကြေကြေကွဲကွဲ။

"လွမ်းလိုက်ရတာ ညိုရယ်၊ မောင့်ရင်ထဲ ညို့အတွက် ဘယ်လောက်ခံစားနေရတယ်ဆိုတာ ညိုသိနိုင်မှာမဟုတ်ပါဘူးဗျာ"

"ညို့ကို မောင်ချစ်တယ်"

"အို"

တိုးကိုုတ်စွာ တွန်းထိုးရုန်းဖယ်ခြင်းသာ တတ်နိုင်ပါသည်။ လွမ်းဆွတ်တမ်းတခြင်းများစွာဖြင့် ပြင်းပျလှိုက်လှဲစွာ ကျရောက်လာသော ချစ်အနမ်းတွေကို ဖယ်ရှားနိုင်စွမ်းမရှိပါ။ ညိုတစ်ကိုယ်လုံး နှမ်ဆိုင်းရင်ခွင်ထဲမှာ။



www.burmeseclassic.com

www.burmeseclassic.com



"ညို…ညိုရယ်"

ဆွတ်ပျံ့လိုက်မောသော အသံက တုန်တုန်ရီရီ။

အပြင်က အန်တီကြီးနှင့်သက်စု။ ဦးလေးနှင့် အန်တီတို့ ကြားသွားမှာကြောက်၍ အသံကျယ်ကျယ်မထွက်ရဲ။ လှိုက်ဖိုမော လှပ်သော နှလုံးသားဖြင့် ညိုညိုရင်မှာ လှိုင်းထန်ရပါသည်။ တင်းကျပ်စွာနှောင်ဖွဲ့လာသော လက်ချောင်းများကို ဖယ်ရှားရန် မစွမ်းနိုင်။ မျက်ရည်တို့သာ စီးယိုလာသည့်အဖြစ်။

ညိုသည် မိန်းမသားများစွာထဲက သာမန် သူလိုကိုယ်လို မိန်းမသားတစ်ယောက်သာ ဖြစ်ပါသည်။ သူမကြုံတွေ့လိုက်ရသော အချစ်မှာလည်း ရိုးသားအေးဆေး၍ နူးညံ့သိမ်မွေ့စွာနေတတ်သော ညိုညိုဘဝအတွက် မကြုံစဖူး ထူးခြားဆန်းကျယ်ခြင်းအဖြစ်တွေ နှင့် ညိုညို လိုက်မမီနိုင်သော အဖြစ်တွေနှင့်ဖြစ်သည်။

ညိုညို နွမ်ဆိုင်းကို လုံးဝမျက်နှာချင်းမဆိုင်။ နွမ်ဆိုင်း မျက်နှာကို မကြည့်ရဲမကြည့်ဝံ့။ တစ်ချိန်လုံး အသနားခံသော မျက်ဝန်းညိုညိုတွေနှင့် လိုက်ကြည့်နေသော နွမ်ဆိုင်းမျက်ဝန်းတွေ ကို တစ်ချိန်လုံး မမြင်ဟန်ဆောင်နေနိုင်ခဲ့သည်။ ရှောင်နေနိုင်ခဲ့ပေ မယ့် အခုတော့ နွမ်ဆိုင်းဆိုသည့် အချစ်လူဆိုးရင်ခွင်ထဲမှာ။

အန်တီကြီးနှင့် သက်စုမေမေက ညိုညိုကို နွမ်ဆိုင်းနှင့် လက်ထပ်ရန် အကြိမ်ကြိမ်တိုက်တွန်းနားချပေမယ့် ညိုညို တွေဆ





နေခဲ့သည်။ အချစ်မပါဘဲနှင့် လူတစ်ယောက်၏ သိမ်းပိုက်ခြင်းခံရ ပြီးနောက်မှာ ထိုလူလက်ထဲ ညိုညိုတစ်ဘဝလုံး ဖွတ်နှစ်ပစ်ရမည် ကို ညိုညို မစဉ်းစားရဲ။ မိန်းမသားဖြစ်ရခြင်းကို နာကြည်းခံခက် လျက်နှင့်ပင် ညိုညို ထုရိုက်သော လက်အစုံ ပန်းလျှနွမ်းမောခဲ့ရ ပြန်ပါပြီ။

"ညို"

"ဒေါက်…ဒေါက်"

"ညိုရေ"

သက်စုမေမေ အန်တီဒေါ်တင်တင်၏အသံ။ ညို ဘာလုပ် ရမည်နည်း။ ညို အိပ်ခန်းထဲ ရောက်နေသူ၏မျက်နှာကို မျက်ရည် ဝေသော မျက်ဝန်းတွေနှင့် မော့ကြည့်တော့ မပီဝိုးတဝါး။

"မောင် အခန်းတံခါးသွားဖွင့်ပေးလိုက်မယ်"

"ရှင်မသွားနဲ့"

"နွမ်ဆိုင်း"

ညိုလှမ်းခေါ်ပေမယ့် နွမ်ဆိုင်းက ညိုညိုကို လှည့်မကြည့် ဘဲ ညိုညိုအိပ်ခန်းတံခါးကို ရဲတင်းစွာ ဆွဲဖွင့်လိုက်ပါပြီ။

"ဟင်"

"အခန်းထဲဝင်ပါ အန်တီကြီး"

သက်စုမေမေ ဒေါ်တင်တင်မှာ ညိုညိုအိပ်ခန်းတံခါးဝမှာ



www.burmeseclassic.com

www.burmeseclassic.com



မားခန်ပေါ်လာသော နှမ်ဆိုင်းဆိုသည့် လူချောလေးကိုကြည့်ကာ ဘာစကားတစ်ခွန်းမှ မဆိုနိုင်ဘဲ နှုတ်ဆွံ့သွားပြီးမှ…

အခြေအနေအရပ်ရပ်ကို မြင့်နားလည်သဘောပေါက်လိုက်သလို

"သြော်…နေပါစေကွယ်၊ ညီမှားမှာ မင်းရှိနေပြီပဲ၊ အန်တီက ညီတစ်ယောက်တည်းဆိုရင် ညီအတွက် အဖော်လုပ်ပေးမယ့် သက်စကိုများ လွှတ်ပေးရမလားလို့ပါ"

"နေ…နေ ညီမှားမှာ မင်းရှိရင် အန်တီစိတ်ချပါပြီ၊ အခန်းတံခါးပိတ်လိုက်တော့ အန်တီသွားပြီ"

"ကျိုး"

ညီညီ အိပ်ခန်းတံခါးကို ဒေါ်တင်တင်ကိုယ်တိုင် ဆွဲပိတ်ပေးသွားခြင်းဖြစ်သည်။ ငယ်ရာကကြီးလာသူ ဖြစ်သည့်အတိုင်း ငယ်သူတို့သဘာဝကို ဒေါ်တင်တင် ကောင်းစွာနားလည်သဘောပေါက်ပါသည်။ နှမ်ဆိုင်းဆိုသည့် လူငယ်လေးက ညီညီကို ချစ်ခင်မြတ်နိုးခြင်းတွေနှင့် တွယ်တာနှောင်ဖွဲ့နေသလောက် ညီညီက နှမ်ဆိုင်းကိုမချစ်။

ဒီကြားထဲ ရင်ဆိုင်ကြုံတွေ့လိုက်ရသော အချစ်ကိုလည်း နာကြည်းခါးသီးစရာအဖြစ် အပြစ်မြင်လျက်ရှိရာ နှမ်ဆိုင်းမျက်နှာတို့ပင် မမြင်မတွေ့လို၍ ရှောင်တိမ်းနေသူ။ အခုတော့ နှမ်ဆိုင်းက





ညီညီအနားမှာ။ သူတို့ချင်းပြေလည်လျှင် လူကြီးတွေ စိတ်ချမ်းသာသည်။

တငိုငိုတရယ်ရယ် ဖြစ်နေတော့ ဘာလုပ်၍လုပ်ရမှန်းမသိ။ ညီညီအိပ်ခန်းရှေ့က ထွက်မလာမီ အီးခနဲငိုချလိုက်သော ညီညီငိုသံကို ကြားလိုက်ရသလို နှမ်ဆိုင်းထံမှ တိုးတိတ်စွာ ချော့မြူသံကိုလည်း ကြားဖြစ်အောင် ကြားလိုက်မိပါသေးသည်။

"အန်တီ"

"သြော် မောင်ရဲနောင်"

ဒေါ်တင်တင်မှာ ရဲနောင်ကိုမြင်မှ သမီးနှင့်သားမက်လောင်းတို့ကိစ္စကို ပြန်သတိရကာ သက်ပြင်းကြိတ်ချရပြန်သည်။ ဟိုတစ်နေ့က ဖြစ်ပျက်ခဲ့တာတွေ သူ့အန်တီကြီးကိုယ်တိုင် မြင်တွေ့သွားပြီးထဲက သက်စက အိမ်မှာမနေတော့ဘဲ သူ့သူငယ်ချင်း ရွှေသဲအိမ်ကို လစ်ပြေးသွားသည်မှာ ဒီနေ့အထိဖြစ်ပါသည်။

ရဲနောင်မှာ ချစ်သူလှလှလေး ရုတ်တရက်ပျောက်သွားတော့ နေမထိထိုင်မသာ ဖြစ်နေရသလို ညီဖြစ်သူ နှမ်ဆိုင်းနှင့် ညီညီတို့ကိစ္စ မပြေလည်သည့်အတွက်လည်း အခက်ကြုံနေရသူဖြစ်သည်။ သက်စကို မြင်ချင်တွေ့ချင်ပေမယ့် မြင်တွေ့ခွင့်ကမရ။ အန်တီကြီးကိုရော သက်စမေမေကိုပါ သက်စအကြောင်း မေးကြည့်တော့ သက်စ သူ့သူငယ်ချင်းအိမ်မှာဆိုတာနှင့်ပဲ စကားစဖြတ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

သက်စ သူငယ်ချင်းအိမ်ကို မေးပြီး လိုက်သွားမည်ဆို သော ဆုံးဖြတ်ချက်ကို အန်တီကြီးက လက်မခံ။ သူ့တူမကိုယ်တိုင် ရဲနောင်မေးလာလျှင် သက်စ သူငယ်ချင်းလိပ်စာကို မပြောရဟု တင်းကြပ်စွာ အမိန့်ထုတ်သွားသည်ဆိုတာနှင့် ဘာတစ်ခုမှ မေး၍ မရ။

နောက်ဆုံး ရှေ့မျက်နှာနောက်ထားပြီး သက်စမေမေကိုပဲ ကိုယ်တိုင်မေးရန် ရောက်ရှိလာရသူဖြစ်သည်။

"ဟို…ကျွန်တော် သက်စသူငယ်ချင်းရဲ့ အိမ်လိပ်စာကို သိပါရစေ အန်တီ"

"ခက်တာပဲကွယ်၊ သက်စက မင်းကို မပြောရဘူးလို့ အန်တီတို့ဖို့ မှာသွားတယ်၊ တော်ကြာ သမီး တခြားတစ်နေရာကို ထွက်သွားမှာ ကြောက်တယ် မောင်ရဲနောင်ရဲ့"

"သက်စကို ကျွန်တော်တကယ်ချစ်တာပါ အန်တီ"

ယောက္ခမလောင်းရှေ့မှာ ဘယ်သူမှ ရိုက်စစ်စရာလို့ပဲ မရှက်တမ်းဝန်ခံလိုက်တော့ ဒေါ်တင်တင်က ရဲနောင်အဖြစ်ကို စာနာ စွာ ခေါင်းညိတ်ပါသည်။

"အန်တီ နားလည်ပါတယ်ကွယ်၊ သမီးလေးကိုလည်း အန်တီသနားတယ်"





"ကျွန်တော့်ကိုလည်း သနားပါအန်တီရယ်၊ ကျွန်တော် သက်စ မျက်နှာလေးကို အဝေးကကြည့်ခွင့် မြင်ခွင့်ရရင်ကိုပဲ ကျေနပ် မှာပါ"

"သမီးက မင်းကို ကြောက်တယ်လို့ ပြောနေလို့ပါကွယ်"

"ခင်ဗျာ"

"အေးလေ…သက်စ ကြောက်အောင် မင်းက ဘာတွေ လုပ်ထားမှန်းမှမသိတာ"

"မမကြီး"

"အာ…အန်တီကြီး"

တစ်သက်လုံး မရှက်စဖူး အန်တီကြီးစကားကြောင့် ဖြူသော ရဲနောင်မျက်နှာကြီး ရဲရဲနီသွားကာ လူတစ်ကိုယ်လုံးပါ ထူထူပူပူကြီး ဖြစ်သွားသည်။ ဟိုတစ်နေ့ကအဖြစ်ကို အန်တီကြီး မြင်တွေ့သွားလို့ သက်စက ရှက်ပြီး အိမ်ကထွက်ပြေးသွားခြင်း အဖြစ်ကို ရဲနောင်သိသလို အန်တီကြီးလည်းသိမည်။

ဒါကိုသိရက်နှင့် ဒီလိုစကားပြောသည်ဆိုတော့ ယောက္ခမ လောင်းရှေ့မှာ ရဲနောင် မျက်နှာပူရသည်ပေါ့။

"ဟို…အဲဒါက"

"ကဲ တင်တင် ညည်းသားမက်လောင်းကို မိရွှေ‌အိ လိပ်စာရော ဖုန်းနံပါတ်ပါပေးလိုက်တော့၊ တကတည်း ငှုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှာလည်း အချစ်စစ်ပွဲတွေချည်း ဟိုတစ်ပွဲ ဒီတစ်ပွဲ ကြုံကြုံဖူးပေါင်တော်"

"ကျေးဇူးတင်ပါတယ် အန်တီကြီး"

"ကျေးဇူးအတင်ခံချင်လို့ ပြောတာမဟုတ်ဘူးဟေ့၊ တော်ကြာ အပျိုကြီးပီပီ ဘာတစ်ခုမှ ကိုယ်ချင်းမစာတတ်ဘူး ပြောနေမှာစိုးလို့ ပြောတာ"

"အို မမကြီးကလည်း"

"မမကြီးကလည်း လုပ်မနေနဲ့၊ ညည်းတို့ပဲ ကျုပ်ကွယ်ရာမှာ ပြောပြောနေတာ ကျုပ်မသိဘူးထင်နေလား၊ အပျိုကြီးပေမဲ့ ကျုပ်မှာလည်း ညည်းတို့လိုပဲ ခံစားတတ်တယ်၊ ချစ်တတ်တယ် နားလည်လား"

အရေးထဲ သက်စုအန်တီကြီးက အပျိုကြီးတစ်ယောက် ခံစားချက်တွေ ရင်ဖွင့်နေသည်။ သက်စုမေမေလည်း စိတ်ရှုပ်ရှုပ်ဖြင့် သက်စုသူငယ်ချင်း မိရွှေသဲလိပ်စာကို ရဲနောင်အား ခပ်မြန်မြန်ပေးလိုက်၏။

"မမကြီး ဘယ်လဲ"

"ဘယ်သွားရမှာလဲ ညီညီ့ဆီပေါ့၊ ကလေးမလေးခမျာ အဖော်မဲ့အားငယ်နေလို့ အဖော်လုပ်ပေးရမှာ"

"ဟင်"





ခန္ဓာကိုယ်ဝဝကြီး အိပဲ့အိပဲ့နှင့် ညီညီ့အခန်းရှိရာဘက် ထွက်သွားသည့် ယောက်မအပျိုကြီးကိုကြည့်ကာ ဒေါ်တင်တင် မျက်လုံးပြူးမျက်ဆန်ပြာစွာနှင့် နောက်က အပြေးလိုက်သွားကာ ယောက်မကြီးကို ဆွဲရပါသည်။

"မမကြီး…နေဦး…နေဦး"

"ဘာလဲအေ"

"ဟို ဟို ညီညီ့အခန်းထဲ အခုသွားလို့မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ၊ ညီညီက မလာရဘူးတဲ့လား"

"အင်း…ဟို အခန်းထဲမှာ သူ့ကောင်လေးရောက်နေတယ် မမကြီးရဲ့"

"ဩော်"

"ဒီလိုတော့လည်း အဆင်ပြေသွားကြတာပဲ၊ ကောင်းတယ် ကောင်းတယ်၊ သူတို့ကို ညည်းလည်းသွားမနှောင့်ယှက်နဲ့၊ ငါလည်းမသွားတော့ဘူး"

"မောင်ရဲနောင်ရော"

"သွားပြီလေ၊ သမီးတစ်ခုခုပြောလာရင်တော့ မမကြီး အပြစ်နော်၊ တင်တင်ပြောတာမဟုတ်ဘူး"

"အမလေး ညည်းတို့သားအမိ ကောင်းစားဖို့ ကျုပ်အပြစ်ပါတဲ့တော်၊ ကျုပ်အပြစ်ပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ယောက်မဖြစ်သူထံမှ မကျေမနပ်ရေရွတ်သံကို ကြားသော်လည်း မယ့် အမှန်တကယ် မကျေနပ်ခြင်းမဟုတ်ကြောင်းကို သိနေသဖြင့် သက်စု အန်တီကြီးအဖြစ်ကို ချစ်စနိုး ကြိတ်ပြုံးပစ်လိုက်ပါတော့သတည်း။

● ● ●



## အခန်း (၁၇)

"ဟော"

မြင်တွေ့လိုက်ရသော အဖြူရောင်အရိပ်လေးကြောင့် ရဲနောင် ရင်ခုန်သံတွေ လှုပ်ရှိပေါက်လေးတစ်ယောက်လို သွက်သွက်ခါသွားသည်။ သက်စုနှင့် သူမသူငယ်ချင်း ရွှေသဲဆိုသည့် မိန်းကလေးနှင့် နှစ်ယောက်အတူ ရယ်လို့မောလို့ ပတ်ဝန်းကျင်ကို သတိထားမိကြပုံမပေါ်။

လွတ်လပ်စွာ ပျော်ရွှင်နေကြပုံက ချစ်စရာမြတ်နိုးစရာမို့ ကားထဲက တိတ်တိတ်လေး ရဲနောင် ငေးကြည့်နေမိသည်။

ချစ်လိုက်ရတာ ကိုယ့်ရဲ့ သက်စုလေးရယ်။

ကို့ကို မမုန်းပါနဲ့ဗျာ။

သမီးက မင်းကိုကြောက်တယ်လို့ ပြောနေတယ်။ ရဲနောင်



www.burmeseclassic.com

www.burmeseclassic.com



နားထဲ ယောက္ခမလောင်းအသံကို ပြန်ကြားလိုက်တော့ သူ့အဖြစ်သူ သဘောကျစွာ အသံထွက်၍ တစ်ချက်ရယ်လိုက်သည်။

"ကိုကို့သက်ရယ်"

အားလုံးအမြင်မှာ ရဲနောင်ကို ကြောက်စရာလူဆိုးဖြစ်အောင် ပြောရက်သော ချစ်သူလေးကို ပိုတိုး၍ ချစ်မြတ်နိုးရပါသည်။ ချစ်တာကို ကြောက်စရာလို့ ထင်နေသော ချစ်သူ။

"ဟိတ်...သက်စု ဟိုမှာ ကားထဲကလူကြီးက ရှင့်ကို မျက်လုံးပြူးကြီးနဲ့ လိုက်ကြည့်နေတယ်"

"ဘယ်မှာလဲ"

"ဟိုကားထဲမှာလေ"

"ဟင်"

ရွှေသဲလှမ်းပြသည့်နေရာကို ကြည့်လိုက်တော့ သက်စု မျက်နှာလေး ပျက်သွားသည်။ ကြည်စမ်း ဦးရဲနောင် ဒီအထိအောင် လိုက်လာပါလား။ အန်တီကြီးကိုရော မေမေ့ကိုပါ သက်စု ဒီမှာ ရှိနေကြောင်း ဦးရဲနောင်ဆိုသည့် လူကြီးကို ပြောမပြဖို့ သေချာမှာထားသည့်ကြားက ဒီနေရာအထိ ရောက်လာသည်ဆိုတော့ ဒါ အန်တီကြီးနှင့် မေမေနှစ်ယောက်ထဲက တစ်ယောက် သစ္စာဖောက်ခြင်းဟု တွေးလိုက်သည်။

"ယော ကားထဲကဆင်းလာပြီ"





"ဟယ်...လူကြီးက ချောလိုက်တာ၊ အရပ်ကြီးကလည်း အမြင့်ကြီးပဲ၊ သက်စု ရှင့်ကိုလှမ်းရယ်ပြနေတာမဟုတ်လား၊ ပြန်ပြုံးပြလိုက်လေဟယ်"

အနားက မိရွှေသဲက ဘာတစ်ခုမှ အလိုက်မသိ ရုပ်ချောချောလူကြီးကိုမြင်တာနှင့် သွားမစေ့နိုင်အောင် စွတ်ရွှတ်ပြီး သဘောတွေကျနေလိုက်တာ မုန်းစရာ။

"သက်စု"

"ဟယ်တော့ သက်စုနာမည်ကိုပါ သိနေတယ်၊ ရှင်တို့နှစ်ယောက် အရင်ထဲက သိနေကြတာလား"

မိရွှေသဲက သက်စုနားကပ်ပြီး တိုးတိုးကျိတ်ကျိတ် စပ်စုနေတာကိုပင် ဖြေကြားခြင်းမပြုနိုင်။

"သက်စု ကိုကိုတို့ စကားပြောရအောင် ကိုကိုနဲ့ ခဏလောက်လိုက်ခဲ့ပါလားဟင်"

"ခင်ဗျားကို သက်စုမှမသိဘဲ ဘာလို့လိုက်ရမှာလဲ"

"ဟဲ့ ရှင်ကသာ သူ့ကိုမသိဘူးပြောနေတယ်၊ သူကတော့ ရှင့်ကိုသိနေပါလား"

"နင်မသိဘဲနဲ့ ဝင်မပါစမ်းပါနဲ့ ရွှေသဲရယ်၊ လာ သွားကြမယ်"

"သက်စု"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဒါကဘာလဲ"

"သက်စုလက်ကိုလွှတ်"

"ကိုကိုနဲ့ ခဏလေးလိုက်ခဲ့ပါ အချစ်ရယ်"

"ဟယ် အချစ်နဲ့ကိုကိုတဲ့ အခုမှ တကယ့်လပ်ဆင်းပဲ"

"ခစ်"

ဦးရဲနောင်က သက်စုလက်ကလေးတစ်ဘက်ကို မလွှတ်တမ်းဆွဲထားပုံကို ရွှေသဲက အားကျသည့်မျက်လုံးကြီးတွေနှင့် တခစ်ခစ် ရယ်မဆုံး။ သက်စုမှာသာ သူမလက်ကို ဦးရဲနောင်လက်ထဲက ခပ်မြန်မြန်ဆွဲထုတ်ဖို့ ကြိုးစားရင်း မိရွှေသဲရှေ့မှာ ရှက်လည်းရှက် ဒေါသလည်းထွက်နေပါသည်။

"သက်စု"

"လွှတ်ဆိုနော်"

"လိုက်သွားလိုက်ပါဟယ်၊ နင်ကလည်း ဒီကအစ်ကိုကြီးက သက်စုရဲ့"

"ကိုယ်က သက်စုနဲ့ မကြာခင်လက်ထပ်တော့မယ် ချစ်သူကိုကိုပါဗျာ"

"ဟား…ဖြေပုံက အရမ်းမိုက်တယ်၊ လူပုံကလည်း နိုက်စရာဆိုတော့ သက်စုကြွေပြီပေါ့၊ အခုဟာ စိတ်ကောက်နေတာလား"





"သက်စုက ကောက်တာပါ၊ ကိုယ်ကမကောက်ပါဘူး"

"မိရွှေသဲ"

အရေးထဲ မိရွှေသဲရဲ့ အမေးအဖြေအင်တာဗျူးက မဆုံးနိုင်တာမို့ သက်စုမှာ မိရွှေသဲနာမည်ကို အကျယ်ကြီး လှမ်းအော်ပစ်သည်အထိ ရွှေသဲက သက်စုကို ဂရုမစိုက်။ သူငယ်ချင်းဘက်က ဝင်ကူရကောင်းမှန်းမသိ။

"အစ်ကိုကို ကူညီပါညီမရယ်၊ ညီမသူငယ်ချင်းသက်စုကို အစ်ကိုခဏခေါ်သွားပါရစေဗျာ"

"ခေါ်သွားလေ၊ ဒါမျိုးကူညီရတာ ကုသိုလ်ရပါတယ်"

"ဟိတ်ကောင် သက်စု၊ ရှင့်ကိုကိုကြီးနဲ့ လိုက်သွားပြီး အချော့ခံလိုက်၊ ရွှေသဲတော့သွားပြီ"

"ဟဲ့…မိရွှေသဲ နေဦး"

သက်စုကို မိရွှေသဲက တစ်ချက်တောင်လှည့်မကြည့်တော့ဘဲ နေရာကထွက်သွားတာမို့ ဒီနေ့မှ ဆပ်ဆော့ပြီး မိရွှေသဲနှင့်အတူ လမ်းထိပ်ထွက်ပြီး မုန့်ဝယ်စားလိုက်လာမိခြင်းအဖြစ်ကို နောင်တတွေ တသီကြီးရနေမိသည်။

"ဟော့လူကြီး ရွှေသဲသူငယ်ချင်းကို ကောင်းကောင်းပြန်ပို့နော်"

"ကောင်းပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"လာ…သက်စ"

"အို…မလိုက်ဘူးဆို"

"အို"

ဇွေ့ခနဲ သက်စကိုယ်လေး ဦးရဲနောင်ကားပေါ် ရောက်သွားသည်။ မျက်လုံးထဲ ပြာခနဲဖြစ်သွားသည့်အထိ ဒေါသဖြစ်ပေမယ့် သက်စ ဘာမှမတတ်နိုင်ဘဲ သူ့ကားနှင့်အတူပါလာသည်။

"သက်စ"

"မခေါ်နဲ့"

"လူကို ဗလအားကိုးနဲ့ အနိုင်ကျင့်ရုံတင်မကဘူး ရွှေသဲရှေ့မှာလည်း အရက်မရှိစကားတွေ လျှောက်ပြောတဲ့ ခင်ဗျားကို မုန်းတယ်သိလား"

ဒေါသဖြင့် သက်စအော်သော်လည်း ဦးရဲနောင်က သက်စစကားကို ဂရုမစိုက်ဘဲ သူပြောချင်တာပြောပါသည်။

"သက်စသူငယ်ချင်းလေးက ရွှေသဲတဲ့လား၊ ကိုကိုတော့ သက်စသူငယ်ချင်းလေးကို သက်စခင်သလိုပဲ သိပ်ခင်သွားပြီဗျာ"

"သက်စမှာ ရွှေသဲလို သူငယ်ချင်းတွေချည်းပဲဆို သိပ်ပျော်စရာကောင်းမှာပဲ"

"အဲ့ဒိုတွေလျှောက်မပြောမနေပါနဲ့၊ အခု ဘယ်ကိုသွားနေတာလဲ"





"သက်စကို ခိုးပြေးနေတာ"

"ဟာ"

"ခင်ဗျား မဟုတ်တာတွေချည်း ပြောမနေနဲ့နော်၊ သက်စ အော်ငိုလိုက်မယ်သိလား"

"သက်စကို မတွေ့ရလို့ ကျိတ်ငိုနေတဲ့ ကိုကို့မျက်ရည်တွေကိုရော သက်စသိလို့လား"

"သက်စ သိပ်ရက်စက်တယ်ကွာ၊ သက်စပျောက်သွားတော့ ကိုကို့ရင်ထဲ ဘယ်လောက်ခံစားကျန်ရစ်မယ်ဆိုတာ နည်းနည်းမှ မစဉ်းစားဘူးလား"

"သိဘူး"

ဦးရဲနောင်အသံကြီးက တုန်ရင်နေသလို ကားမောင်းနေရင်း သက်စလက်ကလေးတစ်ဖက်ကို သူ့လက်တစ်ဖက်ဖြင့် မချင့်မရဲ လာဖျစ်ညှစ်တာကို သက်စက ဖျတ်ခနဲ ရုန်းဖယ်ပစ်သည်။

လူရှင်းသည့်နေရာမှာ သူ့ကားကို ရဲနောင် ထိုးရပ်ပစ်သည်။

"ဝှး"

"ကျွီး"

"ဂျောက်"

ကားရပ်သည်နှင့် သက်စက လျှင်မြန်စွာ ကားတံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ဆင်းလိုက်ရာ ရဲနောင်မှာလည်း သက်စုရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် အပြေးရောက်လာသည်။

"သက်စု"

"ခင်ဗျား သက်စုရှေ့ကဖယ်နော်"

"သက်စုရယ်"

"ကိုကိုတို့ လက်ထပ်ပါစို့ကွယ်"

ရဲနောင်က သက်စုလက်ကလေးတစ်ဖက်ကို မလွှတ်တမ်းဆွဲထားခြင်းကြောင့် သက်စုက သူမလက်ကိုဆွဲထားသည့် ရဲနောင်လက်ကို သူမလက်ကလေးတစ်ဖက်ဖြင့် ရုတ်ဆွဲထုတ်ဖို့ ကြိုးစားသည်။

"ဘာဆိုင်လို့ ခင်ဗျားကိုလက်ထပ်ရမှာလဲ၊ ခင်ဗျားကိုရော ခင်ဗျားတို့မိသားစုကိုရော သက်စုကြောက်တယ်သိလား"

"ကြောက်တယ်"

"ဟုတ်တယ်၊ ကြောက်တယ်၊ နှမ်ဆိုင်းအမေနဲ့ ခင်ဗျားတို့စကားများတဲ့နေ့တုန်းက ခင်ဗျားတို့မိသားစုအကြောင်း သက်စုအားလုံးကြားပြီးပြီ"

"အာ"

ရဲနောင် နှုတ်ဆွံ့သွားသည်။ သက်စု ဘာကြောင့် ဤမျှခါးသီးရခြင်းကိုလည်း နားလည်သွားသည်။ တကယ်တော့ သက်စု





သူ့ကိုမမုန်းမုန်း သိသလို ချစ်လည်းမချစ်နိုင်သေးတာကို သူသိပါသည်။ နှမ်ဆိုင်းအမေ ဒေါ်လတ်နန်းက ညိုညိုကို ရဲနောင်ချစ်သူ။ ရဲနောင်လက်ထပ်မည့်သူအဖြစ် အပြတ်ရှင်းဖို့ ကြိုးစားသည်။

သူ့သားနှမ်ဆိုင်းကို ထိုတာဝန်ပေးသည်။ ရဲနောင်နှင့် လူကြီးချင်းသဘောတူသည့် မိန်းကလေးတုန်းကလည်း ဒေါ်လတ်နန်းကပဲ ရဲနောင်အပေါ် အထင်အမြင်လွဲမှားအောင်လုပ်ပြီး မိန်းကလေးကို တခြားတစ်နေရာ လွှင့်သွားစေသည်။ ရဲနောင် ရိပ်မိပေမယ့် သူကိုယ်တိုင်ကလည်း သဘောမကျသည့် မိန်းကလေးမို့ ဘာမှမပြော။ နောက်နောင် အခုလိုပြစ်မှုမျိုး မကျူးလွန်ရန်ပဲ ဆုံးမသတိပေးခဲ့သည်။

ဒေါ်နန်း သိထားတာက ရဲနောင်အိမ်ထောင်ပြုလျှင် သူတို့မိသားစုအားလုံး ရဲနောင်တို့အိမ်ကြီးက ဆင်းပေးရမည်။ ဒေါ်နန်းက အစွဲအလမ်းတစ်ခုလို အိမ်ကြီးကို စွဲလမ်းနေသည်။ ရဲနောင်အိမ်ထောင်မပြုစေချင်။ ရဲနောင်သာ အိမ်ထောင်မပြုလျှင် ရဲနောင်ပိုင်ဆိုင်ရမည့် ဥစ္စာပစ္စည်းအားလုံး သူတို့မိသားစုသာ ပိုင်ဆိုင်လက်ဝါးကြီးအုပ်ရမည်။ ဤပုံစံဖြင့် ရဲနောင်နားကို မည်သည့်မိန်းကလေးမှ မကပ်နိုင်အောင် လုပ်ခဲ့သည်။

ဒီတစ်ခေါက် ရန်ကုန်က ပြန်လာတော့ ဒေါ်နန်းရင်ခုန်လာသည်။ စိုးရိမ်စိတ်တွေ ထကြွလာသည်။ ညိုညိုကို ရဲနောင်ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



အမှတ်ဖြင့် လုပ်ကြဖို့ ကြိုးစားသည်။ သားဖြစ်သူက ဒေါ်နန်းအကြံ ကိုမလိုက်ဘဲ သူ့သဘောနှင့်သူ ညိုညိုကို သူချစ်သူပန်းစာနေရာမှာ အစားထိုးသိမ်းပိုက်သည်။ သားအမိနှစ်ယောက် ပြဿနာအကြီး အကျယ်ဖြစ်ကြသည်။

နွမ်ဆိုင်းကလည်းမခံ။

ရဲနောင်ကတော့ မြင်းတစ်စီးနှင့် လူတစ်ယောက်ဆိုသည့် သက်စုစကားကို ကြားပြီးထဲက နွမ်ဆိုင်းမျက်နှာကို ပြေးမြင်သည်။ တကယ်လည်း ညိုညိုကို ခေါ်သွားသူက နွမ်ဆိုင်းဖြစ်နေသည်။ သက်ဆိုင်ရာနှင့် ဖမ်းချုပ်ဖို့ စဉ်းစားသေးသည်။ ကိစ္စတွေ အကျယ် မဖြစ်ချင်ပါဟု သက်စုမိဘတွေ တောင်းဆိုတာနှင့် လူငယ်ချင်း နီးပြေးကြသလိုလို သတင်းလွှင့်လိုက်ရသည်။

နွမ်ဆိုင်းကိုယ်တိုင် ညိုညိုနားက မခွာ။ အသည်းအသန် ချစ်နေတာဆိုတော့ အပြစ်မတင်လိုသော်လည်း ဒေါ်နန်းကိုတော့ ရဲနောင် အိမ်ကိုပြန်မလာဖို့ တစ်ခါတည်းအပြတ်နှင့်ထုတ်ပစ်လိုက် သည်။ ညိုညိုက နွမ်ဆိုင်းကို လက်ထပ်ရန် ငြင်းဆန်ပြီး ရန်ကုန် ကိုပြန်တော့ သူတို့ညီအစ်ကိုပါ အတူလိုက်ခဲ့သည်။

နွမ်ဆိုင်းအတွက် ရဲနောင်မှာ တာဝန်ရှိသလို ရဲနောင် အတွက်ကြပြန်တော့လည်း သက်စုအချစ်ကို အရယူဖို့က အသက် လောက် အရေးကြီးနေသည်။ ဖြစ်ချင်တော့ ညီမနှစ်ယောက်စလုံး





[illegible]နှစ်ယောက်ကို လုံးဝဂရုမစိုက်။ အရေးမလုပ်။ ညိုညိုက နွမ်ဆိုင်းနှင့် လက်ထပ်ဖို့ကိစ္စ အခုချိန်ထိ ခေါင်းမညိတ် လက်မခံသလို သက်စုကလည်း သူ့အချစ်ကို မည်သို့မျှ မတုံ့ပြန် ဘဲ တစ်ပြေးထဲလစ်ပြေးနေသည်။

“သက်စုလက်ကိုလွှတ်”

“နေပါဦး သက်စုရယ်၊ ကိုကိုရှင်းပြပါရစေဦး”

“ဘာမှရှင်းမပြနဲ့၊ သက်စုဘာသာ အိမ်ပြန်မယ်၊ ခင်ဗျား နေခဲ့”

သက်စုက သူ့ဘာပြောပြော လက်မခံ။ ဖွတ်ရုန်းကာ သွားမည်ချည်းလုပ်နေသဖြင့် ရဲနောင် စိတ်ညစ်သွားသည်။

“သက်စု”

“ဟာ ဦးရဲနောင်”

ကားပေါ်ပြန်ရောက်သွားသည့်အဖြစ်ကို စိတ်လည်းဆိုး ဒေါသလည်းဖြစ်သည်။ သက်စုတစ်ကိုယ်လုံး ရဲနောင်ရင်ခွင်မှာ နွေးသွားသည်။ ညှို့ငင်တတ်သော အချစ်များအောက်မှာ ယောင်မှား စွာ စီးမျောရင်း ဦးရဲနောင်ကို ဖွတ်တင်း၍ အာခံရန် ကြိုးစားသည်။

“ဘယ်လိုပဲဖြစ်ဖြစ် ကိုကိုတော့ သက်စုကို လက်ထပ်မှ ဖြစ်မယ်”

“ဘာလဲ သက်စုကို မကောင်းတဲ့အကြံအစည်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဇွတ်အတင်း သိမ်းပိုက်ပြီး ဦးရဲနောင်ရဲ့ တချွေအိမ်ကြီးထဲမှာ မရှူးရှူး အောင် နှိပ်စက်ချင်လို့မဟုတ်လား"

"သက်စုနေချင်တဲ့နေရာမှာပဲ ထားမှာပါဗျာ၊ သက်စုသာ ကိုကို့ကို လက်ထပ်ပါ့မယ်လို့ ကတိပေး သက်စုကို သက်စု စိတ်ကြိုက် စိတ်ချမ်းသာအောင် တစ်သက်လုံးထားပါမယ်လို့ ကတိ ပေးတယ်"

"သက်စု"

"ဖယ်ပါ"

"ကတိပေးလေ"

"ဘာကတိလဲ"

"ကိုကို့ကို လက်ထပ်ပါ့မယ်ဆိုတဲ့ကတိ"

"စဉ်းစားဦးမယ်"

"ကိုကို့ကိုလား"

"ဦးရဲနောင်တို့ ညီအစ်ကိုနှစ်ယောက်စလုံးကို"

"ဗျာ"

ရဲနောင်က သက်စုမျက်နှာလှလှလေးကို တအံ့တဩ ငုံ့ကြည့်သည်။ လက်ထပ်ခွင့်တောင်းတာက ရဲနောင်တစ်ယောက် တည်းပါ။ ဒါပေမယ့် သက်စု လက်ထပ်ဖို့ စဉ်းစားမည့်သူက သူတို့ညီအစ်ကိုနှစ်ယောက်စလုံးကိုဆိုတော့ အံ့သြစိတ်နဲ့ တုန်လှုပ်ရ





ပြီပေါ့။

ဘုရား...ဘုရား။

ကိုကို့သက်စုလေးက ညီလေးနွမ်ဆိုင်းကိုများ တစ်ဖက် သတ်စိတ်ဝင်စားနေလို့များလား။ သက်စု မျက်နှာလေးကို ကြည့် လိုက်တော့လည်း စိတ်ရှုပ်ထွေးသည့် အမူအရာလေးနှင့် သူ့ကို ခပ်တည်တည်လေး ပြန်ကြည့်နေသည်။

"သက်စု"

သက်စု မထူး။

"ဟို...ညီလေးနွမ်ဆိုင်းက ညီ့ညီနဲ့ လက်ထပ်တော့မှာ ဆိုတော့ ကိုကိုတို့လက်ထပ်မဲ့ကိစ္စထဲမှာ သူ့ကိုပါ ထည့်စဉ်းစား စရာမလိုဘူးထင်တယ်"

"သိပ်လိုတာပေါ့"

"ဟာ"

"ရှင်းရှင်းပြောရရင် ဦးရဲနောင်ကို မညီ့နဲ့ပဲ သဘောတူ တာ၊ နွမ်ဆိုင်းဆိုတဲ့လူနဲ့ လုံးဝကို သဘောမတူဘူး"

"မဟုတ်ဘူးလေ သက်စု၊ ကိုကိုချစ်တာက သက်စု တစ်ယောက်တည်းပဲ၊ ကိုကိုချစ်တဲ့ သက်စုကိုပဲ ကိုကိုက လက်ထပ် မှာလေ၊ ညီ့ညီလည်း ဒီလိုပဲပေါ့"

"အို မညီ့က နွမ်ဆိုင်းဆိုတဲ့လူကိုမှ မချစ်ဘဲ၊ အဲဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လက်မထပ်ချင်လို့ ဒီအတိုင်းနေနေတာ ကြည့်ပါလား"

"ဦးရဲနောင် သက်စုကို တကယ်ချစ်ရင် မမညိုကိုပဲ သက်စုကိုယ်စား လက်ထပ်လိုက်ပါလား"

"ဟာ…သူနဲ့ကိုကိုက ဘာဆိုင်လို့လဲ၊ ညိုညိုမှာ သက်ဆိုင်သူက ရှိနေပြီဗျာ"

"မသိဘူး၊ မသိဘူး၊ သက်စုတော့ မမညိုကို သနားတာပဲ သိတယ်"

"ကိုကို့ကိုတော့ မသနားဘူးလား"

"သနားစေချင်ရင် ဦးရဲနောင်လည်း မမညိုလိုပဲ အခန်းတံခါးပိတ်ပြီး ဘာမှမစားမသောက်ဘဲ တစ်ချိန်လုံးငိုနေပေါ့"

"တကယ်ငိုနေမှာဗျာနော် ပြီးမှ သက်စုက ကိုကို့ကို သနားပါတယ်၊ ချစ်ပါတယ် လာမပြောနဲ့၊ အဲဒီအချိန်ကြရင် ကိုကိုက သက်စုအချစ်ကို လက်ခံတော့မှာမဟုတ်ဘူး"

"ကဲ ဒါဖြင့်လည်း အခုထဲက လက်မခံဘဲနေရစ်တော့"

"ဝုန်း"

"ဟာ"

"ဟော့…သက်စု နေဦးလေ"

သက်စုက ရဲနောင်ကိုယ်ကြီးကို ကားထဲမှာ တအား ဆောင့်တွန်းထားခဲ့ပြီး ကားပေါ်က လှစ်ခနဲ ပြေးဆင်းသွားတာမို့





ရဲနောင် လှမ်းခေါ်သော်လည်း နောက်ကို တစ်ချက်လှည့်မကြည့်တော့ပါ။

သူ့ကားကို စက်နှိုးပြီး သက်စုနောက်ကို လိုက်ရန် ကြိုးစားသော်လည်း မမီတော့။ သက်စုက သူမနားရောက်လာသည့် ကားတစ်စီးပေါ်တက်ကာ နေရာက ထွက်သွားပြီမို့ ရဲနောင် တစ်ယောက်တည်း စိတ်လျှော့လက်လျှော့စွာ သက်ပြင်းရှိုက်ရင်း ခပ်ငူငူကျန်ရစ်သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

လူကြီးမိဘများဆန္ဒအတိုင်း ညိုညိုက သူမင်္ဂလာပွဲကို ရန်ကုန်မှာပဲ အကျဉ်းရုံးလက်ထပ်လိုက်၏။ အပြုံးအရယ်ကင်းမဲ့သော မမည်ို၏ သွေ့ခြောက်သောအမူအရာကိုကြည့်ပြီး မမည် အတွက် စိုးရိမ်နေမိသူက သက်စု။

မမညိုက လူကြီးတွေရှေ့မှာ ဟန်ဆောင်ပြုံးရယ်နေ မယ့် လူကွယ်ရာရောက်သည်နှင့် ရီဝေမှိုင်ငေးသော မျက်ဝန်း အေးစက်စက်တွေမှာ အရယ်အပြုံးမရှိအောင် ရှားပါးပျောက်ဆုံး ပုံက ကြောက်စရာ။

လက်ထပ်ပြီး မမညိုက နွမ်ဆိုင်းနောက်ကို လိုက်သွားမည် ဟုပြောတော့ မမညိုကိုယ်စား သက်စုတစ်ယောက် ဦးငဲ့နောင်တို့ အိမ်ကြီးကို သတိရပြီး ကြက်သီးဖြန်းဖြန်းထသွားသည်။





"လိမ်လိမ်မာမာနေနော် သက်စု"

"ဟုတ်ကဲ့ မမညို"

"သက်စု လာလည်ချင်တဲ့အချိန် ဖုန်းဆက်ပါ၊ မမညို ချက်ချင်းလာကြိုမယ်"

"ရှင်"

"သြော်…အင်း ဟုတ်ကဲ့ပါ"

တစ်သက်လုံး ဘယ်တော့မှ အဲ့ဒီနေရာကို ခြေရာမချတော့ပါဟု ဆုံးဖြတ်ထားသော သက်စုဆုံးဖြတ်ချက်ကို မမညိုသိအောင် ပြောပြမနေတော့ဘဲ မမညို စိတ်ချမ်းသာအောင် အလိုက်သင့် ခေါင်းညိတ်ခြင်းဖြင့်သာ အဆုံးသတ်လိုက်ပါသည်။ သက်စု သဘောဆန္ဒအတိုင်းသာ ဖြစ်နိုင်မည်ဆိုရင်တော့ မမညိုကို နွမ်ဆိုင်းတို့ မိသားစုထဲ လိုက်ပါမသွားစေချင်ပါ။

သို့သော် မိန်းမသားတို့သဘာဝ ယောင်နောက်ဆံထုံးပါရသည်သာ။ မမညို အလိုမရှိသော ခင်ပွန်းသည်လင်ယောကျ်ားနှင့် မမညိုကို အလိုမရှိသော ယောက္ခမကြား မမညို ဘယ်လိုနေထိုင်မည်မသိရသော်လည်း သက်စုကတော့ မမညိုကိုယ်စား အသက်ရှူမှန်းကြပ်နေပါသည်။

"သက်စု"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



''အစစအရာရာအတွက် စိတ်ချပါရစေ အချစ်ရယ်''

''စိတ်မချရအောင် သက်စုက ဘာလုပ်နေလို့လဲ''

တိုးတိုးတိတ်တိတ် ချစ်သူ၏မှာကြားချက်စကားကို သက်စုက နှုတ်ခမ်းစူ၍ ပြန်စွာလောင်ခြင်းဖြစ်ပါသည်။ သက်စုနှင့် ရဲနောင်တို့ကိစ္စကို လူကြီးမိဘများဆန္ဒအတိုင်း သက်စုမှ လက်ခံခေါင်းညိတ်သဘောတူလိုက်ရသော်လည်း အခုချိန်ထိ သက်စုနှုတ်ဖျားက ဦးရဲနောင်ကို ချစ်သူအဖြစ် ဝန်ခံခြင်း အသိအမှတ်ပြုခြင်း မရှိသလို သက်စုနှုတ်ဖျားက ဦးရဲနောင်ကို ချစ်ပါကြောင်းလည်း ဝန်မခံဘူးသေးပါ။

ရဲနောင်မှာသာ ချစ်သူလှလှလေးကိုကြည့်ပြီး သက်ပြင်းတချချနှင့် စိတ်မချဖြစ်နေသော်လည်း လက်ထပ်ပြီး အတူခေါ်မသွားနိုင်သည့်ဘဝအဖြစ် တစ်ယောက်တည်း ဥစ္စာခြောက်နေရသည်။ ရဲနောင်အလိုကျ သူနှင့်သက်စုတို့ မင်္ဂလာပွဲကို စီစဉ်ချင်တိုင်း စီစဉ်၍မဖြစ်။

သက်စုအလိုကျ သူမမိဘတွေနှင့် မနီးမဝေးနေရာမှာ အိမ်ရှာဝယ်ရ။ မင်္ဂလာကိစ္စအတွက် စီစဉ်ရဦးမည့်အရေးတွေအရှိသေးသည်။ အလုပ်တာဝန်ဝတ္တရားတွေကိုလည်း ရွှေ့ရပြောင်းရစီစဉ်လွှဲအပ်ရနှင့် အလုပ်များဦးမည်ဖြစ်သည့်အတိုင်း ချစ်သူလေးကိုစိတ်မချတာချနှင့် ထားခဲ့ရဦးမည်။





''သူငယ်ချင်းတွေမပါဘဲ ဘယ်ကိုမှ တစ်ယောက်တည်း လျှောက်မသွားနဲ့နော် သက်စု''

''ဒီလောက်တောင် စိတ်မချဖြစ်နေရင်လည်း အိမ်မပြန်နဲ့ဘဲ ဒီမှာပဲနေလိုက်တော့''

သက်စုက ရွဲ့သည်။

စိတ်ထဲကလည်း လာပြန်ပြီ အနတ္တကြီးလိုလူတစ်ယောက်ဟု တွေးကာ စိတ်ညစ်သွားသည်။

''ဖြစ်နိုင်ရင် သက်စုပြောတဲ့အတိုင်း လုပ်ချင်တာပဲ၊ လူကသာ ဟိုကိုပြန်သွားတာ စိတ်ကတော့ သက်စုနားမှာပဲ ကျန်ရစ်ခဲ့မှာဆိုတာ သက်စု သိလား''

''အပိုတွေပါ၊ ပါးစပ်ကသာ ဒီလိုပြောပြီး အိပ်ချိန်တန်အိပ်၊ စားချိန်တန်စား ကိုယ့်အလုပ်ကိုယ်လုပ်မှာပဲ မဟုတ်လား''

''အဲဒါနဲ့ ဘာဆိုင်လဲ''

''သိပ်ဆိုင်တာပေါ့၊ သက်စုကို ချစ်လို့ဆိုပြီး ထမင်းမစား ဟင်းမစားဘဲနေမှာမို့လား၊ အဲဒါပြောတာ''

''ကိုကိုက သက်စုကို လွမ်းနေမဲ့အကြောင်းပြောတာ၊ ကိုကိုပြန်သွားရင် သက်စုရော မလွမ်းဘူးလား''

''မလွမ်းပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့သက်စုရယ်"

"ဟာ ဖယ်စမ်းပါ"

သက်စုက ရဲနောင်ကိုယ်ကြီး သူ့နားအကပ်မခံဘဲ အရင်ဦးအောင် တွန်းထုတ်ပြီး နေရာက လှည့်ပြေးခဲ့သည်။ ကလေးဆန်သော ချစ်သူလုလုကို ကြည့်ငေးလျက် ကျန်ရစ်သူရင်က အမှုတွေကို ချစ်သူလေးက မသိ။ သိလည်း စိတ်ဝင်စားမည်မထင်။ ရဲနောင်တို့နှင့်အတူ ပန်းမြိုင်ကို ညိုညိုပါလာသည်။ နွှမ်ဆိုင်းကသာ ချစ်ဇနီး၏မျက်နှာကို တစ်ချိန်လုံး အရိပ်တကြည့်ကြည့်လုပ်နေပေမယ့် ညိုညိုကတော့ ဘယ်သူ့မျက်နှာကိုမှလည်း မကြည့်တာလည်း မဟုတ်။ ကြည့်တာလည်း မဟုတ်။

ထားသည့်နေရာမှာနေသည်။ ပေးတာယူသည်။ ကျွေးတာစားသည်။ ချိုသည်ခါးသည်ဘာတစ်ခွန်းမှမပြော။ ဇနီးမယားတစ်ယောက်၏တာဝန်ဝတ္တရားအတိုင်း ခင်ပွန်းသည်အပေါ်မှာ တာဝန်ကျေသည်။ နွှမ်ဆိုင်းအမေကို ပန်းမြိုင်မှာ မထားတော့ဘဲ ခြံထဲမှာနေစေသော်လည်း ညိုညိုအတွက် နွှမ်ဆိုင်းကို ပန်းမြိုင်မှာပဲ ထားသည်။

မြို့ကြီးသူနုနုနယ်နယ်တစ်ယောက်အနေဖြင့် ခြံလို ပျင်းစရာနေရာမှာ ကြာရှည်နေနိုင်မည်မထင်။ အခုပင် ညိုညို့ကိုကြည့်ရမြင်ရသည်မှာ လူတစ်ယောက်နှင့်မတူဘဲ သံပတ်ပေးထားသည့် စက်ရုပ်





နှင့် ပိုတူနေတာမြင်ရတော့ ရဲနောင်ပင် ညိုညိုအတွက် စိုးရိမ်စိတ်ပူလာရသည့်အထိ ဖြစ်လာသည်။

"ညိုညို"

"ရှင်"

"နေကောင်းရဲ့လားဗျာ"

"ကောင်းပါတယ် ကိုရဲနောင်"

အရယ်အပြုံးကင်းသော ညိုညိုမျက်နှာက ဖြူဖျော့ဖျော့။ မည်သည့်အစားအစာကိုမှ ဟုတ်တိပတ်တိမစားသဖြင့် ညိုညိုပုံစံလေးက သိသာစွာ သွယ်နွဲ့ပါးလျသွားတာကို စိတ်မသက်သာစွာ ကျိတ်သက်ပြင်းရှိုက်နေရသူက ရဲနောင်။

နွှမ်ဆိုင်းကို ညိုညိုမချစ်တာ သူသိသည်။

နားလည်းလည်သည်။

အားလုံး၏ တိုက်တွန်းမှုဖြင့် မတတ်သာသည့်အဆုံးမှာ နွှမ်ဆိုင်းကို လက်ထပ်လိုက်ရပေမယ့် ညိုညို မပျော်နိုင်မှန်း၊ စိတ်မချမ်းသာနိုင်မှန်း သူသိသည်။ ညိုညိုအတွက် စိတ်မကောင်းပေမယ့် ဘာမှမတတ်နိုင်သလို တစ်ချိန်လုံး ကိုယ့်မိန်းမကိုယ် ပြန်လည်ပိုးပန်းရင်း ညိုညို စိတ်ချမ်းသာပျော်ရွှင်ကျန်းမာအောင် အစွမ်းရှိသမျှ ကြိုးစားနေသော ညီဖြစ်သူ နွှမ်ဆိုင်းအဖြစ်ကလည်း မြင်တွေ့ရသူ့အတွက် ဘာတစ်ခုမှမသက်သာ။



www.burmeseclassic.com

www.burmeseclassic.com



"ကျန်းမာရေးကိုတော့ ဂရုစိုက်ပါဗျာ၊ တစ်ခုခုဖြစ်ရင် ကျွန်တော့်ကိုပြောနော် ညှိုညှို၊ လိုအပ်ရင် ဆေးရုံတို့ ဆေးခန်းတို့ ကိုယ်ချက်ချင်းလိုက်ပို့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်၊ ညှိုညှို ကျန်းမာပါတယ်"

"ကျန်းမာတယ်သာဆိုတယ်ဗျာ၊ ညှိုညှို့ကိုကြည့်ရတာ ကျွန်တော်ဖြင့် အားမရလိုက်တာ၊ ရန်ကုန်အိမ်ကို လွမ်းနေရင်ပြောလေ၊ နှမ်ဆိုင်းကို ကျွန်တော်လိုက်ပို့ခိုင်းမယ်"

ညှိုညှိုက ခဏတော့ တွေတွေလေးငြိမ်သွားပြီးမှ ဦးခေါင်းကို ညင်သာစွာ ခါယမ်းသည်။

"နေပါစေ ကိုရဲနောင်၊ ညှိုညှို ဒီမှာပဲ နေသားကျအောင် ကြိုးစားပြီးနေပါ့မယ်၊ တစ်ခေါက်သွားလို့ တစ်ခါပြန်လာပြီးတိုင်း ဝေဒနာတွေက ရှေ့သွားမှာမှ မဟုတ်ပဲ"

"ပိုပိုပြီး သတိရစရာ တမ်းတစရာတွေချည်း ဖြစ်နေမှာ ညှိုညှိုသိတယ်"

"ဒါပေမယ့် စိတ်ပြေလက်ပျောက်ဆိုတာမျိုးတော့"

"ကိုယ့်ဘဝနဲ့ကိုယ်ပဲ ရှိပါစေလေ၊ ညှိုညှိုကြောင့် တခြား ဘယ်သူ့ကိုမှ ဒုက္ခမရောက်စေချင်တော့ပါဘူး ကိုရဲနောင်၊ ညှိုညှိုကို အခုလို ဂရုတစိုက် မေးဖော်ရတာကိုပဲ ကျေးဇူးတင်လှပါပြီ"

"ဩော်ဗျာ…ကိုယ်တို့က သူစိမ်းတွေမှမဟုတ်ပဲ"





"ဟော…ဟိုမှာနှမ်ဆိုင်းပြန်လာပြီ၊ ကိုယ်သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့"

ညှိုညှိုအနားက ရဲနောင်ထွက်သွား၏။

ခြံထဲ ကားတစ်စီး အပြင်းမောင်းဝင်လာတာကို ညှိုညှို ငေးကြည့်နေသည်။ ကားမောင်းသူက တခြားသူမဟုတ်၊ ညှိုညှို၏ တရားဝင်ခင်ပွန်း နှမ်ဆိုင်းဆိုသည့်လူ။ တစ်ချိန်လုံး ညှိုညှိုကို ဂရုတစိုက် အမြတ်တနိုး တယုတယ ရှိနေပေမယ့် နှမ်ဆိုင်းနှင့် ပတ်သက်ပြီး ဘာခံစားချက်မှမရှိသော ညှိုညှို နှလုံးသားကို မည်သူ နားလည်နိုင်မည်နည်း။

"ညှို"

ကားကို အိမ်ရှေ့တည့်တည့်ရပ်ပြီး ညှိုရှိရာသို့ အပြေးဆင်းလာသူက ရေစိုအဝတ်တွေနှင့် လူတစ်ကိုယ်လုံး ရွှဲရွှဲစိုနေ၏။

"ညှို ဘာဖြစ်လို့ အနွေးထည်မဝတ်ဘဲ ဒီအတိုင်းနေရတာလဲဗျာ၊ တော်ကြာ ညှို ဖျားနေရင် ဘယ်လိုလုပ်မလဲ"

"လာ…လာ မောင်နဲ့လိုက်ခဲ့၊ ညှို့အတွက် မောင် အနွေးအင်္ကျီယူပေးမယ်"

မိုးရေစက်တွေ တစ်ကိုယ်လုံး ရွှဲစိုနေသူက သူ့အတွက် ပူပင်ရကောင်းမှန်းမသိဘဲ အိမ်မှာ အမိုးလုံ အကာလုံ ကျန်ရစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော ညို ဖျားနာမှာကို စိုးရိမ်လွန်ကဲနေခြင်းက ဟန်ဆောင်ခြင်း မဟုတ်ကြောင်း သူ့မျက်ဝန်းအကြည့်၊ အပြောတွေက သက်သေခံနေပေမယ့် ညိုညို ဝမ်းသာခြင်းမဖြစ်မိပါ။

အေးစက်စက် ရေဂိုလက်တွေနှင့် ညိုညို့လက်မောင်း တစ်ဖက်ကို ပိုင်စိုးစွာ ဆွဲကိုင်ခေါ်ယူခြင်းအဖြစ်ကိုသာ သဘောမကျနိုင်သလို သူ့လက်တွေထဲက ညိုညို့လက်ကို အသာရုန်းထွက်ပါသည်။

"ဖယ်ပါ၊ ရှင့်ရေစိုလက်အေးကြီးတွေနဲ့ ညို့အသားကို မထိပါနဲ့"

"အာ…သောရီး မောင် အစိုးရိမ်လွန်သွားလို့၊ ညို့အင်္ကျီမှာ ရေစိုကုန်ပြီ၊ မောင်က ညို တစ်ခုခုဖြစ်မှာစိုးရိမ်လို့ပါဗျာ"

"ညို ဘာမှမဖြစ်ဘူး၊ ရှင့်ကိုယ်ရှင်သာ နေကောင်းအောင် ဂရုစိုက်ပါ"

"မောင့်အတွက်က အရေးမကြီးပါဘူးညိုရယ်၊ ညို့ အတွက်သာ မောင့်ဘဝကြီးတစ်ခုလုံးအတွက် အဓိကပါ"

"ညို ကျန်းမာတယ်၊ ပျော်ရွှင်တယ်ဆိုရင် မောင်သေပေး ရမယ်ဆိုလည်း မောင်ကျေနပ်မှာပါဗျာ"

"အပိုတွေပြောမနေပါနဲ့ရှင်၊ ရှင်ဖြစ်ချင်သလို ညို ဘယ်တော့မှဖြစ်မလာဘူးဆိုတာ ရှင်အသိပါ"





"ညိုရယ်"

နင့်သည်းစွာ စို့နင့်ကြေကွဲသူ့အပါး ညို ညင်သာစွာ လှည့်ထွက်လာခဲ့သည်။ ရင်ထဲမှာ ဟာလာဟင်းလင်းဖြစ်နေရခြင်း ကြောင့် ဘာဝေဒနာမှ ခံစားရခြင်းမရှိပါ။

နှမ်းဆိုင်း အဝတ်လဲပြီး ရဲနောင်နှင့် စီးပွားရေးလုပ်ငန်းတွေ ရှင်းလင်းနေချိန်မှာ ညိုညိုက သူတို့အတွက် အလိုက်တသိ ညစာ ပြင်ဆင်ပါသည်။ အနွေးဆိုသည့် ကလေးမလေးနှင့် ဒေါ်အဲခမ်း အကူအညီရသည်။ ညိုညို ဘာမှလုပ်စရာမလို၊ ပန်းမြိုင်တစ်အိမ် လုံး၏ သန့်ရှင်းရေး ချက်ပြုတ်မှုအားလုံး ဒေါ်အဲခမ်းနှင့် အနွေးက တာဝန်ယူထားကြသူများဖြစ်သည်။

ကိုရဲနောင်အမေက ဘယ်သူနှင့်မှမရော၊ သူ့ဘာသာ သီးသီးသန့်သန့်နေပြီး တစ်နေ့တစ်နေ့ ဘုရားခန်းမှာသာ အချိန်ကုန်သူဖြစ်သဖြင့် တစ်အိမ်ထဲနေသော်လည်း တစ်ယောက်နှင့် တစ်ယောက် တွေ့ချင်မှ မတွေ့ရ၊ ယောက္ခမဖြစ်သော နှမ်းဆိုင်း အမေကလည်း ချွေးမဖြစ်သော ညိုညိုနှင့် အတွေ့မခံသလို ညိုညို ကိုလည်း ယောက္ခမဖြစ်သူနှင့် တွေ့ဆုံရန် ခင်ပွန်းဖြစ်သူမှ စီစဉ် ပေးခြင်းမရှိသဖြင့် အခုချိန်ထိ ယောက္ခမများကို ဖြူသလား မည်းသလားမသိရသူဖြစ်သည်။

ထူးခြားဆန်းကျယ်သော ညိုညို့အိမ်ထောင်ရေးကိုတွေးမိ



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ညီမငယ် သက်စုနှင့် ကိုရဲနောင်တို့ မင်္ဂလာကိစ္စကို စိတ်မှာ ကျိတ်ပြီး သဘောတူဖို့ ခက်နေသည်။ သက်မှုက ကျောင်းပြီးမှဟု ဆိုပေမယ့် ကိုရဲနောင်ဘက်က အရေးဆိုမှုကြောင့် တစ်နှစ်သာအချိန် ဆိုင်းပြီး လက်ထပ်မင်္ဂလာပွဲကျင်းပမည့် သက်စုအတွက် ညိုညိုမှာ ရင်လေးနေမိသည်။

ညိုညိုလို သက်စု နေနိုင်မည်မထင်။

လွတ်လပ်မှုကို မြတ်နိုးခုံမင်သော ကလေးမ။ အိမ်ထောင် ဆိုသည့် တာဝန်ကြီးထဲမှာ။ ညစာစားတော့ ထုံးစံအတိုင်း ညိုညို ဘာတစ်ခုမှ ဟုတ်တိပတ်တိ မစားနိုင်။ ထမင်းဝိုင်းက အစောဆုံး ထွက်သွားသည့် ညိုညိုကိုကြည့်ပြီး ကိုရဲနောင်ရော နှမ်ဆိုင်းပါ မျက်စိမျက်နှာပျက်ပြီး ကျန်ရစ်သည်။

♦ ♦ ♦



## အခန်း (၁၉)

"ညို"

"ပြောပါ"

"မောင့်အချစ်ကို ဘယ်အချိန်ကြမှ အသိအမှတ်ပြုမှာလဲ ဗျာ"

"ညိုမသိဘူး"

"ညိုရယ်"

အေးစက်စက်ခံစားချက်မဲ့စွာ ဆိုလာသူ၏ မျက်နှာလှလှ လေးကို စူးစိုက်ကြည့်ရင်း စိတ်မှာနာကျင်ထိခိုက်စွာ ခံစားနင့်စို့ သွားရသူက နှမ်ဆိုင်းဖြစ်ပါသည်။ သူနှင့်အတူရှိနေရခြင်းကို မပျော် မရွှင်သော ချစ်ဇနီးအတွက် နှမ်ဆိုင်းနှလုံးသားတွေ နာကျင်ပါ သည်။ ဝမ်းနည်းစိတ်ဖြင့် ကြေကွဲရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချစ်ခင်မြတ်နိုးသူဆီက အချစ်ကို မျှော်လင့်ကြီးစွာ စောင့်စားရခြင်း၏အကျိုးရလဒ်က ချစ်သူထံမှ ဥပေက္ခာတရားဖြစ်နေ၏။ နှမ်ဆိုင်းက ချစ်ဇနီး၏ လှပသောမျက်နှာလေးကို မြတ်နိုးစွာ ငေးကြည့်နေသည်။ ညိုက သူ့ကိုမကြည့်။ သိုးမွေးချည်ခင်တစ်ခုကို သာ အာရုံဝင်စားလျက် လက်ချောင်းလေးများ တလှုပ်လှုပ်ဖြင့် သိုးမွေးထိုးနေသည်။

သူမအနားမှာ အတူရှိနေသူ နှမ်ဆိုင်းလိုလူတစ်ယောက်ကို စိတ်ဝင်စားစရာဟု ထင်မှတ်ထားဟန်မတူ။ သူမအလုပ်ထဲမှာသာ အာရုံကို စူးနစ်ထားပုံလေးက တစ်နည်းအားဖြင့်တော့လည်း တစ်မျိုးတစ်မည် ချစ်စရာ မြတ်နိုးစရာကောင်းသလို ချစ်သည်းယားချစ်စရာအသွင်လေးသို့လည်း ဆောင်နေသည်ဟုထင်သည်။ ချစ်မြတ်နိုးသူ၏ နှလုံးသားဖြင့်သာ ကြည့်မြင်ခြင်းကြောင့်လည်း ချစ်သူဘယ်လိုနေနေ ဘယ်လိုထိုင်ထိုင် ချစ်မိသူရင်ဝယ် ချစ်စရာမြင်ကွင်းတွေချည်း ဖြစ်နေသည်လားပဲ မပြောတတ်တော့ပါ။

နှမ်ဆိုင်းကတော့ သူ၏ချစ်ဇနီးချောလေး ညိုညို ဘယ်လိုနေနေ ရင်တစ်ခုလုံး လှိုက်လှဲနေအောင်ချစ်ပြီးရင်းသာ ချစ်နေမိသူသာ ဖြစ်ပါသည်။

ချစ်လိုက်ရတာ ညိုရယ်။

နှမ်ဆိုင်းမှာ အလုပ်ကိစ္စဖြင့် နေရာအနှံ့သွားလာနေသည့်





တိုင် သူ့စိတ်အစဉ်ကတော့ ညိုညိုရှိရာ ပန်းမြမြို့င်မှာသာ ရစ်ဝဲလှည့်လည်လျက် ကျန်ရစ်သူသာဖြစ်သည်။ သင်္ကြန်စုနှင့် လက်ထပ်ပြီးလျှင် အစ်ကိုရဲနောင်က ပန်းမြမြိုင်ကို ပြန်လာမည်မဟုတ်တော့။ ဇနီးသည်နှင့်အတူ ရန်ကုန်မှာသာ အခြေတကျနေထိုင်မည်ဖြစ်သည်။ ပန်းမြမြိုင်ရှိ စီးပွားရေး အုပ်ချုပ်ရေး၊ လူမှုရေးအားလုံးကို နှမ်ဆိုင်းလက်ကို လွှဲအပ်ထားခဲ့မည်ဖြစ်၍ နှမ်ဆိုင်းမှာ အားလပ်သည်မရှိ။

တစ်နေ့တစ်နေ့ အလုပ်ထဲမှာသာ အချိန်ကုန်ရခြင်းကြောင့် ချစ်ဇနီးအနားသို့ ညနေအချိန်ကြမှသာလျှင် ပြန်လာနိုင်သူဖြစ်သည်။ ဖြူဖျော့ပါးလျသော ညိုညိုအသွင်လေးကို အားမရ။ စိတ်မှာ မချင့်မရဲဖြစ်သည့်တိုင် ဘာတစ်ခုမှ မပြောရဲ။ ညိုညိုက သူပြောသည့် စကားလုံးတိုင်းကို အရေးတယူဖြင့် နားယူလက်ခံလေ့မရှိပဲ သူဘာပြောပြော သူမစိတ်ချမ်းသာသလို ပြုမူနေထိုင်တတ်ခြင်းကြောင့် နှမ်ဆိုင်းလည်း ညိုညို စိတ်ရှိသလောက် နေထိုင်ခွင့်ပြုသည့်အနေဖြင့် သူမကို ဘာမှသိပ်မပြောဖြစ်အောင် ကြိုးစားနေရသူဖြစ်သည်။

အချိန်တို့က တရွေ့ရွေ့ကုန်မှန်းမသိ ကုန်လာ၏။

ညိုညိုက သူမချည်ခင်တွေနှင့် ထွေးလုံးရစ်ပတ်နေဆဲ။ နာရီလက်တံများရှိရာသို့ တစ်ချက်လှမ်းကြည့်ပြီး နှမ်ဆိုင်း ငြိမ်မနေနိုင်တော့။ အအိပ်မမှန်၊ အစားမမှန်ဘဲ နေချင်သလိုနေသဖြင့်ညို အတွက် စိုးရိမ်လှပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ညို ပစ်ပြေးသွားမှာ။ သူ့အနားမှာ ညိုမရှိတော့မှာ သေမလောက်ကြောက်ရွံ့မိ၏။

"ညို"

"ညဉ့်နက်လှပြီ အိပ်ကြရအောင်လေ"

"ညို မအိပ်ချင်သေးဘူး"

"မဟုတ်တာညိုရယ်၊ အချိန်ကိုလည်းကြည့်ဦးမှပေါ့၊ ညို မအိပ်ချင်လည်း မောင်အိပ်ချင်ပြီ"

"မျက်လုံးချင်းဆုံတာမှမဟုတ်တဲ၊ ကိုယ့်ဘာသာ အိပ်ချင်ရင်အိပ်ပေါ့"

ညို မျက်နှာလေးကို သူ စိုက်ကြည့်ပစ်လိုက်သည်။ ညိုက သူ့ကိုမကြည့်။ အိပ်ရာပေါ်က သူဆင်းလိုက်သည်။ ညိုနားကို ခြေလှမ်းကျဲကြီးတွေနှင့် လျှောက်သွားပြီး ပုံ့ပုံ့လေးထိုင်လျက် ချည်တိုးနေသော ညို့ကိုယ်လေးကို သူ၏လက်တံရှည်များဖြင့် ကလေးငယ်တစ်ယောက်လို သိမ်းကျုံးပွေ့ချီမယူပစ်လိုက်သည်။

"အို…အမေ့"

ညိုလက်ထဲက သိုးမွှေးချည်ခင်မှာ နှမ်ဆိုင်းကြောင့် အလန့်တကြား ကြမ်းပြင်ပေါ် လွတ်ကျသွား၏။

"ဘယ်လိုဖြစ်နေတာလဲ၊ ညို အလုပ်လုပ်နေတာ ရှင်မမြင်ဘူးလား"





"ညိုအလုပ်က မောင့်ထက်ပိုအရေးကြီးလို့လား၊ တစ်နေ့လုံး ပြေးရလွှားရနဲ့ မောင် အရမ်းပင်ပန်းနေပြီ"

"အဲဒါ ညိုက ဘာလုပ်ရမှာလဲ"

"ဘာမှမလုပ်နဲ့၊ မောင့်ရင်ခွင်ထဲမှာ ငြိမ်ငြိမ်လေးနေပေးရင်ရပြီ"

"ညို"

"အို"

အခန်းမီးလေး ဖျတ်ခနဲငြိမ်းသွားသလို ညိုထံမှ စကားသံလေးတွေလည်း ပျောက်သွားသည်။

"ချစ်တယ်ညိုရယ်"

"သိပ်ချစ်တယ်"

"မောင့်ကို မရက်စက်ပါနဲ့လား အချစ်ရယ်"

"ဘယ်သူက ရှင့်ကိုရက်စက်နေလို့လဲ"

"ညိုပေါ့"

"ညိုက"

ညအိပ်မီးအလင်းရောင်အောက်မှာ တစ်ယောက်ကို တစ်ယောက် စိမ်းညို့သော မျက်လုံးများဖြင့် အပြန်အလှန် ရှူးစိုက်နင့်သည်းစွာ ကြည့်မိကြသည်။

"ဟုတ်တယ်၊ ညိုက မောင့်ကို အရေးမစိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်စိမ်းကားနေတာ မောင့်ရင်မှာ ဘယ်လောက်အခံရခက်နာကျင်ရတယ်ဆိုတာ ညိုသိလား"

"ဒါကတော့ ရှင့်အပြစ်နဲ့ရှင်ပဲ"

"မောင့်ကို အဲဒါကြောင့် ဒဏ်ခတ်တယ်လား"

ညိုက မဖြေ။

မျက်လွှာချအကြည့်လွဲပြီး တိတ်ဆိတ်သွားသော ချစ်ဇနီးကိုကြည့်ကာ မချင့်မရဲစိတ်နှင့် မှေးမှိတ်ထားသော မျက်ဝန်းကလေးများကို တအားရှိုက်နမ်းလျက် သူ့မျက်နှာကို ညို့မျက်နှာနှင့် တသားထဲကျအောင် တိုးဝှေ့ပစ်လိုက်သည်။

"အိုး...ဘယ်လိုဖြစ်နေလဲ"

"ချစ်တယ်"

"ညို"

"အို"

ကျေးငှက်သာရကာတို့ ညင်သာစွာ အော်မြည်လျက်သာယာသော လောကကြီးကို နွေးထွေးစွာ ကြိုဆိုခြင်းပြုကြပါသည်။ တင်းကြပ်သော အရစ်အသိုင်းကြားမှာ နှောင်ဖွဲ့လျက်အိပ်ပျော်နေရာမှ နိုးထလာသူက ပိုက်ထွေးထားသော ရင်ခွင်ကျယ်၏ အရှင်သခင်ကို ရှည်လျားသော မျက်တောင်ကော့ကြီးများဖြင့်ပင့်မော့လျက် ကြည့်လိုက်သည်။





တည်ကြည်ခန့်ညားချောမော၍ ယောကျ်ားပီသသော မျက်နှာတစ်ခု။ ဤလူက ညိုညို့ရဲ့ခင်ပွန်းသည် အိမ်ဦးနတ်ဆိုသော လူသားတစ်ယောက်။ နွေးထွေးသော ဝင်သက်ထွက်သက်လေက ညိုညို့ပါးပြင်နှင့် လည်တိုင်ရင်ညွန့်တို့ကို တိုးဝှေ့ကျီစယ်လျက်။

ညင်သာသော သက်ပြင်းရှိုက်သံနှင့်အတူ ညိုညို့ကိုယ်ပေါ်မှာရှိနေသော နှမ်ဆိုင်း၏ လက်တစ်ဘက်ကို သူ့မလက်ကလေးနှင့် အသာဖယ်ရှားခိုက်မှာ နစ်မြုပ်စွာ အိပ်ပျော်နေသူ၏ မှေးမှိတ်ငြိမ်သက်နေသော မျက်ဝန်းအစုံက ဖျတ်ခနဲပွင့်လာသည်။

"ညို"

"ဖယ်ပါ"

သေးကျဉ်းသောခါးလေးကို တင်းကြပ်စွာ ဆွဲဖက်လာသည့် လက်အစုံကို နွေးထွေးသောလက်ဖြင့် အသာတွန်းထုတ်လိုက်တော့ သူက ဖြူနုသော လက်ကလေးများကို ဆွဲယူရှိုက်နမ်းပါသည်။

"အလုပ်သွားရမှာမဟုတ်လား ထတော့လေ"

"ညို ဆွဲထူမှ"

မျက်လုံးကို တစ်ချက်ဝင့်ကြည့်လိုက်တော့ ရွှန်းစက်သော နက်မှိုင်းသည့် မျက်ဝန်းတောက်တောက်များဖြင့် ပေါင်းစပ်သွားသည်။ ဘယ်တုန်းကမှ လိုက်လျောခြင်းမရှိဘူးသော တောင်းဆိုမှုကို ဝံ့စား



www.burmeseclassic.com

www.burmeseclassic.com



စွာ တောင်းဆိုရဲသူ၏ မျက်ဝန်းများဆီမှ ဖျတ်ခနဲ အကြည့်ကို လွှဲလိုက်သည်။

"ညို"

"အို…ဖယ်စမ်းပါ"

"ဟင့်အင်း ချစ်တယ်ပြောမှ"

"ဘယ်တုန်းက ပြောဖူးလို့လဲ"

"အရင်တုန်းက မပြောပေမယ့် အခုပြောပါ၊ မောင့်ကို မသနားဘူးလားညိုရယ်"

"ညိုကိုယ်ညို အရင်သနားရဦးမယ်"

"ညို"

"ရှင့်ဘာသာ အိပ်ရာကမထရင်နေခဲ့၊ ညို သွားမယ်"

"ညိုရယ်"

နုညက်အိထွေးသော ပါးပြင်နုကို ရှိုက်နမ်းပြီး သူ့ရင်ထဲက ရုန်းထွက်နေသူလေးကို အသာအယာဖြေလွှတ်ပေးလိုက်ရပါသည်။ ညိုက အိပ်ရာပေါ်မှာ ဆန့်ဆန့်ကြီး လှဲလျောင်းငြိမ်သက်နေသူကို တစ်ချက်လှည့်မကြည့်။ သူမဘာသာ ရေချိုးခန်းထဲဝင်သွားကာ အခန်းတံခါးပိတ်၍ တိတ်ဆိတ်သွားပုံကို သူ ငေးကြည့်နေမိသည်။ နူးညံ့အေးဆေးသော ညိုပုံစံလေးက မြင်ရသူ့ရင်ကို ငြိမ်းချမ်းအေး မြစေသလို ဆုံးစမရှိသော ချစ်ပန်းကိုလည်း မြတ်နိုးလန်းစွင့်စွာ





ပွင့်လန်းဖို့ဖြစ်လာစေနိုင်စွမ်းသူ ဖြစ်သည်။

ချစ်ဖနိုးလေးညို့အချစ်ကို ရယူပိုင်ဆိုင်လိုပါလျက် ပိုင်ဆိုင်ရခက်ခဲနေသော သူ့အဖြစ်ကို မည်သူ စာနာနိုင်မည်နည်း။

"ကျွီး"

ရေချိုးခန်းတံခါးပွင့်လာပြီး ရှင်းသန့်နုထွေးသောအသွင်ဖြင့် ကြည်လင်လန်းဆန်း မျက်နှာလှလှလေးက သူ့အတွက် ကြည့်မဝ။ လှပ်ခတ်သော ရင်ဖြင့် သူငေးကြည့်နေခိုက်မှာ ညိုညိုက မှန်တင်ခုံမှာ ထိုင်လျက် မှန်ထဲကတစ်ဆင့် သူရှိရာ လှမ်းကြည့်တာ မြင်ရသည်။

"ရေချိုးတော့လေ"

"ဘယ်သူ့ကိုပြောတာလဲ"

"ရှင့်ကိုပေါ့"

အိပ်ရာမှ သူ ဝုန်းခနဲထလိုက်တော့ ညိုက မျက်လုံးဝိုင်းကြီးတွေနှင့် သူ့မျက်နှာကို လှမ်းကြည့်သည်။

"မောင်လို့ တစ်ခါလောက်ခေါ်ကြည့်ပါလားဗျာ၊ ညို့ဆီက မောင်လို့ တစ်ခါလောက်ခေါ်သံကို ကြားရရင် မောင်တော့ သေပျော်ပြီထင်တယ်"

ညိုက သူ့စကားကို မကြားဟန်ပြုကာ သူမအကြည့်ကို ရုပ်သိမ်းပစ်တာကို အခံရခက်စွာ ဟက်ခနဲ တစ်ချက်ရယ်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ခါတစ်ခါ ညို့ထံမှ ဘာကိုမှမသိကျိုးကျွံပြုမူလုပ်ကိုင်ပုံလေးတွေကိုအသည်းယားလှသဖြင့် ညိုကိုယ်လေးကို သူ့ရင်ခွင်ထဲ နစ်နေအောင် ဆွဲယူပြီး စိတ်ရှိလက်ရှိ ရှိုက်နမ်းပစ်လိုက်ချင်သည်။

အေးစက်စက်အမူအရာလေးတွေ ပျောက်သွားသည့်အထိ မတုန့်မလှုပ်ပုံစံလေးတွေ မကျန်ရစ်တော့သည့်အထိ မောင့်ကို ချစ်ပါပြီဟု ပြောလာသည့်အထိ။

"ညို့ကို မောင် အရှုံးပေးပါပြီလေ၊ ညို စိတ်ချမ်းသာသလိုသာနေပါ၊ မောင်က အပြစ်ရှိတဲ့သူပဲ၊ ညိုပေးတဲ့ ထိုက်တန်တဲ့အပြစ်ကို မောင့်ဘက်က ကျေကျေနပ်နပ်ခံယူသင့်ပါတယ်"

"ညိုသာ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပါဟုတ်လား"

နှမ်းဆိုင်းကလည်း ညို့ကို စကားတွေအများကြီး ပြောသွားပေမယ့် ညိုကတော့ နှမ်းဆိုင်းစကားလုံးတိုင်းကို သူမနှင့် မည်သို့မျှ မသက်ဆိုင်ဟန် ငြိမ်သက်အေးစက်သော သူမ အမူအကျင့်အတိုင်း မှန်တင်ခုံမှာသာ စိတ်ဝင်စားနေပါသည်။ နှမ်းဆိုင်းမှာ ချစ်ဇနီးကို တစ်ချက်ငေးကြည့်ပြီး ရေချိုးခန်းထဲဝင်လာခဲ့သည်။ ညစ်ညူးရှုပ်ထွေးသော စိတ်တို့ကို ပြေလျော့ရန် ဦးခေါင်းမှစ၍ တစ်ကိုယ်လုံး ရွဲရွဲစိုနစ်သည့်အထိ ရေစိမ်ချိုးပစ်လိုက်သည်။ ညက အဖျားငွေ့ငွေ့ရှိတာကိုလည်း သတိမရနိုင်တော့။

အချစ်ကြောင့် ရင်တစ်ခုလုံး ပူနေတာကိုသာသိသည်။





ညိုကို ချစ်နေတာကိုပဲ နားလည်သည်။ ညိုသာ သူ့နားမှာမရှိရင် သူ့ဘဝအဓိပ္ပာယ် အဘယ်မျှကင်းမည်ဆိုသည်ကိုသာ စဉ်းစားသည်။ လူတစ်ကိုယ်လုံး ချမ်းစိမ့်နေမှ ရေချိုးခန်းက ထွက်ခဲ့သည်။

သူထွက်လာတော့ ညိုက အိပ်ခန်းထဲမှာ မရှိတော့။ စိတ်ညစ်ညစ်နှင့် ညိုထိုင်သော မှန်တင်ခုံလေးရှေ့မှာ ဝင်ထိုင်ပြီး မှန်ထဲက သူ့ပုံရိပ်ကို အမှတ်မဲ့ ငေးလျက်ကြည့်နေမိသည်။ ညို့အတွက် သူသည် အချစ်လူဆိုးတစ်ယောက်မျှသာ။ ချစ်သူရည်းစားပင် ဟုတ်တိပတ်တိမထားဖူးသော ညို့အတွက် အချစ်တရားခံအဖြစ်သို့ ပြောင်းလွဲပေးခဲ့သူ။

မောင့်ကို ဘယ်တော့မှ ခွင့်မလွှတ်တော့ဘူးလား ညိုရယ်။

ညို ကျေနပ်ခွင့်လွှတ်လာအောင် မောင် ဘာတွေလုပ်ရမလဲ။ မောင်ဘယ်လိုလုပ်မှ ညို ကျေနပ်နိုင်မှာလဲ အချစ်ရယ်။

"ဦးဆိုင်း"

"ခေါက်...ခေါက်"

အခန်းတံခါးခေါက်သံနှင့်အတူ စေ့ရုံစေ့ထားသော အိပ်ခန်းတံခါးဝမှာ အန္တူး၏ မျက်နှာဖောင်းဖောင်းလေး ဖျတ်ခနဲ ပေါ်လာ၏။

"မမညိုက မနက်စာအသင့်ဖြစ်ပြီလို့ ပြောခိုင်းလိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး…လာခဲ့မယ်လို့ပြောလိုက်"

"ဟုတ်"

အနုးမျက်နှာလေး ဖျတ်ခနဲပြန်ပျောက်သွားသည်။ ကျယ်ပြန့်သော နှစ်ယောက်အိပ်ခုတင်ကြီးပေါ် သူ့ကိုယ်ကြီးကို လှဲချလိုက်သည်။ တရှိန်းရှိန်းတက်လာသော အပူငွေ့က သူ့တစ်ကိုယ်လုံး စိမ့်နေအောင် လွှိုက်ချမ်းလာ၏။

သူဖျားနေပြီပဲ။

ဦးခေါင်းက ဆံပင်တွေကို ရေစင်အောင်မသုတ်တော့ဘဲ နီးရာအဝတ်အစားတစ်စုံကို ကောက်ဝတ်ပြီး ခြုံစောင်ထဲမှာ လှဲလျောင်းလျက် ငြိမ်သက်စွာ ကွေးရင်း မှေးခနဲဖြစ်သွားသည်။ အချိန်တွေ မည်မျှကြာသွားသည်ကိုက သူလည်းမသိ။

ညိုညို့ သူ့အနားရောက်လာချိန်မှာ နှမ်ဆိုင်းတစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလျက် အပြင်းဖျားလျက်ရှိနေလေပြီ။

"လုပ်ပါဦး ဒေါ်အဲခမ်း၊ သူဖျားနေပြီ၊ ဆရာဝန်ကိုခေါ်ပေးပါ၊ ဒါမှမဟုတ် ကိုရဲနောင်ကို ခေါ်မှပါပဲ"

"နေ…နေ ညိုက လူနာနားမှာပဲနေပါ၊ ဒေါ်အဲခမ်းပဲ မောင်ရဲနောင်ဆီကိုရော ဆရာဝန်ဆီကိုပါ ဖုန်းဆက်လိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဒေါ်အဲခမ်းရယ်၊ ဆရာဝန်တွေ့ရင် အခုချက်ချင်း ပန်းမြမြိုင်ကို ကြွလာပေးပါလို့ ပြောပေးပါ"





"စိတ်ချပါကွယ်၊ ဒေါ်အဲခမ်း သေချာပြောလိုက်ပါ့မယ်"

ဒေါ်အဲခမ်း၏ အကူအညီဖြင့် နှမ်ဆိုင်းကို ဆေးကုသပေးမည့် ဆရာဝန်ရောက်လာသော်လည်း ကိုရဲနောင်နှင့်က အဆက်အသွယ်မရပါ။ ဆရာဝန်က ရောဂါဝေဒနာကို စမ်းသပ်၍ ဆေးထိုးဆေးပေးသည်။ သို့သော် ညနေခင်းအထိ အဖျားကမကျ။

ကိုရဲနောင်ပြန်လာတော့ သူ့ညီအခြေအနေကို သူကိုယ်တိုင်ဝင်ကြည့်သည်။ အဖျားမကျသော လူနာအခြေအနေကို ကြည့်ပြီး ဆရာဝန့်ထံ ဖုန်းထပ်ဆက်သည်။ ညိုညိုက သူမမျက်စိရှေ့တွင် တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေသည့် လူနာ၏အခြေအနေကို ကြည့်ကာ ရေပတ်မပြတ်တိုက်ပေးနေမိသည်။

ဆရာဝန်လာကြည့်ပြီး သုံးရက်မြောက်နေ့မှာ နှမ်ဆိုင်းမှာ ဆေးရုံတင်လိုက်ရသည်။ ညိုရင်ထဲ တစ်ခါမှမဖြစ်စဖူး ထူးကဲစွာ နာကျင်ပူလောင်မှုတစ်ခု ဖြစ်ထွန်းသွား၏။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

လေးရက်မြောက်နေ့မှာ လူမမာက အဖျားကြီးပြီး သတိလစ်သွားသည်။ တစ်ချိန်လုံး နှမ်ဆိုင်းဆိုသည့်ချစ်လူဆိုးအပေါ်မှာ ဘာခံစားချက်မျှမရှိ လစ်လျူရှုအေးစက်စက် နေနိုင်ခဲ့သူ ညို တစ်ယောက် ပထမဆုံး နှမ်ဆိုင်းအတွက် မျက်ရည်ကျလာသည်။

ကိုယ်လေးသိမ့်သိမ့်တုန်သည့်အထိ ကျိတ်ငိုသည်။ ဝမ်းနည်းအားငယ်စိတ်က ညိုညိုရင်ထဲ ဘယ်နေရာဆီက ခိုဝင်လာသည်မသိ။ အဖျားကြီးပြီး သတိလစ်နေသူနားမှာသာ ညိုညိုကိုယ်တိုင် ဘာတစ်ခုမှ မစားနိုင်မသောက်နိုင်ဘဲ ငိုနေမိသည်။

"ကိုယ့်ကျန်းမာရေးကိုလည်း ဂရုစိုက်ဦးလေ ညိုညို၊ ဒီပုံအတိုင်းဆို ညိုညိုပါ လဲနေလိမ့်မယ်ဗျာ၊ တစ်ခုခုတော့စားပါဦး"

"ညိုညို စားမဝင်လို့ပါ ကိုရဲနောင်ရယ်၊ ညိုညိုလေ"





"အဟင့်…ဟင့် ဟင့်"

"ညိုညိုရယ်"

ပြောရင်း ညိုညိုငိုသည်။ ညိုညိုကို မငိုပါနဲ့ဟု ရဲနောင်လည်း မပြောရက်။ ပြောမထွက်။ ခင်ပွန်းသည်တစ်ယောက်လုံး စိုးရိမ်ရသည့်အနေအထားမှာ နှမ်ဆိုင်းကို မချစ်လျှင်ထားဦး သံယောဇဉ်နှောင်ကြိုးမျှင်ကြောင့်သော်လည်းကောင်း၊ လူသားတစ်ယောက်အနေဖြင့်လည်းကောင်း သနားစာနာစိတ်ဖြင့် မျက်ရည်ကျမည်သာ။

ပြီးတော့ ညိုညိုဆိုတာလည်း စိတ်ထားနုနယ်ပျော့ပျောင်းသော မိန်းကလေးမို့ နှမ်ဆိုင်းတစ်ယောက် အခုလိုအခြေအနေမှာ သူမပါရောပြီး သွေးပျက်ချောက်ချားသလို တစိမ့်စိမ့်ငိုနေခြင်းကို ရဲနောင်လည်း မကြည့်ရက်နိုင်အောင်ဖြစ်နေပါသည်။

"ညိုညို သိပ်အားငယ်နေရင် အန်တီကြီးတို့ သက်စုတို့ကို အကြောင်းကြားပြီး လှမ်းခေါ်လိုက်ရမလားဟင်"

"မခေါ်ပါနဲ့ ကိုရဲနောင်ရယ်၊ ညိုညိုဘဝနဲ့ညိုညို ရှိပါစေ၊ ညိုညိုကြောင့် ဘယ်သူမှ ဒုက္ခမရောက်စေချင်ပါဘူးရှင်"

"ဒါပေမယ့် အခုလိုပုံစံနဲ့ ညိုညိုတစ်ယောက်တည်း ဖြစ်ပါ့မလားဗျာ"

"ညိုညို ဖြစ်အောင်ကြိုးစားပြီးနေပါ့မယ် ကိုရဲနောင်"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ခက်တာပဲဗျာ"

တော်ကြာ နှမ်ဆိုင်းဘာမှမဖြစ်ဘဲ ညိုညိုသာ တစ်ခုခုဖြစ်သွားရင် ဆိုသည့်စကားကိုတော့ ရဲနောင်ရင်ထဲကပဲ တိုးတိတ်စွာ ပြောလိုက်ခြင်းအဖြစ်ကို ညိုညို မကြားပါ။

"ကိုရဲနောင်"

"ဗျာ"

"သက်ရှတို့ကို လုံးဝအကြောင်းမကြားပါနဲ့နော်၊ လိုအပ်ရင် ညိုညိုကိုယ်တိုင် ဖုန်းဆက်ပါ့မယ်ရှင်"

"ကောင်းပါပြီဗျာ၊ ညိုညိုသဘောအတိုင်း ဖြစ်ရပါစေမယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

"ကျွန်တော်ကသာ ညိုညိုကို ကျေးဇူးတင်ရမှာပါဗျာ၊ ညိုညိုလို ဇနီးမယားကိုရတာ ကျွန်တော့်ညီ နှမ်ဆိုင်းအတွက် ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးဆုလို့ ဆိုရမှာပါ"

"ကိုရဲနောင်ရယ်"

ထိုမျှသာ ညိုညိုပြောနိုင်ပါသည်။

နှမ်ဆိုင်းနှင့်ပတ်သက်ပြီး ညိုညိုရင်ထဲမှာ နာကျင်နေရသောအဖြစ်ကို ညိုညို့နှုတ်ဖျားက ဖွင့်ဟထုတ်ဖော်ခြင်းမပြုဘဲ နှမ်ဆိုင်းမျက်နှာကိုသာ မျက်ရည်ဝဲသော မျက်ဝန်းအစုံဖြင့်





ငေးကြည့်နေမိသည်။

"အင်...ဟင်း...ဟင်း"

"ဟော သူသတိရလာပြီ"

တိုးသဲ့သဲ့ညည်းညူသံနှင့် လှုပ်ရှားလူးလွန့်လာသူကြောင့် ညိုညို့ရင်တွေ တဒိတ်ဒိတ်ဖြစ်လာကာ နှမ်ဆိုင်းမျက်နှာချောချောကို စိုးရိမ်ခြင်းတစ်ဝက် စိတ်သက်သာရခြင်းတစ်ဝက်ဖြင့် ငုံ့ကြည့်မိသည်။

"နှမ်ဆိုင်း"

"နှမ်ဆိုင်း"

"ညိုညိုလေ သတိရပြီလား"

"အင်"

"ညို"

"နှမ်ဆိုင်းရယ်"

တင်းကြပ်စွာဆုပ်ကိုင်လာသော နှမ်ဆိုင်းလက်များကြားက သူမလက်ကလေးကို ဖယ်ရှားရုန်းကန်ခြင်းမပြုတော့ဘဲ နှမ်ဆိုင်းမျက်နှာကိုသာ မျက်ရည်ဝဲသော မျက်ဝန်းအစုံဖြင့် ကြည့်နေမိပါသည်။

"ညို"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်အတွက် ငိုနေလားဟင်၊ မောင်ဘာမှမဖြစ်ပါဘူး ညို့ရယ်၊ မောင့်အတွက် မစိုးရိမ်နဲ့နော်"

"အင်း"

လေသံသဲ့သဲ့ဖြင့် ညိုညို့ကို အိပ်ရာထက်က ပြန်နှစ်သိမ့်စကားဆိုနေသူ စိတ်ချမ်းသာအောင် မျက်ရည်စက်တွေကြားကပဲ ညိုညို့အားတင်း၍ ပြုံးပြလိုက်ပါသည်။

"မျက်ရည်တွေ သုတ်လိုက်ပါဦးဗျာ"

"ကောင်းပါပြီရှင်ရယ်"

သူကျေနပ်အောင် ညို့ပါးပြင်ပေါ်က မျက်ရည်တွေကို ခပ်မြန်မြန်ဖယ်ရှားခိုက်မှာ ညိုညို့ကို ဆုပ်ကိုင်ထားသော နွမ်ဆိုင်းလက်အစုံက ပြေလျော့သွားကာ မျက်ဝန်းအစုံမှာလည်း ပြန်လည်မှေးမှိတ်ငြိမ်သက်သွားခြင်းကြောင့် ညိုညို့ရင်ထဲ ထိတ်ခနဲ မိုက်ပြာသွားသည်။

"နွမ်ဆိုင်း"

"နွမ်ဆိုင်း သတိထားဦးလေ၊ ပြန်အိပ်မသွားပါနဲ့ဦးနော်"

အလန့်တကြား နွမ်ဆိုင်းကိုယ်ကို ညိုညို့ လှုပ်နိုးမိ၏။

"မောင် ပြန်မအိပ်ပါဘူး ညို့"

"နွမ်ဆိုင်းရယ်"

အနားက တစ်ဖဝါးမခွာဘဲ အချိန်ပြည့်ငှားထားသည့်





ဆရာမလေးနှင့်အတူ အပြုအစုကောင်းသော ညိုညို့ကြောင့် နွမ်ဆိုင်းပြန်လည်ကျန်းမာလာချိန် နွမ်ဆိုင်း ဆေးရုံကဆင်းသည့်ရက်မှာ ညိုညို့တစ်ယောက် ဘယ်လိုမှ တောင့်ခံမထားနိုင်တော့ဘဲ မိုက်ခနဲဖြစ်သွားတာပဲ နောက်ဆုံးသိလိုက်ပြီး လောကကြီးနှင့် လုံးဝအဆက်ပြတ်တောက်သွားခဲ့သည်။

"ညို့ ညို့"

"သတိရပြီနော်"

နားထဲမှာ ဝိုးတဝါး ညို့နာမည်ကို အဆက်မပြတ်ခေါ်နေသူကြောင့် အသိတရားတို့ စုစည်းမိလာ၏။ မျက်ဝန်းအစုံကို အားယူပြီးဖွင့်အကြည့်မှာ ညို့မျက်နှာကို စိုးရိမ်ခြင်းကြီးစွာ ငုံ့ကြည့်နေသော နွမ်ဆိုင်းမျက်ဝန်းအစုံဖြင့် ဆုံပါသည်။

"ညို့"

"နွမ်ဆိုင်း"

"မောင်ဝမ်းသာလိုက်တာ ညို့ရယ်၊ မောင့်အချစ်ကို မောင်သိပ်ကိုကျေးဇူးတင်မိပါတယ်အချစ်ရယ်"

"မောင့်ရင်တွေ စမ်းကြည့်ပါဦးဗျာ၊ ဝမ်းသာလွန်းလို့ရင်တွေတဒိတ်ဒိတ်ခုန်နေတာ ကြားရဲ့လားဟင်"

နွမ်ဆိုင်းပုံစံက ကမူးရှူးထိုး။

ဝမ်းသာအားရ ညို့ကိုယ်လေးကို သူ့ရင်ခွင်ထဲ အတင်း



www.burmeseclassic.com

www.burmeseclassic.com



ကြပ်ဆုံး တွေးပိုက်ပြီး စကားတွေ ဗလုံးဗထွေးဆိုနေခြင်းအဖြစ်ကို ညျိုညို ရုတ်တရက် နားမလည်နိုင်အောင် အံ့ဩနေတော့ နှမ်ဆိုင်းက ကြည်နူးရွှင်ပျစွာ ချစ်စနိုးရယ်ပါသည်။

"ညို သိလား၊ အခု မောင်နဲ့ညိုမှာ သားသားလေးရတော့မယ်၊ ညို့ဗိုက်ထဲမှာ မောင်တို့ရင်သွေးလေးရှိနေပြီတဲ့"

"ခုလို ဝမ်းမသာဘူးလားဟင်"

"အို"

ညို ဝမ်းဗိုက်ပြားချပ်ချပ်လေးကို နာကျင်သွားမည့်အလား လက်ကလေးနှင့် ဖွဖွထိကိုင်လာသူ၏ မျက်နှာမှာ ဝမ်းသာခြင်းပီတိတွေ ဖုံးလွှမ်းနေသလို ညိုညိုမှာလည်း သူမ လုံးဝမျှော်လင့်ထားခြင်း မရှိသည့်ဖြစ်ရပ်ကြောင့် အံ့ဩတုန်လှုပ်ခြင်းတစ်ရပ်နှင့်အတူ ရှက်လန့်ကာ ပါးလေးတွေနားလေးတွေပါ ထူအမ်းပူတက်သွားပါသည်။

"ညို"

"မောင့်ရဲ့ညို သားရဲ့မေမေရယ်"

"အခုချိန်ကစပြီး မောင်တို့သားအဖကို ဘယ်တော့မှ ပြစ်ခွာမပြေးပါနဲ့လို့ မောင့်ချစ်နှီးလေးကို တောင်းပန်ပါရစေလား ဗျာ"

ညိုက နှမ်ဆိုင်းရင်ခွင်ထဲမှာ ငြိမ်သက်စွာ မည်သည့်စကား





မှမဆိုနိုင်ဘဲ ရှိနေစဉ်မှာပင် နှမ်ဆိုင်းထံမှ ချစ်အနမ်းများဖြင့် ဂုဏ်ပြုလာခြင်းကို ခံယူလိုက်ရသည်။ ညိုရင်ထဲမှာ သားလေးတစ်ယောက် နိုဝင်ရောက်ရှိနေပြီဆိုသော အသိက ညိုကိုယ်လေးကို အကြီးမားဆုံး ကိုင်လှုပ်ခါယမ်းပစ်လိုက်၏။

ထူးခြားသော ညို့ဘဝဖြစ်စဉ်၏ ပြောင်းလဲမှုထဲတွင် ညို့ဘဝတွင်းသို့ ညို့ရင်သွေးလေး ရောက်ရှိလာခြင်းအဖြစ်မှာလည်း ဆန်းကြယ်သော ခံစားမှုများစွာ ဖြစ်ပေါ်ခံစားခဲ့ရပါပြီ။

"အခုချိန်ကစပြီး ညိုဘာမှမလုပ်ရတော့ဘူး၊ မောင့်ကို ပြုစုရလို့ ညိုရော သားလေးပါ သိပ်ပင်ပန်းသွားတာ မောင်သိတယ်၊ အခု မောင်ကတစ်လှည့် ညိုတို့သားအမိကို ပြုစုမယ်ဟုတ်လား"

"အခု ညို အားရှိသွားအောင် ဒီဆေးလေးသောက်ပြီး အိပ်ပျော်အောင် အိပ်လိုက်နော်၊ ညိုနားမှာ မောင်စောင့်နေမယ်"

"မစောင့်ပါနဲ့"

"ဗျာ"

"ညိုတစ်ယောက်တည်းနေချင်လို့ပါ၊ နှမ်ဆိုင်းကိုယ်တိုင်လည်း နလန်ထစ လူမမာဆိုတော့ သက်သောင့်သက်သာအနားယူပါ"

"မောင် နေကောင်းသွားပါပြီညိုရယ်၊ မောင့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မပူပါနဲ့၊ ညိုနဲ့ ဗိုက်ထဲက သားသားလေး နေကောင်းဖို့သာ အဓိကပါဗျာ''

တစ်ဦးက အကြင်နာတွေနှင့် ဖြစ်သလို ကျန်တစ်ဦးက လည်း မေတ္တာတွေနှင့် တစ်ယောက်ကိုတစ်ယောက် စိတ်မချနိုင် လွန်ဆွဲနေကြသည့်အဖြစ်ကြောင့် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်မိကြသည်။ နှမ်ဆိုင်း၏ နူးညံ့ရှန်းလဲ့သော မျက်ဝန်းအကြည့်များကို ကြာရှည်ရင်မဆိုင်ရဲသလို မျက်လွှာလေး အရင်ချမိသူက ညိုညို။

တစ်ချိန်လုံးလိုလို အမြဲတမ်း အေးစက်ထုံဝေနေသည့် ညိုညို ရင်ခုန်သံတွေက အခုချိန်မှာထူးခြားစွာ နူးညံ့သိမ်မွေ့နေ၏။ လှုပ်လှုပ်ရှားရှား သက်ဝင်နေ၏။

ညိုညို ဘာဖြစ်နေသနည်း။

ညိုကိုယ်ညိုလည်း နားမလည်နိုင်တော့ပါ။

''ညို''

''ညိုနားချင်ပြီ''

''ကောင်းပါပြီညိုရယ်၊ အိပ်ပျော်အောင် အိပ်လိုက်နော်''

ညို နဖူးလေး နွေးခနဲဖြစ်သွားတာကိုသိပေမယ့် မှေးမှိတ်ထားသော မျက်ဝန်းအစုံကို ညိုညို ဖွင့်မကြည့်တော့ပါ။ ခပ်ဖွဖွ နင်းလျှောက်သွားသော ခြေသံနှင့်အတူ ညိုညို အိပ်ခန်းတံခါးကို





ချပ်ခနဲ ပိတ်သွားသံကိုပါ ကြားလိုက်ရသည်။

မေမေ။

ကလေးလေးတစ်ယောက်၏ ခေါ်သံက နားမှာ ဘယ်ဆီ ကမှန်းမသိ ပြန့်လွင့်လာ၏။ ဖြန်းခနဲ ကြက်သီးထသွားကာ ညို့ လက်အစုံက ညိုဝမ်းဗိုက်ရှိရာသို့ မရဲတရဲထိကိုင်လိုက်မိသည်။ မိခင်တစ်ယောက်၏ဘဝကို ညို ရရှိခဲ့ပြီဆိုသောအသိက ညို့ရင်ကို ကြမ်းတမ်းစွာ လှုပ်ရှားလာ၏။

ညို ကလေးအမေဖြစ်တော့မည်။

ထိုသတင်းစကားကို မည်သူ့အား အရင်ဆုံးဖွင့်ပြောအသိ ပေးရမည်နည်း။ ကလေးအဖေကတော့ ညိုတို့သားအမိအတွက် သိပ်ကိုပျော်နေသည်။ သက်စုနှင့် အန်တီတင်တင်တို့သိလျှင် ဘာပြောမည်နည်း။ သူတို့လည်း ညိုလို ပျော်ကြမည်ထင်သည်။

ကြည့်စမ်း...

ကလေးလေးတစ်ယောက် လူ့လောကထဲရောက်လာရခြင်း ကို ညို ပျော်နေသည်ဆိုပါလား။ ညို ပါးလေးတွေ ရဲခနဲဖြစ်သွား ကာ ရှက်စနိုးဖြင့် သူ့မျက်နှာလှလှလေးကို မြူခွတ်ခွတ်ခေါင်း အုံးလေးထဲ ထိုးနှစ်ကွယ်ဝှက်လိုက်မှ စိတ်မှာ လုံခြုံသလိုဖြစ်သွား သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ညို"

"အို…ဘာလို့ ညို့နောက်ကို တကောက်ကောက်လိုက်နေရတာလဲ"

"ညိုတို့သားအမိကို စိတ်မချလို့ပေါ့ ညိုရယ်"

"ရှင်စိတ်မချရအောင် ညိုက ဘာလုပ်နေလို့လဲရှင်"

"ဘာမှမလုပ်ပေမယ့် မောင်ပြောတဲ့စကားကိုမှ ညိုက နားမထောင်ပဲ"

"စိတ်ညစ်လိုက်တာရှင်"

"မောင်လည်း စိတ်ညစ်တာပဲ"

ညိုအသံက တကယ်စိတ်ရှုပ်ထွေးဟန်ပေါက်နေပေမယ့် နှမ်းဆိုင်းအသံက တကယ်စိတ်ညစ်ခြင်းမဟုတ်ဘဲ ညို့နောက်





တကောက်ကောက်လျှောက်လိုက်နေခြင်း အဖြစ်ကိုပဲ အကျေနပ်ကြီးကျေနပ်ပျော်ရွှင်နေခြင်းဟု ညိုသိသည်။

ကိုရဲနောင်က နှမ်းဆိုင်းကို ညိုနားမှာနေပြီး ပြုစုစောင့်ရှောက်ရန် တာဝန်ပေးပြီး သူကိုယ်တိုင်ကတော့ နှမ်းဆိုင်းလုပ်ရမည့်အလုပ်တာဝန်များကို လွှဲပြောင်းရယူလိုက်ခြင်းဖြင့် နှမ်းဆိုင်းမှာ ချစ်ဇနီးနားမှာ တစ်ဖဝါးမခွာ အတူရှိခွင့်ရလျက်ရှိနေခြင်းတည်း။

"ညို"

"ခေါ်ပြန်ပြီလား"

"ချစ်လို့ပါ ညိုရယ်"

ချစ်ဇနီးပြုံးနေသည့် နှမ်းဆိုင်းနှုတ်ခမ်းမှ အပြုံးများကိုလည်းကောင်း။ နူးညံ့ခြင်းဖြင့် ရွှန်းလက်နေသည့် ချစ်မျက်ဝန်းအစုံကိုလည်း ညို ဘယ်လိုပင်မသိဟန်ဆောင်နေချင်၍ မရအောင် နှမ်းဆိုင်း၏ အချစ်များက ညိုကို ညို့နေသယောင် မှတ်ထင်ရသည်။

နှမ်းဆိုင်းနားမှာ ညိုက ကြာရှည်မနေ။ ညိုကို တစ်ချိန်လုံးအရိပ်တကြည့်ကြည့်လုပ်နေသူနှင့် ဝေးနိုင်သမျှဝေးအောင် အလုပ်မရှိ အလုပ်ရှာနေသည်။ နှမ်းဆိုင်းက ညို နားနားနေနေ မနေတာကိုကြည့်မရ။ ညို တစ်ခုခုလှုပ်ရှားလိုက်တိုင်း နှမ်းဆိုင်းမှာ ရင်မချေ့ရသည်။ ဇနီးသည်အတွက်ရော မမြင်ရသေးသည့် သားငယ်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ရော စိုးရိမ်ပူပန်မှုတွေနှင့် ဗျာများနေရခြင်းကြောင့် ညိုကို လှုပ်လှုပ်ရှားရှား မလုပ်ရန်ပြောပေမယ့် ညိုက သူ့စကားကို နားမထောင်။

သူက ပြောချင်ရာပြောသလို ညိုကလည်း လုပ်ချင်ရာလုပ်နေသည်။

"ညို"

"အို...ဘာလို့ လက်ကိုလာဆွဲရတာလဲ၊ ဒီမှာ အလုပ်လုပ်နေတာ မမြင်ဘူးလား"

အခန်းထဲက အဝတ်ဗီရိုကြီးကို ရှင်းနေသည့် ညိုကို သူ ငြိမ်ကြည့်မနေနိုင်သည့်အဆုံး ညို လက်အစုံကို သူ့ရင်ခွင်မှာ ဆွဲယူသိမ်းပွေ့လိုက်သည်။

"ညို"

"ရှင်ဘယ်လိုဖြစ်နေတာလဲ"

"တစ်ချိန်လုံး တလှုပ်လှုပ်နဲ့ အခုချိန်ထိ အနားမယူသေးဘူးလားညိုရယ်၊ ညို တစ်ခုခုလုပ်လိုက်တိုင်း သားနဲ့သားမေမေ တစ်ခုခုဖြစ်မလားဆိုတဲ့အတွေးနဲ့ မောင့်ရင်တွေပူလှပြီဗျာ"

"မောင့်အဖြစ်ကိုလည်း ကိုယ်ချင်းစာပါဦးအချစ်ရယ်"

"ကိုယ်ချင်းမစာရအောင် ညိုက ဘာလုပ်နေလို့လဲ"

"ဘာမှမလုပ်ဘဲ ငြိမ်ငြိမ်လေးနေရင်ရပါပြီဗျာ"





ညိုလက်ကိုဆွဲကိုင်ထားသူ၏ မျက်နှာကို မကျေမနပ်လေး မော့ကြည့်မှာ နူးညံ့ရွှန်းလဲ့သော မျက်ဝန်းအကြည့်များဖြင့် ဆုံပါသည်။

"ညို"

"ဖယ်ပါ၊ ညိုလက်ကိုလွှတ်"

သူ့မျက်ဝန်းအကြည့်ကြောင့် သိမ့်နွေးလှုပ်ခတ်သွားသော ညို့ရင်တွင်းခံစားချက်ကို ဘယ်သူမှမရိပ်မိခင် ညိုကပဲ အရင်ဦးအောင် မျက်လွှာချအကြည့်လွှဲကာ သူမလက်ကလေးကို နွမ်းဆိုင်းလက်ထဲက ရုန်းယူပါသည်။

သူက မလွှတ်။

"ညို"

"အို"

"ချစ်တယ် ညိုရယ်"

လှိုက်လှဲစွာ ကျရောက်လာသည့် ချစ်အနမ်းတွေအောက်မှာ ညိုတစ်ကိုယ်လုံး နွေးထွေးသွားသည်။

"ဟိုရောက်ရင် မောင့်ကို မသိသလိုလုပ်ပြီး သက်စုနားမှာချည်းမနေရဘူးနော် ချစ်"

"ရောက်တုန်းရောက်ခိုက် ညို့ညီမနားမှာ နေရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မောင်ကရော"

"ဘာဖြစ်လဲ"

"ညိုက သက်စုနားမှာနေတော့ မောင်က ဘယ်သူနဲ့ နေရမှာလဲလို့ပြောတာ"

"အန်တီကြီးနဲ့နေပေါ့"

"အမလေးဗျာ"

နှမ်ဆိုင်းက သူနှဖူးသူရိုက်လိုက်တော့ ညိုက သူမမြင်အောင် တစ်ဖက်သို့လှည့်ပြုံးပါသည်။ ဒါကို နှမ်ဆိုင်းကလည်း မြင်သည်။ သူ့အပေါ် အရင်ကလို အေးတိအေးစက်၊ ခံစားချက်မဲ့သော စက်ရုပ်ပုံစံလေးနှင့် မဆက်ဆံတော့ဘဲ အပြုံးအရယ်လေးများ အလိုက်သင့်ပြောဆိုလာခြင်းများကြောင့် နှမ်ဆိုင်းခမျာ ချစ်သူ၏ ပြောင်းလဲမှုတိုင်းကို ရင်ကသိမ့်သိမ့်ခုန်နေရသူဖြစ်သည်။ နှုတ်ဖျားက သူအင်မတန်သိချင်ကြားချင်နေသော မေးခွန်းကို ထုတ်ဖော်မေးမြန်းခြင်းမပြုရဲသေးသော်လည်း နှမ်ဆိုင်းရင်အစုံက ညိုအတွက် တဒိတ်ဒိတ်ခုန်နေရပါပြီ။

သူ အင်မတန်လိုချင်တောင်းတသော အချစ်ဆုကို သူ အင်မတန်ချစ်မြတ်နိုးသော ချစ်သူလေးထံမှ ရရှိတော့မည်လားဆိုသည့်အတွေးက နှမ်ဆိုင်းရင်ထဲက တိတ်တခိုး မျှော်လင့်ချက်ဖြစ်





သည်။

ညိုညိုဆန္ဒအတိုင်း အစ်ကိုနောင်နှင့်အတူ ရန်ကုန်အိမ်ကို သွားကြမည့်ခရီးမှာ အားလုံး ကိုယ့်အတွေးနှင့်ကိုယ် ပျော်ကြပေမယ့် ထိုအထဲမှာ နှမ်ဆိုင်းမပါ။ ရန်ကုန်အိမ်ရောက်လျှင် သူ့ကို အနားကပ်မခံဘဲ သက်စုနားမှာ အချိန်ကုန်နေမည့်ချစ်ဇနီးကိုသာ အခုထဲက ကြိုစိတ်ညစ်နေ၏။

"ညို"

"ပြောပါ"

"ဟိုရောက်ရင် မောင့်ကိုပြစ်မထားရဘူးနော်"

ညိုက အင်းအဲမလုပ်။

စိတ်လှုပ်ရှားစွာ ညိုပါးလေးကို ဖွတ်အတင်းနမ်းတော့ ညိုက သူ့ရင်ဘတ်ကြီးကို တအားတွန်းထုတ်ကာ တစ်ယောက်တည်း ရက်စက်စွာ ပစ်ထားခဲ့သည့်အဖြစ်ကို သူဘာမှမတတ်နိုင်ဘဲ ပြုံးလျက်ကျန်ရစ်သည်။ ရန်ကုန်အိမ်ရောက်တော့ ထင်သည့်အတိုင်း ညိုညို အိပ်ခန်းကို သက်စုက အပိုင်ဦးထားသည်။ ညီမနှစ်ယောက် တိုးတိုးကျိတ်ကျိတ်နှင့် အခန်းထဲကကိုမထွက်။ အခန်းထဲဝင်ချင်သူရော အခန်းအပြင်က သက်စုမျက်နှာလေးကို မြင်ချင်တွေ့ချင်၍ လူအလစ်ကို စောင့်နေသော ရဲနောင်ရော နှမ်ဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပါ အလိုက်မသိသော သက်စုကို အသည်းယားနေကြသည်။

"သက်စု"

"အမလေး"

"ရှူး"

"ကိုကိုပါ"

အမှောင်ထဲက လက်တစ်ဖက်ထွက်လာပြီး သက်စု ကိုယ်လုံးကို ပြုန်းခနဲလှမ်းဆွဲတော့ သက်စုတစ်ကိုယ်လုံး တုန်သွားသည့်အထိ လန့်သွားရသည့် အဖြစ်ကြောင့် လူအလစ်စောင့်ပြီး သက်စုလက်ကို လာဆွဲသူကို မကျေမနပ် မျက်စောင်းထိုးလိုက်သည်။

"ဘယ်လိုလုပ်လိုက်တာလဲလို့၊ လူကိုလန့်သွားတာပဲ၊ နေပါဦး အမှောင်ကြီးထဲမှာ တစ်ယောက်တည်း ဘာလုပ်နေတာလဲ"

"သက်စုကို စောင့်နေတာ"

"ဟင်"

မျက်လုံးအပြူးသား ပါးစပ်အဝိုင်းသားနှင့် သက်စုက သူ့မျက်စိရှေ့က ရဲနောင်ကို မော့ကြည့်ငုံ့မိုးအပ်ကျလာသော ဦးရဲနောင် မျက်နှာကြီးကြောင့် သက်စု ရှောင်တိမ်းရအချိန်မရလိုက်ပါ။

"သက်စု"





"အို"

"ချစ်တယ်ကွယ်"

"ဟာ"

နွေးထွေးသော တင်းကြပ်မှုတွေက သိပ်သိပ်သည်းသည်း အလွမ်းတွေ အတိုးချသော အနမ်းအစုစုကို သက်စု လက်သီးဆုပ်ကလေးများဖြင့် သူ့ရင်ဘတ်ကို တဘုတ်ဘုတ်ထု၍ ဂုဏ်ပြုပါသည်။

"သက်စု သိပ်ဆိုးတာပဲဗျာ"

"အဲ့မယ် သက်စုပြောရမယ့်စကားကို ဦးရဲနောင်က အရင်ပြောနေတယ်"

"ခင်ဗျားကြီးကမှ လူဆိုးသိလား"

"သွား"

"သွားမယ်"

"ဦးရဲနောင်"

အလန့်တကြားအော်သံလေးက ရဲနောင်ရင်ခွင်ထဲ တိုးတိတ်စွာ ကွယ်ပျောက်သွားသည်။

"ချစ်လား"

"သိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်သိသွားအောင်"

"ဦးရဲနောင်နော်၊ သက်စု တကယ်အော်ငိုပစ်လိုက်မှာ"

"ငိုပေါ့"

"ချစ်သူငိုရင် ကိုကိုက ချော့မှာပဲ"

"ဘာချစ်သူလဲ၊ သက်စုက ဦးရဲနောင်ချစ်သူမဟုတ်ဘူး"

"ကိုကိုကလည်း သက်စုကို ကိုယ့်ချစ်သူလို့ မထင်ပါဘူး"

သက်စုနှုတ်ခမ်း စူနေသလောက် ရဲနောင်မျက်နှာမှာတော့ ချစ်စနိုးအပြုံးနုနုတို့ ဖွန်းထင်းနေခြင်းအဖြစ်ကို သက်စုမကော့နှပ်ပါ။ သူ့ရင်ခွင်ထဲ သက်စု ရုန်းထွက်လိုက်တော့ သူက မလွှတ်။

"ဖယ်ပါ"

"သက်စုကိုလွှတ်"

"ဘာလဲ ကိုကို့ချစ်သူမဟုတ်ဘူးဆိုလို့ ကိုကို့ကို စိတ်ကောက်တာလား"

"ဘယ်သူက ကော ကိ်လို့လဲ"

"ဒါဖြင့် ကွေးနေတာပေါ့"

"စကားကို ဆုံးအောင်နားထောင်မှပေါ့၊ သက်စုက ကိုကို့ချစ်သူမဟုတ်ဘူး ကိုကို့ချစ်ဇနီးလောင်းလေးလို့ ပြောတာ"

"ဟွန်း"





သက်စုက မျက်စောင်းထိုးတော့ သူရယ်သည်။

"ချစ်တယ်လို့ပြောပါ ကို့သက်ရယ်"

"ချစ်တယ်မဟုတ်လားဟင်"

"ပြောတတ်ဘူး"

"ပြောတတ်အောင် ပြောရမယ်၊ မပြောတတ်ဘူးဆိုရင် ဒီည ကိုကို့ရင်ခွင်ထဲက ပြန်ကိုမလွှတ်တော့ဘူး"

"ဟင်"

"ဦးရဲနောင်နော်၊ အဲဒါက ဘာစကားလဲ"

"အချစ်စကား၊ အကြင်နာစကား"

"ပြောစကားနားမထောင်ရင် ပါးစပ်နဲ့မပြောတော့ဘူး၊ လက်တွေ့ပဲ"

"ဦးရဲနောင်နော်၊ တော်ပြီလို့ဆိုနေ"

"ဒါဖြင့် မေးတာဖြေ"

"ကိုကို့ကို ချစ်ပြီလား"

"ထင်တာပဲ"

"ဘာကိုထင်တာလဲ"

"ချစ်မိပြီလို့"

"သိပ်ဆိုးတဲ့ကောင်မလေးကို ချစ်အနမ်းနဲ့ ဂုဏ်ပြုပါရစေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



''ဟာ''

လမင်းက တိမ်ညိုညိုကြား ရှက်စနိုးပြေးဝင်ကာ ရွှန်းပဝင်းစက်သော သူ့အရုက်မျက်နှာကို အလန့်တကြား ပုန်းခိုလိုက်သလို သက်စုလည်း ကိုကို့ရင်ခွင်ကျယ်ကြီးထဲမှာ မျက်နှာဝှက်လိုက်ရပါပြီ။ နှစ်ကိုယ်ကြား ချစ်စကားတွေသီနေချိန်မှာ ညိုညိုတစ်ယောက်သည် သူမချစ်မိပြီဟု ထင်ခဲ့သူ့ရင်ခွင်အတွင်းမှာ နွေးထွေးစွာ မှေးစက်ခိုနားရင်း အချစ်သစ်ဖြင့် မွေးဖွားလာသော အနာဂတ်နေ့သစ်များရှိရာသို့ ချစ်သူနှင့်အတူ ထာဝရလက်တွဲသွားရမည့်အရေးအတွက် တိတ်တိတ်ကျေနပ်ကြည်နူးလျက်။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်ခြင်းမေတ္တာဖြင့်

မြပုလဲသွယ်



www.burmeseclassic.com